
www.burmeseclassic.com

# ဝင်းဃိဓ

ကြောထုံးမြင့်အောင် ငနတ်ဖေါင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# မင်းသိင်္ခ

BURMESE CLASSIC

# ပြောထုံးဖြစ်အောင် နေကာ်ခေါင်

## (ပထမပိုင်း)

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

တာမူခွင့်ပြုချက်အမှတ် ၅၀၁၀၃၅၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၆၉၀၅၀၉

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အောင်မြင်တာပေ၊

အမှတ်(၇)၊ သိဒ္ဓိတာလမ်း၊

ကျောက်မြောင်း၊ ရန်ကုန်။

အတွင်းပုံနှိပ်နှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်အောင်မြင်ပုံနှိပ်တိုက်

အမှတ်(၁)၊ ဆက်သွယ်ရေးဝန်း၊

ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

ဖြန့်ချိရေး

အောင်မြင်တာပေ၊ အမှတ်(၁)၊


အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊

တာမွေ၊ ရန်ကုန်မြို့

ပထမအကြိမ်-၂၀၀၆ ခုနှစ်၊

(ဝက်တင်ဘာလ) အုပ်ရေ(၅၀၀)၊

တန်ဖိုး(၂၀၀)ကျပ်

www.burmeseclassic.com

www.burmeseclassic.com



# ပြောထုံးဖြစ်အောင်

BURMESE CLASSIC

တစစ်တမက်
ကိုယ်နှင့်သက်ကို
နှင်းဆက်တိုက်မည်
အားသန်ရည်၍
ဦးလည်မသုန်
ထမ်းပါကုန်လော့။

လက်ဝဲသုန္ဒရ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ့ဝန်ဦ
ကုမ္ဘဏ်ယက္ခ
နာဂခြင်္သေ့
ရင်ဆိုင်တွေ့လည်း
ခွာ၍မတွန့်
အသက်စွန့်လော့

**ရှင်မဟာရဋ္ဌသာရ**



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

ကုလားမြင် သူ့မေရိုးတော့မလို
ခု မြေလျှိုးပုန်းရှောင်
မိုက်မနော် ပြုပဂေးတို့ရယ်က
သူ့ပထွေး ထွက်၍မဟောင်။
ပြောရော့ဟဲ့ ရာဇဝင်ပြောင်အောင်
စာဇင်တောင် ဦးချလို့
ပလ္လူးရ ပြေးကြို့ခါခါ
ခွေးသို့ပမာ။
တွေးမိတိုင်း အရှိုးသို့ နာသည်
အမျိုးပါ ဆဲချင်ပေါ့လေး။

**အချုပ်တန်း ဆရာဖေ**

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဟူကာ
အရေးကျသော်
လုံ့လခိုင်ဖြိုး
သက်စွန့်ကြီးလော့

မာဃ၈၁၀



www.burmeseclassic.com

www.burmeseclassic.com



ငါ့သား ဥပရာဇ်သည်
ငါ့ကို ချစ်လျှင်
ပြည်သူကို ချစ်လိမ့်မည်။

ငါ့အကျိုးတော်ကို လိုလျှင်
ပြည်သူတကာတို့
အကျိုးစီးပွားကို လိုရလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



# ပြည်ကြီးဖါ်အရှင် ဖြစ်တော်မူသော

# ဖင်းတို့သည်

၁။ ပြည့်တံခွန်ကို မလှဲ့ရာ
၂။ ပြည့်ဦးကင်းကို မနှိမ်ရာ
၃။ ပြည့်စွယ် ပြည့်သွားကို မချိုးရာ
၄။ ပြည့်မျက်လုံးကို မနှိုက်ရာ
၅။ ပြည့်မျက်နှာကို မဖျက်ရာ
၆။ ပြည့်နားပေါက်ကို မပယ်ရာ
၇။ ပြည့်ခြေကို မဖြတ်ရာ
၈။ ပြည့်ဝမ်းကို မဖောက်ရာ
၉။ ပြည့်လက်ကို မဖြတ်ရာ

ဤအတိုင်း ကျင့်ဆောင်သော ပြည်ကြီး၏ အရှင်အား 'နဝရတ်ကိုးပါး' ဆင်မြန်းသည်ဟု ခေါ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# သူ့နိုင်ငံသား သံမှုန့်စားမှ တို့စားတုံးလိမ့်



www.burmeseclassic.com

www.burmeseclassic.com



တရားသောစစ်ကို ဆင်နွှဲရင်း

အသက်စွန့်သွားကြကုန်သော

အသက်စွန့်ရန် အသင့်ဖြစ်နေကြကုန်သော

တပ်မတော်သား အားလုံးအတွက်

ဤစာကို ရေးပါသည်။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရွှေတိဂုံဘုရားအနီးမှ ထမင်းဆိုင်ကလေး တစ်ဆိုင်

သီပေါမင်း ပါတော်မူပြီး ခရစ်သက္ကရာဇ် (၁၈၈၆)ခုနှစ် နောက်ပိုင်းတွင် ရွှေတိဂုံတောင်ဘက်မုခ်သို့သွားရာ ဘုရားလမ်းပေါ်၌ ထမင်းဆိုင်ကလေးတစ်ဆိုင် ရှိခဲ့ဖူးလေ၏။ ထိုထမင်းဆိုင်ကလေးသည် နေ့အခါတွင် စည်ကားသကဲ့သို့ ညအခါ၌လည်း စည်ကားလေ၏။ ညအခါများ၌မူ မှန်အိမ်ကြီးများ ထွန်းညှိ၍ ရောင်းချလေ၏။

ထိုထမင်းဆိုင်ကလေး၏ ထူးခြားချက်မှာ ထမင်းချက်သူ၊ ပန်းကန်ဆေးသူ၊ စားပွဲထိုးသူ၊ ငွေသိမ်းသူမှအစ အားလုံးသည် ယောကျ်ားများချည်း ဖြစ်သကဲ့သို့ ထိုယောကျ်ားများမှာလည်း အကောင်းပကတိဟူ၍ မရှိ။ မျက်စိတစ်ဖက်လပ်သူ၊ လက်တစ်ဖက်မရှိသူ၊ ခြေတစ်ဖက်ပြတ်သူ စသည်ဖြင့် ဒုက္ခိတများသာလျှင် ဖြစ်ကြ၏။ ထို့ပြင်လည်း ထိုသူတို့မှာ အသက်ငါးဆယ်၏အောက်အရွယ် မရှိဘဲ ငါးဆယ်၏အထက် အရွယ်များသာလျှင် ဖြစ်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com


အသက်ငါးဆယ် ကျော်လျှင်ပင် ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် အဘိုးကြီးစာရင်း၌ ထည့်တတ်သည်ဖြစ်ရာ ထိုဒုက္ခိတများကိုလည်း အဘိုးကြီးများဟု ခေါ်ရန် ရှိပေ၏။ ထိုအဘိုးကြီးအို ဒုက္ခိတများ ရောင်းချလျက်ရှိသော ထမင်းဆိုင်၏ပိုင်ရှင်မှာ အသက်ခြောက်ဆယ် ကျော်အရွယ် အဘိုးအိုတစ်ဦး ဖြစ်၏။ သူ၏ဆံပင်၊ သူ၏မုတ်ဆိတ် မွေး၊ သူ၏နှုတ်ခမ်းမွေး၊ သူ၏မျက်တောင်မွေးတို့သည် ဥဇျိုင်း၏ အတောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူလျက် ရှိကြကုန်၏။ ထိုအဘိုးကြီးမှာ ဥပမိရုပ် လွန်စွာကောင်း၏။ အတန်ငယ် ဝဖိုင့်၏။ သူသည် ဆိုင်ရှေ့ လူသွားလမ်းနံဘေးတွင် ခွေးခြေပုကလေးတစ်လုံးကို ချကာ ထိုင် လျက် ဘုရားဖူးများနှင့် လမ်းသွားလမ်းလာများကို ငေးမောကြည့်ရှု နေတတ်လေ၏။ ထိုခရီးသွားနှင့် ဘုရားဖူးများအနက်မှ သူ့ကို သိ သောသူများ နှုတ်ဆက်သွားလျှင် သူက အရေးတယူ ပြန်လည် နှုတ်ဆက်တတ်၏။

ရထားလုံးများဖြင့် ဖြတ်သွားသော မျက်နှာဖြူ စစ်သားများ သည် ထိုမုတ်ဆိတ်ဖြူ ထမင်းဆိုင်ရှင်ကြီးအား. . .

"အိုး. . . ဆာဂျင်" ဟူ၍ အော်ဟစ်ကာ နှုတ်ဆက်၍ ၎င်းတို့၏ ထုံးစံအတိုင်း နဖူးကို လက်ဖျားနှင့် ထိကာ အလေးပြု သွားကြလေ၏။ ထိုအခါမျိုး၌လည်း မုတ်ဆိတ်ဖြူ ထမင်းဆိုင်ရှင်ကြီး သည် ရယ်ရယ်မောမောနှင့်ပင်. . .

"ရက်စ်. . . မိုင်ဘွိုင်း(ကောင်းပြီ လူကလေးတို့)" ဟု ပြန် လည်၍ နှုတ်ဆက်ရင်း အလေးပြန်၍ ပြုလိုက်လေ၏။ မျက်နှာဖြူ စစ်သား၊ စစ်ဗိုလ်များသည် ထိုမုတ်ဆိတ်ဖြူ ထမင်းဆိုင်ရှင်ကြီးအား လွန်စွာ လေးစားကြကုန်၏။ တစ်ခါကမူ ထိုထမင်းဆိုင်အတွင်း၌ မျက်နှာဖြူ စစ်သားနှစ်ဦး သောက်စားမူးယစ်ကာ ရမ်းကားသော ဟူ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် ထိုမျက်နှာဖြူ စစ်သားနှစ်ဦး


www.burmeseclassic.com

www.burmeseclassic.com



အား ကုပ်မှ ဆွဲ၍ ဆိုင်ပြင်သို့ ထုတ်ပစ်လိုက်၏။ ထိုအချိန်၌မှာပင် မျက်နှာဖြူ စစ်ဗိုလ်တစ်ဦး ရောက်ရှိလာပြီး ထိုစစ်သားနှစ်ဦးအား ဖမ်းဆီးသွားပြီးလျှင် မုတ်ဆိတ်ဖြူကြီးအားလည်း ထိုစစ်ဗိုလ်က အနူးအညွတ် တောင်းပန်ခဲ့ရဖူးလေ၏။

တစ်ခါ၌လည်း ထိုထမင်းဆိုင်နှင့် များစွာ မဝေးလှသော နေရာမှ ဂေါ်ရာစစ်သားနှစ်ဦး ရောက်ရှိလာပြီးလျှင် ထမင်းမှာယူစားသောက်လေ၏။ ထို့နောက် မကျေနပ်ဟု ဆိုကာ မြေပန်းကန်နှစ်ချပ်ကို ရိုက်ခွဲ၏။ ထိုအခါ၌ မျက်စိတစ်ဖက်လပ် စားပွဲထိုးက ထိုဂေါ်ရာစစ်သားနှစ်ဦး၏ မျက်နှာကို ခြေထောက်ဖြင့် ကန်ထုတ်လိုက်၏။ များမကြာမီ၌ပင် ၎င်းတို့၏စစ်ဗိုလ် ရောက်ရှိ၍လာပြီး ဂေါ်ရာစစ်သားနှစ်ဦးကို ရိုက်နှက် ခေါ်ဆောင်သွားသည့်အပြင် ပန်းကန်နှစ်ချပ်ဖိုးကိုလည်း ပေးလျော်၍ အကြိမ်ကြိမ် တောင်းပန်သွားခဲ့ရဖူး၏။

တစ်ခါ၌မူ ထိုဆိုင်ရှေ့မှ ဖြတ်၍ တစ်စုံတစ်ယောက်သောသူသည် ဘုရားဆီသို့ ဦးတည်၍သွား၏။ ထိုသူ့ကို မြင်လျှင် ဆိုင်ရှင်မုတ်ဆိတ်ဖြူကြီးသည် ကဗျာကယာ ထ၍ လက်အုပ်ချီလေ၏။ ဆိုင်တွင်းမှ အိုနာကျိုးကန်း အလုပ်သမားတို့လည်း ထွက်လာ၍ ထိုသူအား ကန်တော့ကြကုန်၏။ ထိုကန်တော့ခံရသူသည် ရောင်းရေးဝယ်တာကိစ္စများ ကောင်းမကောင်း၊ ကျန်းမာခြင်း ရှိမရှိကို မေးမြန်း၍ ထွက်သွားလေ၏။ ထိုသူကား မြန်မာဘုရင်၏ ဆွေတော်မျိုးတော်တစ်ဦး ဖြစ်သည်ဟု ဆို၏။

ထိုထူးဆန်းသော ထမင်းဆိုင်သည် ရွှေတိဂုံဘုရား၏ တောင်ဘက်မုခ်အနီး၌ (၁၈၈၆)ခုနှစ် အလွန်တွင် အမှန်တကယ်ပင် ရှိခဲ့၏။ ထိုထမင်းဆိုင်ကို နောင်လာနောင်သားတို့က မုတ်ဆိတ်ဖြူကြီး ထမင်းဆိုင်ဟု ခေါ်ကြသော်လည်း ရှေ့မီနောက်မီများကမူ သွေး

www.burmeseclassic.com



သောက်ကြီး ထမင်းဆိုင်ဟု ခေါ်ကြကုန်၏။ ထိုသို့ သွေးသောက်ကြီးဟု ခေါ်ရခြင်းမှာ မုတ်ဆိတ်ဖြူကြီးသည် မြန်မာ့တပ်မတော်တွင် သွေးသောက်ကြီးအဖြစ် ယေ်စဉ်ကပင် အမှုထမ်းခဲ့ဖူး၏။ သူ၏ဇာတိမှာ တွံ့တေးဖြစ်၏။ သူ၏နာမည်မှာ မောင်ဂျင်း ဖြစ်၏။ သူသည် (၁၈၅၁)ခုနှစ်တွင် ဖြစ်ပွားသော အင်္ဂလိပ်မြန်မာစစ်ပွဲ၌ လည်းကောင်း၊ (၁၈၈၅)ခုနှစ်တွင် ဖြစ်ပွားသော တတိယ အင်္ဂလိပ်မြန်မာ့စစ်ပွဲ၌ လည်းကောင်း ပါဝင်ခဲ့၍ ရှပ်ရှပ်ခွံခွံ တိုက်ပွဲဝင်ခဲ့သောကြောင့် ထိုခေတ် မြန်မာ့တပ်မတော်တွင် သွေးသောက်မောင်ဂျင်းဆိုလျှင် လူတိုင်းလောက်နီးနီး သိ၏။ မျက်နှာဖြူ စစ်ဗိုလ်၊ စစ်သားများလည်း သိကြ၏။ မျက်နှာဖြူ စစ်ဗိုလ်၊ စစ်သားတို့ကမူ ဆာဂျင်မောင်ဂျင်းဟု ခေါ်ကြ၏။

ထိုသွေးသောက်ကြီး မောင်ဂျင်း(ခေါ်)မုတ်ဆိတ်ဖြူ အဘိုးကြီးသည် ဆိုင်ရှေ့၌ ခွေးခြေပုကလေးဖြင့် ထိုင်နေတတ်၏။ အင်္ဂလိပ် မြန်မာစစ်ပွဲ အတွေ့အကြုံကို သိလို ကြားဖူးလိုသော လူငယ်တို့က လာရောက်မေးမြန်းလျှင် သူသည်. . .

"အေး. . . နားထောင်ကြကွယ်တို့၊ စစ်ရှုံးတိုင်း တို့လူမျိုးမတုံးပါဘူးကွယ်၊ စစ်ရှုံးတိုင်း တို့လူမျိုးကို တုံးတယ်လို့ မထင်ကြနဲ့၊ အဘတို့ အပါအဝင် တပ်ဗိုလ် တပ်မင်းတွေရော တပ်သား အိုးစား သွေးသောက်တွေရော အသက်စွန့်ပြီး တိုက်ခဲ့ကြတာပဲ၊ ဟောဟိုဆိုင်ထဲမှာ မြင်လား၊ ဒုက္ခိတ အဘိုးကြီးတွေဟာ အဘတပ်က တပ်သား အိုးစားတွေကွယ့်၊ ပြန်စရာလဲ ဆွေမျိုးမရှိတော့ဘူး၊ လုပ်ကိုင်စားသောက်ဖို့ကလဲ ဒုက္ခိတ ဖြစ်နေကြလေတော့ ဒီအတိုင်းသာ ထားလိုက်ရင် စစ်ရှုံးရတဲ့အပြင် ကျွန်ဖြစ်ရတဲ့အပြင် ငါတို့တပ်သားတွေ သူ့တောင်းစားဘဝ ရောက်ကြရလိမ့်မယ်၊ အဲဒီတော့ သူတို့တွေ စစ်သူတောင်းစား မဖြစ်ရအောင် အဘတို့က အခုလို ဆိုင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကနားကလေး ဖွင့်ပြီး ရောင်းချနေရတာ၊ နောက် မကြာဘူးကွယ့် တာမွေဘက်မှာ ဒီလိုဆိုင်မျိုးကြီးတစ်ဆိုင် ပေါ်ပေါက်လာဦးမှာ အညာသူ မသဲဖြူဆိုတာ ဆိုင်ဖွင့်လိမ့်မယ်ကွယ့်၊ သူ့ခင်ပွန်းလဲ တို့လို စစ်သားပဲ၊ တိုက်ပွဲကျသွားရှာပြီ၊ သူ့ဆိုင်မှာလဲ ဒီလို စစ်သားဟောင်း ဒုက္ခသည်တွေပဲ အလုပ်လုပ်ကြမှာ” ဟု အစချီကာ ရှေးဟောင်း နှောင်းဖြစ်များကို ပြောတတ်လေ၏။ ထို့နောက်တွင်လည်း တာမွေ၌ မသဲဖြူ ထမင်းဆိုင်ဟူ၍ ပေါ်ပေါက်၏။ ထိုထမင်းဆိုင်ကြီး ဖြစ်မြောက်ရေးအတွက်လည်း ထိုမုတ်ဆိတ်ဖြူကြီး (သို့မဟုတ်) သွေးသောက်ကြီး မောင်ဂျင်းပင် အစပြု ကူညီပေး၏။ ထိုမုတ်ဆိတ်ဖြူ သွေးသောက်ကြီးသည် အင်္ဂလိပ်မြန်မာတိုက်ပွဲ အတွေ့အကြုံများစွာကို ပြောပြတတ်၏။ မြန်မာတို့၏ စိတ်ဓာတ်၊ မြန်မာတို့၏ စစ်ဓလေ့ စစ်ထုံးစံ၊ တိုက်စွမ်းရည်တို့ကို မြိန်ရေရှက်ရေ ပြောပြနိုင်ပေ၏။

ထိုမုတ်ဆိတ်ဖြူကြီး၏ အတွေ့အကြုံ အဖြစ်အပျက်တို့သည် ကုန်းဘောင်ခေတ် မြန်မာ့စစ်သမိုင်း၏ တစ်စိတ် တစ်ဒေသဟု ဆိုနိုင်၏။ သို့သော် ထိုအချိန်က မုတ်ဆိတ်ဖြူကြီး ပြောပြခဲ့သော အကြောင်းအရာများကို လာရောက် နားထောင်ကြသူများ အမြောက်အမြား ရှိခဲ့ဖူးလေ၏။ ထိုအထဲတွင် မုတ်ဆိတ်ဖြူကြီးနှင့် ခင်မင်သော ဒေါ်သဲဖြူတို့ မိသားစုသည်လည်း နားထောင်ခဲ့သည့် အထဲတွင် ပါ၏။ ဒေါ်သဲဖြူမှ ဆင်းသက်သော မိသားစုသည် မုတ်ဆိတ်ဖြူကြီး၏ စစ်အတွေ့အကြုံ၊ စစ်ဓလေ့၊ စစ်ထုံးစံ မှတ်တမ်း မှတ်ရာအချို့ကို လက်ဆင့်ကမ်းကာ အဘမှသား၊ သားမှမြေးသို့ ပြောပြ၏။

ထိုပြောပြချက်တို့သည် ဒေါ်သဲဖြူမှ ဆင်းသက်လာသော သားစဉ်မြေးဆက်အဖို့ အမွေပစ္စည်းသဖွယ် ဖြစ်နေ၏။ အဘယ့်ကြောင့်ဆိုသော် သင်ခန်းစာများ၊ နီတိများ ပါဝင်နေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထိုသို့ လက်ဆင့်ကမ်း ပြောပြခဲ့သော စစ်ဓလေ့၊ စစ်ထုံးစံ၊ တိုက်ပွဲအတွေ့အကြုံများ ပါဝင်သည့် သွေးသောက် မောင်ဂျင်း(ခေါ်) မှတ်ဆိတ်ဖြူကြီး၏ မှတ်တမ်းကား. . .

အားတက်ဖွယ်ရာ ကောင်း၏။

ထို့အတူ ဆို့နင့်ဖွယ်ရာလည်း ကောင်း၏။

ကြည်နူးဖွယ်ရာလည်း ကောင်း၏။

ထို့အတူ လွမ်းဆွတ် ကြေကွဲဖွယ်ရာလည်း ဖြစ်၏။

ဆွတ်ပျံ့ဖွယ်ရာ ကောင်း၏။

ထို့အတူ ကြက်သီးမွေးညင်း ထဖွယ်ရာလည်း ကောင်း၏။

အတုယူဖွယ် ကောင်း၏။

ထို့အတူ အတုယူဖွယ်ရာလည်း မကောင်းပေ။

ဤသည်ပင် ယခုရေးသားလတ္တံ့သော 'ပြောထုံးဖြစ်အောင် နေက်ခေါင်' ဝတ္ထုကြီး ဖြစ်ပေတော့သတည်း။

(စာရေးသူ)

. . . ✿ . . .



www.burmeseclassic.com

www.burmeseclassic.com



# မုတ်ဆိတ်ဖြူကြီးနှင့် ကလေးသူငယ်များ

သွေးသောက်မောင်ဂျင်း(ခေါ်)မုတ်ဆိတ်ဖြူ အဘိုးအိုကြီးသည် ရင်း၏ ထမင်းဆိုင်ရှေ့တွင် ခွေးခြေပုကလေးဖြင့် ထိုင်နေတတ်လေ၏။ အစဉ်သဖြင့် ဆိုသလို လူငယ်လူရွယ်များသည် ထိုမုတ်ဆိတ်ဖြူကြီးဘေး၌ ဝိုင်းပတ်တိုးဝှေ့၍ ထိုင်ကာ မုတ်ဆိတ်ဖြူကြီးအား "ဟိုဟာ ပြောပါဦး အဘ" "ဒီဟာ ပြောပါဦး အဘ" ဟူ၍ ပူဆာတတ်ကြလေ၏။

မုတ်ဆိတ်ဖြူကြီး၏ ပတ်ပတ်လည်၌ လူငယ်များ အစဉ်သဖြင့် ဝိုင်းပတ်တိုးဝှေ့၍ မုတ်ဆိတ်ဖြူကြီး ပြောသမျှကို ငေးမော စိတ်ဝင်စားကာ နားထောင်လေ့ရှိသော ပရိသတ်အနက် ဒေါ်သဲဖြူ၏ သားသမီး၊ ဒေါ်သဲဖြူ၏အစ်မ ဒေါ်သူဇာမှ မွေးသော သားသမီးတို့သည့် ပင်တိုင်ဖြစ်ကြကုန်၏။ အဘယ်ကြောင့်ဆိုသော် ထိုသူငယ်တို့သည် မုတ်ဆိတ်ဖြူကြီး ထမင်းဆိုင်နှင့် လွန်စွာမဝေးသော နေရာရှိ ဘုန်းကြီးကျောင်း၌ နေကြသောကြောင့်ပင် ဖြစ်၏။ ထိုသူငယ်တို့ကား ငဖူး၊ ငထင်၊ ငနီတာ၊ ငနီတွတ်၊ ကြွက်နီဟူ၍



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြကုန်၏။

ငင်းတို့ငါးဦးသည် ဒေါ်သဲဖြူနှင့် ဒေါ်သူဇာတို့၏ သားသမီးများ ဖြစ်ကြ၏။ ငင်းတို့ ဘုန်းကြီးအတွက် ဆွမ်းခံထွက်လျှင်လည်း မုတ်ဆိတ်ဖြူကြီး၏ဆိုင်သို့ ရောက်အောင် လာကြ၏။ ဆွမ်းခံရင်းနှင့်လည်း ငင်းတို့သည် မုတ်ဆိတ်ဖြူကြီးအား. . .

"အဘ. . . ညနေလာမယ်နော်၊ အဲဒီကျရင် တိုက်ပွဲအကြောင်း ပြောပြရဦးမယ်" ဟု ပြောသွားလေ့ရှိ၏။

ညနေသို့ ရောက်လျှင်လည်း ငင်းတို့၏ ဆရာတော် ဦးပဒုမသည်. . .

"ဟဲ့. . . ကျောင်းသားတွေ၊ နင်တို့ မုတ်ဆိတ်ဖြူကြီးဆီကို မသွားကြသေးဘူးလား" ဟု သတိပေးတတ်လေ၏။ သွားရန်လည်း စေလွှတ်လေ၏။ အဘယ်ကြောင့်ဆိုသော် ဆရာတော် ဦးပဒုမသည် တစ်ခါက မုတ်ဆိတ်ဖြူကြီးနှင့်အတူ စစ်မှုထမ်းခဲ့ဖူးလေ၏။ မုတ်ဆိတ်ဖြူကြီး ကလေးချစ်ကြောင်းကိုလည်း သိ၏။ ထို့ကြောင့် မုတ်ဆိတ်ဖြူကြီး ကလေးများနှင့် ပျော်ပျော်ပါးပါး နေနိုင်ရန်အတွက် သူ၏ကျောင်းသားများကို လွှတ်၏။ ထို့ကြောင့်လည်း အထက်က ဆိုခဲ့သော ကျောင်းသားငါးဦးသည် မုတ်ဆိတ်ဖြူကြီးနှင့် နေ့စဉ်နေ့တိုင်း တွေ့ခွင့်ရလေ၏။ မုတ်ဆိတ်ဖြူကြီး၏စကားကို နားထောင်ခွင့် ရကြကုန်၏။

တစ်နေ့သ၌ ငင်းတို့အနက် 'ငနီတာ'က. . .

"အဘရယ်. . . အဘ စစ်ထဲ ရောက်လာတဲ့အကြောင်း ပြောပြပါဦး" ဟု ဆိုလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . .

"ဒါက ဒီလိုကွ" ဟု အစချီကာ ငင်း စစ်ထဲ ရောက်လာပုံအကြောင်းကို စိတ်ရှည်လက်ရှည် ပြောပြလေတော့၏။

. . . ✿✿✿ . . .



www.burmeseclassic.com

www.burmeseclassic.com


# သွေးသောက်မောင်ဂျင်းခေါ်
# မုတ်ဆိတ်ဖြူကြီးစစ်ထဲဝင်ခြင်းအကြောင်း

(ခရစ်သက္ကရာဇ် ၁၈၄၅ ခုနှစ်)

တစ်နေ့သ၌ ရန်ကုန်မြို့ ဗိုလ်တထောင် ဘုရားအနီးတွင် မျက်လှည့်ဆရာတစ်ဦးသည် စိတ်ဝင်စားဖွယ်ရာကောင်းသော ပြကွက်များကို ပြသလျက် ရှိလေ၏။ လူတို့လည်း ထိုမျက်လှည့်ဆရာ၏ အပြောကောင်းခြင်း၊ ဟန်အမူအယာကောင်းခြင်း၊ မျက်လှည့်အပြကောင်းခြင်းတို့ကြောင့် မိမိတို့ သွားရမည့်ခရီးကို ဆက်လက်မသွားနိုင်ကြဘဲ မျက်လှည့်ဝိုင်း၌သာလျှင် ဝိုင်းအုံ၍ငေးမော ကြည့်ရှုနေကြလေ၏။

မျက်လှည့်ဆရာသည် အသက်(၄၀)ခန့် ရှိပြီဖြစ်၏။ နှုတ်ခမ်းမွေး လွန်စွာကောင်း၏။ မျက်နှာသွယ်၏။ အသားဖြူ၏။ အသံစူး၏။ သူ၏မျက်လုံးများမှာ မြွေဟောက်၏ မျက်လုံးများကဲ့သို့ စူးရှ


www.burmeseclassic.com

www.burmeseclassic.com



တောက်ပြောင်လှ၏။ သူသည် အထက်ပိုင်း၌ ရင်ဖုံးအကျီ င်္ကို ဝတ်ထား၏။ အောက်ပိုင်းတွင်လည်း ရှမ်းဘောင်းဘီအနက်ကိုပင် ဝတ်ထား၏။ ခါး၌မူ အနီရောင် ပိတ်စရှည်ကြီးတစ်ခုကို စည်းနှောင်ထားလေ၏။ ထို့နောက် လွှန်စွာခံ့ညားသော ငှက်ကြီးတောင်ဓားကြီး တစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် အထက်သို့ မြှောက်လိုက်လေ၏။ ဓားသည် နေရောင်၌ တဖျပ်ဖျပ် လက်၍သွားလေ၏။ ထိုသို့ ကိုင်မြှောက်ပြီးနောက် ထိုသူက အောက်ပါအတိုင်း ပြောလေ၏။

"ဒီဓားကြီးဟာ မြန်မာသက္ကရာဇ် (၁၁၈၅)ခုနှစ်၊ ကုလားဖြူ သက္ကရာဇ် (၁၈၂၄)ခုနှစ်၊ ဘကြီးတော်ဘုရားလက်ထက်ကနေ စပြီး အခုအချိန်အထိ နှစ်ပေါင်း (၂၁)နှစ်တိုင်တိုင် တိုင်းပြည်အကျိုး အမျိုးဘာသာ သာသနာအကျိုးကို အမှုတော် ထမ်းခဲ့တဲ့ ဓားကြီးပါပဲ၊ ဒီဓားကြီးဟာ ကျုပ်ဖခင်က ကျုပ်ကို အမွေပေးခဲ့တဲ့ တစ်ခုတည်းသော အမွေပစ္စည်းလဲ ဖြစ်ပါတယ်၊ ဘကြီးတော်ဘုရားလက်ထက်မှာ ဖြစ်ပွားခဲ့တဲ့ ကုလားဖြူ မြန်မာစစ်ပွဲမှာ ကျုပ်နဲ့အတူ ဟောဒီဓားကြီးဟာ အမှုတော် ထမ်းခဲ့ပါတယ်၊ ကုလားဖြူပေါင်းများစွာရဲ့ လည်ချောင်းသွေးကို ဖောက်ထုတ်ပစ်ခဲ့တဲ့ ဓားကြီးပါပဲ၊ အဲဒီလို ကုလားဖြူ အမြောက်အမြားကို သတ်ဖြတ်ခဲ့လေတော့ ဒီဓားကြီးမှာ သရဲစီးနေပါတယ်၊ တစ်ခါတစ်လေ ဓားအိမ်ထဲမှာ ထည့်ထားရင်းနဲ့ ဒီဓားကြီးဟာ ဓားအိမ်ရဲ့ အပြင်ဘက်ကို အလိုလို ထွက်လာတတ်ပါတယ်၊ အဲဒီလို သရဲစီးမှန်း သိလေတော့ တစ်နေ့မှာ စိတ်အားယော်တဲ့ မိန်းမတစ်ယောက်ကို ခေါ်ပြီး ကျုပ်ရဲ့ဓားကြီးမှာ စီးနေတဲ့ သရဲကို ဝင်ပြီးအပူးခိုင်းပါတယ်၊ အဲဒီအခါမှာ သရဲဟာ အဲဒီမိန်းမကို ဝင်ပူးတော့တာပါပဲ၊ ဝင်ပူးပြီးတော့ ကုလားဖြူလို့ ခေါ်တဲ့ အင်္ဂလိပ်စကား နဲ့ ကျုပ်ကို 'ဂွတ်မောနင်း ဆာ၊ ကောင်းသော နံနက်ခင်းပါပဲ



www.burmeseclassic.com

www.burmeseclassic.com



သခင်' လို့ နှုတ်ဆက်တယ်"

နှုတ်ခမ်းမွေး ကားကားနှင့် မျက်လှည့်ဆရာသည် အထက်ပါအတိုင်း စကားအစချီလိုက်ရာ ကြည့်ရှုနေသော ပရိသတ်ကြီးသည် မျက်လှည့်ဆရာ၏ ပြက်လုံးကို သဘောကျသောကြောင့် ဝါးခနဲ ပွဲကျသွားလေ၏။ မျက်လှည့်ဆရာသည် ပရိသတ် ရယ်မောပွဲကျနေသည်ကို ခေတ္တစောင့်ရင်း သူ၏နှုတ်ခမ်းမွေးအား လက်ဖြင့် သပ်လိုက်လေ၏။ ထို့နောက်. . .

"အဲဒီတော့ ကျုပ်က ကုလားဖြူသရဲကို 'ဝှပ်အစ်(စ်)ယူဝါနိမ်း(သင်၏နာမည် ဘယ်လိုခေါ်သလဲ)' လို့ မေးလိုက်တယ်၊ အဲဒီလို မေးလိုက်တယ်ဆိုရင်ပဲ ကုလားဖြူသရဲက. . .

"မိုင်နိမ်းအပ်(စ်) ကပ္ပတိန်ဒေးဗစ်၊ အမည်တွင်သညာ ခေါ်စရာကား ကပ္ပတိန်ဒေးဗစ် ဖြစ်ပါတယ်" လို့ ပြောပြီး ဖြေရှာတယ်၊ အဲသည်တော့ ကျုပ်က အနှီကုလားဖြူသရဲကို. . .

"ရက်စ် မိုင်ဘွိုင်း၊ ဝှပ် အာ ယူ ဒူးရင်း ဟီးယား" ကောင်းပြီ လူကလေး မောင်ဒေးဗစ်၊ မောင်မင်း ဒီမှာ ဘာလုပ်နေသလဲလို့ မေးလိုက်တယ်ဆိုရင်ပဲ အစိမ်းသရဲ ပြိတ္တာဖြစ်နေတဲ့ ကုလားဖြူ စစ်ဗိုလ် ကပ္ပတိန်ဒေးဗစ်ဟာ ဆိုင်းမပါ ဗုံမဆင့်ပဲ ကုလားဖြူစကားနဲ့ နုတ်သံနှော့ပါလေရော။

"အမယ်မင်း. . . ဖြစ်ကြောင်းရယ်မှ ကုန်စင်၊ ကုန်စင်ရယ်မှ ဖြစ်ကြောင်း. . . ဟောင်း. . . ဟောင်း. . . ဟောင်း. . . ကျွန်တော်မျိုး ဒေးဗစ်ခေါ်တဲ့ ကပ္ပတိန်စစ်ဗိုလ်၊ ဟိုး. . . လန်ဒန်မြို့ဆီက ဝေးလံခေါင်သီ ပြည်ကြီးမြန်မာသို့ လာခဲ့ပါသည်၊ လာပြီး မကြာ စစ်ပွဲမနုဖြူမှာ ပါရှာသည်၊ သို့ ပါရသည်တွင် 'ရွှေမှင်ခေါ် မြန်မာ သွေးသောက်ကြီးရဲ့ ဟောသည်ဓားကြီးနှင့် ကျွန်တော်မျိုးရဲ့ လည်ပင်းကို အဖြတ်ခံရရှာတယ်မှ. . . အဖြတ်ခံရရှာတယ် အဲ. . .



www.burmeseclassic.com

www.burmeseclassic.com


အဲ. . . . အဲ"

နှုတ်ခမ်းမွှေးနှင့် မျက်လှည့်ဆရာသည် အတည်ပေါက်နှင့် နှုတ်သံနှော၍ ပြလေ၏။ ပရိသတ်လည်း ငိုင်၍နေလေ၏။

ထိုအခါ ၎င်းက. . .

"အဲဒီလို နှုတ်သံနှောလိုက်မှပဲ ဒီ ကပ္ပတိန်ဒေးဗစ်ဆိုတဲ့ အင်္ဂလိပ်စစ်ဗိုလ်ဟာ မနိုဖြူတိုက်ပွဲမှာ ကျုပ်ရဲ့လက်ချက်နဲ့ အသက် ထွက်ခဲ့ရတဲ့ကောင်ဆိုတာ ကျုပ်သိရတာကိုး၊ အဲဒီတော့ ကုလားဖြူ သရဲကို. . .

"မင်းကို ငါ နောက် မသတ်ချင်ဘူး၊ ပုပ္ပဏ္ဍသုတ်ကို တစ်ခေါက် ရွတ်လိုက်တာနဲ့ ဒီကောင် ကျွမ်းပြန်သွားမယ်ဆိုတာ ကျုပ်သိတယ်၊ ဒီ ကပ္ပတိန်ဒေးဗစ်ဆိုတဲ့ သရဲကလဲ ကျုပ်ကို ငိုပြီး တောင်းပန်ရှာတယ်၊ ပရိတ်မရွတ်ပါနဲ့ ဘခင်၊ ပရိတ်ကို ကျွန်တော်မျိုး အလိုမရှိပါဘူး"

"အိုင် ဒုန်း ဝမ့် ပရိတ်၊ အိုင် ဒုန်း ဝမ့် ပရိတ်" လို့ ငိုပြီး တောင်းပန်ရှာတယ်။

အဲသည်တော့ ကျုပ် သနားလာတယ်၊ ဒါကြောင့်. . .

"ကောင်းပြီ လူကလေး မောင်ဒေးဗစ်၊ မင်းကို ငါ ချမ်းသာ ပေးမယ်၊ ငါ့ဓားကြီးမှာ ယခင်ကအတိုင်းပဲ စီးပြီး နေပေတော့၊ မင်းတို့ ကုလားဖြူ သိမ်းထားတဲ့ ငါတို့ရဲ့ ရခိုင်တိုင်းနဲ့ တနင်္သာရီတိုင်း ကို ငါတို့ ပြန်ရတဲ့အခါကျတော့မှပဲ မင်းကို ကျွတ်လွတ်ခွင့် ပေးမယ်၊ ဒီအတောအတွင်းမှာတော့ မင်းဟာ ငါ့ဓားကြီးမှာ စီးပြီး ငါခိုင်းတာ ကို လုပ်ရမယ်၊ ငါ့အိမ်မှာ မင်း ထင်းခွဲရမယ်၊ ဒီဓားကြီးကိုလဲ ထက်အောင် အမြဲသွေးနေရမယ်၊ ငါခေါ်ရင် လာရမယ်၊ ငါစေရင် သွားရမယ်၊ ငါ့ရဲ့အမိန့်ဟာ မင်းအပေါ်မှာ မင်းတို့ အင်္ဂလန်ပြည့်ရှင် ကြီးရဲ့ အမိန့်ထက် စူးရှစေရမယ်၊ ကြားလား" လို့ ပြောလိုက်တယ်


www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ပဲ အင်္ဂလိပ်သရဲမှာ. . .

"ရက်ဆား၊ အိုင်အမ် ယူဝါ အိုဘီးဒီယင့် ဆားဗင့်၊ မှန်လှပါ အမိန့်တော်မြတ် အတိုင်းပါ သခင်" လို့ လျှောက်ထား သံတော်ဦး တင်ရှာတယ်။

မျက်လှည့်ဆရာ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် စိတ်ဝင်စားစွာ နားထောင်နေသော ပရိသတ်သည် ဝါးခနဲ ရယ်မောကြ မြန်လေ၏။

ထိုအခါ မျက်လှည့်ဆရာက. . .

"ခင်ဗျားတို့က ကျုပ်ပြောတာ မယုံဘူးလား၊ မယုံရင်လဲ ပြရတာပေါ့ဗျာ" ဟု ဆိုကာ ၎င်း၏ ပြောင်လက်ခံ့ညားလှသော ငှက်ကြီးတောင် ဓားကြီးအား ဓားအိမ်တွင်းသို့ ချောက်ခနဲ သွင်းလိုက်ပြီးလျှင် ခပ်လှမ်းလှမ်း နေရာဆီသို့ လှမ်း၍ပစ်ချလိုက်လေ၏။ ဓားကြီးလည်း မြေကြီးပေါ်သို့ ဘုတ်ခနဲ ကျသွားလေ၏။ ထိုအခါ မျက်လှည့်ဆရာသည် နှုတ်ခမ်းမွေးကို သပ်၍ ပရိသတ်ကို အကဲခတ်လေ၏။ ပရိသတ်၏ မျက်လုံးများသည် ဓားကြီးဆီသို့ ရောက်နေပြီ ဖြစ်လေ၏။

မျက်လှည့်ဆရာသည်. . .

"ဖြောက်. . . ဖြောက်. . . ဖြောက်" ဟူ၍ လက်ခုပ်သုံးချက်ကို ခပ်မှန်မှန် တီးလိုက်ပြီးနောက်. . .

"ဟဲ့လို. . . မိုင်ဘွိုင်း ကပ္ပတိန်ဒေးဗစ်၊ ကမ်း တူ မီး၊ အလိုလူကလေး ကပ္ပတိန်ဒေးဗစ်၊ ငါ ဆရာထံသို့ လာခဲ့ပေလော့" ဟု ပြောလိုက်ရာ မြေပြင်ပေါ်တွင် တုံးလုံးလဲ၍ ကျနေသော ဓားကြီးသည် ဓားအိမ်အတွင်းမှ တဖြည်းဖြည်းချင်း ထွက်၍လာလေတော့၏။ ပရိသတ်ကြီးလည်း ဟင်ခနဲ၊ ဟယ်ခနဲ ဖြစ်၍နေလေတော့၏။

"ကမ်း ကွစ်ကလီး၊ သွက်သွက်ကလေး လာစမ်းပါ ငါ့လူရ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်လှည့်ဆရာက ပြောလိုက်ပြန်ရာ ဓားကြီးသည် သွက်သွက်လက်လက် ဓားအိမ်တွင်းမှ ထွက်လေတော့၏။ ထို့နောက် မျက်လှည့်ဆရာဆီသို့ တရွေ့ရွေ့ သွားလေတော့၏။

ပရိသတ်သည် လွန်စွာ အံ့ဩ၍နေ၏။

ပရိသတ်အတွင်းမှ တစ်ယောက်သောသူကမူ. . .

"အစိမ်းတိုက်ကိုးကွ" ဟူ၍ ပြောလိုက်လေတော့၏။

ကျန်တစ်ယောက်ကမူ. . .

"လက်လှည့်၊ မျက်လှည့်၊ ပဉ္စလှည့်ဆိုတာ ရှိတယ်၊ ဒါဟာ လက်လှည့်ပဲ ဖြစ်မယ်" ဟု ပြောလိုက်ရာ ပထမလူက. . .

"လက်လှည့်လို့ ဆိုရအောင်ဗျာ. . . သူ့လက်နဲ့ ဓားကြီးနဲ့က အဝေးကြီးပဲ၊ ဟိုမှာ ဓားကြီးက သူ့ဟာသူ လာနေတာ၊ ဘယ်လိုလုပ် လက်လှည့် ဖြစ်မှာတုန်း၊ သရဲမွေးထားပြီး ခိုင်းတယ်ဆိုတာ ဟုတ်ပါတယ်" ဟု ပြန်၍ချေပလေ၏။ မျက်လှည့်ဆရာကမူ အောက်ပါအတိုင်း ရွတ်ဆိုလေ၏။

"ဒပ်ဘယ်(လ်)ဒပ်တယ်(လ်)တွိုင်း(လ်)အင်ထရာ ဗဲလ်ဖိုင်းယား ဘန်းအင်ကော(လ်) ဒရန်းဘပ်ဘယ်(လ်)၊ အခု ကျုပ်ရွတ်တာဟာ ကုလားဖြူ မှော်ဆရာများ ရွတ်တဲ့ မန္တာန်ဖြစ်တယ်၊ အဓိပ္ပာယ်ကတော့ 'ဥ၊ ဒွိယံ ဒွိယံ အဖန်ဖန်၊ ပင်ပန်းအလွန်ခံ၊ မီးတောက်မီးလျှံ မီးပြင်းခံ၊ ပလုံစီပြန် ဒယ်အိုးသံ၊ ဖွဟဲ့' လို့ အဓိပ္ပာယ်ရပါတယ်၊ အဲဒီကုလားဖြူ ဂါထာကို ကုလားဖြူ သရဲတွေဟာ အလွန်ပဲ ကြောက်ပါတယ်"

ကြည့်နေသော ပရိသတ်လည်း. . .

"တယ်တော်တဲ့ မျက်လှည့်ဆရာပဲ၊ ကုလားဖြူ စကားကိုကောင်းကောင်း တတ်ရုံသာ မကဘူး၊ ကုလားဖြူ မှော်ဆရာရဲ့ ဂါထာတွေကိုတောင် ရတာပဲ" ဟု ချီးမွမ်းကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ပင် မြင်းဖြူကြီးနှစ်ကောင် ဆွဲသော ဒေါက်ကတ်ရထားကြီးလည်း မျက်လှည့်ဝိုင်းအနီးသို့ ရောက်လာပြီးလျှင် လမ်းဖယ်ပေးရန်အတွက် မျက်လှည့်ကြည့်နေသော ပရိသတ်အား ခေါင်းလောင်းတီးပြီး အချက်ပေးလေ၏။ ပရိသတ်လည်း မျက်လှည့်ဆရာထံ၌ စိတ်ဝင်စားနေသောကြောင့် ဖယ်၍မပေးဖြစ်ဘဲ ရှိလေ၏။ ထိုအခါ မြင်းလှည်းပေါ်မှ မျက်နှာဖြူတစ်ယောက်သည် ဆင်းလာပြီးလျှင် မျက်လှည့်ဆရာအား အင်္ဂလိပ်ဘာသာဖြင့် ဆဲဆိုလေ၏။ ထိုအခါ မျက်လှည့်ဆရာက ထိုမျက်နှာဖြူအား အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် ပြောလိုက်လေ၏။

"ရိုင်းလှချည်လားကွ၊ မင်းတို့ အင်္ဂလန်ပြည်မှာ မင်းလိုလူရိုင်းတွေချည်းပဲလား၊ ငါတို့ မြန်မာတွေဟာ အိမ်ရှင်ကောင်းပီသစွာ မင်းတို့ကို ဆက်ဆံတယ်၊ မင်းတို့ကတော့ ဧည့်သည်ကောင်းနဲ့ မတူဘူး၊ အိမ်ရှင်ကို ပြန်ကိုက်တဲ့ခွေးနဲ့ တူတယ်" ဟု ဆိုကာ သူ၏လက်ကို မြှောက်လိုက်ရာ မြေပြင်ပေါ်တွင် တရွေ့ရွေ့ လာနေသော ငှက်ကြီးတောင် ဓားကြီးသည် သူ၏လက်တွင်းသို့ ရှိခနဲ ခုန်တက်၍ ရောက်ရှိသွားလေသောကြောင့် ပရိသတ်လည်း အံ့ဩခြင်း ဖြစ်ရလေ၏။ ဒေါက်ကပ်ပေါ်မှ ဆင်းလာသော အင်္ဂလိပ်သည်ပင်လျှင် အံ့ဩ၍ သွားလေ၏။ ထို့ကြောင့် အင်္ဂလိပ်သည် ခါးတွင်ချိတ်ထားသော သေနတ်တိုကလေးကို ဆွဲထုတ်လိုက်ကာ မျက်လှည့်ဆရာ၏ ရင်ဝသို့ ချိန်ထားလိုက်လေ၏။

ပရိသတ်မှာလည်း 'ဟင်ခနဲ' 'ဟယ်ခနဲ' ဖြစ်ကာ ဘေးသို့ ရှဲသွားလေ၏။ ထို့ကြောင့် မျက်လှည့်ဆရာနှင့် အင်္ဂလိပ် နှစ်ဦးတည်း ရှင်းရှင်းလင်းလင်း ရင်ဆိုင်လျက် ရှိလေတော့၏။

ထိုအချိန်၌ မြက်ဦးထုပ် ဆောင်းထားသည့် အင်္ဂလိပ်မချောချောကလေးသည် ဒေါက်ကတ်ပေါ်မှ ကြောက်ဒူးနှင့်တကြားနှင့်



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်၍ ကြည့်လိုက်လေ၏။

အင်္ဂလိပ်သည် မျက်လှည့်ဆရာအား သေနတ်နှင့် အကျ အန ချိန်ထားပြီးနောက် အင်္ဂလိပ်စကားနှင့်ပင်. . .

"မင်းလက်ထဲက ဓားကို ပစ်ချလိုက်ပါ" ဟု အမိန့်ပေး လိုက်လေ၏။

"ငါ့ဓားဟာ ရန်သူကို မခုတ်ရဘဲ နေတဲ့ဓားမျိုး မဟုတ်ဘူး" ဟု မျက်လှည့်ဆရာက ပြန်၍ပြောလိုက်လေ၏။

"ရှေ့ကို တိုးလာရင်လဲ ငါ့သေနတ်က မောင်းဖြုတ်ပြီးသား ပဲ၊ ဓားကို ချလိုက်ပါ၊ တစ်၊ နှစ်၊ သုံး ခေါ်လို့မှ မင်းဓားကို အောက်မချရင်တော့ ငါက ပစ်ရလိမ့်မယ်" ဟု အင်္ဂလိပ်က ပြော လိုက်လေ၏။

"မင်းအလုပ်ကို မင်းလုပ်ပါ မျောက်ကလေး၊ ငါကလဲ မင်းကို သတ်ဖို့ စဉ်းစားနေတာပဲ၊ ငါဟာ မြန်မာလူမျိုး ဖြစ်တယ်၊ ငါတို့လူမျိုးဟာ ဘယ်လောက် သတ္တိကောင်းတယ် ဆိုတာတော့ ငါတို့နဲ့ စစ်တိုက်ခဲ့ဖူးတဲ့ မင်းတို့ရဲ့ လူကြီးသူမတွေကို ပြန်ပြီး မေးစမ်း ကြည့်ပါဦး" ဟု မျက်လှည့်ဆရာက ပြောလိုက်လေ၏။ အင်္ဂလိပ် လည်း လွန်စွာ ဒေါသထွက်၍ သွားလေတော့၏။ ထို့ကြောင့် မျက် လှည့်ဆရာအား သေနတ်နှင့် ပစ်သတ်ရန်အတွက် အမှတ်စဉ် ခေါ် လေတော့၏။

"ဝမ်း"

မျက်လှည့်ဆရာသည် ရှေ့သို့ တိုး၍လာလေ၏။

"တူး"

မျက်လှည့်ဆရာသည် ရှေ့သို့ တိုး၍လာလေ၏။

"သရီး"

"ဒိုင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်သည် သေနတ်ကို မောင်းဖြုတ်ချလိုက်လေတော့၏။ ပရိသတ်လည်း 'ဟာ'ခနဲ ဖြစ်ကာ မျက်နှာကို လွှဲလိုက်ကြလေ၏။ သို့ရာတွင် ကြာကြာလည်း မျက်နှာမလွှဲနိုင်ပေ။ ၎င်းတို့၏ မျက်လှည့်ဆရာ မည်သို့မည်ပုံ ဖြစ်သွားသည်ကို ကြည့်လိုလှသဖြင့် ချက်ချင်းပင် ပြန်၍ကြည့်လိုက်ကြလေ၏။

မျက်လှည့်ဆရာသည် တစ်စုံတစ်ရာ ထိခိုက်ခြင်း မရှိပေ။ အင်္ဂလိပ်၏ သေနတ်သည် မြေပေါ်သို့ ကျနေပြီဖြစ်၏။ မျက်လှည့်ဆရာနှင့် အင်္ဂလိပ်တို့ ကြားထဲတွင် အသက်(၂၀)အရွယ်ခန့်ရှိ အရပ်အမောင်းကောင်းကောင်း လူငယ်တစ်ဦးသည် မတ်တတ်ရပ်လျက်ရှိလေ၏။ ထိုလူငယ်သည် အရပ်အမောင်း ကောင်းသကဲ့သို့ ရဲရင့်ပုံလည်း ရလေ၏။ အသားအရောင်မှာ ကြေးနီရောင်နှင့် တူ၏။ လည်ကုပ်ခန့်သာ မှီသော သူ၏ဆံပင်များသည် ဖရိုဖရဲ ဖြစ်၍နေလေ၏။ သူသည် မျက်လှည့်ဆရာအား အင်္ဂလိပ်က သေနတ်ဖြင့် ပစ်လိုက်သည့်အချိန်၌ အခြားသူတစ်ဦး၏ပခုံးကို လက်ဖြင့် ထောက်ကာ လေထဲတွင် ကျွမ်းပစ်၍ အင်္ဂလိပ်၏လက်မှ သေနတ်ကို ခြေထောက်ဖြင့် ကန်ပစ်လိုက်ခြင်း ဖြစ်၏။ ထို့ကြောင့် သေနတ်သည် 'ဒိုင်း'ခနဲ မြည်ကာ ထွက်ကား ထွက်၏။ သို့ရာတွင် မျက်လှည့်ဆရာကို ထိမှန်ခြင်း မရှိတော့ပေ။

ထိုလူငယ်သည် မြေပေါ်၌ ကျနေသော သေနတ်ကို ကောက်ယူကာ အင်္ဂလိပ်လက်သို့ ပြန်ပေးလေ၏။ ပြီးလျှင် အင်္ဂလိပ်ဘာသာဖြင့် အောက်ပါ အဓိပ္ပာယ်ရသော စကားကို ပြောလိုက်လေ၏။

"ဒီမှာ မိတ်ဆွေကြီး၊ အကောင်းဆုံးကတော့ ဒေါက်ကတ်ပေါ် ပြန်တက်ပြီး ခင်ဗျားခရီးကို ခင်ဗျားဆက်သွားပါ" ဟု ပြောလိုက်သဖြင့် အင်္ဂလိပ်လည်း ဒေါက်ကတ်ပေါ်သို့ ပြန်တက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုအခါ ဒေါက်ကတ်ပေါ်မှ အင်္ဂလိပ်မ ချောချောကလေးက ထိုလူငယ်အား. . .

"ကျေးဇူးတင်ပါတယ်" ဟု အသံစာစာကလေးနှင့် ပြောလိုက်လေ၏။ လူငယ်ကလည်း. . .

"ဘုရားသခင်က ခွင့်ပြုတော်မူရင်တော့ နောက်တစ်ကြိမ်တွေ့ကြသေးတာပေါ့" ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ဒေါက်ကတ်ကြီးသည် စတင်၍ ထွက်သွားပြီ ဖြစ်လေ၏။ ဒေါက်ကတ်ပေါ်မှ အင်္ဂလိပ်သည် မျက်လှည့်ဆရာအား အင်္ဂလိပ်ဘာသာဖြင့် လှမ်း၍ဆဲသွားလေ၏။ မျက်လှည့်ဆရာလည်း ၎င်း၏လက်ထဲမှ ငှက်ကြီးတောင် ဓားကြီးဖြင့် လှမ်း၍ပစ်လိုက်လေ၏။ ငှက်ကြီးတောင် ဓားကြီးသည် 'ဝီခနဲ' ထွက်၍သွားပြီးလျှင် ဒေါက်ကတ်ပေါ်တွင် ထိုင်နေသည့် အင်္ဂလိပ်၏ အင်္ကျီလက်ပွပွကြီးအား ထိုးဝင်ကာ ဒေါက်ကတ်၏နံရံ၌ 'ဒေါက်ခနဲ' သွား၍ စိုက်နေလေတော့၏။ လူကို မထိဘဲ အင်္ကျီစကို ထိမှန်စေ၍ ဓားကို စိုက်အောင် ပစ်ပြလိုက်ခြင်းကြောင့် ဒေါက်ကတ်ပေါ်မှ အင်္ဂလိပ်သည် မျက်လုံးပြူး၍ သွားလေတော့၏။ မျက်လှည့်ဆရာသည် သူ၏လက်ကို မြှောက်လိုက်လေ၏။ ထိုအခါ ဒေါက်ကတ်တွင် စိုက်နေသော ဓားကြီးသည် 'ရှီးခနဲ' မြည်၍ သူ၏လက်တွင်းသို့ ပြန်လည် ရောက်ရှိသွားခြင်းကြောင့် ပရိသတ်ကြီးလည်း အံ့သြခြင်းမက အံ့သြကြလေ၏။ ရန်သူဖြစ်သော အင်္ဂလိပ်သည်ပင်လျှင်. . .

"ဝမ်းဒါးဖူး" ဟု ယောင်၍ အော်လိုက်လေ၏။

ဒေါက်ကတ်ကြီးမှာမူ တဖြည်းဖြည်း ဝေးသည်ထက်ဝေး၍ သွားလေတော့၏။ ဒေါက်ကတ်ပေါ်မှ မိန်းမချောလေးကမူ သူ့အင်



www.burmeseclassic.com

www.burmeseclassic.com



လည်ပြန် ကြည့်ရင်း ကြေးနီရောင်အဆင်းရှိသော မြန်မာလူငယ်လေးအား သူ၏ လက်ဖြူဖြူဖွေးဖွေးဖြင့် ဝှေ့ယမ်းနှုတ်ဆက်သွားလေ၏။

ထိုအခါ မျက်လှည့်ဆရာသည် ပရိသတ်ကြီးအား မျက်လှည့်ပွဲ ပြီးပြီဖြစ်ကြောင်း ကြေညာလိုက်ပြီးလျှင် သူ၏အသက်ကို ကယ်ဆယ်ခဲ့သော လူငယ်ထံသို့ လာ၍ လူငယ်၏ပခုံးကို ပုတ်ကာ. . .

"ကျုပ်ဟာ သွေးသောက်ကြီးအဖြစ် အမှုတော် ထမ်းခဲ့တဲ့ တပ်မတော်သားဟောင်း တစ်ဦးပါပဲ၊ ကျုပ်နာမည်က ရွှေမှင်လို့ ခေါ်ပါတယ်၊ မောင်ရင့်နာမည်လဲ သိပါရစေ" ဟု မိတ်ဆက်လိုက်ရာ လူငယ်က. . .

"ကျုပ်နာမည် မောင်ဂျင်းလို့ ခေါ်ပါတယ်၊ ဇာတိက တွံတေးကပါ၊ အိုးလာပြီး ရောင်းတာ၊ ခင်ဗျား မျက်လှည့်ပြနေတာ ကြည့်ကောင်းတာနဲ့ ကြည့်နေတာ" ဟု ပြောလိုက်လေ၏။

"နေပါဦး မောင်ရယ်၊ ကုလားဖြူ စကားပြော တယ်ပြီး ကျွမ်းပါလား" ဟု မျက်လှည့်ဆရာက မေးလိုက်လေ၏။

"ကျုပ်တို့ဆီမှာ ကုလားဖြူ သာသနာပြုကျောင်း ရှိတယ်၊ ငှက်အော်စမ်း ရွာနားမှာပဲ၊ ကျောင်းဆိုပေမယ့် အဆောက်အအုံကောင်းကောင်း မဟုတ်ပါဘူး၊ သာသနာပြု ဘုန်းကြီးတစ်ပါးနဲ့ ကျောင်းသား သုံးလေးယောက် ရှိပါတယ်၊ ကျုပ်က အဲဒီကျောင်းထွက်ကိုး" ဟု မောင်ဂျင်းဆိုသော လူငယ်က ပြောလိုက်လေ၏။

"အေးကွယ်၊ ဒီကုလားဖြူတွေက တို့မြန်မာတွေကို ကျွန်သပေါက် မြှချင်နေကြတာကွ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ စစ်ဖြစ်ရဦးမှာပဲ၊ အဲဒီအခါမှာတော့ မောင်ရင်တို့လိုလူတွေ အများကြီး တပ်မတော်က အလိုရှိမယ်၊ ကဲ. . . ကျုပ်လဲ သွားဦးမယ်" ဟုဆိုကာ မျက်လှည့်ဆရာသည် သူ၏ပစ္စည်းများကို ထုပ်ပိုး သိမ်းဆည်း၍



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေတော့၏။

မှတ်ချက်။ ။ မျက်လှည့်ဆရာ ပြသွားသော ပြကွက်မှာ မည်သည့် အစိမ်းသရဲမျှ ပါဝင်ခြင်း မရှိပါ။ မမြင်နိုင်လောက်အောင် သေး၍ လွန်စွာမှလည်း ခိုင်လှသော ကြိုးနက်ကလေးကို အသုံးပြု၍ လှည့်စား ပြသခြင်းသာ ဖြစ်ပါသည်။ ယခုခေတ်၌ ထိုပြကွက် လောက် မကောင်းသော်လည်း ခပ်ဆင်ဆင် ပြကွက်တစ်ခုမှာ ကတ်ထူပြား အရိုးရုပ်ကို ထ၍ကစေသော ပြကွက်ဖြစ်၏။ ကြိုးကိုမူ မိန်းမများ ခေါင်း၌ အုပ်သောပိုက်မှ ကြိုးကို ဖြေ၍ အမျှင်ကလေး တစ်မျှင်ကို ယူကာ ထိုအရုပ်၌ ချိတ်ဆွဲ၍ ပြသသောနည်း ဖြစ်၏။

(စာရေးသူ)

◈ ◈ ◈

နောက်တစ်နေ့ မုတ်ဆိတ်ဖြူကြီး၏ဝိုင်း၌ ဘုန်းကြီးကျောင်းသား ငနီတွတ်က. . .

"လူဆိုးတွေကို လူကောင်းတွေက မနိုင်ဘူးလား အဘရယ်၊ ကျွန်တော်ဖြင့် လူဆိုးကို မြင်ဖူးချင်လိုက်တာ၊ ကျောင်းမှာ ဘုန်းကြီးက 'ဗာလာန်-လူမိုက်တို့သည်' လို့ အနက်ပေးတယ်၊ အဲဒီ ဗာလတွေက ဘာမှမသိတဲ့ လူစားမျိုးတွေ မဟုတ်လား၊ ဘုန်းကြီးက 'လူမိုက်ဆိုတာ ဘာမှမသိတဲ့ လူစားမျိုး' လို့ သင်တယ်ဗျ' ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . .


"ဟဲ့. . . သပေါက်သား၊ လူဆိုးတိုင်း လူညံ့မဟုတ်ဘူးကွ၊ တချို့လူဆိုးတွေထဲမှာ ဖော်တဲ့တတ်တဲ့ ပါးရည်နပ်ရည် ရှိတဲ့လူတွေ အများကြီး ပါတယ်ဟဲ့၊ နားထောင်" ဟု ဆိုကာ မြောက်မြားစွာသော မုတ်ဆိတ်ဖြူကြီး တွေ့ကြုံခဲ့ရသည့် လူဆိုးလူမိုက်တို့အနက်မှ တစ်ဦး တစ်ယောက်သော လူဆိုးလူမိုက်အကြောင်းကို ပြောပြပြန်လေ၏။

. . . ဓမ္မဓမ္မ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လူဆိုးလူမိုက်တစ်ဦး

တစ်ညသ၌ ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့ကလေးတစ်မြို့၏ အစွန်ပိုင်း အကျဆုံး ခြံဝင်းကြီးတစ်ခုအတွင်း၌ ဆောက်လုပ်ထားသည့် အုတ်တိုက်ကလေး တစ်တိုက်အတွင်း အသက်အရွယ်အားဖြင့် လေးဆယ်ခန့်ရှိသော ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ကြကုန်သော လူနှစ်ယောက်တို့သည် လူသေထည့်သော ခေါင်းလွတ်ကြီးတစ်လုံးအား မှောက်၍ စားပွဲခုံအဖြစ် အသုံးပြုကာ ထမင်းကို မြိန်ယှက်စွာ စားသောက်နေကြလေ၏။

၎င်းတို့ ထမင်းဝိုင်းမှာလည်း ဝက်သားဟင်း ထည့်ထားသော စဉ့်ဇလုံကြီးတစ်လုံးသာလျှင် ပန်းကန်ခွက်ယောက်ဟူ၍ ရှိလေ၏။ ထိုသူနှစ်ဦးသည် ဖက်ဖြင့် ထုပ်ထားသော ထမင်းထုပ်ကို ဖြေကာ အထက်က ဆိုခဲ့သည့် ဝက်သားထည့်ထားသော စဉ့်ဇလုံကြီးအား မိမိတို့ ထမင်းများအပေါ် အဆီအနှစ်များ ရရှိစေရန်အကျော ငှဲ့လောင်း၍ သွန်ပြီးလျှင် တစ်ထွာနီးပါးခန့် ရှည်သော ဝက်သားတုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကို တစ်ယောက်တစ်တုံး ယက်ဖြင့် နှိုက်ယူ၍ မြိန်ယှက်စွာ စားသောက်နေကြလေ၏။

ထိုသို့ စားသောက်ရင်းနှင့် ၎င်းတို့အနီးတွင် ရှိသော အရက်ထည့်ထားသည့် ရေတကောင်းကိုလည်း တစ်ယောက် တစ်လှည့်ဆိုသလို ကောက်၍ မော့ကြလေ၏။ ထိုသူနှစ်ဦးသည် ထမင်းစားလိုက် အရက်ကို မော့လိုက်နှင့် ပြုလုပ်နေရင်း ကတ်သီးကတ်သတ် နိုင်လှသော ဉာဏ်စမ်းပဟေဠိများကို တစ်ယောက်တစ်လှည့် ဝှက်နေကြလေ၏။

တဖြည်းဖြည်း ညဉ့်နက်သည်ထက် နက်၍လာလေ၏။ နှင်းများမှာလည်း အုံ့ဆိုင်း၍ တသည်းသည်း ကျလာသည်ဖြစ်ရာ ထိုတိုက်ကလေး၏ အပြင်ဘက်တွင် မည်သည့် အရာဝတ္ထုကိုမျှ သဲသဲကွဲကွဲ မြင်ရခြင်း မရှိတော့ပေ။

ထိုသူတို့သည် ထမင်းစား၍ မပြီးကြသေးပေ။ ထို့အတူ အရက်သောက်၍လည်း မပြီးကြသေးပေ။ ထိုသူနှစ်ဦးအနက်မှ တစ်ဦးသောသူက. . .

"ဟေ့. . . ထွား၊ ငါက မင်းကို မေးဖို့အလှည့် ရောက်လာပြီ" ဟု ပြောလိုက်ရာ ထွားဆိုသူက အရက်ကို ကပျာကယာ သောက်လိုက်သည်ဖြစ်ရာ သီး၍သွားလေ၏။

ထို့ကြောင့် အရက် ထည့်ထားသော ရေတကောင်းကို အောက်သို့ "ဂွပ်"ခနဲ ချရင်း. . .

"ခွီး. . . သီးတောင် သွားပြီ၊ မင်းမေးရမယ့်အလှည့် ရောက်ရင် မေးပေါ့ စံပရာ. . . ဒါပေမယ့် မင်းနဲ့ငါနဲ့ လောင်းကြေးစားကြေး လုပ်ထားတဲ့ကတိအတိုင်း ပဟေဠိကို မဖော်နိုင်တဲ့လူက ခြေသလုံးကို နှိပ်ပေးရမယ် ဆိုတာကိုတော့ မမေ့နဲ့နော်" ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စံပက. . .

"အေး. . . မေးတော့မယ်၊ ငါ့ဘကြီး တူးထားတဲ့ရေတွင်းက အတောင်သုံးဆယ် နက်တယ်ကွ၊ ဒါပေမယ့် ရေမထွက်ဘူး၊ အရှေ့ထဲမှာ ဖားတစ်ကောင်က ရေရှိတယ် အောက်မေ့လို့ ရေတွင်းထဲကို ခုန်ဆင်းလိုက်တယ်၊ ရေတွင်းအောက်လဲ ရောက်ရော ရေမရှိမှန်း သိလို့ ပြန်ပြီး ခုန်တက်ရတာကွ၊ အဲဒီဖားဟာ တစ်ခါခုန်ရင် သုံးတောင် မြောက်တယ်၊ ဒါပေမယ့် ရေတွင်းနံရံမှာတော့ သူခုန်သလောက် သုံးတောင်လောက်မှာ ကပ်ပြီးမထားနိုင်ရှာဘူး၊ နှစ်တောင်တိတိ ပြန်ပြီးလျှောကျတယ်၊ ဒါပေမယ့် ဒီဖားဟာ နောက်ဆုံးမှာတော့ ရေတွင်းပေါ်ကို ပြန်ပြီးရောက်သွားတယ်ပေါ့ကွာ၊ ဘယ်နှစ်ခါ ခုန်ပြီး ရောက်သွားတယ်ဆိုတာ မင်းက ဖြေစမ်း" ဟု မေးလိုက်လေ၏။

ထိုအခါ ထွေးက. . .

"မင်းက ငါ့ကို ကလေးများ အောက်မေ့နေသလားကွ၊ အဲ့ဒီဖားဟာ ရေတွင်းပေါင်ပေါ်ကို နှစ်ဆယ့်ရှစ်ကြိမ် ခုန်ပြီးမှ ရောက်သွားတာ၊ ဒီဖားက တစ်ခါခုန်ရင် သုံးတောင် ရောက်ပေမယ့် နှစ်တောင်က လျှောကျသေးတယ် ဆိုတာကိုးကွ၊ တစ်ခါ ခုန်တိုင်း ခုန်တိုင်း တစ်တောင်ပဲ ရောက်တယ်ကွ၊ နှစ်ဆယ့်ခုနစ်ခါ ခုန်လိုက်တဲ့ အခါမှာ အဲဒီဖားဟာ နှစ်ဆယ့်ခုနစ်တောင်ကို ရောက်နေပြီ၊ အဲဒီ နှစ်ဆယ့်ခုနစ်တောင်ကနေ နှစ်ဆယ့်ရှစ်ကြိမ်မြောက် ခုန်လိုက်တဲ့ အခါမှာ အတောင်သုံးဆယ်ကို ရောက်သွားတယ်ကွ၊ ဒါပေမယ့် ပြန်ပြီးလျှောမကျတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရေတွင်းပေါင်ပေါ်ကို ရောက်သွားပြီလေကွာ" ဟု ပြောလိုက်လေ၏။

ထိုအခါ စံပက. . .

"အေး. . . မင်းပြောတာ မှန်တယ်၊ မင်း ဖြက်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ငထွားလည်း "ဒီတစ်ခါတော့ မင်း မဖော် နိုင်စေရဘူး" ဟု ပြောလိုက်စဉ်၌ပင် ခြံရှေ့မှ မြင်းခွာသံကို ကြားရ လေတော့၏။ ငထွားနှင့် စံပတို့သည် ခြံဝဆီသို့ လှမ်းမျှော်ကြည့် လိုက်လေ၏။ လူတစ်ယောက်သည် မြင်းတစ်ကောင်ကို စီးကာ တစ်ကောင်ကို ဆွဲလျက် ဝင်လာသည်ကို မှုန်မွှားမွှား မြင်ရလေ၏။

ဂုင်းဆွဲလာသော မြင်းပေါ်တွင်မူ လူတစ်ယောက် မှောက် တင်လျက် ပါလာလေ၏။ မြင်းစီးသမားသည် မြင်းပေါ်မှ ဆင်းလိုက် ပြီးလျှင် မှောက်ခုံအနေအထားဖြင့် ပါလာသောလူအား ကုပ်မှ ဆွဲ ကာ အောက်သို့ "ဗုန်း"ခနဲ ပစ်ချလိုက်လေ၏။ ထိုအခါ တိုက်အိမ် အတွင်းမှ ငထွားနှင့် စံပတို့သည် မှန်အိမ်ကို မြှောက်လျက် မြေကြီး ပေါ်တွင် ပက်လက်လှန် လဲကျနေသော ထိုသူ၏မျက်နှာကို ကြည့် ကြလေ၏။

ထိုသို့ ကြည့်ပြီးနောက်. . .

"စောကျော်အေးပဲ" ဟု ငထွားက အော်လိုက်လေ၏။ ထိုအ ခါ စံပက. . .

"စောကျော်အေးလဲ ဟုတ်ပါပြီ၊ သေနေတာလဲ ဟုတ်ပါပြီ၊ ဒဏ်ရာလဲ မတွေ့ပါလား" ဟု မေးလိုက်ရာ စောကျော်အေး၏ အလောင်းကို သယ်လာသော မြင်းစီးသမားက. . .

"နံရိုးသုံးချောင်း ကျိုးသွားတာ၊ အဝတ်ကို ဖွင့်ကြည့်လိုက်" ဟု ဆိုသဖြင့် စံပသည် စောကျော်အေး၏ အလောင်းမှ အဝတ်ကို ဖွင့်လျက် အတွင်းသို့ ကြည့်ရာ ဘယ်ဘက်နံပါးတွင် ညိုမည်းနေ သော ဒဏ်ရာကို တွေ့ရလေ၏။ စံပသည် မှန်အိမ်ကို မြှောက်လျက် မြင်းစီးသမား၏ မျက်နှာကို ကြည့်လိုက်လေ၏။ မြင်းစီးသမားမှာ လူငယ်တစ်ဦးမျှသာ ဖြစ်၏။

သူ၏မျက်နှာသည် ရက်စက်ကြမ်းတမ်းပုံ ရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



နုပျိုလန်းဆန်းနေ၏။ သူ၏မျက်လုံးများသည် အရောင်တဖျပ်ဖျပ် လက်နေ၏။ သူ၏နှုတ်ခမ်းမှာ စေ့စပ်ပိရိလှ၏။ သို့ရာတွင် သူ၏ နဖူး၌မူ ကန့်လန့်ဖြတ် အမာရွတ်ကလေးတစ်ခု ရှိလေ၏။ စံပသည် ထိုအမာရွတ်ကို သဲသဲကွဲကွဲ မြင်ရန်အတွက် မှန်အိမ်ကို အနည်းငယ် ထပ်၍မြှောက်လိုက်လေ၏။

ထိုအခါ မြင်းစီးသမား လူငယ်က. . .

"ဘာကြည့်တာလဲ၊ အမာရွတ်ကို ကြည့်နေတာလား၊ ခတ်ကြွဲ မှန်ရင် ချိုရာ မကောင်းဘူးပေါ့ဗျာ၊ ကဲ. . . ဟောဒီလူကို အသေဖမ်း ပေးတဲ့အတွက် ခင်ဗျားတို့ စော်ဘွားကြီးက ပေးမယ်လို့ ထုတ်ပြန် ထားတဲ့ ဆုတော်ငွေကို ပေးပေတော့" ဟု ပြောလိုက်ရာ ငထွား က. . .

"ရပါစေ့မယ် မောင်၊ ရပါစေ့မယ်၊ လူဆိုးလူမိုက်ကို ဖမ်း ပေးတဲ့လူဆိုတော့ ကျုပ်တို့ကလဲ ကျေးဇူးတင်ပါတယ်၊ ကဲပါ. . . ကဲပါ၊ အထဲကို ကြွပါဦး" ဟု မြင်းစီးသမား လူငယ်အား အိပ်ခန်း အတွင်းသို့ ဖိတ်ခေါ်သွားလေ၏။

လူငယ်လည်း စံပနှင့် ငထွားတို့နောက်မှ လိုက်ပါသွားလေ ၏။ စံပက ငွေအိတ်ကို ယူ၍ လူငယ်လက်သို့ ပေးလိုက်သေ၏။ လူငယ်သည် ငွေအိတ်ကို လက်ဖြင့်ဆပြီး စံပ၏မျက်နှာကို ဘယ် လက်သီးဖြင့် ခပ်ဆတ်ဆတ်ကလေး ထိုးလိုက်ရာ စံပသည် လည်၍ ခေါင်းကြီးပေါ်သို့ ကျသွားလေ၏။

ထိုအခါ ငထွားက. . .

"မောင်ရင် ဘယ်လို လုပ်လိုက်တာလဲ" ဟု မေးလိုက်လေ ၏။ လူငယ်သည် ငွေထုပ်ကို ဆရင်း. . .

"ဘယ်လို လုပ်လိုက်တယ်ဆိုတာ အဲဒီဦးကြီး သိပါတယ် စော်ဘွားကြီးရဲ့ ဆုတော်ငွေအိတ်ထဲကနေ ငွေနှစ်ရာလောက် သူ



www.burmeseclassic.com

www.burmeseclassic.com



နိုက်ယူထားတယ်၊ ဒီအိတ်ဟာ ငွေတစ်ထောင် မပြည့်ဘူး” ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအခါ စံပလည်း မေးစေ့ကို ပွတ်၍ ထလိုက်ပြီးလျှင် ၎င်းနိုက်ယူထားသော ငွေနှစ်ရာကို လူငယ်လက်သို့ ပေးရင်း. . .

“ငွေနှစ်ရာလောက် မဟုတ်ဘူး သူငယ်၊ ငွေနှစ်ရာအတိပဲ၊ ဒါနဲ့ ပြောရဦးမယ်၊ စော်ဘွားကြီး မေးရင် ပြောရအောင် မောင်ရင့် နာမည် ဘယ်သူလဲ” ဟု မေးလိုက်လေ၏။

“စောမောင်မောင်” ဟု လူငယ်က ပြန်၍ပြောလိုက်လေ၏။

“မင်းနာမည်ဟာ ရှမ်းနာမည်ပဲ၊ မင်းဟာ ရှမ်းလူမျိုးလား” ဟု ငထွားကြီးက မေးလိုက်လေ၏။

“မဟုတ်ပါဘူးဗျာ၊ ကျုပ် မြန်မာပါ၊ ရှမ်းနာမည်နဲ့ ခပ်ဆင်ဆင် တူအောင် မှည့်ထားတာကတော့ ရှမ်းပြည်နယ် ရောက်တုန်း သွားလို့လာလို့ ဝင်လို့ထွက်လို့ ကောင်းအောင်ပါ” ဟု လူငယ်က ပြန်၍ပြောလိုက်လေ၏။

ထိုအခါ စံပက. . .

“စောကျော်အေးက ဒီနယ်မှာ အတော့်ကို သောင်းကျန်း နေတာ၊ သူ့ကို ဘယ်သူမှ မဖမ်းနိုင်ဘူး၊ တပည့်တပန်းတွေကလဲ များတယ်၊ ဒါကို မင်းက ရအောင် ဖမ်းလာနိုင်တယ်ဆိုတော့ မင်းရဲ့ ပညာက မဆိုးဘူး၊ ဘယ်မှာ သင်ခဲ့တာတုန်း” ဟု မေးလိုက်လေ၏။

ထိုစကားကို လူငယ်က မဖြေဘဲ ပြုံးပြလိုက်လေ၏။

ထိုအခါ ငထွားက. . .

“မင်းရဲ့ အသက်မွေးဝမ်းကျောင်းက ဘာလဲ” ဟု မေးလိုက်ပြန်လေ၏။

ထိုအခါ စောမောင်မောင်က. . .

“ဆုတော်ငွေ ထုတ်ထားတဲ့ လူဆိုးတွေ ဖမ်းစားဘဲ့အလုပ်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဆုတော်ငွေ မထုတ်ထားတဲ့ လူဆိုးတွေကိုတော့ ဘုရင်မင်းမြတ်ဆီ ဖမ်းပို့မယ်ဆိုပြီး အသပြာညစ်တယ်၊ မိုက်ပါတယ်ဆိုတဲ့လူတွေ အပေါ်မှာ ကြေးငွေတောင်းပြီး မိုက်ကြေးခွဲစားတယ်၊ ကျုပ်ကို လူဆိုး လူမိုက် အတော်များများက မိုက်ကြေးမောင်မောင်လို့ သိကြတယ်၊ ကဲ. . . ကျုပ်သွားမယ်" ဟု ဆိုကာ လူငယ်သည် ဣန္ဒြေရရ ထွက်သွားလေ၏။ များမကြာမီ၌ပင် မြင်းခွာသံများ ထွက်ပေါ်လာပြီး ပျောက်ကွယ်သွားလေတော့သည်။

"ခွပ် ခွပ် ခွပ် ခွပ် ခွပ်"

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မောက်ရှည်လော၊ မောက်ရှူလော

တစ်နေ့သ၌ မုတ်ဆိတ်ဖြူကြီး၏ စကားဝိုင်း၌ ကြွက်နီက မုတ်ဆိတ်ဖြူကြီးအား. . .

"အဘရယ်၊ အဘတို့ စစ်တိုက်တုန်းက အဝတ်အစားတွေ ဘယ်လိုဝတ်သလဲ အဘရဲ့" ဟု မေးလိုက်ရာ မုတ်ဆိတ်ဖြူကြီး က. . .

"အပေါ်က ဆောင်းတာတော့ မောက်တို၊ မောက်ရှူတွေ ပေါ့ကွာ" ဟု ပြောလိုက်လေ၏၊

ထိုအခါတွင် ကြွက်နီက. . .

"မောက်ရှူလား၊ မောက်ရှည်လား အဘ" ဟု မေးရာ မုတ်ဆိတ်ဖြူက. . .

"ဟဲ့. . . သပေါက်သား၊ မောက်တိုရယ် မောက်ရှူရယ်ပဲ ရှိတယ်၊ မောက်ရှည် မရှိဘူး၊ အဲဒီ မောက်ရှူကိုပဲ 'မောက်လှူ'လို့လဲ တချို့က ခေါ်ကြတယ်" ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကြွက်နီက. . .

"ဘယ်လိုအဓိပ္ပာယ်လဲ အဘရယ်၊ စစ်ခမောက်လို့ ခေါ်လိုက်လည်း ပြီးတာပဲဥစ္စာ" ဟု စောဒက တက်လိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . .

"မှန်သပေါ့ ကြွက်နီရာ၊ မောက်တိုဆိုတာကိုက ခမောက်အတိုဆိုတဲ့ စကားကနေ လာတာကွယ့်၊ မောက်ဆိုတဲ့ သဘောကိုက ဦးခေါင်းအထက်မှာမို့ မောက်နေတဲ့သဘောကို ပြောတာ၊ နင်ပြောတဲ့ စစ်ခမောက်၊ ဒါမှမဟုတ် မောက်တိုမှာ အပိုင်းသုံးပိုင်း ရှိသကွယ့်၊ ပြားပြားဝိုင်းဝိုင်းနေရာကြီးကို **နေကာ** လို့ ခေါ်သကွယ့်၊ ခုံးခုံးလုံးလုံး ရှိတဲ့နေရာကို **အအုံ** လို့ ခေါ်သကွယ့်၊ အအုံရဲ့ အလယ်တည့်တည့်က အချွန်ကို **အထွဋ်** လို့ ခေါ်သကွယ့်၊ အအုံရဲ့ ဘေးပတ်ပတ်လည်မှာ ထောင်ထားတဲ့ ဟာတွေကိုတော့ **တမာရွက်စိန်တောင်** လို့ ခေါ်တယ်၊ တမာရွက် စိန်တောင်ရဲ့အောက်မှာ လုပ်ထားတဲ့ အပွင့်ကလေးတွေကိုတော့ **သစ္စာပန်း** လို့ ခေါ်သကွယ့်၊ ဒါက ရိုးရိုးစစ်သားတွေ ဆောင်းတာမှာ မပါဘူး၊ စစ်သူကြီးတွေ ဆောင်းတဲ့ မောက်ရူမှ ပါတာ၊ ပြီးတော့ အအုံရဲ့အောက်မှာ ဆောင်းလိုက်ရင် ပါးတွေနားတွေကို ကာပြီးသား ဖြစ်အောင် ဆွဲထားတဲ့ အပြား ရှိသေးတယ်၊ နားထင်ရဲ့ ဘေးနှစ်ဘက်မှာ ကျနေတာကို **ပါးကာနားကာ** လို့ ခေါ်တယ်၊ နောက်မှာ ကျနေတာကိုတော့ **နောက်ကာ** ပေါ့ကွာ၊ ရိုးရိုးစစ်သားမှာတော့ အဲဒါ မရှိပါဘူး၊ မောက်ရူရဲ့ အပေါ်က အချွန်မှာ တံခွန်လိုဟာလေး ပါသေးသကွယ့်၊ အဲဒါကို **ငှက်မြတ်နား** လို့ ခေါ်သေးတယ်၊ အချွန်တစ်ခုလုံးကိုတော့ **မှန်ကင်း** လို့ ခေါ်သကွယ့်၊ စစ်သူကြီးတွေ၊ တပ်ဗိုလ်တပ်မင်းတွေ ဝတ်တဲ့ အဝတ်အစားက တစ်မျိုးကွ" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်ပေ၏။ ထိုအခါ ငနီတာက ရေနွေးကြမ်းကို ငှဲ့ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူကြီးလည်း ရေနွေးကြမ်းကို သောက်လေ၏။

ထိုသို့ ရေနွေးကြမ်း သောက်နေစဉ် ကြွက်နီက. . .

"စစ်သူကြီး ဝတ်တဲ့အင်္ကျီကို ပြောပါဦး အဘ" ဟု မေးလိုက်လေ၏။

"စစ်သူကြီး ဝတ်တဲ့အင်္ကျီကို *မျဉ်းတို၊ မျဉ်းရှည်* လို့ ခေါ်တယ်ကွ၊ မျဉ်းတိုဆိုတာက ခန္ဓာကိုယ် အထက်ပိုင်းမှာ ဝတ်တဲ့ အင်္ကျီ၊ မျဉ်းရှည်ဆိုတာက ခန္ဓာကိုယ် အောက်ပိုင်းမှာ ဝတ်တဲ့အင်္ကျီ၊ စစ်သူကြီးက အဲဒီမျဉ်းတို၊ မျဉ်းရှည် ဝတ်သကွယ့်၊ ပြီးတော့ လည်ပင်းအောက်မှာလဲပဲ *ဘာလီကွေး* လို့ ခေါ်တဲ့၊ အချွန်အတက်တွေ ပါတဲ့၊ ပခုံးညှပ်ရိုးကို ကွယ်ထားတဲ့ အခုခေတ် မျက်နှာဖြူတွေ အင်္ကျီမှာပါတဲ့ ကော်လာလို ဟာမျိုးပေ့ါကွာ၊ အဲဒါမျိုး သုံးထပ်ဝတ်သကွယ့်၊ 'လီ'ဆိုတာ လည်ကို ပြောတာပါကွယ်၊ လည်ပင်းအောက်မှာ ကွေးကွေးကောက်ကောက်နဲ့ လုပ်ထားတဲ့ အရာဝတ္ထုပါပဲ၊ ပြီးတော့ ပခုံးနားမှာ စည်းထားရတဲ့ *ပခုံးငေါ်* ဆိုတာ ရှိသေးသကွယ့်၊ လက်ကောက်ဝတ်မှာ စည်းထားရတဲ့ *လက်စည်းငေါ်*လဲ ရှိတယ်ကွယ့်၊ ပြီးတော့ *စလွယ်*လဲ တပ်သေးတယ်၊ ပြီးတော့မှ *ခါးပတ်*ရယ်၊ ခါးပတ်အပေါ်က *ခါးပတ်ဖုံး*ရယ်၊ နောက်ပြီး ခါးတွေ ရင်တွေမှာ စည်းတဲ့ *ဘွဲ့ဖြူ* ဆိုတဲ့ ပဝါရှည်လဲ စည်းသေးသကွယ့်" ဟု ပြောလိုက်လေ၏။

ထိုအခါ ကြွက်နီက. . .

"အဘ ပြောတဲ့အတိုင်းဆိုရင် စစ်သူကြီး တစ်ကိုယ်လုံး ရှုပ်နေတာပဲဗျာ" ဟု ပြောလေ၏။

ထို့နောက် ကြွက်နီကပင်. . .

"ပုဆိုးရော မဝတ်ဘူးလား အဘရဲ့" ဟု မေးလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ပြီလား အကောင်ရယ်၊ ပုဆိုးအောက်မှာ ဒူးဆစ်အထိ ရောက်တဲ့ ဘောင်းဘီဆိုတာ ဝတ်သေးသကွယ့်၊ အဲဒီဘောင်းဘီ အပေါ်ကမှ ပုဆိုးကို ဝတ်ပြီး ခါးတောင်းကျိုက်ထားတာ" ဟု ပြောလိုက်ရာ ငကြွက်နီက. . .

"သိပြီ အဘ၊ သိပြီ သိပြီ၊ ကျွန်တော်တို့အိမ်မှာ ပန်းချီဆရာ ရေးထားတဲ့ စစ်သူကြီးပုံတစ်ပုံ ရှိတယ်၊ အဘ ပြောတဲ့အတိုင်းပဲ၊ ဘောင်းဘီအပေါ်ကနေ ချိတ်ထမိန်(ထဘီ)ကြီး ဝတ်ထားတယ်" ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးသည် တခစ်ခစ် ရယ်လေ၏။

"ဟ. . . သပေါက်သား၊ ယောကျ်ားဝတ်တာကို ပုဆိုးလို့ ခေါ်တယ်၊ မိန်းမ ဝတ်တာကိုမှ ထမိန်(ထဘီ)လို့ ခေါ်တယ်ဟ၊ ပုဆိုးဆိုတာလဲ တို့မြန်မာစကားစစ်စစ် မဟုတ်ဘူးကွယ့်၊ ပုဂံခေတ်ကတည်းက ရောက်လာတဲ့ တရုတ်စကားကွယ့်၊ ရှေးခေတ် တရုတ်တွေက အဝတ်အထည်ကို 'ပူဆိုး'လို့ ခေါ်တယ်၊ အဲဒီတရုတ်တွေဆီက တို့မြန်မာတွေက ဝယ်ဝတ်တာ မဟုတ်လားကွာ၊ အဲဒီတော့ တရုတ်တွေ လာပြီးရောင်းတဲ့ အဝတ်ကြီးကြီးမားမားတွေကို ယောကျ်ားတွေက ဝတ်တယ်၊ ဒါကြောင့် ယောကျ်ားအတွက် ပုဆိုးလို့ မှတ်ကွ၊ ထမိန်(ထဘီ)ဆိုတာတော့ 'တံဘက်'က လာတာကွယ့်၊ 'ဘက်'တယ် ဆိုတာကတော့ တွဲတဲ့သဘောပဲ၊ 'တံ'ဆိုတာကတော့ ရေကို ပြောတာကွယ့်၊ ရေနဲ့ တူတာကို 'တံလျှပ်'၊ ရေကျတဲ့နေရာကို 'ရေတံလျှောက်'၊ ပါးစပ်က ထွေးထုတ်တဲ့ရေတစ်မျိုးကို 'တံတွေး'၊ အဲဒီတော့ 'တံဘက်' ဆိုတာ ရေမစိုအောင် ဘက်ထားတဲ့ အဝတ်တစ်မျိုးကို ခေါ်တာကွ၊ အဲဒီအဝတ်ကိုပဲ မိန်းမတွေအောက်မှာ ဝတ်လိုက်ရင် တံဘီ၊ အဲဒီကနေ ထဘီ၊ နောက်တော့ ထမိန်ပေါ့ကွ" ဟု ပြောလိုက်လေ၏။

ထိုအခါ ငကြွက်နီက. . .



www.burmeseclassic.com

www.burmeseclassic.com



"စစ်သူကြီးက ခြေထောက်မှာ ဖိနပ်ပါသလား အဘ" ဟု မေးမြန်းလေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် တခစ်ခစ် ရယ်ရင်း. . .

"သပေါက်သား၊ စေ့စေ့စပ်စပ် မေးတတ်ပလေ၊ စစ်သူကြီး ခြေထောက်မှာ ခြေနင်း စီးထားတယ်ကွယ့်၊ ခြေနင်းဆိုတာ ဖိနပ်တစ်မျိုးပဲ၊ အဲဒီခြေနင်း(ခေါ်)ဖိနပ်တစ်မျိုးကို သားရေကတ္တီပါ၊ သက္ကလပ်၊ ငွေခြည်ရွှေခြည်ထိုးပြီး ဘုရင်က ချီးမြှင့်ရင် ချီးမြှင့်သလို စီးခွင့်ရှိသကွယ့်၊ ကုလားဖြူတွေ စီးတဲ့ 'ရှူး'လိုပါပဲကွယ်၊ ဒါပေမယ့် တို့မြန်မာတွေဟာ ခြေအိတ်(ခေါ်)ခြေစွပ်ကို စွပ်လေ့ မရှိဖူးဘူး၊ နန်းတွင်းသူ နန်းတွင်းသားတွေလဲ စွပ်တာ မတွေ့ဖူးဘူးကွယ့်" ဟု စိတ်ရှည်လက်ရှည် ပြောပြလေ၏။ ထိုအခါ ကြွက်နီ၊ ငနီတွတ်၊ ငနီတာ၊ ငထင်၊ ငဖူးတို့သည် မုတ်ဆိတ်ဖြူကြီး ပြောပြသော စစ်သူကြီး၏ ပုံသွင်ကို ၎င်းတို့၏အာရုံ၌ ထင်ဟပ် စိတ်ကူးကြည့်ကြလေတော့သတည်း။

မှတ်ချက်။ ။ စာဖတ်သူ လူငယ်လူရွယ်များအား အထူး စေတနာထား၍ သိသိသာသာ ကွင်းကွင်း ကွက်ကွက် မြင်ဖူးစေရန်အတွက် ပုံနှင့်တကွ ဖော်ပြလိုက်ရပေသည်။

(စာရေးသူ)

◈ ◈ ◈




www.burmeseclassic.com

www.burmeseclassic.com






မောက်ရှ



www.burmeseclassic.com

www.burmeseclassic.com





ထိုအခါ ကြွက်နီက. . .

"စစ်သူကြီး မဟုတ်တဲ့၊ အဘတို့တစ်တွေကရော ဘယ်လို ဝတ်ရလဲ အဘ" ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"အမြောက်တပ်မှာ နေတုန်းက ရိုးရိုးအဝတ်အစားပဲကွ၊ ကြည်းတပ်ကို ရောက်သွားတဲ့အခါမှာ လွယ်အိတ်တစ်လုံး၊ ဓားတစ်လက်နဲ့ ယမ်းမှုန့်ထောင်းပြီး ထည့်ရတဲ့ သေနတ်တစ်လက် ရတဲ့ အပြင် မောက်တို ဆောင်းရသေးတယ်၊ ဘဝရှင် မင်းတရားကြီး လက်ထက်ရောက်တော့ လွယ်အိတ်တွေ ဓားတွေ မပါပြန်ဘူး၊ မောက်တိုနဲ့ ဖိနပ်တော့ ပါတယ်၊ ညှပ်ဖိနပ် စီးခွင့်ရတယ်၊ သီပေါမင်းတရား လက်ထက်ကျတော့ မောက်တို၊ လွယ်အိတ်၊ ဓား၊ သေနတ် ပြန်ပြီးကိုင်ရပြန်တယ်၊ အောက်ပိုင်းကိုလဲ ပုဆိုးမဝတ်ရတော့ဘူး၊ ဘေးမှာ အစင်းပါတဲ့ ရှမ်းလူမျိုးတွေဝတ်တဲ့ ဘောင်းဘီဝတ်ရတယ်၊ ခြေထောက်မှာတော့ 'ဘွတ်ဖိနပ်' စီးခွင့်ရတယ်" ဟု မုတ်ဆိတ်ဖြူကြီးက စိတ်ရှည်လက်ရှည် ပြောပြပြန်လေ၏။

မှတ်ချက်။ ။ ကျွန်ုပ်၏စာကို ဖတ်ရှုသော လူငယ်လူရွယ်များ အတွက် ကုန်းဘောင်ခေတ် မြန်မာစစ်သည်တော် လေးမျိုးလေးစားပုံကို ပုံနှင့်တကွ ပြလိုက်ရပေသတည်း။

(စာရေးသူ)

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com





မြန်မာ

အမျိုးသားဝတ်စားပုံ

☺ ဧကာEမြEစာစပ ☺

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





တစ်နေ့တွင် မုတ်ဆိတ်ဖြူကြီး၏ စကားဝိုင်းတွင် 'ငှေး' က မုတ်ဆိတ်ဖြူကြီးအား. . .



www.burmeseclassic.com

www.burmeseclassic.com



"အဘတို့ စစ်တိုက်တဲ့အခါ မြင်းတွေဆင်တွေ သုံးရတယ် မဟုတ်လား" ဟု မေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . .

"သုံးပြီလားကွာ၊ မင်းတို့ ဘုန်းကြီး ဦးပဏ္ဍဝဟာ မြင်းစီးလဲ ကောင်း၊ မြင်းကြန်လဲ ကြေတဲ့လူပဲကွယ့်"

"မြင်းကြန်ဆိုတာ ဘယ်လိုလဲ အဘရဲ့"

"မြင်းရဲ့ ကြန်အင်လက္ခဏာကို ကြည့်တဲ့အတတ်ပေါ့ကွာ၊ အထူးသဖြင့် မြင်းရဲ့ကြန်ကို ကြည့်တဲ့အခါမှာ မြင်းရဲ့ဇွဲကို ကြည့် တာကွ၊ ဇွဲက (၄၅)မျိုး ရှိတယ်၊ အဲဒါတွေကိုတော့ မင်းတို့တွေ သိအောင် ဆိုပြရဦးမယ်" ဟု ဆိုကာ မုတ်ဆိတ်ဖြူကြီးသည် (၄၅)လုံး သော မြင်းဇွဲတို့ကို ပြောလေတော့၏။

ထို့နောက် မုတ်ဆိတ်ဖြူကြီးက. . .

"မြင်းအကဲခတ်ရတာ၊ မြင်းကြန် ဖတ်ရတာ မလွယ်ဘူးကွ၊ ဇွဲအပြင် ကြာဆိုတာ ရှိသေးတယ်၊ အဲဒါကတော့ အဖြူကွက်ကို ပြောတာ၊ တို့ ရိုးရိုးတပ်သားတွေကတော့ မြင်းကောင်းတစ်စီး ရရင် ပျော်နေတာပေါ့ကွာ၊ စီးပြီး အမျိုးမျိုး ကျင့်နေတာပါပဲ၊ တပ်ဗိုလ် တပ်မင်းတွေကတော့ မြင်းကောင်းတစ်စီး ရရုံနဲ့ မပြီးသေးဘူးဟေ့၊ 'သက္ကလပ်မီးဖျန်း'တို့၊ 'သက္ကလပ်စီးနှီး'တို့၊ 'ကတောင်ရွှေရေး'တို့၊ 'ညောင်ရွက်ပါတဲ့ မြင်းက'တို့ အဲဒါတွေပါ မက်မောကြသေးသကွယ့်" ဟု ပြောပြလေ၏။

မှတ်ချက်။ ။ မုတ်ဆိတ်ဖြူကြီး ပြောသော မြင်းကြန်ဖတ်ရာ၌ လွန်စွာ အသုံးဝင်လှသော (၄၅)မျိုးသော မြင်းဇွဲ တို့၏တည်ရာကို ပုံနှင့်တကွ ဖော်ပြလိုက်ပါသည်။


(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com





ကလေးများသည် မှတ်ဆိတ်ဖြူကြီး ရှင်းပြသည်ကို ငေးမော၍ နားထောင်နေကြလေ၏။

ထိုအခါ ငဖူးက. . .



www.burmeseclassic.com

www.burmeseclassic.com



"မြင်းစီးတာ စီးနည်းအမျိုးမျိုး ရှိမှာပေါ့နော် အဘ" ဟု မေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . .

"ဒီလိုရှိတယ် သပေါက်သား ငဖူးရ၊ မြင်းစီးနည်းတော့ အများကြီးပေါ့ကွာ၊ ငါတို့ စစ်မြင်းစီးတဲ့လူအဖို့တော့ (၃၇)မျိုးကို လည်လည်ပတ်ပတ်ကြီး စီးတတ်ရတယ်၊ မြင်းရေး (၃၇)ပါးပေါ့ကွာ၊ အဲဒါနဲ့ တွဲရက် ဘာလာသလဲဆိုတော့ လှံရေး (၃၇)ချင်းပဲ၊ မြင်းကို ပယ်ဝန်စီးနည်းနဲ့ စီးတဲ့အခါမှာ လှံကို အောက်စိုက်ပြီး ကိုင်ရတယ်၊ အဲဒါကို လှံရေးမှာ 'သက်တင်ရေသောက်ဟန်'လို့ ခေါ်တယ်ကွယ့်၊ မြင်းကို ပယ်စိတ် စီးတဲ့အခါမှာ လှံကို 'ခြသေ့်တန်းဆွဲ'ဟန် ကိုင်ရတယ်၊ လှံအဖျားကို မြင်းအမြီးနဲ့ နောက်မှာ ထားပြီး ကိုင်တာပါပဲ၊ အဲဒါတွေက စစ်မြေပြင်မှာထက် မြင်းခင်းပွဲတော်တွေမှာ စီးပြဖို့ ပိုပြီးတောင် အသုံးဝင်သေးတယ်၊ ဒါကြောင့် 'စီးနည်း သုံးဆယ့်ခုနစ်သွယ်၊ ချယ်လှယ်စိုင်းကာသာ လွှတ်ကွမ်းပြင်ဝယ်၊ သဘင် မြင်းခင်း၊ ဒွါရေးကျင်းစိုင်းလျှင် ဆိုဖွယ်သာ' လို့ အစချီပြီး သံပေါက် (၃၇)ခု ရှိတယ်ကွယ့်၊ ရွတ်ရမှာ အရှည်ကြီးပဲကွ" ဟု ပြောလိုက်ရာ ငဖူးက

"ဘယ်လောက်ပဲ ရှည်ရှည် ရွတ်ပြစမ်းပါ အဘရယ်" ဟု ပူဆာသဖြင့် မုတ်ဆိတ်ဖြူအဘိုးကြီးသည် ရေနွေးကြမ်းဖြင့် အာခေါင်ရှင်းလိုက်ပြီးနောက် အောက်ပါ သံပေါက်ကို စိတ်ရှည်လက်ရှည် ရွတ်ပြလေတော့သည်။

ပယ်ဝန်းစီးမူ၊ သက်တင်ဖြူ၊ နှိုင်းတုပုံပမာ။
ပယ်စိတ်စီးနဲ့၊ နည်းလျှင်ကွဲ၊ လှံတွဲကေသရာ။
ပယ်ခွဲစီးလျှင်၊ စလွယ်တင် ကိုယ်လျှင်လက်မှာသာ။
စန္ဒီရယှက်၊ သိကြားလက်၊ ကိုင်ချက်တန်ဆောင်မှာ။
လေးကျွန်းမှန်ကူ၊ လှံလက်ယူ၊ မိုးသူဘုံဗြဟ္မာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုံနန်းတန်ဆောင်၊ ကဦးထောင်၊ ယဉ်အောင်လက်ယာမှာ။
စွန်ဝဲစီးထောင်၊ ဟသ်ာတောင်၊ ရွယ်ဆောင်ဆွဲယူကာ။
ဆင်ထူးစီးဟန့်၊ စွန်တောင်ဖြန့်၊ ချီးအံ့ပုံပမာ။
ရွှေနန်းတိုင်မူ၊ ပြတင်းဖြူ၊ ကြင်သူ လှကလျာ။
ကြာချပ်စီးခိုက်၊ လှတင်ပိုက်၊ မှတ်လိုက် ထုံးစဉ်လာ။
ရေသွန်းအိုးပုံ၊ ပမာခြုံ၊ ဂဠုန်တောင်ညှပ်ရာ။
နွယ်တွက်စီးရှောင်၊ တိမ်ဖုံးယောင်၊ ဘုန်းခေါင်လှုံကိုင်ကာ။
စွန်သုတ်လှုံဝယ်၊ တံပိုးသွယ်၊ နှိုင်းဖွယ် ပုံဆိုကာ။
ရှစ်မြှောင့်စီးရေး၊ အမြီးသွေး၊ လှုံရေး ယူငင်ရာ။
လက်ဆက်ကြာဖူး၊ ဟန်ရေးထူး၊ လှုံဦးဝဲရစ်ကာ။
နွယ်ဝင်စီးမည်၊ ရစ်ဝဲလည်၊ နှိုင်းရှည် အံ့စရာ။
ပြန်နဝတတ်၊ ကြက်တောင်စွတ်၊ နှုန်းလတ် ပုံပမာ။
ရာဇမတ်ရေရှင်၊ လှည့်လည်သွင်၊ စီးနှင် မှတ်ဖွယ်ရာ။
ခိုနန်းပုံသွင်၊ ကညောင်းဘင်၊ ကိုင်ငင် အဲမောင်းသာ။
ရွှေတံခွန်ဝဲ၊ တောင်ဝှေးစွဲ၊ စီးနဲ့ နောက်ဝယ်မှာ။
မြင်းမိုရ်မြီးစွဲ၊ ကဦးဝဲ၊ ကိုင်စွဲ လှုံမတ်စွာ။
ကြာယပ်စီးနှင့်၊ ဝဲရင်တွင်၊ လှုံလျှင် ပွေ့ပိုက်ကာ။
နတ်သားဗိမာန်၊ လက်ယာပြန်၊ ကိုင်ဟန်တို့ပမာ။
ရေပွက်စီးလျှင်၊ ကျွဲတုံးတင်၊ လှုံလျှင် မေးအောက်မှာ။
ဝါကြိတ်လိမ်ဟန်၊ မြင်းမှင်တန်၊ တင်ရန်လှခြင်းရာ။
ခြည်သွတ်စီးလျက်၊ ကွန်းရုံးတက်၊ လှုံချက်နေရောင်ကာ။
ခရုပတ်ပြု၊ ပုံအရ၊ စွဲထဒဏ္ဍိနာ။
အောက်ချင်းတံဆိပ်၊ မောက်တိုရိပ်၊ မှတ်စိတ်စွဲကြပါ။
ကဏ္ဍူစီးပြား၊ ပိုးခြည်လွှား၊ ရှုစားပုံဆိုရာ။
ကြာသွတ်အိုးရောက်၊ ဝဲရစ်ထောက်၊ အံ့လောက်ဆိုဖွယ်ရာ။

www.burmeseclassic.com



တံဆိပ်စီးရိုး၊ ဆင်ကန်းတိုး၊ လှံ့ရိုးလှည့်ငင်ကာ။
သမက်စောင်းခေါ်၊ ယာရှေ့ဖော်၊ လှံ့ပေါ် ပါးနားမှာ။
ဘီလူးကိုင်စွဲ၊ ကျားမြီးဆွဲ၊ ဆိုမြဲရှေ့နောက်သာ။
ဘီလူးပုခက်မှတ်၊ ကျွဲမြီးခတ်၊ စီးအပ်ပုံပမာ။
ဘီလူးနားထွင်း၊ ဆံပင်ရှင်း၊ လှံ့မင်းသွဲ့ဖွယ်ရာ။
ရေပြွက်စီးခေါ်၊ ယာရှေ့ဖော်၊ လှံ့တော် လှပစွာ။
ရေကန်ဆင်းသက်၊ ခက်မလေးဖြာ၊ လက်ယာရစ်ခေါင်း။
အံ့မညောင်း၊ ကောင်းကောင်းသွဲ့ယူရာ။

အဲမောင်းရွှေလှံ့၊ ဆင်ရန်ပျံ့မွှေး၊ မြင်းကွက်ပေး၊ မြင်းရေး သုံးဆယ့်ခုနစ်သွယ်။

မြင်းခင်းညီလာ၊ စံရှင်ရာ၊ များစွာတစ်သင်း၊ လုခပင်း၊ စိတ်သွင်းမှတ်ကြပါ။

မှတ်ချက်။ ။ ယခုခေတ် လူငယ်လူရွယ်များအတွက် အမရပူရခေတ် အဲမောင်းလှံ့ကိုင် မြင်းစစ်သည်တော်၏ ပုံကြမ်းကို ကူးယူဖော်ပြလိုက်ပါသည်။


(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com





အဲမောင်းလုံကိုင် မြင်းသည်တော်
(ကုန်းဘောင်ခေတ်)

ကလေးသူငယ်တို့သည် မှတ်ဆိတ်ဖြူကြီး ပြောသည့်စကားကို တအံ့တသြ နားထောင်ခဲ့ကြရ၏။

ထိုအခါ၌ ငှက်တွတ်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အဘရယ်. . . အဘ စစ်တပ်ထဲမှာ နေတုန်းက အဘနဲ့ ခင်တဲ့ စစ်သည်တော်တွေ ရှိမှာပေါ့နော်၊ အဘ သူငယ်ချင်းတွေပေါ့၊ သူတို့အကြောင်းတွေလဲ ပြောပြပါဦး" ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . .

"ပြောရတာပေါ့ကွာ၊ ပြောဆိုရင် ငနက်ကျော်အကြောင်း စပြီးပြောရမယ်၊ ဒီကောင်က ရန်ကုန်သားကွ၊ ဒါကြောင့် ငါတို့အားလုံးက သူ့ကို ဒဂုံသားလို့ပဲ ခေါ်ကြတယ်၊ ဒါပေမယ့် ကျောင်းနေတာကတော့ တွံတေးမှာ နေတာ၊ သူ့ဆွေမျိုးတွေက တွံတေးမှာ ရှိကြတာ၊ ဒီကောင်လဲ ငါ့လိုပဲ တွံတေးဟိုဘက် ကညင်ကုန်းက ဦးကေသရ ဘုန်းတော်ကြီးကျောင်းမှာလဲ နေဖူးတယ်၊ ငှက်အော်စမ်းက ကုလားဖြူ ဘုန်းကြီးကျောင်းမှာလဲ နေဖူးတယ်၊ ကုလားဖြူစကားလဲ မွတ်နေအောင် ပြောတတ်တယ်၊ သူနဲ့ငါနဲ့က မြို့ဝန်မင်း ဦးအုပ်အိမ်မှာ တာဝန်အတူကျဖူးတယ်၊ စစ်မြေပြင်မှာလဲ အတူတွဲပြီး စစ်တိုက်ဖူးတယ်၊ မြို့ဝန်မင်းရဲ့အိမ်မှာ ငနက်ကျော်ဆိုတာ နှစ်ယောက်ရှိတယ်ကွ၊ ထားဝယ်သား ငနက်ကျော်ဆိုတာ တစ်ယောက်ရှိတယ်၊ ဒါကြောင့် သူ့ကို ဒဂုံသား ငနက်ကျော်လို့ ခွဲပြီးခေါ်ရတယ်၊ ဒီကောင်က ရိုးရိုးတပ်သားကလေးပါပဲ၊ ဒီကောင်နဲ့ငါနဲ့ ရိုးရိုးခင်ကြတာ၊ သူ့အကြောင်း ပြောရဦးမယ်၊ သူ့အကြောင်း ပြောပြလိုက်ရင် ကုလားဖြူနဲ့ ငါတို့မြန်မာတွေ ဒုတိယအကြိမ် ဖြစ်တဲ့စစ်ပွဲကိုပါ နားထောင်ကြရမှာပေါ့ကွာ၊ အင်း. . . ပြောရမှာက အရှည်ကြီးပဲကွ၊ နင်တို့ သပေါက်သား ငါးယောက်စလုံး ငါ့ဆိုင်မှာ ထမင်းကျွေးရတော့မှာပေါ့" ဟု ဆိုကာ မုတ်ဆိတ်ဖြူကြီးသည် ကလေးငါးဦးအား ၎င်း၏ဆိုင်၌ပင် ထမင်းကျွေးပြီးနောက် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ၌ ၎င်းနှင့်အတူ လက်တွဲခဲ့ဖူးသော စစ်သားကလေး ငနက်ကျော်၏ အကြောင်းကို အသေးစိတ် ပြောပြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ မှတ်ဆိတ်ဖြူကြီး ပြောပြသော အကြောင်းအရာများကို ဝတ္ထုသဖွယ် ရေးသား၍ ဖော်ပြလိုက်ရပေတော့သတည်း။

(စာရေးသူ)

◈ ◈ ◈

တစ်ခါက လော့ဒ်ဒါလဟိုဇီ ခေါ်သည့် ဗြိတိသျှနယ်ချဲ့စစ်ဘီလူးကြီးတစ်ဦးသည် ရိုးသားအေးချမ်းစွာ နေထိုင်ကြသော မြန်မာလူမျိုးများအပေါ် အပြစ်မရှိ အပြစ်ရှာ၍ လျော်ကြေးငွေပေါင်တစ်ထောင်ခန့်ကို တောင်းခံဖူးလေသည်။ ထို့နောက် မြန်မာတို့၏ အကြီးအမှူးဖြစ်သူ သတိုးမင်းကြီး မဟာမင်းလှ မင်းခေါင်ကျော်ထင် မြို့ဝန်မင်း ဦးမှုံက အင်္ဂလိပ်လူမျိုး စစ်ဗိုလ်များကို ဝန်ချတောင်းပန်ရမည်ဟု အကျပ်ကိုင်ခဲ့ပြန်၏။

ထို့နောက် မြို့ဝန်မင်း ဦးမှုံက အင်္ဂလိပ်စစ်ဗိုလ်များကို ဝန်ချတောင်းပန်ရုံမျှမက ငွေဆယ်သိန်း(ပေါင်တစ်သိန်း)ကိုပါ ပေးလျော်ရမည်ဟု လည်ပင်းညှစ်ပြန်၏။ ပြီးလျှင် မြို့ဝန်မင်း ဦးမှုံအား အင်္ဂလိပ်စစ်ဗိုလ်များကို တောင်းပန်ရန်ကိစ္စကို လည်းကောင်း၊ ငွေဆယ်သိန်း ပေးလျော်ရန်ကိစ္စကို လည်းကောင်း ဆောင်ရွက်ခွင့်မပြုစေတော့ဘဲ ရုတ်တရက် ရပ်ဆိုင်းလိုက်ပြီးလျှင် ထိုဗြိတိသျှစစ်ဘီလူးကြီး လော့ဒ်ဒါလဟိုဇီသည် ရိုးသားအေးချမ်းစွာ နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



သော မြန်မာလူမျိုးတို့၏ ပဲခူးနယ်ကြီးကို ဝင်ရောက် တိုက်ခိုက်၍ လျော်ကြေး နစ်နာကြေးအဖြစ် သိမ်းပိုက်လိုက်လေတော့သတည်း။

ဤသည်မှာ ဒုတိယအကြိမ် ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာစစ်ပွဲကြီး၏ အကြောင်းရင်း အစစ်အမှန် ဖြစ်၏။ စစ်ရေး၊ နိုင်ငံရေး အခြေအနေဟုလည်း ဆိုနိုင်၏။ ဤစစ်ပွဲကို ဗြိတိသျှလူမျိုး အချင်းချင်းဖြစ်သော လစ်ဘရယ် ခေါင်းဆောင်ကြီး ရစ်ချက်ကော့ဘ်ဒ်ကပင် ဤအတိုင်း ဆိုခဲ့၏။

အင်္ဂလန်၌ပင်လျှင် လော့ဒ်ဒါလဟိုဇီ တိုက်ခိုက် အနိုင်ရခဲ့သည်ဆိုသော ဒုတိယ အင်္ဂလိပ်မြန်မာစစ်ပွဲမှာ ဂုဏ်ကျက်သရေမဲ့သော စစ်ပွဲဖြစ်သည်ဟု သတင်းစာ တော်တော်များများက ရှုတ်ချခဲ့ကြဖူးလေသည်။

အကျူးကျော်ခံရသော အနိုင်ကျင့်ခံရသော မြန်မာလူမျိုးတို့အဖို့မူ ပြောဖွယ်ရာ မရှိတော့ပေ။ မည်မျှ မခံမရပ်နိုင် ဖြစ်ကြချိမ့်မည်နည်း။

ကျွန်ုပ်သည် အထက်ပါ အကြောင်းအရာများကို ရေးလိုခြင်းမဟုတ်။ ထို့ထက် ခိုင်လုံသည့် သမိုင်းနှင့် ပတ်သက်သော အချက်အလက်များကို တင်ပြလိုခြင်းလည်း မဟုတ်။

ထိုအချိန်က မြန်မာအမျိုးသားတို့သည် မိမိတို့ ရှုံးမည်ဟု တပ်အပ်သေချာ သိထားပါလျက် ဤစစ်ပွဲကြီး၌ ပါဝင်ဆင်နွှဲတိုက်ခိုက်ခဲ့ကြရ၏။

ရန်သူ ဗြိတိသျှတို့သည် မြန်မာတို့ထက် စစ်လက်နက်ပစ္စည်း၌ လွန်စွာသာနေပြီဖြစ်၏။ လွန်စွာမှုလည်း ခေတ်မီနေပြီဖြစ်၏။

မြန်မာတို့၌ ဓား၊ လှံ၊ လေး၊ မြားနှင့် မပြောပလောက်သော မီးပေါက် လက်နက်အနည်းငယ်သာလျှင် ရှိ၏။ သို့တွင် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com


တို့သည် ဗြိတိသျှ စစ်ဘီလူးတို့ကို ရှပ်ရှပ်ခွဲခွဲ ခုခံတိုက်ခိုက်ခဲ့ကြ သေး၏။

သူတို့သည် မည်သည့်အရာကို အားကိုး၍ တိုက်ပွဲဝင်ခဲ့ ကြသနည်း။

သူတို့၌ ရှိသောအရာကား တိုင်းပြည်ကို ချစ်သောစိတ်နှင့် သူတို့၏ ကိုယ်ခံပညာသာလျှင်တည်း။

သူတို့၏ မိဘ၊ ဘိုးဘွား အစဉ်အဆက်မှ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သော ကိုယ်ခံပညာသည်သာလျှင် သူတို့၏ တိုက်ပွဲ အရည်အချင်းများ ဖြစ်ပေတော့၏။

သူတို့သည် ဗြိတိသျှနယ်ချဲ့သမားတို့၏ ကျည်ဆန်ကို ငှက် ကြီးတောင် မားကြီးများကို ကျစ်ကျစ်ပါအောင် ဆုပ်၍လည်းကောင်း၊ အံကို တင်းတင်းကြိတ်၍လည်းကောင်း၊ မျက်လုံးများ အပြူးသား အကြောင်သားဖြင့် လည်းကောင်း ရင်ကော့၍ အသေခံခဲ့ကြရ၏။

သူတို့ပေါင်း အမြောက်အမြား ရှိ၏။ ထိုအမြောက်အမြား အနက် ငနက်ကျော်ဆိုသူ တစ်ဦးကို ဇာတ်လိုက်အရာတင်၍ ရေး သားလိုက်ခြင်း ဖြစ်၏။

ထိုငနက်ကျော်နှင့်အတူ အခြားသော ငနက်ကျော်တစ်ဦး နီးကပ်စွာ ရှိနေသောကြောင့် ရန်ကုန်တွင် မွေးသော ထိုဇာတ်လိုက် ငနက်ကျော်အား 'ဒဂုံသား ငနက်ကျော်' ဟူ၍ ကင်ပွန်းတပ်လိုက်ရ ပေသတည်း။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com



ထိုဒဂုံသား ငနက်ကျော်ကား မရှိတော့ပေ။

သို့ရာတွင် သူ၏ဓားသည် ရှိပေသေး၏။

အဘယ်ကြောင့်ဆိုသော် မြန်မာ့ဓား ဖြစ်သောကြောင့်ပင်တည်း။ သူ၏ သတ်ဟန်ပုတ်ဟန်၊ သတ်လုံးသတ်ကွက်၊ အရှောင်အတိမ်း၊ အခုန်အပျံ၊ အထိုးအကြိတ်တို့သည် ရှိနေသေး၏။

အဘယ့်ကြောင့်ဆိုသော် သူ၏ သတ်ဟန်ပုတ်ဟန်၊ သတ်လုံးသတ်ကွက်၊ အရှောင်အတိမ်း၊ အခုန်အပျံ၊ အထိုးအကြိတ်တို့သည် သူတစ်ဦးတည်း ပိုင်သည့်အရာမဟုတ်။

မြန်မာတစ်မျိုးသားလုံး ပိုင်ဆိုင်သည့် မြန်မာ့သိုင်းပညာဖြစ်သောကြောင့်ပင် ဖြစ်သတည်း။

(စာရေးသူ)

... ❀❀❀ ...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပွဲဦးထွက် ရွှေခြေဖဝါး၏ အစွမ်း

ခရစ်သက္ကရာဇ် ၁၈၅၁၊

တစ်နေ့သ၌ ရန်ကုန်မြို့ သင်္ဘောဆိပ်အနီးရှိ ညောင်ပင်ကြီးတစ်ပင်အောက်တွင် အသက်နှစ်ဆယ်အရွယ်ခန့်ရှိ အသားညိုညိုလူငယ်တစ်ဦးနှင့် အသက်ငါးဆယ်အရွယ်ခန့်ရှိ အသားဖြူဖြူ လူကြီးတစ်ဦးတို့သည် ဆိပ်ကမ်းတွင် ကပ်ထားသော သင်္ဘောများကို လှမ်းမျှော် ကြည့်ရှုရင်း စကားစမြည် ပြောဆိုနေကြလေ၏။

လူငယ်နှင့် စကားပြောနေသော အသားဖြူဖြူလူကြီး၏ လက်တစ်ဖက်တွင် လွန်စွာလှပ၍ လွန်စွာမှလည်း ခိုင်ခံ့သော ဝါးယပ်တောင်လေးတစ်ချောင်း ရှိ၏။

အသားဖြူဖြူလူကြီးသည် သူ၏ကိုယ်ကို ဝါးယပ်တောင်လေးဖြင့် တဖျပ်ဖျပ် ခတ်၍နေလေ၏။ လူငယ်မှာမူကား ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သင်္ဘောများကို ငေးကြည့်ရင်း ရှုခင်း



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတစ်ချက်ကို မှုတ်၍ထုတ်ကာ. . .

"ဆိပ်ကမ်းမှာကလဲ မျက်နှာဖြူ သဘော်ာတွေချည်းပါပဲလား" ဟု ပြောလိုက်လေ၏။

အသားဖြူဖြူလူကြီးသည် ယပ်တောင်ကို တဖျပ်ဖျပ် ခတ်ရင်း လူငယ်၏မျက်နှာကို တစိမ့်စိမ့် ကြည့်လိုက်လေ၏။

ထိုသို့ ကြည့်ပြီးနောက်. . .

"ဟော့. . . ငနက်ကျော်၊ မင်းကို ကြည့်ရတာ စိတ်အိုက်လူအိုက် ဖြစ်နေပုံရတယ်၊ ဘာပဲဖြစ်ဖြစ် မင်းလဲ ငါ့လိုပဲ ဝါးယပ်တောင်လေးတစ်ချောင်းတော့ ဝယ်ထားဖို့ လိုပြီထင်တယ်ကွ၊ စိတ်အိုက်တဲ့အခါမှာ ယပ်တောင်ကလေး နည်းနည်း ခပ်လိုက်ပေါ့ကွာ၊ ကိုယ်အိုက်တဲ့အခါမှာလဲ ဒီယပ်တောင်ကလေးက အသုံးဝင်ပါတယ်၊ ပြီးတော့ ကိုယ် မမြင်ချင်တဲ့ မတွေ့ချင်တဲ့လူနဲ့ ကြုံတဲ့အခါမှာလဲ အဲဒီယပ်တောင်ကလေးနဲ့ မျက်နှာကို အသာကလေး ကွယ်ထားလိုက်ရုံပဲ၊ သိပ်ကောင်းတယ်ကွ၊ ဒါကြောင့် ငါတို့ တရုတ်လူမျိုးတွေဟာ ယပ်တောင်ကို နှစ်သက်ကြတာ" ဟု ပြောလိုက်ပြီးနောက် ၎င်း၏စကားကို ၎င်းဘာသာ သဘောကျ၍ တဟားဟား ရယ်မောနေလေတော့၏။

ထိုအခါ လူငယ်က. . .

"ဦးတောက်လု ပြောသလို စိတ်အိုက်တဲ့အခါ ခပ်ဖို့ ယပ်တောင် ဝယ်ထားရမယ်ဆိုရင် ယပ်တောင် တစ်ချောင်းတည်းနဲ့ မလုံလောက်ဘူး၊ အချောင်းတစ်ရာလောက် လိုလိမ့်မယ် ထင်တယ်၊ ကျုပ်ကတော့ အဲဒီမျက်နှာဖြူ သဘော်ာတွေကို ကြည့်ပြီး အတော့်ကို စိတ်အိုက်နေတယ်ဗျာ၊ ဒီထက် ပိုပြီးတော့ စိတ်အိုက်ရတဲ့ အကြောင်းကတော့ အဲဒီမျက်နှာဖြူ သဘော်ာတွေပေါ် တက်ပြီး မျက်နှာဖြူတွေကို အရိုအသေပေး၊ 'ရက်ဆာ' 'ရက်ဆာ' လုပ်နေတဲ့ မျိုးဖျက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲ၊ မျက်နှာဖြူ သင်္ဘောတွေပေါ်မှာ ကျုပ်တို့ မြန်မာလူမျိုး မျိုးဖျက် အတော်များများဟာ မျက်နှာဖြူတွေကို မျက်နှာချိုသွေးပြီး အရောင်းအဝယ် လုပ်နေကြတယ်၊ တစ်ကိုယ်ကောင်း သိပ်ဆန်တဲ့ ကောင်တွေပဲ၊ ကိုယ်ကောင်းစားဖို့ဆိုရင် လူမျိုးရဲ့ မျက်နှာကိုလည်း မကြည့်ကြဘူး၊ နဂိုကမှ မျက်နှာဖြူတွေဟာ ကျုပ်တို့လူမျိုးကို အထင်သေးနေရတဲ့အထဲမှာ အဲဒီလို ကောင်စားမျိုးတွေ ရှိနေကြပြန်တော့ ကျုပ်ဖြင့် သိပ်ကိုရှက်တယ်၊ ဦးတောက်လု" ဟု စိတ်မချမ်းမြေ့သံကြီးဖြင့် ပြောလိုက်လေ၏။

ထိုအခါ တရုတ်အဘိုးကြီး ဦးတောက်လုက. . .

"သိပ်ဟုတ်တာပေါ့ ငနက်ကျော်ရယ်၊ အဲဒီတစ်ကိုယ်ကောင်း သမားတွေက မျက်နှာဖြူသင်္ဘောပေါ်က ပစ္စည်းကလေးတွေ ဈေးပေါပေါနဲ့ ဝယ်ပြီး စီးပွားရေး လမ်းဖြောင့်နေကြတာဆိုတော့ ဒီကောင်တွေက ဘယ်သူ့ကိုမှ လူမထင်ကြတော့ဘူး၊ မနေ့ကလဲ မျက်နှာဖြူ သင်္ဘောပေါ်မှာ ဈေးတက်ဝယ်ပြီး ပြန်လာတဲ့ကောင်နဲ့ မင်းလိုပဲ မခံချင်တဲ့ လူတစ်ယောက်ဟာ ဟောဟိုနားမှာ စကားများကြသေးတယ်ကွ၊ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်အရှင်သခင်ကို ချစ်မြတ်နိုးတဲ့လူတိုင်း မျက်နှာဖြူကို မျက်နှာချိုသွေးပြီး စီးပွားရှာနေတဲ့ တစ်ကိုယ်ကောင်းသမားတွေကို မရှုဆိတ်တာ အမှန်ပဲ၊ သူတို့ကို ကြည့်ရှုတဲ့ မျက်လုံးတွေကလဲ မသဒ္ဒီစရာကို မြင်တွေ့ရတဲ့ မျက်လုံးမျိုးနဲ့ ကြည့်ရှုကြတာပဲ၊ ဒါပေမယ့် အဲဒီအမျိုးယုတ်တွေဟာ အရှက်နည်းကြတယ်ကွ၊ သူတို့ကလဲ မြန်မာအချင်းချင်းကို အရေးမလုပ်ချင်ကြတော့ဘူး၊ သူတို့ပထွေး မျက်နှာဖြူတွေကိုပဲ အထင်ကြီးနေကြတာ မဟုတ်လား၊ တစ်နေ့နေ့တော့ အဲဒီကောင်စားမျိုးတွေနဲ့ အရှက်အကြောက် ကြီးတဲ့ မြန်မာစစ်စစ်တွေဟာ ပွဲကြီးပွဲကောင်း တွေ့ကြလိမ့်မယ်ပေါ့" ဟု ရှည်လျားစွာ ပြောရင်း ယပ်တောင်ကို ဖျပ်ဖျပ်



www.burmeseclassic.com

www.burmeseclassic.com



ခပ်နေလေတော့၏။

ထိုအချိန်၌မှာပင် ဦးထုပ်ရှည်ကြီး ဆောင်း၍ ကုတ်အင်္ကျီရှည်ရှည်ကြီးကို ဝတ်ထားသော အင်္ဂလိပ်လူမျိုး နှစ်ယောက်နှင့် ချိတ်လုံချည်ဝတ် မြန်မာတစ်ယောက်တို့သည် စကားတပြောပြောနှင့် လမ်းလျှောက်လာလေတော့၏။

ထိုချိတ်လုံချည်ဝတ် မြန်မာသည်လည်း အင်္ဂလိပ်လူမျိုးထံမှ လက်ဆောင် ရရှိထားသော ၎င်းနှင့် မည်သို့မျှ လိုက်ဖက်ခြင်း မရှိသည့် ဦးထုပ်ရှည် မည်းမည်းကြီးကို ဆောင်းထားလေ၏။ ၎င်းတို့၏နောက်မှ ပုဆိုးကွက်တုံး ဝတ်ထားသော မြန်မာဆင်းရဲသားတစ်ဦးသည် အင်္ဂလိပ်ပြည်ဖြစ် ပစ္စည်းများကို တောင်းတစ်လုံး၌ ထည့်ကာ ထမ်းပိုး၍လာလေ၏။

ထိုလူစုသည် ငနက်ကျော်နှင့် တရုတ်အဘိုးကြီး ဦးတောက်လုတို့ ထိုင်၍နေသော ညောင်ပင်အနီးသို့ ရောက်ရှိလာကြလေတော့၏။

ထိုအချိန်မှာပင် မိန်းကလေးတစ်ဦးသည် ရေခပ်ရန် အတွက် ရေအိုးလေးတစ်လုံးကို ခါးစောင်း၌ တင်ကာ အခြားသော ဘက်မှ လျှောက်၍လာလေ၏။

မိန်းကလေးသည် ၎င်းနှင့် မျက်နှာချင်းဆိုင်မှ လာသော လူကို လှမ်းကြည့်လိုက်ရာ သဘော်ပစ္စည်းများကို မနိုင်မနင်း ထမ်းလာသော လူကြီးတစ်ဦး၊ မျက်နှာနီစပ်စပ်နှင့် မျောက်ကဲ့သို့ အမွေးအမှင် ထူထပ်လှသော အင်္ဂလိပ်ကြီးနှစ်ဦး၊ ထို့အပြင် ချိတ်ပုဆိုး တောင်ရှည်ကို အကျအန ဝတ်ဆင်ထားပါလျက် အင်္ဂလိပ်တို့၏ ဦးထုပ်ရှည်ရှည်ကြီးကို အရှက်အကြောက်မဲ့စွာ ဆောင်းလာသော မြန်မာ လူရည်တတ်တစ်ဦးကို တွေ့မြင်ရသောအခါ၌ ရယ်ချင်စိတ်များ ဖြစ်ပေါ်၍လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုရယ်ချင်စိတ်ကို ထိန်း၍မရတော့ဘဲ (သို့မဟုတ်)ထိန်း၍မထားတော့ဘဲ 'ခစ်ကနဲ' ရယ်လိုက်လေတော့၏။

သူတို့သည် နဂိုကပင် မိန်းကလေးအား အာရုံစိုက်လာသော လူစုဖြစ်ရာ မိန်းကလေး ရယ်လိုက်သည်ကို မြင်လည်း မြင်လိုက်ကြ၏။ ရယ်သံကိုလည်း သဲသဲကွဲကွဲ ကြားလိုက်ကြရ၏။ ထိုအခါ အင်္ဂလိပ်နှစ်ဦးအနက် တစ်ဦးက ချိတ်လုံချည်ဝတ် လူရည်တတ် မြန်မာအား အောက်ပါ အဓိပ္ပာယ်ရသော အင်္ဂလိပ်ဘာသာစကားဖြင့် ပြောလိုက်လေ၏။

"အို. . .လူကလေး မောင်မောင်ခင်၊ အလွန်လှပတဲ့ မိန်းကလေးက ရယ်မောနေပြီ၊ ၎င်းရယ်မောတာဟာ လူကလေးရဲ့ခေါင်းပေါ်က အလွန်အင်မတန် ခန့်ညားတဲ့ ကျွန်ုပ်ရဲ့ လက်ဆောင်ဦးထုပ်ကြောင့်လဲ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်ရင် ကျုပ်တို့အင်္ဂလိပ်နှစ်ယောက်အနက် တစ်ယောက်ယောက်ကို သဘောကျလို့ ရယ်တာလည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ အလွန်အင်မတန် ခြင်ကိုက်ပြီး အလွန်အင်မတန် ညစ်ပတ်တဲ့ ဤဆိပ်ကမ်းမှာ အချိန်အကြာကြီး နေရဦးမယ်ဆိုတော့ မြန်မာမိန်းကလေးတစ်ဦးနဲ့ မင်္ဂလာဆောင်ချင်တာ အမှန်ပါပဲ၊ ဒါကြောင့် ကျေးဇူးပြုပြီး ရေအိုးနဲ့ မိန်းကလေးကို သူမရဲ့ ရယ်မောခြင်းဟာ ကျွန်ုပ်အဖို့ ပျော်ရွှင်စရာကောင်းကြောင်း ပြောပြပေးပါ"

အင်္ဂလိပ်သည် ထိုစကားကို ပြောပြပြီးနောက် မောင်မောင်ခင်ဆိုသူ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်လေ၏။ ထိုအင်္ဂလိပ်ပြောလိုက်သောစကားကိုလည်း တရုတ်အဘိုးကြီး ဦးတောက်လုရော နေက်ကျော်ဆိုသည့် လူငယ်ပါ ကောင်းစွာ ကြားလိုက်ကြ၏။ ထိုအချိန်မှာပင် အင်္ဂလိပ်က မောင်မောင်ခင်ဆိုသူအား. . .

"ကမ်းမွန် လူကလေး၊ ကျွန်ုပ် ပြောတာကို ကြားတယ်



www.burmeseclassic.com

www.burmeseclassic.com


မဟုတ်လား၊ မိန်းကလေးကို သင်တို့စကားနဲ့ ပြောလိုက်ပါ” ဟု ထပ်မံ၍ နှိုးဆော်လေတော့၏။

ထိုအခါ မောင်မောင်ခင်လည်း မိန်းကလေးအား မချို မချဉ်မျက်နှာနှင့်. . .

“ဒီမှာ ကျုပ်နှမ၊ မင်း ဘာကို ရယ်တာလဲ၊ ဟောဒီဗိုလ်ကြီး က မေးနေတယ်၊ သူ့ကို သဘောကျလို့ ရယ်တာလားတဲ့၊ သူဟာ လည်း မြန်မာမိန်းမတစ်ယောက်ကို လိုချင်နေတာနဲ့ အတော်ပဲတဲ့” ဟု ပြောလိုက်ရာ မိန်းကလေး၏မျက်နှာသည် နီမြန်းသွားလေတော့ ၏။ ထို့နောက် မိန်းကလေးက မျက်နှာကို တင်းတင်းထားလျက်. . .

“သူတို့ကို ရယ်တာမဟုတ်ဘူး၊ သူတို့ဟာ မျောက်တွေပဲ၊ မျောက်ကို ကြည့်ပြီး လူက ရယ်စရာမလိုပါဘူး၊ ရယ်တာက တော့်ကို ရယ်တာ၊ တော့်ခေါင်းပေါ်က မျက်နှာဖြူဆောင်းတဲ့ ဦးထုပ်ကြီးကို ရယ်တာ၊ ကျုပ်တို့က မျောက်နဲ့ တူတဲ့ ဘယ်မျက်နှာဖြူကိုမှ အရေး လုပ်စရာ မလိုဘူး၊ တော်က သဘော်ာပစ္စည်းကလေး ရတာနဲ့ နှမ ချင်းမစာ ပြောတာလား၊ တော့်နှမနဲ့ အဲဒီ မျက်နှာဖြူနှစ်ကောင်နဲ့ ပေးစားလိုက်ပါလား၊ တော့်မှာ နှမ မရှိရင်တော့ တော့်အမေနဲ့ ပေးစားလိုက်ပါလား၊ ဒါမှ တော်တို့အမျိုးဟာ အသားနီစပ်စပ်၊ အမွှေးထူထူ၊ မျက်လုံးပြာပြာနဲ့ ဖြစ်လာမယ်၊ အဲဒီကျတော့မှ တော် အခုဆောင်းထားတဲ့ ဦးထုပ်ကြီးမျိုး ဆောင်းပေးလိုက်၊ ပိုပြီးကြည့် ကောင်းတာပေါ့” ဟု ကက်ကက်လန် ရန်တွေ့လိုက်သည်ဖြစ်ရာ မောင်မောင်ခင်လည်း လွန်စွာ အရှက်ရသွားသဖြင့် မိန်းကလေး အနီးသို့ တိုးကပ်သွားလေ၏။

ထိုအခါ လက်မြန်လှသော မိန်းကလေးသည် မောင်မောင် ခင်၏ပါးကို ဖြန်းခနဲ လှမ်း၍ရိုက်လိုက်လေ၏။

အင်္ဂလိပ်နှစ်ဦးလည်း. . .


www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . လူကလေး၊ ဘယ်လို ငရဲလဲ" ဟု မေးမြန်းလိုက်လေ၏။

မောင်မောင်ခင်သည် ၎င်း၏ အရှင်သခင် အင်္ဂလိပ်များ မေးသည်ကို ပြန်၍မဖြေနိုင်တော့ဘဲ မိန်းကလေး၏ဆံပင်ကို လက်ဖြင့် ဖမ်း၍ဆွဲလိုက်လေ၏။

မိန်းကလေးကလည်း ရုန်းလေ၏။

အင်္ဂလိပ်နှစ်ဦးမှာ တစ်ဦးက. . .

'အိုး. . . ငရဲ' ဟူ၍ ငရဲကို တ၏။ ကျန်တစ်ဦးက 'အိုး. . . ကောင်းကင်ဘုံ' ဟူ၍ ကောင်းကင်ဘုံကို တလေ၏။

မောင်မောင်ခင်နှင့် မိန်းကလေးမှာမူ ထွေးလုံးရစ်ပတ် ဖြစ်နေလေ၏။ ထိုသို့ ထွေးလုံးရစ်ပတ် ဖြစ်နေရာမှ 'ဗုန်း'ခနဲ အသံ တစ်ခု ဖြစ်ပေါ်လာပြီးလျှင် မောင်မောင်ခင်သည် ဒယီးဒယိုင်ဖြင့် နောက်သို့ ရောက်သွားလေ၏။

ထို့နောက် ကြည့်လိုက်ရာ မိန်းကလေး၏ရှေ့တွင် အရပ်မြင့်၍ ကြေးနီရောင် အဆင်းရှိသော လူငယ်တစ်ဦးသည် လက်ကို ပိုက်၍ ခန့်ညားစွာ မတ်တတ်ရပ်နေသည်ကို တွေ့ရလေတော့၏။ ထိုလူငယ်သည် ညောင်ပင်အောက်တွင် တရုတ်အဘိုးကြီးတစ်ဦးနှင့် ထိုင်နေသော လူငယ်ဖြစ်ကြောင်းကိုလည်း သတိပြုမိလေတော့၏။

သင်္ဘောပစ္စည်းများကို ထမ်း၍ လိုက်ပါလာသောလူသည် တောင်းကို မြေကြီးပေါ်သို့ 'ဘုတ်'ခနဲ ပစ်ချလိုက်လေ၏။ ပြီးလျှင် အနီးရှိ ဝါးစိမ်းတုတ်တစ်ချောင်းကို ကောက်၍ကိုင်ကာ ရှေ့သို့ တက်လာလေတော့၏။

ဒီမောင်မောင်ခင်သည် ထိုကြေးနီရောင်အဆင်း ရှိသော လူငယ်ကို စားတော့ဝါးတော့မည့်ကဲ့သို့ ကြည့်ရှုရင်း. . .

"မင်းက ဘာဆိုင်လို့ ငါ့ရင်ဘတ်ကို တွန်းရသတုန်း" ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေ၏။

"ဆိုင်တာပေါ့ဗျာ၊ ကျုပ်ဟာ မြန်မာပဲဗျ၊ မြန်မာမိန်းကလေး တစ်ဦးကို မျက်နှာဖြူနှစ်ကောင်အားကိုးနဲ့ စော်ကားနေတာ၊ ကျုပ်က ကြည့်နေရမှာလား" ဟု ကြေးနီရောင်အဆင်း ရှိသော လူငယ်က ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ညောင်ပင်အောက်တွင် ယပ်ခတ်၍ ကြည့်နေသော တရုတ်အဘိုးကြီး ဦးတောက်လုက. . .

"လူကလေး ငနက်ကျော်ရေ၊ ငါပြောတဲ့ ပွဲကြီးပွဲကောင်း ဆိုတာ ဒါပဲ ဖြစ်မယ်ဟေ့" ဟု လှမ်း၍ပြောလိုက်ရာ ကြေးနီရောင် အဆင်း ရှိသော ငနက်ကျော်ဆိုသည့် လူငယ်က မောင်မောင်ခင်၏ မျက်နှာကို မခိုးမခန့် ကြည့်လိုက်လေ၏။

ထိုအခါ အင်္ဂလိပ်တစ်ဦးက မောင်မောင်ခင်အား အောက်ပါ အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် မေးလိုက်လေ၏။

"လူကလေး မောင်မောင်ခင်၊ ကျုပ်တို့ရှေ့မှာ ရောက်နေတဲ့ ကြေးနီရုပ်တုဟာ ဘာလဲ၊ သူဟာ ရွှေခြေဖဝါးလား"

ထိုအခါ မောင်မောင်ခင်ကလည်း အင်္ဂလိပ်စကားဖြင့်ပင်

"မှန်ပါတယ် သခင်ကြီး၊ ရွှေခြေဖဝါးတစ်ယောက်နဲ့ တူပါ တယ်" ဟု ပြန်၍ဖြေလိုက်လေ၏။

ငနက်ကျော်သည် အင်္ဂလိပ်ဘက်သို့ လှည့်ကာ လွန်စွာ အချိုးကျသော အင်္ဂလိပ်စကား၊ လွန်စွာ လေယူလေသိမ်း မှန်သော အပြောအဆိုမျိုးဖြင့်. . .

"ဒီမှာ ခင်ဗျားတို့ကို ကျုပ်တို့ရဲ့ ရေဝန်မင်းကြီးက လွတ် လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့် ပေးထားတာတော့ မှန်တယ်၊ ဒါပေမယ့် ကျုပ်တို့ မြန်မာမိန်းကလေးတွေကိုတော့ ဖေါ်တီးယား တား နောက်လားပြောင်လား လုပ်ခွင့်တော့ မရှိဘူး၊ ကျုပ်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်ဗျားတို့ နားလည်ရင် အေးအေးဆေးဆေး ဒီနေရာက ထွက်သွားပါ၊ ဒါမှမဟုတ်ရင် ခင်ဗျားတို့ နှစ်ယောက်စလုံးကို ဒံရစ်တော်ထဲမှာ အိပ်ပျော်အောင် လုပ်ရပါလိမ့်မယ်" ဟု ပြောလိုက်ရာ အင်္ဂလိပ်နှစ်ဦးသည် ငနက်ကျော်၏ အင်္ဂလိပ်စကားပြော ကောင်းခြင်းကို အံ့သြလျက် ငိုင်၍နေဆဲမှာ. . .

"ဒီမှာ လူကလေး" ဟု ခေါ်လိုက်လေ၏။

"ကျုပ်ဟာ လူကလေး မဟုတ်ဘူး" ဟု ငနက်ကျော်က ပြန်၍ပြောလိုက်လေ၏။

"သင်ဟာ ရွှေခြေဖဝါးလား" ဟု အင်္ဂလိပ်တစ်ဦးက မေးလိုက်လေ၏။

ထိုအချိန်မှာပင် မောင်မောင်ခင်သည် အင်္ဂလိပ်နှစ်ဦးဘက်သို့ လှည့်ကာ. . .

"ဟုတ်ပါတယ် သခင်၊ ဒီကောင်ဟာ ရွှေခြေဖဝါးတစ်ယောက် ဖြစ်ပါလိမ့်မယ်" ဟု အရိုအသေပေး၍ အစီရင်ခံလိုက်လေတော့၏။

ထိုအခါ အင်္ဂလိပ်နှစ်ဦးအနက် တစ်ဦးက. . .

"အသင် ရွှေခြေဖဝါး၊ သင့်လမ်းကို သင်သွားပါ၊ သို့မဟုတ်ပါက သင်၏ဇက်ကို ချိုးပြီး မြစ်ထဲကို ပစ်ချရပါလိမ့်မယ်" ဟု ပြောလိုက်ရာ ကျန်သော အင်္ဂလိပ်တစ်ဦးကလည်း ရယ်၏။ တောင်းကို ထမ်းလာခဲ့သော ပုဆိုးကွက်တုံးနှင့် လူကလည်း ဘာမှန်းညာမှန်း မသိဘဲလျက် ရယ်၏။

ထိုအခါ ငနက်ကျော်လည်း တစ်စုံတစ်ရာ ဆက်လက် ပြောဆိုခြင်း မပြုတော့ဘဲ. . .

"ရွှေခြေဖဝါး အရသာကလေး မြည်းကြည့်ဦးတွေ" ဟု ပြော၍ ပြီး ရင်ခေါင်းသံကြီးဖြင့် "စ"ဟု အော်ဟစ်ကာ မက်တတ်ရပ်နေရာမှ

www.burmeseclassic.com



လူတစ်ရပ်နီးပါးခန့် အပေါ်သို့ ခုန်တက်၍ အင်္ဂလိပ်၏ မျက်နှာကို သူ၏ခြေဖဝါးဖြင့် အပြားလိုက် ကန်လိုက်လေတော့၏။

အောက်သို့ ပြန်၍ကျလာသောအခါ၌ မောင်မောင်ခင်၏ ဦးခေါင်းကို တံတောင်ဖြင့် 'ခွပ်'ခနဲ ထောင်းချလိုက်လေ၏။ အင်္ဂလိပ်သည် နောက်သို့ နှစ်လံလောက် လွင့်စဉ်၍ ပက်လက်လန် လဲကျသွားသကဲ့သို့ မောင်မောင်ခင်လည်း မြေကြီးပေါ်သို့ မှောက်၍သွားလေတော့၏။

ထိုအခါ ကျန်သော အင်္ဂလိပ်တစ်ဦးသည် ကုတ်အင်္ကျီကို လှန်၍ ခါးပတ်၌ ချိတ်ထားသော သေနတ်ကို ဆွဲထုတ်လိုက်သည်ကို ဦးတောက်လုက တွေ့မြင်လိုက်ရလေ၏။

"ငနက်ကျော်ရေ. . . သေနတ်ဟေ့" ဟု လှမ်း၍ သတိပေးလိုက်လေ၏။ ထိုအခါ ငနက်ကျော်လည်း ကျားသစ်တစ်ကောင်၏ လျင်မြန်ရဲရင့်ခြင်းမျိုးဖြင့် သေနတ်ထုတ်လိုက်သော အင်္ဂလိပ်၏ ကိုယ်ပေါ်သို့ ခုန်၍အုပ်ကာ သေနတ်ကိုင်ထားသော လက်ကောက်ဝတ်ကို ဆွဲလိမ်၍ ရင်ဘတ်ကို အုံးခနဲ ဒူးဖြင့် တိုက်လိုက်လေ၏။

အင်္ဂလိပ်လက်မှ သေနတ်သည် လွင့်စဉ်၍သွားကာ တရုတ်အဘိုးကြီး ဦးတောက်လု၏ရှေ့သို့ သွား၍ကျလေ၏။ ထိုအခါ ဦးတောက်လုက သေနတ်ကို ကောက်ယူလိုက်လေ၏။

ထိုအချိန်မှာပင် မျက်နှာကို အကန်ခံလိုက်ရသဖြင့် နှစ်လံလောက် လွင့်ကာ လဲကျသွားသော အင်္ဂလိပ်သည် သူ၏ခါးမှ သေနတ်ကို ဆွဲထုတ်လိုက်ရာ ဦးတောက်လုက ထိုင်၍နေရာမှ အင်္ဂလိပ်စကားဖြင့်. . .

"ဟေ့ကောင်. . . မလှုပ်နဲ့၊ ပစ်ထည့်လိုက်မယ်" ဟု လှမ်း၍ အော်လိုက်သဖြင့် ထိုအင်္ဂလိပ်သည် အသံလာရာဆီသို့ လှမ်း၍ကြည့်လိုက်ရာ လက်တစ်ဖက်ဖြင့် အေးဆေးစွာ ယပ်တောင်ခတ်ရင်း အ



www.burmeseclassic.com

www.burmeseclassic.com


ခြားသော လက်တစ်ဖက်ဖြင့် မိမိတို့အား သေနတ်ဖြင့် ချိန်ရွယ်ထားသော တရုတ်အဘိုးကြီးတစ်ဦးကို တွေ့မြင်လိုက်ရသည်ဖြစ်ရာ သေနတ်ကို ဆက်၍ မထုတ်ဝံ့တော့ဘဲ. . .

"အို. . . ချိုင်းနားမင်း" ဟု ယောင်ယမ်း၍ အော်လိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .

"အေး. . . ဟုတ်တယ်၊ ငါဟာ မင်းတို့ သိထားတဲ့ ချိုင်းနားမင်း(တရုတ်)တစ်ယောက်ပဲ၊ အဲဒီတော့ အရှေ့တိုင်းသား တစ်ဦးပေါ့ကွာ၊ ပြီးတော့ ငါဟာ မြန်မာပြည်မှာ မွေးတာကွ၊ ငါ့အဘိုးဟာ ဘုရင့်အမှုတော်ထမ်းတစ်ဦးပဲ၊ ငါတို့ အရှေ့တိုင်းသားတွေဟာ အလွန်အင်မတန် ယဉ်ကျေးကြတယ်၊ ငါတို့ဘုရင် ငါတို့သခင်ကိုလဲ အလွန်အင်မတန် ရိုသေလေးစားကြတယ်၊ ဒါကြောင့် ငါတို့ဘုရင်ကို ငါတို့က စကားပြောတဲ့အခါမှာ ရွှေခြေဖဝါးတော်အောက် အခစားရောက်ပါပြီလို့ ယဉ်ယဉ်ကျေးကျေး ပြောဆိုလေ့ ရှိတယ်၊ အဲဒါကို မင်းတို့ရဲ့ အလိုတော်ရိတွေက မင်းတို့ နားလည်အောင် တိုက်ရိုက်ဘာသာပြန်ပေးလိုက်တဲ့အခါမှာ ရွှေခြေဖဝါးဆိုတဲ့စကားဟာ မင်းတို့ရဲ့ နားမှာ ရယ်စရာ ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ ဒါကတော့ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ဓလေ့ထုံးစံချင်းမှ မတူဘဲ၊ ဒါဟာ ရယ်စရာ မဟုတ်သလို ပြောင်လှောင်စရာလည်း မဟုတ်ဘူး၊ ဒီလို ဓလေ့ထုံးစံချင်း မတူလို့ ရယ်ကြစတမ်း ပြောင်လှောင်ကြစတမ်းဆိုရင် မင်းတို့ မျက်နှာဖြူတွေကို ကြည့်ပြီး ငါတို့ အရှေ့တိုင်းသားတွေဟာ တနေကုန်ရယ်နေရလိမ့်မယ်၊ ပထမ ရယ်စရာကောင်းတဲ့အချက်ဟာ မင်းတို့ရဲ့ ပုံပန်းသဏ္ဍာန်ပဲ၊ မင်းတို့ကို ကြည့်ရတာ ငါတို့ အရှေ့တိုင်းသားတွေရဲ့ မျက်စိမှာ မျောက်တွေကို ကြည့်ရသလို၊ ကြက်တူရွေးရဲ့ ရုပ်သွင်ကို ကြည့်ရသလိုပဲ၊ မင်းတို့မျက်လုံးကို ကြည့်ရတာ ကြောင်ရဲ့မျက်လုံး


www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ရသလိုပဲ၊ မင်းတို့အချင်းချင်း တွေ့ဆုံလို့ နှုတ်ဆက်တဲ့စကား ကို ကြားရတာ ငါတို့အဖို့ အင်မတန် ရယ်စရာကောင်းတယ်၊ ငါတို့ အရှေ့တိုင်းသားတွေဟာ လူလူချင်း ဂရုစိုက်တယ်၊ တစ်ဦးကိုတစ်ဦး တွေ့တဲ့အခါ 'ကျန်းမာပါရဲ့လား'လို့ နှုတ်ဆက်လေ့ ရှိကြတယ်၊ မင်းတို့ ကတော့ ဒီလိုမဟုတ်ဘူး၊ လူနဲ့ မပတ်သက်တဲ့ နှုတ်ဆက်နည်းနဲ့ နှုတ်ဆက်ကြတယ်၊ 'ကောင်းသော နံနက်ခင်းပါ'တဲ့၊ ဘယ်လောက် ရယ်ဖို့ကောင်းတဲ့ စကားလဲ၊ နံနက်ခင်းမှာ ကောင်းတယ်ဆိုးတယ် မရှိဘူးကွ၊ နံနက်ခင်းဟာ နံနက်ခင်းပဲ ဖြစ်တယ်၊ အဲဒါကို ငါတို့ ရယ်စရာကောင်းပေမယ့် မရယ်ခဲ့ကြဘူး၊ ပြောင်လှောင်ဖို့ ကောင်းပေ မယ့် မပြောင်လှောင်ခဲ့ကြဘူး၊ မင်းတို့ မျက်နှာဖြူတွေကို တွေ့တဲ့အခါ မှာ ငါတို့က ကောင်းသော နံနက်ခင်းကောင်တွေ လာပြီလို့ မပြောခဲ့ ကြဘူး၊ ဘာကြောင့် မပြောခဲ့သလဲဆိုတော့ ငါတို့ အရှေ့တိုင်းသား တွေဟာ ကိုယ်ချင်းစာတရား ရှိကြတယ်၊ မင်းတို့ကတော့ ဒီလိုမဟုတ် ဘူး၊ မင်းတို့နဲ့ မတူရင် ရယ်စရာလို့ အောက်မေ့နေတယ်၊ ဘုရင့်အမှု တော်ထမ်းတစ်ဦးကို တွေ့တဲ့အခါမှာ အမှုတော်ထမ်းပါလို့ ကောင်း ကောင်းမွန်မွန် မမေးဘူး၊ (Golden Feet) 'ရွှေခြေဖဝါး'လားလို့ မခိုးမခန့် နောက်ပြောင်ပြီး မေးတတ်ကြတယ်၊ ဒီမှာ မျက်နှာဖြူ နှစ်ကောင်၊ မင်းတို့ကို ပြောလိုက်မယ်၊ ငါတို့ အရှေ့တိုင်းသားတွေဟာ အင်မတန် ယဉ်ကျေးကြတယ်၊ ဒါပေမယ့် သတ္တိမနည်းကြဘူး၊ မင်းတို့ မျက်နှာဖြူတွေကို ဆားမခတ်ဘဲ ငရုတ်ကောင်းမှုန့် မဖြူးဘဲ ပြုတ်ပြီး သောက်ဝံ့တဲ့ သတ္တိမျိုး ရှိကြတယ်၊ မင်းတို့က ဒီလိုသတ္တိမျိုး ရှိတာ မဟုတ်ဘူး၊ လက်နက်အားကိုး အထူးသဖြင့် သေနတ်အားကိုးနဲ့ စော်ကားဝံ့တာ၊ အခု ငါပြောတဲ့စကားကို မင်းတို့ မယုံဘူးလား၊ မယုံရင် လက်တွေ့စမ်းကြည့်မယ်လေ၊ မင်းတို့နှစ်ယောက် သေနတ် ကို အသုံးမပြုဘဲနဲ့ ဟောဒီ လူငယ်နဲ့ တိုက်ခိုက်ဝံ့ပါ့မလား၊ တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com


ဝံ့တယ်ဆိုရင် အခုပဲ စမ်းကြည့်မယ်" ဟု ရှည်လျားစွာ ပြောလိုက်ရာ အင်္ဂလိပ်နှစ်ဦးက. . .

"(ချဲလင့်) စိန်လိုက်" ဟု ပြိုင်တူ ပြောလိုက်ကြလေ၏။ ထိုအခါ ဦးတောက်လုက ထိုင်၍နေရာမှ ထလာပြီးလျှင် အင်္ဂလိပ်တစ်ဦး၏ခါးမှ သေနတ်ကို ဆွဲနှုတ်ယူပြီးနောက် မှောက်လျက်သားလဲနေသော မောင်မောင်ခင်အား ခြေထောက်ဖြင့် 'ဗုန်း'ခနဲ ကန်ကာ. . .

"ဟေ့ကောင်. . . မျိုးဖျက်၊ ထတော့၊ ပြီးရင် မင်းရဲ့မျောက်နှစ်ကောင်ကို တင်သွားဖို့ နွားလှည်းတစ်စီး သွားခေါ်ချေ" ဟု ပြောလိုက်လေ၏။

ထို့နောက် ဦးတောက်လုသည် အင်္ဂလိပ်နှစ်ဦးဘက်သို့ လှည့်ကာ. . .

"ဟေ့. . . လူကလေးနှစ်ယောက် အဆင်သင့် ဖြစ်ပြီလား" ဟု မေးလိုက်လေ၏။

ထိုအခါ အင်္ဂလိပ်နှစ်ယောက်က. . .

"ရက်စ်. . . တရုတ်အိုကြီး၊ ကျုပ်တို့နှစ်ယောက်စလုံး သင့်ရဲ့ကြေးရုပ်တုကို ခါးကနေ ချိုးပစ်ကြဖို့ အဆင်သင့် ဖြစ်နေကြပြီ" ဟု ပြန်၍ပြောလိုက်ကြရာ ဦးတောက်လုက. . .

"ဖိုက်. . . (တိုက်ကြ)" ဟု အချက်ပေးလိုက်လေတော့၏။

အင်္ဂလိပ်နှစ်ဦးသည် နေက်ကျော်၏ ရှေ့မှ တစ်ယောက်၊ နောက်မှ တစ်ယောက် နေရာယူလိုက်ကြလေ၏။ ၎င်းတို့၏စိတ်၌ ပထမတစ်ချီ ခံလိုက်ရသည်မှာ အလစ်ခံလိုက်ရခြင်း ဖြစ်သည်ဟု ထင်မှတ်နေ၏။

ယခုကဲ့သို့ အတိအလင်း ကြေညာ၍ သတ်ပုတ်ခါမှ နေက်ကျော်၏ ပါးချိတ်ကို လည်းကောင်း၊ အရှိုက်နေရာကို လည်း


www.burmeseclassic.com

www.burmeseclassic.com



ကောင်း တစ်ချက်တည်းဖြင့် နောက်ကောက်ထိုးချနိုင်မည်ဟု ထင်မှတ်နေ၏။ ယခုကဲ့သို့ မိမိတို့က နှစ်ယောက်၊ ငနက်ကျော်က တစ်ယောက်တည်းဖြင့် သတ်ပုတ်ရပါမူ ဆိုဖွယ်ရာ မရှိတော့ပေ။ ကြိုက်သလို နှိပ်စက်နိုင်ပြီဟုလည်း ထင်မှတ်နေကြ၏။

ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ကြောင်တစ်ကောင်ကို ဝင်၍ကိုက်မည့် ခွေးဆိုး၏ မာန်ဖီခြင်းမျိုးဖြင့် မာန်ဖီကာ နှစ်ယောက်ညှပ်၍ နေရာယူလိုက်ကြခြင်း ဖြစ်၏။

ထို့နောက် အရှေ့ဘက်က တစ်ယောက်က ငနက်ကျော်ထံဝင်၍ မျက်နှာကို ဘယ်ညာလက်သီးဖြင့် တအားစွတ်၍ထိုး၏။

ငနက်ကျော်သည် ထိုလက်သီးချက်များကို ရှောင်တိမ်းခြင်းမပြုတော့ဘဲ ဒူးဖြင့် မျက်နှာသို့ ခုန်၍တိုက်ရာ ဒူးပုံ့ အတိုက်ခံရသော မျက်နှာဖြူသည် 'ခွပ်'ခနဲ မြည်ကာ နှာခေါင်းမှ သွေးများစီးကျလာလေ၏။ အငိုက်မိသွားသောကြောင့်လည်း ကောင်းစွာမရပ်တည်နိုင်တော့ဘဲ ဒယီးဒယိုင် ဖြစ်၍သွားလေတော့၏။

ထိုအခိုက်၌ ကျန်တစ်ယောက်က ငနက်ကျော်ကို နောက်မှဝင်၍ချုပ်လိုက်လေ၏။ ငနက်ကျော်သည် ထိုမျက်နှာဖြူ၏ရင်ဝကိုတံတောင်ဖြင့် တွက်၍ ချုပ်ထားသည့်လက်ကို ဖြုတ်ပြီးလျှင် လက်အောက်မှ လျှို၍ထွက်ကာ လက်ကို လိမ်၍ သိုင်းဆန်ဆန် ကိုင်ပေါက်လိုက်လေ၏။

ထိုမျက်နှာဖြူသည် လေထဲတွင် ကိုးယိုးကားယား လွင့်မျောကာ မြေပေါ်သို့ ဗုန်းခနဲ ကျလေတော့၏။

ထိုအခါ နှာခေါင်းမှ သွေးများ ယိုစီးလာသော အင်္ဂလိပ်က ငနက်ကျော်ထံသို့ အတင်းဝင်၍ လက်သီးဖြင့် ထိုး၏။ ငနက်ကျော်က ရှောင်၏။ အင်္ဂလိပ်က ဘယ်လက်ဖြင့် ဝိုက်၍ထိုး၏။

ငနက်ကျော်က ထိုလက်ကို ကန်၏။ အင်္ဂလိပ်က ညာဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုး၏။ နေကျော်က ပုတ်၏။ အင်္ဂလိပ်က အဆက်မပြတ် ထိုး၏။ နေကျော်က ကန်၏။ အင်္ဂလိပ်က ရှေ့သို့ တိုးပြန်၏။ နေကျော်က နောက်ကျွမ်းပစ်၍ မေးစေ့ကို ခတ်၏။ ထို့ကြောင့် အင်္ဂလိပ်သည် မေးစေ့ကွဲ၍ ဖင်ထိုင်လဲကျလေတော့၏။

ထိုအခါ တရုတ်အဘိုးကြီး ဦးတောက်လုသည် အင်္ဂလိပ်တို့၏ သေနတ်များမှ ကျည်ဆန်များကို ထုတ်ကာ သေနတ်များကို ပစ်ချပေးရင်း. . .

"ယူဆီး၊ မင်းတို့ တွေ့ကြပြီ မဟုတ်လား၊ ဒါက အမြည်းသဘောလောက်ပဲ ရှိသေးတယ်၊ နောက်ပိုင်းမှာ ဒီထက် လှပတဲ့ သတ်လုံးသတ်ပေါက်တွေကို တွေ့ကြရလိမ့်ဦးမယ်၊ ဟော့. . . လာ နေကျော်၊ သွားကြမယ်" ဟု ဆိုကာ နေကျော်၏လက်ကို ကိုင်၍ ဦးတောက်လုက ခေါ်သွားလေ၏။

ထိုအချိန်မှာပင် ရေအိုးနှင့် မိန်းကလေးက နေကျော်အား. . .

"သွားပါဦးမယ် မောင်ကြီး၊ မယ်သုံလေ မောင်ကြီးကို တွေ့ရတာ သိပ်ကို အားရမိတာပဲ၊ မျက်နှာဖြူတွေက တစ်နေ့တခြား အတင့်ရဲလာကြပြီ၊ သူတို့ အတင့်ရဲလာကြသလို အမျိုးကို ဖျက်မယ့် ယောကျ်ားပျက်, ယောကျ်ားဖျင်းတွေကလဲ တစ်နေ့တစ်ခြား တိုးပွားလာပြီ၊ ဒီတော့ မောင်ကြီးတို့လို ယောကျ်ားကောင်းတွေ ပေါ်ပေါက်ဖို့ အများကြီး လိုအပ်လာပြီ" ဟု ပြောဆိုကာ မိန်းကလေးသည် ထွက်သွားလေတော့၏။

ဦးတောက်လုနှင့် နေကျော်တို့လည်း ဆက်လက်၍ လျှောက်သွားလေတော့၏။ ထိုသို့ လျှောက်သွားရင်း တရုတ်အဘိုးကြီး ဦးတောက်လုက. . .

"ရော့ကွာ. . . မင်းတစ်ကိုယ်လုံးလဲ ချွေးတွေ သွေးတွေနဲ့" ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ သူ၏ယပ်တောင်ကလေးကို လှမ်း၍ပေးလိုက်၏။

ငနက်ကျော်လည်း ဦးတောက်လု ပေးသော ယပ်တောင်ကို ဖြန့်၍ တဖျပ်ဖျပ် ခပ်လေ၏။ ထိုအချိန်၌မှာပင် ငနက်ကျော်၏ တံတောင်ဖြင့် အထောင်းခံရသောကြောင့် တစ်ချိန်လုံး မြေကြီးပေါ်တွင် မှောက်နေသည့် မောင်မောင်ခင်သည် ကုန်း၍ထလာပြီးလျှင် ငနက်ကျော်၏ နောက်ကျောဆီသို့ ချိန်ရွယ်ကာ 'ဝှီး'ခနဲ ဓားမြှောင်ဖြင့် ပစ်၍ပေါက်လိုက်လေ၏။

သို့ရာတွင် ငနက်ကျော်က နောက်သို့ လှည့်၍မျှ မကြည့်ဘဲ ဝါးယပ်တောင်ကလေး ဖြန့်ခတ်၍ ထုတ်လိုက်ရာ မောင်မောင်ခင် ပစ်ပေါက်လိုက်သော ဓားမြှောင်သည် ရွှီးခနဲ နောက်သို့ ပြန်ကာ ဝါးစိမ်းတုတ်ကြီးကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ ငနက်ကျော်အား နောက်မှနေ၍ ရိုက်ချရန် ပြေးလာသော ပုဆိုးကွက်တိုးနှင့်လူ၏ လက်မောင်းသို့ ဒေါက်ခနဲ သွား၍ စိုက်လေတော့၏။ ထို့ကြောင့် ထိုသူလည်း ရှေ့သို့ မတိုးနိုင်တော့ဘဲ ရှိလေ၏။

မောင်မောင်ခင်လည်း ကြောက်ရွံ့ တုန်လှုပ်ကာ ငနက်ကျော်တို့နှင့် မလှမ်းမကမ်း နေရာလောက်တွင် ရှိသော မြေနီလမ်းကလေးအတိုင်း ပန်း၍ပြေးရာ ငနက်ကျော်သည် ဦးတောက်လု၏ ဝါးယပ်တောင်ကလေးကို 'ဆတ်ခနဲ' ခေါက်၍ပိတ်ပြီးလျှင် မောင်မောင်ခင်အား လှမ်း၍ပေါက်လိုက်လေ၏။

ယပ်တောင်ကလေးသည် အမြီးဘက်မှ နေ၍ မောင်မောင်ခင်၏ နားသယ်ဆီသို့ ထိမှန်လိုက်သည်ဖြစ်ရာ မောင်မောင်ခင်သည် ထိုမြေနီလမ်းကလေးပေါ်၌ပင် အရုပ်ကြိုးပြတ် လဲကျသွားလေတော့၏။

ထိုအခါကျမှပင် ငနက်ကျော်သည် မောင်မောင်ခင်လဲကျသွားသောနေရာဆီသို့ သွားပြီးလျှင် ယပ်တောင်ကလေးကို ကောက်



www.burmeseclassic.com

www.burmeseclassic.com



ယူ၍ ဖြန့်လိုက်ကာ မိမိကိုယ်ကို ယပ်ခတ်ရင်း မောင်မောင်ခင်အား ကြည့်မျှပင် မကြည့်ဘဲ ဦးတောက်လုထံသို့ ပြန်၍လာလေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် စကားတပြောပြောနှင့် ဗိုလ်တထောင် စေတီတော်ကလေး ရှိရာသို့ လျှောက်လာကြလေတော့၏။

ထိုသို့ လျှောက်လာရင်း ဦးတောက်လုက. . .

"ဘယ်လိုလဲကွ၊ ယပ်တောင်ကလေးနဲ့ ပေါက်လိုက်တာ ဟိုကောင်ဟာ တစ်ခါတည်း လဲကျပြီး သတိမေ့သွားတော့တာပဲ၊ အတော့်ကို အသည်းငယ်တဲ့ သတ္တဝါပဲ" ဟု ပြောလိုက်ရာ ငနက်ကျော်က. . .

"ချက်ကောင်းကို ထိသွားလို့ဗျ၊ လူမှာက အကြမ်းအားဖြင့် အကြောပေါင်း ခုနစ်ရာလောက် ရှိတယ်၊ အဲဒီခုနစ်ရာထဲမှာ အကြောကြီး နှစ်ဆယ့်လေးကြောဟာ အရေးအကြီးဆုံးပဲဗျ၊ အဲဒီနှစ်ဆယ့်လေးကြောမှာလဲ ဆယ်ကြောက ချက်ကနေ အထက်ကိုသွားတဲ့အကြော၊ ကျန်တဲ့ဆယ်ကြောက ချက်ကနေ အောက်ဘက်ကိုသွားတဲ့အကြော၊ ပြီးတော့ လေးမျိုးသော အကြောတို့က ခန္ဓာကိုယ်ကိုကန့်လန့်သွားတယ်ဗျ၊ အဲဒီအထဲမှာ အပေါ်ကို သွားတဲ့ အကြောဆယ်ကြောဟာ သဒ္ဒါရုံအလုပ်၊ ဖောဋ္ဌဗ္ဗာရုံအလုပ်၊ ရူပါရုံအလုပ်၊ ရသာရုံအလုပ်၊ ဂန္ဓာရုံအလုပ်၊ အသက်ရှုသွင်းရှုထုတ် အလုပ်၊ သမ်းဝေခြင်း၊ ချေဆတ်ခြင်းအလုပ်၊ ငိုခြင်းရယ်ခြင်း အလုပ်၊ စကားပြောခြင်း အလုပ် စတဲ့ "ကာယိက" အလုပ်မျိုးတွေကို လုပ်ဆောင်ပေးရတယ်ဗျ၊ အဲဒီမှာ စကားပြောတဲ့အလုပ်ကို လုပ်ဖို့ အဓိက အကြောနှစ်ချောင်း ရှိတယ်၊ အဲဒီနှစ်ချောင်းအနက် "ဟတ္ထိဇိဝှာ" ဆိုတဲ့ အကြောတစ်ကြောဟာ လူရဲ့ နားသယ်ဘေးကနေ ဦးခေါင်းထိပ်ကို သွားတာဗျ၊ အခု ကျုပ်ပစ်လိုက်တဲ့ ယပ်တောင်အမြီးဟာ အဲဒီ အကြောကို တည့်တည့် သွားပြီးထိတာ၊ အဲဒီတော့ ဒီကောင်ဟာ သတိရ



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အချိန်မှာ စကားဆွဲ့တဲ့ ဒုက္ခိတတစ်ယောက် ဖြစ်သွားဖို့ သေချာနေပြီ” ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

“မင်းတို့ဆရာ ဦးပဥ္စင်း ဦးကေသရကတော့ အကြောကိုင် အကြောစမ်းပညာမှာ တစ်ဖက်ကမ်း ရောက်ပါပေတယ်ကွာ၊ ဒါကြောင့် မင်းတို့လည်း ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုတာမျိုး ဖြစ်နေတာပေါ့၊ ဒီတစ်ခါ တွံတေး ငှက်အော်စမ်းဘက် ရောက်လာရင် ဦးပဥ္စင်းကို ဝင်ပြီး ဖူးတွေ့ဦးမယ်ကွာ” ဟု ပြောလိုက်လေတော့၏။

“ဦးပဥ္စင်းက တွံတေးမှာ မရှိတော့ဘူး ဦးတောက်လုရဲ့၊ မျက်နှာဖြူတွေကို မျက်စိနောက်တယ်ဆိုပြီး အထက်ဘက် ကြွသွားပြီ” ဟု နေက်ကျော်က ပြောလိုက်လေ၏။

“မျက်စိနောက်မယ်ဆိုလဲ နောက်စရာကောင်းတဲ့ ကောင်တွေပါပဲကွာ၊ ဒီကောင်တွေဟာ ဒီအတိုင်း မနေသေးဘူးကွ၊ ငါတို့တိုင်းပြည်ကို ရန်စကြလိမ့်ဦးမယ်” ဟု ဦးတောက်လုက ပြောလိုက်လေ၏။

“ကျုပ်ကတော့ အဲဒီမျက်နှာဖြူတွေထက် မျက်နှာဖြူနားမှာ ယောက်ယက်ခတ်နေတဲ့ မြန်မာမျိုးဖျက်တွေကို ပိုပြီးတောင် မျက်စိနောက်သေးတယ် ဦးတောက်လုရဲ့” ဟု နေက်ကျော်က ပြောလိုက်လေ၏။

“ကဲပါကွာ၊ ဒါတွေ ထားလိုက်ပါတော့၊ မင်း အခု အိမ်တော်ကို ပြန်တော့မလား” ဟု ဦးတောက်လုက မေးလိုက်လေ၏။

“ကျုပ် မပြန်ပါဘူး၊ ဦးတောက်လုနဲ့ လိုက်ပြီးအိပ်မယ်၊ ဦးတောက်လုရဲ့ ဝက်သားပေါက်စီ မစားရတာလဲ အတော်ကြာပြီ၊ တစ်နေ့နဲ့တစ်ည ခွင့်ရတယ်လေဗျာ၊ မြို့ဝန်မင်းရဲ့အိမ်တော်မှာ အစောင့်အနေ လုပ်ရတဲ့ ကျုပ်တို့လို ရဲမက်ကလေးတွေ အယ့်ငါး



www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက် ရှိတယ်ဗျ၊ သူ့အလှည့်နဲ့သူ အနားယူကြရတယ်၊ ကျုပ်တို့ မြို့ဝန်ကြီးလဲ အတော့်ကို သနားဖို့ကောင်းတယ်ဗျာ၊ သူ့ခမျာ နေ့ဇရာညဇရာ အားရတယ် မရှိရှာဘူး" ဟု နေက်ကျော်က ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ၎င်းတို့သည် စကားတပြောပြောနှင့် လျှောက်သွားကြရာ ရှေးအခါက ထန်းပင်နှစ်ပင် ရှိသောကြောင့် မွန်အမျိုးသားတို့က ထန်မွှိုင်ဟု ခေါ်ဝေါ်ခဲ့သော်လည်း နောင်တွင် မြန်မာတို့နှုတ်ကျိုး၍ "တာမွေ"ဟု ခေါ်သော အရပ်ဆီသို့ ရောက်ရှိခဲ့ကြလေတော့၏။

တာမွေဟူသော ဇနပုဒ် ရွာငယ်ကလေး၏ အစွန်ပိုင်းသို့ ရောက်သောအခါ၌ ဝါးမောင်းတံကြီးများဖြင့် ငင်ယူရသော ရေတွင်းအချို့ကို တွေ့ရလေ၏။ ထိုရေတွင်းတို့နှင့်အတူ သပ်ရပ်စွာ စိုက်ပျိုးထားသော နံနံပင်များ၊ မုန်လာဥများ၊ မုန်ညင်းရွက်များ စသည့် စိုက်ခင်းကြီးများကိုလည်း တွေ့ရ၏။

ထိုစိုက်ခင်းကြီးများ အလယ်၌လည်း ဝါးစင်ထိုး၍ လှန်းထားသော မုန်ညင်းခြောက်များ၊ မုန်လာဥခြောက်များ၊ ဝက်သားခြောက်များကို တွေ့ရပြန်လေ၏။

"ဦးတောက်လု၊ ခင်ဗျား အခင်းကလဲ ကျယ်လှချည်လားဗျ၊ ဟိုမှာ လှန်းထားတာတွေကလဲ အစုံပါပဲလား၊ တစ်ယောက်တည်း သမားပဲဗျာ၊ သည်လောက် လုပ်ဖို့မလိုပါဘူး၊ တဝမ်းတခါး စားဖို့ရှာဘာဖြစ်လို့ ဒီလောက်တောင် အပင်ပန်းခံနေရတာတုန်း" ဟု နေက်ကျော်က ကျီစယ်သလို လေသံဖြင့် မေးလိုက်လေ၏။

"ဝါသနာပေါ့ နေက်ကျော်ရယ်၊ အလုပ်ပြင်းပြင်းထန်ထန် မလုပ်ရရင် ခေါင်းကိုက်တယ်ကွ၊ ပြီးတော့ မင်းလဲ သိသားပဲကွာ၊ ရန်ကုန်မြို့ကြီးတစ်မြို့လုံးက လူတွေဟာ ထမင်းခြောက်တွေ လှန်းနေ



www.burmeseclassic.com

www.burmeseclassic.com



ကြပြီ မဟုတ်လား၊ အဲဒီလို ထမင်းခြောက်တွေ လှန်းနေတဲ့ ဆန့်ကောတွေ၊ ဖျာတွေ၊ ဗန်းတွေဟာ မကြာခင် စစ်ဖြစ်တော့မယ်၊ တိုင်းပြည်ပျက်တော့မယ်လို့ ကြေညာနေတာပဲ မဟုတ်လား၊ အဲဒါကို တချို့က နမော်နမဲ့နေတဲ့ ကောင်စားမျိုးတွေ ရှိသေးတယ်၊ တိုင်းပြည်ပျက်တော့မယ်ဆိုတာကိုလဲ မယုံဘူးကွ၊ အဲဒီ ကောင်စားမျိုးတွေဟာ တိုင်းပြည် တကယ်ပျက်တဲ့အခါမှာ ဝတ်ကြလိမ့်မယ်၊ အဲဒီလို အငတ်မျိုးတွေကို ကျွေးဖို့ ငါတစ်ယောက်တည်း ဒိုင်ခံ အလုပ်လုပ်နေတာကွ" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ၎င်းတို့နှစ်ဦးသည် စိုက်ခင်းကလေးအတွင်းသို့ ရောက်ရှိသွားကြလေတော့၏။ ထို့နောက် မောင်းတက်ကြီး တပ်ထားသော ရေတွင်းအနီးသို့ ရောက်ရှိသွားရာ ငနက်ကျော်သည် မောင်းတက်ဖြင့် ရေလေးငါးဆယ်ပုံးခန့် ဆွဲတင်၍ ရေတံလျှောက်ပေါ်သို့ လောင်းချပေးလိုက်လေ၏။

ပြီးလျှင် ဦးတောက်လုက. . .

"လာလေကွာ၊ အိမ်ထဲ ဝင်ကြရအောင်" ဟု ဆိုသဖြင့် ငနက်ကျော်လည်း ဦးတောက်လုနှင့်အတူ အိမ်တွင်းသို့ လိုက်၍ ဝင်လေ၏။

ဦးတောက်လု အိမ်ကလေးမှာ မြေစိုက်အိမ်ကလေး ဖြစ်၏။ ကြက်မတစ်ကောင်သည် အိမ်၏ ထောင့်တစ်နေရာရှိ ဝပ်ကျင်း၌ ဝပ်၍နေလေ၏။ ထိုကြက်မ ဝပ်၍နေသော နေရာနှင့် မလှမ်းမကမ်း နေရာလောက်တွင် မီးဖိုတစ်ခုပေါ်တွင် တင်ထားသော ဝါးပိုးဝါးဖြင့် ပြုလုပ်ထားသော ပေါင်းအိုးကြီးကို တွေ့ရလေ၏။

ငနက်ကျော်သည် ထိုပေါင်းအိုးကို ဖွင့်လိုက်ရာ အတွင်းမှ အငွေ့တထောင်းထောင်း ထွက်၍လာလေ၏။ ထို့နောက် ပေါင်းအိုးအတွင်းမှ ပေါက်စီတစ်လုံးကို နှိုက်ယူပြီးလျှင် မြိန်ရေယှက်ရေ စား



www.burmeseclassic.com


www.burmeseclassic.com



သောက်ရင်း တစ်ဖက်သို့ လှည့်လိုက်ရာ တစ်တောင် ပတ်လည်ခန့်ရှိ ကျွန်းသား သင်ပုန်းတစ်ချပ်ကို တွေ့ရလေ၏။

ထိုသင်ပုန်းပေါ်တွင် ဆယ့်နှစ်ရာသီကွက် ပြုလုပ်၍ ဂြိုဟ်များ သွတ်သွင်းထားသည်ကိုလည်း တွေ့ရလေ၏။ ထိုပုံမှာ လူတစ်ဦး၏ မွေးသက္ကရာဇ်ကို ဖွဲ့စစ် တွက်ချက်ထားသော ဇာတာတစ်ခု ဖြစ်ကြောင်း ငနက်ကျော်က ကောင်းစွာ သိလေ၏။

ထိုဇာတာပုံမှာ အောက်ပါအတိုင်း ဖြစ်၏။



ငနက်ကျော်သည် ပေါက်စီကို မြိန်ရေရှက်ရေ စားရင်း သင်ပုန်းပေါ်မှ ဇာတာပုံကို ကြည့်ကာ. . .

"ဆရာကြီး ဦးတောက်လုရဲ့၊ ဘယ်သူ့ ဇာတာတုန်းဗျ" ဟု မေးလိုက်ရာ ဦးတောက်လုက. . .

"ငနက်ကျော်ရယ်၊ မင်းလည်းပဲ ဦးပဥ္စင်း ဦးကေသရဲ့ တပည့်ပဲကွာ၊ နည်းနည်းပါးပါး အကဲခတ်ကြည့်ပါဦးလား" ဟု ပြောလိုက်လေ၏။

ထိုအခါ ငနက်ကျော်သည် ပေါက်စီကို ဆက်၍ဝါးရင်း



www.burmeseclassic.com

www.burmeseclassic.com



ပလုတ်ပလောင်း လေသံဖြင့်. . .

"လင်္ဂနဲ့ရာဟုနဲ့ ပူးနေတဲ့ သဘောကတော့ မှန်တယ်ထင်ရင် နောက်မဆုတ်တမ်း လုပ်ဝံ့တဲ့ လူစားမျိုးပဲ၊ လင်္ဂရဲ့ ဆယ်တန့်မှာ နေလနှစ်ပါး တည်နေတဲ့အချက်ကတော့ အကြီးအကဲ ဖြစ်ရမယ့် လက္ခဏာပဲဗျ၊ သဟဇအိမ်မှာက အင်္ဂါနဲ့စနေ ပူးနေပြန်တယ်၊ ဒီအချက်ဟာ ညီအစ်ကိုသားချင်းတွေနဲ့ မတည့်တဲ့အချက်ပဲ၊ အဲဒီတော့ဗျာ၊ ညီအစ်ကိုတွေနဲ့ မတည့်ပြီး ကိုယ်ထင်ရာ ကိုယ်စိုင်းတတ်တဲ့ အကြီးအကဲတစ်ဦးရဲ့ ဇာတာပေါ့ဗျာ၊ ဒီ့အပြင် ဘာရှိဦးမလဲ" ဟု ပြောလိုက်ရာ တရုတ်အဘိုးကြီး ဦးတောက်လုက 'တဟားဟား' နှင့် ရယ်မောရင်း. . .

"ဦးကေသရတပည့် ပွဲကျောင်းသားတွေကဖြင့် နေရာတကာ ချွန်ပါ့ဗျာ၊ မင်းပြောတာ သိပ်မှန်တာပေါ့ ငနက်ကျော်ရဲ့၊ အဲဒါ ဘယ်သူ့ဇာတာတုန်း၊ သိလား" ဟု မေးလိုက်ရာ ငနက်ကျော်က. . .

"မသိပါဘူး၊ ပြောစမ်းပါဦး" ဟု ပြန်၍မေးလေ၏။

"သက္ကရာဇ်(၁၁၇၃)ခုနှစ်၊ ဝါဆိုလဆန်း(၂)ရက်၊ သောကြာနေ့ (၂)ချက်တီးကျော်မှာ ဖွားမြင်တော်မူတဲ့ သီရိသုဓမ္မတိ လောကပဝရမဟာဓမ္မရာဇာတံဆိပ် နာမဘွဲ့မည် ခံတော်မူသော ငါတို့ရဲ့ဘုရင် ပုဂံမင်းတရားကြီးရဲ့ ဇာတာတော်ကွ၊ ညီအစ်ကိုချင်း မတည့်ဘူး ဆိုတာလဲ မှန်တာပေါ့ကွာ၊ သူ့ရဲ့ညီတော် မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားဟာ သူနဲ့ မတည့်လို့ ရွှေဘိုဘက်မှာ တိမ်းရှောင်နေရတယ်ကွ၊ အေး. . . အဲဒီအချက်ဟာ ငါတို့ တိုင်းပြည်ကို မျက်နှာဖြူလက် ဝကွက်ပြီး အပ်ရမယ့်အချက်ပဲဟေ့၊ မျက်နှာဖြူကလဲ မခုမင်း ပေါက်စီစားသလိုပဲ ငါတို့တိုင်းပြည်ကို သုံးကိုက်တည်းကိုက်ပြီး မျိုလိုက်လိမ့်မယ်၊ ပထမတစ်ကိုက်မှာ မျက်နှာဖြူတွေဟာ တနင်္သာရီ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းနဲ့ ရခိုင်တိုင်းကို ကိုက်ခဲ့ကြပြီ၊ ဒီတစ်ခါ ဘယ်အထိ ကိုက်ဦးမလဲ မှဆိုနိုင်ဘူး” ဟု တရုတ်အဘိုးကြီး ဦးတောက်လုက ပြောလိုက်လေတော့၏။

“ဦးတောက်လုရယ်၊ ဒီအကောင်တွေ ဘယ်အထိ ကိုက်ကိုက်ပေါ့ဗျာ၊ လက်နက်ချင်း အင်အားချင်း မမျှလို့ ရှုံးချင်ရင်တော့ ရှုံးလိမ့်မပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်တစ်ယောက်တည်းရဲ့ သဘောကို ပြောရရင် ဒီမျက်နှာဖြူတွေကို ဘယ်တော့မှ အညံ့မခံဘူး၊ အသက်နဲ့ ခန္ဓာကိုယ် တည်မြဲနေသရွေ့ တိုက်ရမှာပဲ” ဟု နေက်ကျော်က ကြုံးဝါး ပြောဆိုလိုက်ရာ ဦးတောက်လုက. . .

“အခု မင်းပြောတဲ့စကားက မြန်မာ့သတ္တိ မြန်မာ့သွေးကို ပြောတဲ့စကားကွ၊ ငါပြောတဲ့စကားက တိုင်းရေး ပြည်ရေး နိုင်ငံရေးကို ပြောတဲ့စကား၊ တိုက်တာကတော့ တိုက်ရမှာပေါ့ နေက်ကျော်ရာ၊ သူတစ်ပါး ကျွန်သပေါက် ဖြစ်ရတာထက် ကျွန်မဖြစ်အောင် တိုက်ရတဲ့တိုက်ပွဲမှာ ငါတို့မင်းတို့ရဲ့ အသက်ကို စွန့်ရတာက ပိုပြီးမြတ်သေးတယ်ဆိုတာ ငါလဲ လက်ခံပါတယ်၊ တကယ် တိုက်တဲ့အခါကျရင် ငါလဲ ဒီယာခင်းကလေးထဲမှာ မုန်လာဥ စိုက်မနေတော့ပါဘူးကွ၊ မင်းတို့နဲ့ အတူလိုက်မှာပါ၊ မင်းတို့ရဲ့ရှေ့ကတောင် ထွက်ချင် ထွက်ရဦးမယ်၊ ဘာဖြစ်လို့လဲ သိလား၊ ငါ့နာမည်က တောက်လုတဲ့၊ တောက်လု ဆိုတာ ငါတို့ တရုတ်စကားမှာ ‘လမ်း’လို့ အဓိပ္ပာယ်ရတယ်ကွ၊ လမ်းဆိုတာ သွားမယ့်လူကို ရှေ့ဆောင်တယ် မဟုတ်လား၊ ဟောဟိုမှာ ကြည့်စမ်း. . . သစ်သားပေါ်မှာ ထွင်းထားတဲ့ ငါ့နာမည်ရဲ့ အတိုကောက်စာလုံး ‘လု’တဲ့၊ ‘လု’ဆိုတာလဲ ‘လမ်း’လို့ပဲ အဓိပ္ပာယ်ရပါတယ်ကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် သွားမယ့်လူနဲ့ လမ်းဆိုတဲ့အရာဟာ တစ်ပေါင်းတစ်စည်းတည်း မဟုတ်လား၊ သွားမယ့်လူ မရှိဘဲ လမ်းချည်းသက်သက် ရှိနေလို့ မဖြစ်ဘူး၊ သွားမယ့်လူ ရှိပေမယ့် လမ်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



ရင်လဲ ရှေ့ကို ရောက်ဖို့ ခက်ပြန်တယ်၊ အဲဒီတော့ သွားမယ့်လူနဲ့ လမ်းဟာ တကယ့်ကို ပေါင်းစပ်ရမယ့်အရာ ဖြစ်တယ်၊ မင်းက နောက်မဆုတ်ဘဲ ရှေ့ကို သွားမယ့်လူ၊ ငါက မင်းသွားရမယ့် လမ်း၊ လူနဲ့လမ်း အတွဲညီမှ ကောင်းတာပေါ့၊ လမ်းကလဲ လူကို အပြစ်မတင်နဲ့၊ လူကလဲ လမ်းကို အပြစ်မရှာနဲ့၊ ဒါမှ အောင်မြင်မှာကွ” ဟု ရှည်လျားစွာ ပြောလိုက်လေ၏။

ထိုအခါ ငနက်ကျော်သည် ဦးတောက်လု၏ အိမ်အဝင်ဝ အတွင်းဘက်တွင် ချိတ်ဆွဲထားသည့် တရုတ်စာလုံးကြီးကို တွေ့ရလေ၏။ ထိုစာလုံးကြီးမှာ ဦးတောက်လုကိုယ်တိုင် ကျွန်းသားပေါ်တွင် အကျအန ထွင်း၍ထားပြီး ထိုထွင်းထားသောနေရာ၌ ရွှေပိန်းချထားလေ၏။

ထိုစာလုံးကြီးမှာ တရုတ်အဘိုးကြီး ဦးတောက်လု၏ မြေစိုက်အိမ်ကလေး၌ အထည်ဝါဆုံး၊ အခံ့ညားဆုံး၊ အဓိပ္ပာယ်အရှိဆုံး၊ အလေးနက်ဆုံးအရာဟုလည်း ဆိုနိုင်၏။

ထိုစာလုံးသည် ‘လု’ဟူ၍ အသံထွက်၏။ အဓိပ္ပါယ်မှာ ‘လမ်း’ ဟူ၍ဖြစ်ပြီး ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပေတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com



# ရှေးဟောင်း အသက်ရှည်ဆေး

နေကံကျော်သည် တရုတ်ကြီး ဦးတောက်လု၏တဲအတွင်းမှာ လမ်းလျှောက်၍ နေလေ၏။ ဦးတောက်လုမှာမူကား နေကံကျော်၏ ပုဆိုးပြကို အပ်ဖြင့် ဖာပေးနေလေ၏။

ထို့ကြောင့် နေကံကျော်သည် ဦးတောက်လု၏ တရုတ်ဘောင်းဘီ ပွပွကြီးကို ဝတ်ဆင်ထားရလေ၏။ ထို့နောက် တိုင်တွင် ချိတ်ထားသောဓားကို ဓားအိမ်မှ ချွတ်လိုက်ပြီးလျှင် လေထဲတွင် 'ဗွီး'ခနဲ၊ 'ဗွီး'ခနဲ မြည်သည့်အထိ ခုတ်ထစ်၍ သိုင်းကစားလေတော့၏။

ထိုသို့ ကစားနေစဉ်အတွင်း နေကံကျော်၏ ဓားချက်သည် အဝတ်ဖာနေသော ဦးတောက်လု၏ ဇက်ပိုးဆီသို့ တည့်တည့် မတ်မတ်ကြီး ကျရောက်သွားလေတော့၏။

"ချွမ်း"

ဦးတောက်လုသည် အဝတ်ဖာနေရာမှ မိမိဇက်ပိုးပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com


ဓားရောက်လာကြောင်း သိလျှင် အနီးရှိ တုတ်ကြီးတစ်ချောင်းကို ကောက်ယူ၍ ဖြစ်သလို ကာကွယ်လိုက်ရာ ဓားနှင့်တုတ်သည် အရှိန်ပြင်းစွာ ထိခိုက်မိသဖြင့် 'ချွမ်း'ခနဲ မြည်သွားခြင်း ဖြစ်၏။

ထို့နောက် ဦးတောက်လုက ငနက်ကျော်၏ရင်ဝဆီသို့ တုတ်ကြီးဖြင့် ထိုး၏။ ငနက်ကျော်က ခုန်၍ဆုတ်၏။ ထို့နောက် ဓားဖြင့် ပက်၏။ ဦးတောက်လုက တုတ်ဖြင့် ကာ၏။ ငနက်ကျော်က ဝင်၍ပိုင်း၏။ ဦးတောက်လုက တုတ်ဖြင့် ကော်၏။ ငနက်ကျော်က ကပ်၍ထိုး၏။ ဦးတောက်လုက ကပ်၍ခုန်၏။ ငနက်ကျော်က ဓားစကြာဝှေ့၏။ ဦးတောက်လုက တုတ်ဖြင့် ဖျက်၏။ ငနက်ကျော်က ခြေကို သိမ်း၍ ခတ်၏။ ဦးတောက်လုက ခြေကို ကွ၍ ရှောက်၏။ ငနက်ကျော်က ကျားကဲ့သို့ ဟိန်းဟောက်၍ တိုက်ခိုက်၏။ ဦးတောက်လုက 'တခစ်ခစ်' ရယ်၍ ကျားကို ဖမ်း၏။

နောက်ဆုံးတွင် ငနက်ကျော်၏ဓားသည် အသွားများ ပွဲ့ကုန်၏။ ဓားနှင့်လည်း မတူတော့။ လွှနှင့်သာ တူတော့၏။ ထို့ကြောင့် တစ်ဦးကိုတစ်ဦး ပြင်းပြင်းထန်ထန် တိုက်ခိုက်သော တိုက်ပွဲကလေးသည် ရပ်ဆိုင်းလိုက်လေတော့၏။

ငနက်ကျော်သည် အသွားများ ပွဲ့၍ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော သူ၏ဓားကို ကြည့်ကာ. . .

'ထွီ'ဟု တံတွေးတစ်ချက် ထွေးပြီးလျှင် လွှင့်ပစ်လိုက်လေ၏။

ထို့နောက် ဦးတောက်လု၏ လက်အတွင်းက တုတ်ကြီးကို တောင်းယူ၍ စစ်ဆေးကြည့်ရှုရာ မည်သည့်နေရာတွင်မှ ခုတ်ရာ ထစ်ရာကို မတွေ့ရသဖြင့်. . .

"ပေါက်ဖော်ကြီး၊ ပေါက်ဖော်ကြီးရဲ့ တုတ်ကလဲ သန်သြားသာ ဆိုတယ်၊ သံထက်တောင် ကောင်းနေပါလား" ဟု ငနက်ကျော်


www.burmeseclassic.com

www.burmeseclassic.com



က ပြောလိုက်ရာ ဦးတောက်လုက. . .

"ရှိုးရှိုး ရင်းတိုက်သား တုတ်တစ်ချောင်းပါကွာ" ဟု ပြောလိုက်လေ၏။

"ခင်ဗျား ရင်းတိုက်သားကလဲ မာလှချည်လား" ဟု နေကဲကျော်က ပြန်၍မေးလိုက်လေ၏။

"ဒီလိုလေကွာ၊ ရင်းတိုက်သားချည်း သက်သက်ကတော့ ဒီလောက် မမာပါဘူးကွ၊ နာနတ်ရွက်တွေ၊ နာနတ်သီး အခွံတွေ၊ နာနတ်သီး အူတိုင်တွေနဲ့ အကြိမ်ပေါင်းများစွာ ပေါင်းတင်ထားတယ်၊ ဒါကြောင့် ဒီတုတ်နဲ့ တွေ့တဲ့ဓားဟာ ဓားအဖြစ်မှာ မနေနိုင်ဘဲ စုတေစိတ်ကျပြီး လွလိုလို တံစဉ်လိုလို အဖြစ်ကို ရောက်သွားကြတာချည်းပဲ" ဟု ဦးတောက်လုက ရယ်မော၍ ပြောလိုက်လေ၏။

"ခင်ဗျားပြောတဲ့ နာနတ်ရွက်တွေ၊ နာနတ်သီး အခွံတွေ၊ နာနတ်သီး အူတိုင်တွေက ဒီလောက်ပဲ စွမ်းသလားဗျာ" ဟု နေကဲကျော်က ပြန်၍မေးရင်း အနီးရှိ ကြွေကရားလေးအတွင်းမှ အေးစက်နေပြီဖြစ်သော အခါးရည်ကို ပန်းကန်လုံးကလေးအတွင်းသို့ ထည့်ကာ ဦးတောက်လုအား လက်နှစ်ဖက်ဖြင့် ပေးလိုက်လေ၏။

ဦးတောက်လုလည်း အခါးရည်ကို နှစ်ခြိုက်စွာ သောက်လိုက်ပြီးနောက်. . .

"နာနတ်သီးက သံကို နိုင်တယ်ကွ၊ ဒါကလဲ နာနတ်သီးများများကို ဓားနဲ့ ခွဲစားဖူးမှ သိတာကွ၊ နာနတ်သီး လှီးတဲ့ဓားဟာ လှီးနေရင်းနဲ့ကို တုံးတုံးလိုက်လာတယ်၊ မကြာခဏ သွေးရတယ်ကွ၊ ငါတို့ အဘိုးအဘွားတွေ ဖြစ်တဲ့ တရုတ်အဘိုးကြီး အဘွားကြီးတွေ နာနတ်သီးတွေကို သိပ်ပြီးကြိုက်တာကွ၊ သူ့ချည်းလဲ စားသလို ဝက်သားနဲ့လဲ ချက်ပြုတ်ပြီး စားသေးတယ်ကွ" ဟု ပြောလိုက်လေ၏။

"ကြိုက်လို့ စားကြတာလား၊ ဆေးဖက်ဝင်လို့ စားကြတာ



www.burmeseclassic.com

www.burmeseclassic.com



လား" ဟု ငနက်ကျော်က ပြန်၍မေးရင်း အခါးရည်တစ်ခွက်ကို ငှဲ့၍သောက်လိုက်လေ၏။

"ကြိုက်တာလဲ ပါတာပေါ့ ငါ့လူရာ၊ ဆေးဖက်ဝင်တာလဲ ပါတာပေါ့" ဟု ဦးတောက်လုက ပြောဆို၍ တုတ်ကြီးကို တိုင်၌ မှီထားလိုက်ပြီးလျှင် ဖာလက်စ ငနက်ကျော်၏ လုံချည်အပြဲကို ဆက်လက်၍ ဖာနေလေတော့၏။

"ကြိုက်လို့ စားတာတော့ ထားပါတော့၊ ဆေးဖက်ဝင်ပုံ ကလေး ပြောစမ်းပါဦး" ဟု ပြောရင်း ငနက်ကျော်သည် အနီးရှိ ခွေးခြေကလေးကို ဆွဲယူ၍ ထိုင်လိုက်လေ၏။

"ဟော့ကောင် လူမိုက်၊ နာနတ်သီးရဲ့ ဆေးဖက်ဝင်ပုံကို နှယ်နှယ်ရရ မှတ်လို့လား၊ အာယုဝဍ္ဍ အသက်ရှည်ဆေးကွ၊ ရှေးဟောင်း တရုတ်လူမျိုးတွေဟာ နာနတ်သီးကို စားတဲ့အပြင် မင်းတို့ငါတို့ လွှင့်ပစ်တဲ့အခွံတွေ၊ မျက်စိတွေ၊ အူတိုင်တွေကို ဆုံထဲ ထည့်ထောင်းပြီး အရည်ညှစ်ယူတယ်၊ ပြီးတော့ အဲဒီအရည်ကို တစ်နေ့တစ်ခွက် နေ့စဉ် မှန်မှန်သောက်တယ်၊ မြင်းခွာရွက် စားလို့ အသက်ရှည်တယ်ဆိုတာ နာနတ်ခွံစားတဲ့လူရဲ့ မြေးလောက် ရှိသေး တယ်ကွ" ဟု ဦးတောက်လုက ပြောလိုက်ရာ ငနက်ကျော်က ငေးမော၍ နားထောင်နေလေ၏။

မှတ်ချက်။ ။ ကြုံကြိုက်၍ အနည်းငယ် ဖော်ပြလိုက်ပါသည်။ ပနားမားဒေသတွင် ရှိသော ရွာတစ်ရွာမှာ ရွာသူရွာသားများသည် ဦးတောက်လု ပြောသကဲ့သို့ နာနတ်သီးအခွံများ၊ မျက်စိများ၊ အူတိုင်များကို အရည်ညှစ်၍ ဖန်ခွက်တစ်ခွက်စာမျှ နေ့စဉ်မှန်မှန် သောက်ကြသည်ဆို၏။ ထိုသူများသည် အခွံများကို တန်ဖိုးထား သော်လည်း အသားကိုမူ နွားများ ကျွေးပစ်သည်ဆို၏။ ထိုရွာတစ်



www.burmeseclassic.com

www.burmeseclassic.com



ရှာလုံး အသက်ရှည်ကြသည် ဆို၏။ အသက် ကိုးဆယ်တစ်ရ ရှိသူများပင် အလုပ်ကြမ်း လုပ်နေကြဆဲ ရှိကြောင်း ရေးသားထာ သော စာအုပ်တစ်အုပ်ကို ငယ်စဉ်က ဖတ်ဖူးပါသည်။ စာအုပ် အမည် မေ့နေသဖြင့် မဖော်ပြနိုင်ပါ။ အသက်ရှည်ဆေးကို စိတ်ဝ စားသောသူများ ဆက်လက်လေ့လာ၍ စူးစမ်းသင့်ပါသည်။

(စာရေးသူ

ဦးတောက်လုသည် စကားတပြောပြောနှင့် လုံချည်ကို ဖ လေ၏။

ဖာ၍ပြီးသောအခါ၌. . .

"ဟေ့ကောင်. . . ရော့၊ မင်းလုံချည် အားလုံး ကောင်းသွာ ပြီ" ဟု ဆိုကာ လုံချည်ကို လုံး၍ နေက်ကျော်ထံသို့ ပစ်ပေးလိုက လေ၏။

နေက်ကျော်သည် လုံချည်ကို ဖမ်းယူကာ ဝတ်မည် ပြုလို လေ၏။

"မဝတ်နဲ့ဦးကွ၊ ရေသွားချိုးချည်ဦး၊ ပြီးတော့ မင်းနဲ့ငါ ညစာစားကြမယ်" ဟု ပြောလေ၏။ ထို့ကြောင့် နေက်ကျော်လည် ရေချိုးရန်အတွက် တဲနောက်ဘက်ဆီသို့ ထွက်သွားလေ၏။

နေက်ကျော် ရေချိုးပြီး၍ ပြန်လာသောအခါ၌ ဦးတော လုသည် စားပွဲပေါ်၌ ထမင်းဟင်းလျာများ ပြင်ဆင်ပြီး ဖြစ် လေ၏။ ထို့နောက် ၎င်းတို့နှစ်ယောက်သည် ထမင်းစားကြလေ

နေက်ကျော်သည် အငွေ့တထောင်းထောင်း ထနေသေ ဝက်ခြေထောက်ဟင်းချိုကို ဇွန်းဖြင့် ခပ်၍သောက်လိုက်ပြီးနောက်.

"ချိုလှချည်လား ပေါက်ဖော်ကြီး" ဟု ပြောလိုက်ရာ ဦ

www.burmeseclassic.com



တောက်လုက. . .

"ချိုဆို အသက်ရှည်ဆေးတွေ ထည့်ထားတာကိုးကွ" ဟု ပြန်၍ပြောလေ၏။

"နာနတ်သီးတွေလား" ဟု ငနက်ကျော်က မေးလိုက်ရာ ဦးတောက်လုက. . .

"ရက်စ်. . . မိုင်ဘွိုင်း" ဟု အင်္ဂလိပ်လို ပြန်၍ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ထမင်းကို မြိန်ယှက်စွာ စားကြလေ၏။ ထမင်းစားပြီးသောအခါ၌ ဦးတောက်လု ကိုယ်တိုင် လုပ်ထားသော မုန့်အချိုများနှင့် အခါးရည်ကို သောက်လေ၏။

ထိုအချိန်၌ လူသုံးယောက်သည် တဲအတွင်းသို့ ဝင်လာပြီးလျှင် "ပေါက်ဖော်ကြီး ဦးတောက်လု၊ ဒီကနေ့ည ကျေးရွာ ညီလာခံ သဘင် ရှိတယ်၊ ဓမ္မာရုံကို ကြွခဲ့ပါ" ဟု ဆိုကာ ထိုသူများသည် ထွက်သွားလေ၏။

ငနက်ကျော်သည် ထိုသူတို့၏ မပြေပြစ် မချောမွေ့သော အမူအရာကို ကျေနပ်ခြင်း မရှိရကား. . .

"ဘယ်လို သတ္တဝါတွေတုန်း" ဟု ရေရွတ်လိုက်မိလေ၏။

"ဘယ်လို သတ္တဝါတွေလဲဆိုတော့ အဲဒီလို သတ္တဝါတွေပဲ ပေါ့ကွာ၊ အသုံးမကျဘဲ သိပ်ပြီးကို လူစွာလုပ်ချင်တဲ့ကောင်တွေ၊ ဟေ. . . ဟော့၊ ဒီသတ္တဝါမျိုးတွေ ဒီကာလကြီးမှာ အများကြီး ပေါ်နေပြီကွ၊ တွေ့ရပါလိမ့်မယ်၊ တွေ့ရပါလိမ့်မယ်" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

ညပိုင်းသို့ ရောက်လျှင် ဦးတောက်လုသည် ငနက်ကျော်ကို ခေါ်၍ ဓမ္မာရုံဆီသို့ သွားလေ၏။ ဓမ္မာရုံ၌ကား ပုဂံမင်း၏လူယုံ၊ ထိုလူယုံ၏နောက်လိုက်၊ ထိုနောက်လိုက်၏ နောက်လိုက်၊ ထိုနောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏ နောက်တပည့် ဖြစ်သော လူသုံးဦးသည် တစ်ယောက်တ လှည့်စီ စကားပြောကြလေ၏။ ထိုသူတို့ ပြောသောစကားမှာလည် လွန်စွာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှပေ၏။ အဘယ်ကြောင့်ခ သော် ပုဂံမင်း နန်းတက်သည့်နှစ်မှစ၍ တစ်လလျှင် လေးကြိမ်ခ ထိုသူတို့သည် ထိုစကားချည်း အပြောင်းအလဲမရှိ ပြောဆိုခဲ့ကြသေ ကြောင့်ဖြစ်၏။

ပုဂံမင်းတရားကြီး ဘုန်းတော်ကြီးကြောင်း၊ ယခင့်ယခင်ဂ အုပ်ချုပ် စိုးစံခဲ့သော တကောင်း အဘိရာဇာမှအစ ယခုတို အုပ်ချုပ်ခဲ့သော ရှင်ဘုရင်အပေါင်းတို့တွင် ပုဂံမင်းကို မှီသော ရှ ဘုရင်ဟူ၍ မပေါ်ပေါက်ဖူးသေးကြောင်း၊ ယခင့်ယခင် ရှင်ဘုရ များ ညံ့ဖျင်းခဲ့သည်ကို ပုဂံမင်းတရားကြီးက ပြန်လည် အဖတ်ဆည် နေရကြောင်း စသည်တို့ ဖြစ်၏။

ထိုသူတို့သည် တစ်ယောက်တစ်လှည့် တစ်မျိုးတည်းသေ စကားကို တစ်သံတည်းသော လေသံဖြင့် အရှက်အကြောက်မဲ့စွ ပြောဆိုကြလေ၏။ ဦးတောက်လုသည် တခစ်ခစ် ရယ်၍ နားထော လေ၏။ နေကံကျော်မှာမူ ဦးတောက်လုကို တံတောင်ဖြင့် တွေ ၍. . .

"ဘာတွေ ရယ်နေတာတုန်း" ဟု မေးလိုက်လေ၏။

"အူယားလို့ပါ ငါ့လူရာ၊ ကဲ. . . ကဲ. . . ဒီလောက် ရယ်ေ ပြီးရင်လဲ တော်လောက်ပါပြီ" ဟု ဦးတောက်လုက ပြောဆိုလိုက် လေ၏။

ထို့နောက်. . .

ဦးတောက်လုနှင့် နေကံကျော်တို့သည် ခမ္မာရုံအတွင်းမှ ထွက်၍ လျှောက်လာခဲ့ကြလေ၏။

"ဟိုလူတွေ ဘာတွေ ပြောနေကြတာတုန်း ပေါက်ဖော်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဖြင့် နားမလည်ပါဘူး" ဟု ငနက်ကျော်က ပြောလိုက်ရာ ဦးတောက်လုက. . .

"ငါတို့လူတွေ အလုပ်မလုပ်ကြတော့ဘူး၊ အဲဒီလိုပဲ စကားပြောနေကြတာ များတယ်၊ မလိုလားအပ်တဲ့ အပိုပင့်လုံးတွေ၊ မြှောက်လုံးတွေကလဲ အများကြီးပဲ၊ ကြာကြာနေရင် ဒုက္ခရောက်ကုန်လိမ့်မယ်"

"အဲဒီအချိန်ကျရင်တော့ မင်းတို့လို လူငယ်တွေက တိုင်းပြည်ကို ကယ်ရမှာ၊ ကိုယ့်ဘုရင်၊ ကိုယ့်သခင်၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြဲ့ဌာန်းကို မဆုံးရှုံးအောင် ကာကွယ်ရမှာ၊ တိုင်းပြည်ရဲ့ တကယ့် အားကိုးစရာဟာ မင်းတို့ လက်ထဲမှာပဲ ရှိတော့တယ်" ဟု ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် အညောင်းပြေအညာပြေ သဘောဖြင့် ဆက်လက် လျှောက်သွားကြရာ အိမ်စုစုကလေး နေရာဆီ ရောက်သွားလေ၏။

ထိုနေရာ၌လည်း ကညင်ဆီမီးတိုင်များ ထွန်း၍ သဘင်ကျင်းပနေလေ၏။

ထိုသဘင်၌လည်း စောစောက သဘင်အတိုင်းပင် တစ်ယောက်တစ်လှည့် ပြောပြီးသားစကားများကို ပြောနေကြလေ၏။ ထိုအခါ ငနက်ကျော်က. . .

"ဒီမှာလဲ စောစောက ဟာမျိုးပါပဲလား ပေါက်ဖော်ကြီး" ဟု ပြောလိုက်ရာ ဦးတောက်လုသည် "တခစ်ခစ်" ရယ်၍. . .

"ခက်တယ် ငနက်ကျော်၊ မျက်နှာဖြူရဲ့ ရန်မီးဟာ နေ့လားညလားပဲ၊ အသက်စွန့်ဖို့ တိုက်ပွဲဝင်ဖို့ ပြင်းပြင်းထန်ထန်ကြီး လေ့ကျင့်ထားပါ၊ ပြင်ဆင်ထားပါ၊ မျက်နှာဖြူကတော့ မကြာခင် စလော့မယ်၊ မင်းတို့က ကယ်ရမှာ၊ မင်းတို့က အသေခံရမှာ" ဟု ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"အဲဒီလို အခါမျိုးမှာ ပေါက်ဖော်ကြီးက ဘယ်လိုနေရာက နေမှာတုန်း" ဟု ငနက်ကျော်က မေးလိုက်လေ၏။

"ငါက . . . အသက်ကြီးပါပြီကွာ၊ ငါ့ခန္ဓာကိုယ်ကြီးဟာ အိမ့်အိုအိမ်မင်း၊ အိမ်ဆွေးအိမ်ပျက်ကြီးနဲ့ တူနေပါပြီ၊ မင်းတို့ကတော့ ငယ်ရွယ်တယ်၊ နုပျိုတယ်၊ မင်းတို့ရဲ့ ခန္ဓာကိုယ်ဟာ အိမ်သစ်အိမ်ကောင်းနဲ့ တူတယ်ကွဲ၊ အဲဒီလို အိမ်သစ်အိမ်ကောင်းတွေက မီးလောင်ခံနိုင်တဲ့အခါမျိုးမှာ ငါ့ရဲ့ အိမ်ဆွေးကြီးကို ရေပက်နေဖို့ လိုသေးသလား ငါ့လူရယ်၊ မင်းတို့နဲ့အတူ အသက်စွန့်ဖို့ အမြဲတမ်း အသင့်ရှိပါတယ်ကွာ" ဟု ဦးတောက်လုက ပြောလိုက်ရာ ငနက်ကျော်က . . .

"ဒါမှ ကျုပ်တို့ရဲ့ ပေါက်ဖော်" ဟု ဆိုကာ ဦးတောက်လုကို ဖက်လိုက်လေ၏။ ဦးတောက်လုကလည်း "ဒါမှ ငါ့ရဲ့ဆွေမျိုး" ဟု ဆိုကာ ငနက်ကျော်အား ပြန်၍ဖက်လေ၏။

ထို့နောက် ဦးတောက်လုက ငနက်ကျော်ကို ကြည့်၍. . .

"ဆွေမျိုး" ဟု အားရပါးရ အော်လိုက်ရာ ငနက်ကျော်က. . .

"ပေါက်ဖော်" ဟု ပြန်၍အော်လိုက်လေတော့၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



လုပ်လက်စ အလုပ်များ ပြီးစီးသွားသောအခါ၌ ဦးတောက်လုနှင့် ငနက်ကျော်တို့သည် တဲအပြင်ဘက်တွင် ကွပ်ပျစ်ကြီးတစ်လုံးချ၍ အခါးရည် သောက်ရင်း ဆက်လက်၍ စကားပြောနေကြလေ၏။ အတော်အတန် ညဉ့်နက်သောအခါကျမှပင် ၎င်းတို့နှစ်ဦးသည် အိပ်စက်ကြလေတော့၏။

နံနက်မိုးလင်းသောအခါ ဦးတောက်လုသည် ဆန်ပြုတ်ပြုတ်ကာ ငနက်ကျော်အား တိုက်ကျွေးလေ၏။ ဦးတောက်လု၏ ဆန်ပြုတ်သည် လွန်စွာ အရသာရှိလှ၏။ ဆန်ပြုတ်၌ အသားတုံးများ ပါသကဲ့သို့ ဆီချက်များ၊ ကြက်သွန်ကြော်များ ပါ၏။ ချင်းများလည်း ပါ၏။ လွန်စွာချိုသော ပုစွန်များလည်း ပါ၏။ ဘဲဥဆားစိမ်များလည်း ပါ၏။ ငနက်ကျော်သည် ဦးတောက်လု တိုက်ကျွေးသော ဆန်ပြုတ်ကို မြိန်ရှက်စွာ စားသောက်ပြီးနောက်. . .

"ဦးတောက်လု၊ ကျုပ် ဒီနေ့ မြို့ဝန်မင်းရဲ့ အိမ်တော်ဝင်းကို စောင့်ဖို့ တာဝန်ကျတယ်၊ ကဲ. . . ကျုပ်သွားမယ်" ဟု ငနက်ကျော်က နှုတ်ဆက်လိုက်လေ၏။ ထိုအခါ ဦးတောက်လုက. . .

"သွားရမှာပေါ့ ငါ့လူရာ၊ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းဆောင်ရမှာပေါ့၊ တာဝန်ကျေပွန်ခြင်းလောက် ကျက်သရေမင်္ဂလာ ရှိတဲ့အရာကို ငါဖြင့် ရှာလို့တောင် မတွေ့ပေါင်ကွာ၊ မင်းကို မှာလိုက်ပါရစေ ငနက်ကျော်၊ တာဝန်မကျေတဲ့ သေနာပတိချုပ်ကြီး ဖြစ်ရတာထက် တာဝန်ကျေတဲ့ သာမန် စစ်သားကလေး တစ်ယောက် ဖြစ်ရတာက ပိုပြီး မြတ်နိုးဖို့ ကောင်းတယ်၊ သွားပါ. . . မြို့ဝန်မင်းရဲ့ အိမ်မှာ အစောင့်ကျတဲ့အခါမှာ သေသေချာချာ စောင့်ပါ၊ မြို့ဝန်မင်းရဲ့အသက်နဲ့ အိုးအိမ်စည်းစိမ် ဂုဏ်သိက္ခာကို ကာကွယ်ရမယ့်တာဝန်ဟာ မင်းရဲ့တာဝန်ပဲ၊ အသက်နဲ့ လဲပြီး ကာကွယ်မယ်ဆိုတဲ့ စိတ်မျိုးလဲ တုံးတုံးချ မွေးမြူထားပါ၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်ကြီးကို မင်းတို့က ဘယ်လောက် ချစ်တယ် ဆိုတာကို စကား လုံးနဲ့ ပြောမနေပါနဲ့၊ အလုပ်နဲ့ ပြပါ၊ သူရသတ္တိနဲ့ ပြည့်စုံတဲ့ နေကံ ကျော်ဆိုတဲ့ စစ်သားကလေး တစ်ယောက်နဲ့ ခင်မင်ရတဲ့အဖြစ်ကို ငါက ဂုဏ်ယူပါတယ်၊ သူရဲဘောကြောင်တဲ့ ကိုယ်ကျိုးကို ကြည့်လွန်း တဲ့ သေနာပတိကြီးမျိုးနဲ့ အသိအကျွမ်းတောင် မဖွဲ့လိုပါဘူး၊ မင်းရဲ့ မိခင်ဟာ မင်းကို မွေးပေးခဲ့တာ အကြောင်းမဲ့ မဖြစ်ပါစေနဲ့၊ အခု အကြောင်းမဲ့ ဖြစ်အောင် လုပ်လိုက်တာနဲ့ မင်းမိခင်ရဲ့ ကလေး မွေးခြင်းဟာ တန်ဖိုးမဲ့သွားလိမ့်မယ်၊ ဒါကြောင့် မင်းဟာ ကျရာ ထောင့် ကျရာတာဝန်မှာ တိုင်းပြည်အတွက် ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်တဲ့ သားကောင်းသားမြတ်တစ်ဦး ဖြစ်အောင် အစဉ်သဖြင့် ကြိုးစားပါ ကဲ. . . သွားပေဦးတော့ နေကံကျော်ရေ၊ အားတဲ့အခါလဲ တွေ့ကြ သေးတာပေါ့" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

နေကံကျော်သည် ဦးတောက်လုအား အရိုအသေပေး၍ ပြန်သွားလေ၏။

. . . ၉၈၈၈ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ဒင်္ဂုံသား နေကျော်၏ မျက်နှာဖြူပြမ်းပွဲ

အိမ်တော်ဝင်းအတွင်းသို့ ရောက်သောအခါ၌ အိမ်တော်ဝင်းတွင် စောင့်ရသော အစောင့်စစ်သားများကို အုပ်ချုပ်ရသည့် သွေးသောက်ကြီး မောင်ဂျင်းက နေကျော်အား. . .

"ဟေ့. . . နေကျော်" ဟု လှမ်း၍ခေါ်လိုက်ရာ. . .

"ခင်ဗျာ"

"ခင်ဗျာ"

ဟူ၍ အသံနှစ်သံ ထွက်ပေါ်လာ၏။ ထိုအခါ သွေးသောက်ကြီး မောင်ဂျင်းသည် ခေါင်းကို တဖြင်းဖြင်း ကုတ်၍. . .

"အရေးအကြောင်းဆိုရင် မင်းတို့နှစ်ယောက် နာမည်တူနေတာနဲ့ အလုပ်လုပ်ရတာ အတော့်ကို ခက်တယ်ကွ၊ မင်းတို့ နှစ်ယောက်စလုံး လာဦး" ဟု ခေါ်လိုက်သဖြင့် နေကျော်နှင့် အခြားသော အမည်တူ နေကျော်တို့သည် သွေးသောက်ကြီး ရှိရာသို့ သွား၍ တောင့်တောင့်ကြီး မတ်တတ်ရပ်ကြလေ၏။ ထိုအခါ သွေး



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြီး မောင်ဂျင်းက အခြားသော နေက်ကျော်ကို ကြည့်၍. .

"မင်းရဲ့ မွေးရာဇာတိက ဘယ်ကတုန်း" ဟု မေးလိုက်ရာ ထိုနေက်ကျော်က. . .

"ထားဝယ်မှာ မွေးပါတယ် သွေးသောက်ကြီး"ဟု ပြန်၍ ဖြေလိုက်လေ၏။

"အေး. . . ဒီလိုဆိုရင် မင်းကို 'ထားဝယ်သား နေက်ကျော်' လို့ ခေါ်မယ်၊ ဒါနဲ့ နေပါဦး၊ မင်းကကောကွာ" ဟု ဆိုကာ တရုတ်အဘိုးကြီး ဦးတောက်လု၏ မိတ်ဆွေ နေက်ကျော်အား မေးပြန်ရာ နေက်ကျော်က. . .

"ဒီမှာပဲ မွေးတာပါ" ဟု ပြန်၍ဖြေလိုက်ရာ သွေးသောက်ကြီး မောင်ဂျင်းက. . .

"အေး. . . ကောင်းပြီ၊ ဒီလိုဆိုရင် မင်းကိုတော့ 'ဒဂုံသား နေက်ကျော်' လို့ ခေါ်မယ်" ဟု ပြောလိုက်လေ၏။

ဒဂုံသား နေက်ကျော်နှင့် ထားဝယ်သား နေက်ကျော်တို့သည် သွေးသောက်ကြီး မောင်ဂျင်း၏ စီမံပုံကို သဘောကျသွားကြလေတော့၏။

ထို့နောက် သွေးသောက်ကြီး မောင်ဂျင်းသည် အိမ်တော်ဝင်းအတွင်းရှိ အိမ်တော်စောင့် စစ်သားများကို တန်းစီလိုက်လေ၏။ တန်းစီပြီးသည့်အချိန်၌ အိမ်တော်ပေါ်မှ မြို့ဝန်မင်း ဦးအုပ်သည် ဆင်း၍လာလေ၏။ အောက်သို့ ရောက်လျှင် သွေးသောက်ကြီး မောင်ဂျင်းက မြို့ဝန်မင်းအား အရိုအသေပေး၍. . .

"အိမ်တော်ဝင်းအတွင်း တပ်သားနှစ်ဆယ်၊ အိုးစား နှစ်ယောက်၊ သွေးသောက်ကြီး တစ်ယောက်၊ စုစုပေါင်း စစ်သည်ရဲမက် နှစ်ဆယ့်သုံးယောက်၊ တပ်သားတစ်ယောက်၊ အိုးစား တစ်ယောက်၊ နေပြည်တော်သို့ မြို့ဝန်မင်း စေခိုင်း၊ တပ်သားနှစ်ယောက်၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် မကျန်းမာ၊ တစ်ယောက် ထိပ်တုံး၊ ယခု စုစုပေါင်း စစ်သည်ရဲမက် ဆယ့်ကိုးယောက် ရှိကြောင်း" ဟု ပြောဆို၍ အရိုအသေ ပေးလိုက်လေ၏။ ထိုအခါ မြို့ဝန်မင်းသည် တန်းစီထားသောသူ၏ စစ်သည်ရဲမက်များကို ကြည့်၍. . .

"မောင်မင်းတို့ သက်သက်သာသာ မတ်တတ်ရပ်ပြီး နားထောင်ကြကွယ်၊ ငါ့သွေးသောက်ကြီး မောင်ဂျင်းအပါအဝင် ငါ့သားတွေကတော့ အားကိုးလောက်တဲ့ ယောကျ်ားကောင်းတွေပါပဲ၊ အဘ အရေးကြီးတဲ့စကားတွေ မင်းတို့ကို ပြောရမယ်၊ ဒါကြောင့် အားလုံး နားထောင်မှ ဖြစ်မယ်၊ အဲဒီတော့ ထိပ်တုံးခတ်ထားတဲ့ ငါ့သားတစ်ယောက်ကိုလဲ သွားပြီး ဖြုတ်ပေးလိုက်ကြ၊ နေမကောင်းလို့ စစ်တန်းလျားထဲမှာ အိပ်နေတဲ့ ငါ့သားကိုလဲ သွားပြီးခေါ်ခဲ့ကြ၊ သူ့ကိုတော့ မောင်မင်းတို့လို မတ်တတ်ရပ်ပြီး မနေပါစေနဲ့၊ ဟောဟိုလှေကားအုတ်တိုင်ကို မှီပြီး ချမ်းသာသလို နေပါစေ၊ အဘ ပြောတဲ့ စကားကို ကြားဖို့သာ လိုရင်းမဟုတ်လားကွယ်တို့" ဟု ဆိုလိုက်သဖြင့် သွေးသောက် မောင်ဂျင်းသည် အိုးစားနှင့် တပ်သားတစ်ဦးအား ဆောင်ရွက်ရန် စေခိုင်းလိုက်လေတော့သည်။

အိုးစားသည် ထိပ်တုံးခတ်ထားသော တပ်သားအား ထိပ်တုံး ဖြုတ်ကာ ခေါ်လာခဲ့လေတော့၏။ ထိုအခါ မြို့ဝန်မင်း ဦးအုပ်က ထိပ်တုံးမှ ဖြုတ်လာသော တပ်သားကို ခြေဆုံးခေါင်းဆုံး ကြည့်၍. .

"မောင်မင်း ဘာဖြစ်လို့ ထိပ်တုံးသွင်းခံရတာတုန်း" ဟု မေးလိုက်လေ၏။

"မနေ့ညနေက ထန်းရည်မူးလို့ပါ အဘ" ဟု ရိုသေစွာ ပြန်၍ပြောလိုက်လေ၏။

"တယ်မိုက်တဲ့ သူငယ်ကိုး၊ နောက် မလုပ်နဲ့၊ ကြားလား" ဟု မြို့ဝန်မင်းက ပြောလိုက်ရာ ထိုတပ်သားက. . .



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ နောက်နောင် ဘယ်တော့အခါမှ မလုပ်တော့ပါဘူး" ဟု ဝန်ခံကတိပေးလိုက်လေ၏။ ထို့နောက် နေမကောင်းသော တပ်သားတစ်ဦးအား အခြားသော တပ်သားတစ်ဦးက တွဲ၍ လှေကားရင်း အုတ်တိုင်တွင် မှီ၍ထိုင်စေလေ၏။

ထိုအခါ မြို့ဝန်မင်းက. . .

"ငါ့သားကြီး မင်းကကော ဘယ်လို ရောဂါဝေဒနာမျိုး ဖိစီးတာတုန်း" ဟု မေးလိုက်ရာ တပ်သားက. . .

"ကျွန်တော်မျိုး ဝမ်းဗိုက်က အောင့်ပါတယ် မြို့ဝန်မင်းဘုရား" ဟု ပြောလိုက်လေ၏။

"သွေးသောက်ကြီး၊ သူ့ကို သမားတော်ကြီးနဲ့ မပြဘူးလား" ဟု မြို့ဝန်မင်းက သွေးသောက်ကြီး မောင်ဂျင်းအား လှမ်း၍မေးလိုက်လေ၏။ ထိုအခါ သွေးသောက်ကြီးက. . .

"သမားတော်ကြီးနဲ့ ပြပေးပြီးပါပြီ၊ သမားတော်ကြီးက ဆေးဝါးတွေလဲ ပေးခဲ့ပါတယ်၊ ဒါပေမယ့် ဒီကောင်က အဲဒီဆေးဝါးတွေကို မမှီဝဲပါဘူး၊ တပ်သား ငကြွက်နီက သူ့ရဲ့ဖခင်ဟာ အကြောဆရာကြီး ဖြစ်တယ်၊ သူလဲ အကြောနားလည်တယ်၊ သူ နှိပ်ပေးလိုက်ရင် နှစ်ရက်တည်းနဲ့ ပျောက်ကင်းသွားလိမ့်မယ်လို့ ပြောတာကို ယုံကြည်ပြီး ငကြွက်နီနဲ့ပဲ အနှိပ်ခံနေပါတယ်" ဟု ပြောလိုက်ရာ မြို့ဝန်မင်းသည် ကရုဏာသက်သော မျက်လုံးဖြင့် နေထိုင်မကောင်းဖြစ်နေသော တပ်သားကို လှမ်း၍ကြည့်ကာ. . .

"ပေါ့ပေါ့ဆဆ မလုပ်ရဘူးကွယ့်၊ ပဏ္ဍိတာနုဋ္ဌသေဝနာ ဆိုတဲ့ မင်္ဂလသုတ်မှာ ပါတဲ့ ပညာရှိကို မှီဝဲဆည်းကပ်ရမယ်ဆိုတဲ့ စာဟာ ဒါမျိုးကို ပြောတာ၊ နေမကောင်းထိုင်မသာ ဖြစ်တဲ့အခါမှာ ဆေးပညာတတ်တဲ့ သမားတော်ဟာ ပညာရှိပဲ၊ သူ့ကို မှီဝဲဆည်းကပ်ရမယ်၊ အစားအသောက်ကောင်း စားချင်တဲ့အခါမှာ စားဖိုသည်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ပညာရှိပဲကွယ့်၊ အဝတ်အထည်ကောင်း ဝတ်ချင်တဲ့အခါမှာ ကျွမ်းကျွမ်းကျင်ကျင် ချုပ်လုပ်တတ်တဲ့ အပ်ချုပ်သည်ဟာ ပညာရှိပဲကွယ့်၊ ပညာရှိကို အဲဒီလို ခွဲခြားပြီး နားလည်ရမယ်၊ မကျန်းမာတဲ့အခါမှာ ပိုပြီးအရေးကြီးတယ်၊ တစ်နည်းကောင်း နှစ်နည်းကောင်း ဆေးမြီးတိုကို အားကိုးလို့ မရဘူး၊ ဒါကြောင့် သမားတော်ကြီး ပေးတဲ့ ဆေးဝါးတွေကို မှီဝဲပါ၊ ဝမ်းဗိုက်တွေ ဘာတွေဆိုတာ အနှိပ်ခံကောင်းတဲ့နေရာမျိုး မဟုတ်ဘူး၊ ငကြွက်နီကလဲ နှိပ်မပေးနဲ့ကွယ့်၊ မင်းရဲ့ဖခင်ဟာ အကြောကို နားလည်တဲ့ပုဂ္ဂိုလ် ဖြစ်ချင်ဖြစ်မယ်၊ မင်းကတော့ အကြောဆရာ မဟုတ်ဘူး၊ ဖခင် လုပ်ကိုင်တာကို မြင်ဖူးရုံနဲ့ သူတစ်ပါးကို လက်တည့်မစမ်းရဘူး၊ အဆင်မသင့်ရင် အသက်တိုင်အောင် ဒုက္ခပေးနိုင်တယ်ကွယ့်" ဟု မြို့ဝန်မင်းက စိတ်ရှည်လက်ရှည် ပြောဆိုဆုံးမလေ၏။

သွေးသောက်ကြီးနှင့်တကွ အိမ်တော်ဝင်းအတွင်းရှိ စစ်သည်ရဲမက်များသည် ၎င်းတို့အား ဖခင်သဖွယ် အုပ်ချုပ်သော မြို့ဝန်ကြီး၏စကားကို ငြိမ်၍ နားထောင်နေကြလေ၏။

ထို့နောက် မြို့ဝန်ကြီးက. . .

"ငါ့သားတို့. . . မျက်နှာဖြူတွေဟာ ငါတို့ကို စစ်ပြုချင်နေပြီ၊ သူတို့ရဲ့ ကုန်သည်တွေကလဲ ရန်ကုန်မြို့ပေါ်မှာကိုပဲ အတော့်ကို ခြေရှုပ်နေကြပြီ၊ ငါတို့က သူတို့နဲ့ စစ်မဖြစ်ချင်သေးဘူး၊ လက်နက်လူသူ အများကြီး ကွာတယ်၊ အခုနေ ဖြစ်ရရင် ငါတို့ နစ်နာဖို့ ရှိတယ်၊ ဒီအချက်ကို သိတဲ့ မျက်နှာဖြူတွေက ငါတို့ကို စော်ကားနေကြပြီ နေပြည်တော်ကို ပြန်ကြည့်လိုက်တော့လဲ နန်းတွင်းရေးဟာ အတော့်ကိုရှုပ်ထွေးနေပြီ၊ အဲဒီအချက်ဟာ အဘအနေနဲ့ အတော့်ကို ကြေကွဲမိတဲ့အချက်ပဲ၊ အဘ ပြောချင်တာကတော့ အဘတို့ ဖြစ်ချင်သည်ဖြစ်စေ မဖြစ်ချင်သည်ဖြစ်စေ မျက်နှာဖြူတွေကတော့ စစ်မီးကို



www.burmeseclassic.com

www.burmeseclassic.com



စတင်ပြီး မွေးကြတော့မယ်၊ အဲဒီအခါမျိုးမှာ ငါ့သားတို့လို သားကောင်းစစ်သည်တွေက အသက်ကို စွန့်ပြီး ကိုယ့်မြေကြီးကို ကာကွယ်ရလိမ့်မယ်၊ မျက်နှာဖြူတွေဟာ သံတမန်ကိစ္စမှာလဲ အတော့်ကို ရိုင်းပျကြတယ်၊ သာမန် ဆင်းရဲသူ ဆင်းရဲသားကို မပြောနဲ့၊ ငါ့လို မြို့ဝန်မင်းကိုတောင် သူတို့အိမ်မှာ ခိုင်းထားတဲ့ အခိုင်းအစေလို ဆက်ဆံချင်ကြတယ်၊ ဒီအချက်ဟာ ခံပြင်းစရာကောင်းတဲ့အချက်ပဲ၊ ငါတို့လူမျိုးဟာ သူရသတ္တိနဲ့ ပြည့်စုံတဲ့လူမျိုး ဖြစ်တယ်၊ သေရမှာကို နည်းနည်းကလေးမှ ထည့်ပြီး စဉ်းစားတဲ့လူမျိုး မဟုတ်ဘူး၊ သေခြင်းတရားကို ကိုယ်တိုင် ရင်ဆိုင်ရတော့မယ့်အခါ ဖြစ်စေ၊ ကိုယ်နဲ့ ပတ်သက်တဲ့လူတစ်ဦးဦး ရင်ဆိုင်သွားရတဲ့အခါမျိုး ဖြစ်စေ အနိစ္စ သဘောပါလားဆိုပြီး ဖြေသိမ့်နိုင်စွမ်း ရှိတယ်၊ ငါတို့လူမျိုးဟာ အနိစ္စ ဆိုတဲ့စကားနဲ့ ရင်းနှီးပြီးသား ဖြစ်တယ်၊ အနိစ္စဆိုတဲ့ စကားဟာ တစ်နေရာမှာ သေခြင်းတရားကို ဖော်ပြနေတဲ့ စကားဖြစ်တယ်၊ ဒါကြောင့် ငါတို့လူမျိုးဟာ အနိစ္စနဲ့ ရင်းနှီးသလို သေခြင်းတရားနဲ့လဲ မစိမ်းပါဘူး၊ သေမှာကို မကြောက်တဲ့ လူမျိုးတစ်မျိုး ပြပါဆိုရင် ငါတို့မြန်မာလူမျိုးကို ချန်ထားလို့ မဖြစ်ဘူး၊ ဒီလို သူရသတ္တိနဲ့ ပြည့်စုံတဲ့ သေဝံ့တဲ့လူမျိုးကို သင်းတို့ မျက်နှာဖြူတွေက သေနတ်အားကိုးနဲ့ စော်ကားနေတာ အတော့်ကို ခံပြင်းဖို့ကောင်းတယ်၊ ဒါပေမယ့် အခုနေ သင်းတို့နဲ့ စစ်ဖြစ်ရရင် ငါတို့ဟာ လူမျိုးပါ ပျောက်သွားဖို့ ရှိတယ်၊ ဒါကြောင့် အတော့်ကို နေရထိုင်ရကျပ်တဲ့ အခါကို ရောက်နေပြီ၊ ပြီးခဲ့တဲ့နေ့က အဖြစ်အပျက်ကို ကြည့်ကြစမ်း၊ မျက်နှာဖြူသဘော် မာလိန်မှူးဖြစ်တဲ့ ရှက်ပတ်နဲ့ လူဝိတို့ဟာ ငါတို့ တိုင်းပြည်က ထုတ်ထားတဲ့ ဥပဒေကို ချိုးဖောက်တယ်၊ ပြီးတော့ ဒီကောင်တွေဟာ အိန္ဒိယလူမျိုး သင်္ဘောသားနှစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်ခဲ့ကြတယ်၊ အဲဒါနဲ့ ငါက ရေဝန်မင်းကြီးကို ဖမ်းဆီး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ တာဝန်ပေးလိုက်တယ်၊ မနေ့က ရေဝန်မင်းကြီးက သူတို့ကို ရန်ကုန်မြစ်ထဲမှာ ဖမ်းတယ်။ အဲဒါကို သင်းတို့က အဖမ်းမခံဘဲ သင်္ဘော တစ်ယောက်တစ်စီးနဲ့ ထွက်ပြေးသွားကြတယ်၊ ထွက်ပြေးသွားကြတာကလဲ ကြောက်လို့ ပြေးသွားကြတဲ့သဘော မဟုတ်ဘူး၊ ပမာမခန့် လုပ်တဲ့ သဘောမျိုး ပါတယ်၊ အဲဒီတော့ ဒီနှစ်ကောင်ကို ရေဝန်မင်းကြီးက ဖမ်းပေးဖို့ ငါ့ဆီကို အကူအညီ တောင်းတယ်၊ သင်းတို့ သင်္ဘောတွေဟာ ခနောင်တို ချောင်းလက်တက် ခေ်ိပင်တွေကြားမှာ ပုန်းအောင်းနေတယ်ဆိုတာ ငါ သတင်းရထားတယ်၊ သွားပြီး ဖမ်းဖို့က လွယ်ပါတယ်၊ မြို့စောင့်တပ်နဲ့ ဝိုင်းပြီး သေနတ်တွေ အမြောက်တွေနဲ့ ပစ်ဖမ်းရင် ရတယ်၊ သင်းတို့က ကုန်သည်သင်္ဘောတွေပဲ၊ သင်းတို့ သင်္ဘောမှာ အမြောက်မပါပါဘူး၊ ဒါပေမယ့် အဲဒီလို လုပ်လိုက်ရင် စစ်ဖြစ်ချင်နေတဲ့ မျက်နှာဖြူတွေဟာ စစ်ဖြစ်ဖို့ အချက်ရသွားလိမ့်မယ်၊ ဒါကြောင့် ဒီလိုဖမ်းလို့ မဖြစ်ဘူး၊ ငါတို့ဘက်က သေနတ်တစ်ချက် မဖောက်ဘဲ မျက်နှာဖြူမာလိန်မှူး လူ့ဝိနဲ့ ရှက်ပတ်ကို အရှင်ဖမ်းနိုင်မှ ဖြစ်မယ်၊ အဲဒီလို အရှင်ဖမ်းမိတာတောင် သင်းတို့ကို ငါ့အနေနဲ့ ဒဏ်ငွေပဲ အပြစ်ပေးခွင့်ရမှာ၊ သွားဖမ်းရမယ့် မောင်မင်းတို့အဖို့ကတော့ အသက်စွန့်ရလိမ့်မယ်၊ ဒဏ်ငွေလောက် အပြစ်ပေးခံရမယ့် တရားခံတွေကို အသက်စွန့်ပြီး ဖမ်းပေးကြပါလို့ မပြောရက်ဘူး၊ မဖမ်းဘဲ ဒီအတိုင်း ထားရအောင်ကလဲ မဖြစ်နိုင်ဘူး၊ ငါတို့အရှင်သခင် ထုတ်ထားတဲ့အမိန့်၊ ဒီအမိန့်ကို ချိုးဖောက်တဲ့အတွက် ငါတို့က ဆောင်ရွက်ဖို့ တာဝန်ရှိနေတယ်၊ ငါပြောချင်တာကတော့ ဒါပါပဲ" ဟု ရှည်လျားစွာ ပြောလိုက်လေ၏။

မြို့ဝန်ကြီး၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ထင်းရှည်မှူး၍ ထိတ်တုံးခတ်ခံခဲ့ရသော တပ်သားက. . .

"ကျွန်တော်မျိုး ဖမ်းမယ်၊ ကျွန်တော်မျိုး အသေခံမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုးကို ဖမ်းခွင့်ပေးပါ၊ ကျွန်တော်မျိုးကို အသက်စွန့်ခွင့်ပေးပါ" ဟု ပြောလေ၏။

အုတ်တိုင်တွင် ဗိုက်အောင့်၍ မေးနေသော တပ်သားကလည်း 'ဝုန်း'ခနဲ မတ်တတ်ရပ်လိုက်ပြီးလျှင်. . .

"ကျွန်တော်မျိုးကို. တာဝန်ပေးပါ" ဟု တက်ကြွစွာ အော်ဟစ်လိုက်လေ၏။

ထို့နောက် တန်းစီထားသော စစ်သည်ရဲမက် အားလုံးသည် မြို့ဝန်မင်းထံ၌ သေခွင့်ကို အလုအယက် တောင်းဆိုကြကုန်၏။

ဒဂုံသား ငနက်ကျော်သာလျှင် ငြိမ်၍နေလေ၏။ ထိုသို့ ငြိမ်နေသည်ကိုလည်း မြို့ဝန်မင်း ဦးအုပ်သည် ကောင်းစွာ မြင်တွေ့သတိပြုမိလေ၏။ ထို့ကြောင့် မြို့ဝန်မင်း ဦးအုပ်က. . .

"ဟိုး နောက်ဆုံးက ငြိမ်ပြီးနေတဲ့သူငယ်၊ ရှေ့ကို ထွက်ခဲ့စမ်း" ဟု ဆိုလိုက်ရာ ငနက်ကျော်သည် တန်းရှေ့သို့ ကြွေရရ ထွက်လာပြီးလျှင် မြို့ဝန်မင်းအား အရိုအသေ ပေးလိုက်လေ၏။

"မောင်မင်း" ဟု မြို့ဝန်မင်းက စကားစလိုက်ရာ. . .

"ငနက်ကျော်ပါ၊ ဒဂုံမှာ မွေး၊ ဒဂုံသား ငနက်ကျော်ပါ" ဟု ငနက်ကျော်က ပြောလိုက်လေ၏။

"ဒဂုံသားတွေ ဒီလောက် သတ္တိမညံ့ပါဘူးကွာ၊ ဘာကြောင့် မောင်မင်းက ငြိမ်နေရတာတုန်း" ဟု မြို့ဝန်မင်း ဦးအုပ်က စဉ်းစဉ်းစားစား မေးလိုက်လေ၏။

"ဒီလိုပါ မြို့ဝန်မင်း၊ မြို့ဝန်မင်း ပြောတဲ့ကိစ္စဟာ သေဝံ့ရုံတစ်ခုတည်းနဲ့ လုပ်လို့ရတဲ့ကိစ္စမျိုး မဟုတ်ပါဘူး၊ ပရိယာယ်တွေ ဉာဏ်ရည်ဉာဏ်သွေးတွေ အများကြီး အသုံးပြုမှ အောင်မြင်မယ့် ကိစ္စမျိုး ဖြစ်ပါတယ်၊ ပြီးတော့ မျက်နှာဖြူကို ဖမ်းဖို့ကိစ္စမှာ သူ့သတ်ကိုယ်သတ် သတ်လို့လဲ မဖြစ်ဘူး၊ သူ့ကို အရှင်ဖမ်းနိုင်မှ ဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ဒါကြောင့် ဒီကိစ္စမျိုးမှာ မျက်နှာဖြူစကား တတ်တဲ့ ကျွန်တော်မျိုးတို့လို လူမျိုးကို မသုံးလို့ကို ဘယ်နည်းနဲ့မှ မဖြစ်ပါဘူး သုံးကို သုံးရမှာပါ၊ ဒါကြောင့် ဒီမျက်နှာဖြူ လူဝီနဲ့ ရှက်ပတ်ကို ဘယ်လိုများ အရှင်ဖမ်းရမလဲဆိုတဲ့ နည်းလမ်းကို စဉ်းစားနေတဲ့ အတွက် ငြိမ်နေရခြင်း ဖြစ်ပါတယ်၊ သေမှာ ကြောက်လို့ ငြိမ်နေတာ မဟုတ်ပါဘူး၊ သေတာကို တရေးလောက် အိပ်ရတယ်လို့ ထင်တဲ့ လူစားမျိုးထဲမှာ ကျွန်တော်မျိုးလဲ ပါပါတယ်၊ မကြာခင် မြို့ဝန်မင်း ကိုယ်တိုင် တွေ့မြင်ရပါလိမ့်မယ်" ဟု နေကံကျော်က လေးလေးနက် နက် ပြောလိုက်ရာ မြို့ဝန်မင်း ဦးအုပ်က ပြုံးရွှင်သော မျက်နှာ ဖြင့်. . .

"နှစ်ထောင်းအားရဖို့ ကောင်းလိုက်တာ ဒဂုံသားရယ်၊ မင်း ပြောသဟာ မှန်တာပေါ့ကွယ်၊ သေဝံ့တိုက်ဝံ့ရုံနဲ့ လုပ်လို့ဖြစ်တဲ့ကိစ္စမျိုး မဟုတ်ဘူး၊ အကြံဉာဏ်တွေ အများကြီး လိုတယ်၊ အကင်းပါးမှုတွေ အများကြီး လိုတယ်" ဟု မိန့်လိုက်လေ၏။


ထို့နောက် မြို့ဝန်ကြီးသည် သွေးသောက်ကြီး မောင်ဂျင်း အား အနီးသို့ ခေါ်ယူ၍ မာလိန်မှူး ရှက်ပတ်နှင့် လူဝီအား ဖမ်းဆီးရာ၌ မည်သို့မည်ပုံ ဖမ်းဆီးခဲ့လိုကြောင်း သဘောထားကို ပြောပြ၍ ၎င်း၏ စစ်သည်ရဲမက်များကို နှုတ်ဆက်ကာ အိမ်တော် ပေါ်သို့ ပြန်၍တက်သွားလေတော့၏။

...၀၀၀...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လက်မှာကို ရှောင် ဖြတ်တောက်နည်းကို သုံး

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ငါးရက်ခန့် ကြာသောအခါ၌ လှေကလေးတစ်စင်းသည် ရန်ကုန်မြစ်ကို ဖြတ်၍ ရေစီးအတိုင်း မျောနေလေ၏။

လှေဦး၌မူ တင်ကျီးငှက်နှစ်ကောင်သည် ရေပြင်ကို ငုံ့ကြည့်လျက် လိုက်ပါခဲ့လေ၏။ လှေသမားသည် လွန်စွာကြီးမားသော ခမောက်အဝိုင်းကြီးကို ဆောင်းလျက် လှေ၏ပဲ့၌ ထိုင်ကာ လှော်ခတ်ခြင်း မပြုဘဲ တက်ကလေးဖြင့် ပဲ့ရိုးသာပဲ့၍ လိုက်ပါသွားလေ၏။

တစ်နေရာသို့ ရောက်လျှင် လှေဦးမှ တင်ကျီးငှက် နှစ်ကောင်သည် ရေထဲသို့ စွပ်ခနဲ ထိုးဆင်း၍ ငုပ်သွားလေ၏။ တအောင့်မျှကြာလျှင် ထိုတင်ကျီးငှက်နှစ်ကောင်သည် ရေပေါ်သို့ ပြန်၍ ပေါ်လာကြ၏။

၎င်းတို့၏ နှုတ်သီးများတွင်လည်း ငါးအရှင်တစ်ကောင်စီ ကိုက်လျက်သား ပါ၍လာလေ၏။ ငါးများသည် ဖျပ်ဖျပ် လူ့ပ်



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိလေ၏။ တင်ကျီးငှက် နှစ်ကောင်သည် လှေပေါ်သို့ ပျံတက်ကာ လှေ၏ ဝမ်း၌ရှိသော ငါးပလိုင်းအတွင်းသို့ လာ၍ထည့်လေ၏။

ထိုအခါ လှေသမားက အသားထွင်၍ထားသော ငါးဆုပ်လုံးကလေးနှစ်လုံးကို သူ၏ တင်ကျီးငှက်များဆီသို့ ပစ်ပေးလိုက်ရာ တင်ကျီးငှက်များသည် ထိုငါးဆုပ်လုံးကလေးများကို တစ်လုံးစီ ကောက်၍ မျိုလိုက်လေတော့၏။

ထို့နောက် လှေဦး၌ နားကာ ရေပြင်ကို ငုံ့ကြည့်ရင်း လှေနှင့် လိုက်ပါခဲ့ကြပြန်၏။ တစ်နေရာသို့ အရောက်တွင် ယခင်အတိုင်း ရေအောက်သို့ စွပ်ခနဲ ထိုးဆင်းကြပြန်၏။ ငါးအရှင် တစ်ကောင်စီ ကိုက်၍ ရေပေါ်သို့ ပြန်တက်လာကြပြန်၏။ ပလိုင်းအတွင်းသို့ ငါးများ လာ၍ထည့်ကြပြန်၏။

ခမောက်အဝိုင်းကြီး ဆောင်းထားသော လှေသမားက ငါးဆုပ်လုံးကလေး နှစ်လုံး ကျွေးလိုက်ပြန်၏။ ထိုအခါ တင်ကျီးငှက် နှစ်ကောင်သည် လှေဦး၌ နား၍ ရေပြင်ကို ငုံ့ကြည့်ကြပြန်၏။

ခမောက် အဝိုင်းကြီး ဆောင်းထားသော လှေသမားမှာ တင်ကျီးများကို ငါးဖမ်းခိုင်းသော ထူးဆန်းသည့် တံငါသည်တစ်ဦး ဖြစ်၏။

ထိုတံငါလှေအနီးသို့ အခြားသော လှေကလေးတစ်စီး ရောက်လာလေ၏။ ထိုလှေပေါ်၌ကား လူသုံးယောက် ပါ၏။ ထိုလူသုံးယောက်တို့သည် တင်ကျီးကို အသုံးပြု၍ တံငါလုပ်ငန်းကို လုပ်နေသော ခမောက်အဝိုင်းကြီးနှင့် တံငါသည်ကို ကြည့်ရှုကြလေ၏။

လူသုံးယောက် ပါသောလှေမှ ပဲ့တွင် ထိုင်၍ လှေကို ပဲ့ကိုင်၍ လိုက်လာသောသူက ထားဝယ်သံ ခပ်ဝဲဝဲဖြင့်. . .

"ဟန်ကျလိုက်တာ၊ လူက ဘာမှ လုပ်စရာမလိုဘူး တင်ကျီး



www.burmeseclassic.com

www.burmeseclassic.com



တွေက ငါးဖမ်းပေးတယ်၊ ပလိုင်းထဲတောင် လာပြီး ထည့်ပေးသေး ရဲ့၊ အတော့်ကို ဆန်းတာ" ဟု ရေရွတ်လိုက်ပြီးနောက် ထူးဆန်း သော တံငါသည်အား အသံကျယ်ကြီးဖြင့်. . .

"ဗျို့. . . ရောင်းရင်းကြီး၊ တင်ကျီးတွေကို အခုလောက် ယဉ်အောင် ဘယ်လိုလုပ်များ သင်ပေးထားသလဲ" ဟု လှမ်း၍မေး လိုက်ရာ ခမောက်အဝိုင်းကြီးနှင့် လူက လှည့်၍မကြည့်ဘဲ. . .

"အာဖျန်. . . အာဖျန်" ဟု ပြန်၍ အော်ပြောလိုက်လေ၏၊ ထိုအခါ လူသုံးယောက် ပါသောလှေမှ လှေဦးတွင် လိုက်ပါလာသော လူက မျက်နှာထိ မျက်နှာထားနှင့်. . .

"ဟေ့ကောင် ထားဝယ်သား၊ ပါးစပ်ဆော့လှချည်လား၊ ငါတို့ အခုသွားရမှာက အပျင်းပြေ လှေလျှောက်စီးတာ မဟုတ်ဘူး၊ ရန်သူ ကို အလစ် ဝင်တိုက်ခိုက်ဖို့ သွားကြတာ၊ စစ်သဘောကို ယဉ်ပါးမှ ပေါ့ကွ" ဟု လှမ်း၍ငေါက်လိုက်ရာ ပါးစပ်ဆော့မိသောသူက. . .

"ဟုတ်ပါတယ် သွေးသောက်ကြီး၊ ကျုပ်မှားသွားပါတယ်" ဟု တောင်းပန်လိုက်လေ၏။

ထိုအခါ လှေဝမ်းတွင် ရေပက်ရင်း လိုက်ပါလာသူက. . .

"သူက အာဖျန် အာဖျန်လို့ ပြန်ပြီးအော်တယ်၊ ဘာအဓိပ္ပာယ်လဲ သွေးသောက်ကြီး" ဟု မေးလိုက်လေ၏။

"အာဖျန်ဆိုတာ တရုတ်လို ဘိန်းကို ပြောတာကွ၊ တင်ကျီး တွေကို ဘိန်းကျွေးပြီး ယဉ်အောင် လုပ်ထားတယ်ပေါ့ကွာ၊ အဲဒါက အရေးမကြီးပါဘူး၊ သတိဟာ သိပ်ပြီး အရေးကြီးတယ်၊ သတိကို လက်မလွှတ်ကြစေနဲ့၊ မင်းတို့ငါတို့ အခုလုပ်ရမယ့်အလုပ်ဟာ နိုးနိုး စစ်တိုက်ရမယ့်အလုပ်မျိုး မဟုတ်ဘူးကွ၊ ရန်သူကို အလစ်ဝင်ပြီး စီးရမှာ၊ နေရာတကာမှာ သိုသိုသိပ်သိပ် ကျစ်ကျစ်လစ်လစ် ရှိဖို့ လိုတယ်၊ ရှေ့ကဟာ ခနောင်တိုချောင်းပဲ၊ ချောင်းထဲကို ဝင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ပထမဆုံး လှေကို ကပ်ထားမယ်”ဟု လှေဦးမှ သွေးသောက်ကြီးဆိုသူက ပြောလိုက်လေ၏။

ထိုလှေ၌ကား သွေးသောက်မောင်ဂျင်း၊ ထားဝယ်သားငနက်ကျော်နှင့် ငတတ်ဆိုသည့် မြို့တော်ဝန် ဦးအုပ်၏ လက်ရွေးစင် စစ်သည်ရဲမက်သုံးဦး ပါ၏။ မျှားမကြာမီ၌ သွေးသောက် မောင်ဂျင်းတို့၏ လှေကလေးသည် ချောင်းလက်တက်ကလေး အတွင်းသို့ ဝင်သွားကြလေတော့၏။

ထို့နောက် ရေစပ်တွင် ပေါက်နေသော သစ်ပင်အုပ်အုပ်ကြီးအောက်၌ နေရာယူလိုက်ကြလေတော့၏။ ထိုသို့ နေရာယူလိုက်ပြီးနောက် သွေးသောက်မောင်ဂျင်းက. . .

“ငါတို့လှေကို ဒီမှာ တစ်နေကုန် ကပ်ထားရမှာပဲ၊ ညနေစောင်းမှ ချောင်းလက်တက်က ထွက်ပြီး ချောင်းမကြီးအတိုင်း မျှောချရမယ်၊ မျက်နှာဖြူတွေရဲ့ သင်္ဘောဟာ ချောင်းဝဆုံနဲ့ သိပ်မဝေးတဲ့ နေရာမှာ ရှိတယ်” ဟု ပြောလိုက်လေ၏။

ထိုအခါ ငတတ်က. . .

“နေပါဦး သွေးသောက်ကြီးရဲ့၊ မကြာခင် တိုက်ပွဲဝင်ကြရတော့မှာပါ၊ အဲဒီမှာ သေချင်လဲ သေကြရမယ်၊ သေတာ မသေတာက အကြောင်းမဟုတ်ပါဘူး၊ အဲဒီ မျက်နှာဖြူ သင်္ဘောနှစ်စင်းနဲ့ ကျုပ်တို့ မြန်မာတွေနဲ့ ဘယ်လိုဖြစ်ကြတယ် ဆိုတာတော့ သဲသဲကွဲကွဲ သိသွားချင်တယ်၊ ပြောပြစမ်းပါဦး” ဟု မေးလိုက်လေ၏။

“ဒီလိုပါကွာ၊ ပြီးခဲ့တဲ့နှစ် ဝါဆိုလောက်မှာ မိုးနတ် (Monarch) ဆိုတဲ့ သင်္ဘောကို ရောဘတ်ရှက်ပတ်ဆိုတဲ့ မာလိန်မှူးက မော်လမြိုင်ကနေ ရန်ကုန်ဘက်ကို မောင်းလာတယ်၊ အဲဒီသင်္ဘောမှာ သင်္ဘောသားအဖြစ် လိုက်ပါတဲ့ စစ်တကောင်းလူမျိုး ‘ဟာရှင်’ ဆိုတဲ့ သင်္ဘောသားက သူ့ညီကို မာလိန်မှူးက သေနတ်နဲ့ ပစ်ပြီး

www.burmeseclassic.com



ရေထဲ တွန်းချ သတ်ပစ်ခဲ့တယ်လို့ ငါတို့ မြို့ဝန်မင်းကြီးဆီကို တိုင်တန်းတယ်ကွယ့်၊ အဲဒီမှာ တိုင်တန်းချက်နှစ်ခု ပါတယ်၊ စောစောက ပြောတဲ့ 'ဟာဂျင်'ဆိုတဲ့ တကောင်းလူမျိုးဟာ ညီတစ်ယောက် အသတ်ခံရသလို ငွေငါးရာလည်း အခိုးခံရသေးတယ်ဆိုပဲ၊ ငွေငါးရာ အခိုးခံရတဲ့ အကြောင်းကိုတော့ ဟာဂျင်က တိုင်တာမဟုတ်ဘူး၊ 'ဒီဝမ်အလီ'ဆိုတဲ့ စစ်တကောင်း တစ်ယောက်က တိုင်တာ၊ အဲဒီ တိုင်စာတွေရပြီး ဝါခေါင်လလောက်မှာပဲ 'ဟာရိုလူဝီ' (Harold Lewis) ဆိုတဲ့ မာလိန်မှူးဟာ ချန်ပီယံ (Champian) ဆိုတဲ့ သင်္ဘောနဲ့ ရန်ကုန်မြို့ကို ဆိုက်ကပ်လာတယ်၊ အဲဒီသင်္ဘောရဲ့ မာလိန်မှူးဟာလဲ သင်္ဘောသား တစ်ယောက်ကို သေနတ်နဲ့ သတ်ပစ်တယ်လို့ သူ့ရဲ့သင်္ဘောသား တစ်ယောက်ကပဲ ငါတို့ မြို့ဝန်ကြီးကို တိုင်ပြန်တယ်၊ အဲဒါကြောင့် ငါတို့ မြို့ဝန်ကြီးက ရေဝန်ကြီးကို ဖမ်းဆီးခိုင်းပြီး ဒဏ်ရိုက်ဖို့ တာဝန်ပေးခဲ့တယ်၊ သင်္ဘောနှစ်စင်းကိုလဲ ဆိပ်ကမ်းက (၈)ရက်တိတိ ခွာခွင့်မပေးဖို့ အမိန့်ပေးခဲ့တယ်၊ ဒဏ်ငွေဆိုတာကလဲ များများစားစား မဟုတ်ပါဘူး၊ ပထမ သင်္ဘော မာလိန်မှူးကို ငွေ(၁၀၀၅)ကျပ်၊ ဒုတိယ သင်္ဘောရဲ့ မာလိန်မှူးကို ငွေကျပ် (၇၀၀)၊ ဒါကလေးပါပဲကွာ၊ အဲဒါကို သူတို့က ဒဏ်ရိုက်လဲ မခံဘူး၊ အဖမ်းလဲ မခံဘူး၊ ဆိပ်ကမ်းက ခွာသွားကြတယ်၊ ဆိပ်ကမ်းက ခွာတာလဲ အပြီးအပိုင်ခွာပြီး မလာတော့ရင် အကောင်းသား၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ လိုက်တမ်းပြေးတမ်း ကစားသလို ရန်ကုန်မြစ်ရိုး တစ်လျှောက်မှာ လျှောက်ပြီး ပြေးနေကြတယ်၊ အဲဒါကို ငါတို့ မြို့ဝန်မင်းကြီးနဲ့ ရေဝန်မင်းကြီးက မကျေနပ်တာပဲ၊ သင်းတို့ လုပ်ပုံဟာ ငါတို့လူမျိုး အရှင်သခင်၊ အဲဒီ အရှင်သခင် ထုတ်ပြန်ထားတဲ့ အမိန့် စည်းကမ်းနဲ့ အဲဒီ အရှင်သခင်က ခန့်အပ်ထားတဲ့ ရေဝန်၊ မြို့ဝန်ဆိုတဲ့ ငါတို့ အကြီးအကဲတွေကို နည်းနည်းကလေးမှ ဂရုမစိုက်

www.burmeseclassic.com



တဲ့ သဘောပဲ၊ အရေးမထားတဲ့သဘောပဲ၊ ဒါကြောင့် ငါတို့ တိုက်ကြရမယ့် တိုက်ပွဲဟာ ငါတို့လူမျိုးရဲ့ ဂုဏ်သိက္ခာတိုက်ပွဲပဲ၊ ငါတို့အသက်သေချင်သေပါစေ၊ မျက်နှာဖြူ မာလိန်မှူးနှစ်ကောင်ကိုတော့ လက်ပြန်ကြိုးတုပ်ပြီး ငါတို့ရဲ့ မြန်မာအကြီးအကဲတွေဆီမှာ အပ်နှံနိုင်ရမယ်၊ ငါတို့ မြန်မာအကြီးအကဲတွေက သင်းတို့ကို အပြစ်ဒဏ် ပေးနိုင်ရမယ်၊ အဲဒီအပြစ်ဒဏ်ဟာ အကြောင်းကြောင်းကြောင့် လျှော့ပေါ့ သက်သာချင် သက်သာလိမ့်မယ်၊ ဒါပေမယ့် မြန်မာ့ပိုင်နက်အတွင်း မြန်မာ့ အရေးယူပိုင်ခွင့် ရှိတဲ့ နယ်ပယ်အတွင်းမှာ မြန်မာလူမျိုး အရှင်သခင်က ထုတ်ပြန်ထားတဲ့ ဥပဒေ စည်းကမ်းကို ချိုးဖောက်တဲ့ မျက်နှာဖြူတွေကို ငါတို့ မြန်မာအကြီးအကဲတွေက အပြစ်ပေးနိုင်လိုက်တယ်ဆိုတာ အရေးကြီးဆုံးပဲ၊ ဒါဟာ ငါတို့လူမျိုးရဲ့ ဂုဏ်သိက္ခာ၊ ငါတို့ စစ်သည်ရဲမက်တွေရဲ့ ဂုဏ်သိက္ခာပဲ မဟုတ်လား" ဟု သွေးသောက် မောင်ဂျင်းက ရှင်းပြလိုက်လေတော့၏။

BURMESE CLASSIC

ထိုအခါ ထားဝယ်သားနှင့် တေတတ်တို့သည် "မှန်ပါတယ် သွေးသောက်ကြီး" ဟု ပြိုင်တူ ဖြေလိုက်ကြလေ၏။

ထို့နောက် တေတတ်က. . .

"ဒါနဲ့ သွေးသောက်ကြီး၊ ကျုပ်တို့ အခု စွန့်စားရမယ့်ကိစ္စမှာ ဒဂုံသားတစ်ယောက် မပါပါလား" ဟု စူးစမ်းသော လေသံဖြင့် မေးလိုက်လေ၏။

"စစ်သဘောမှာ အဲဒါ အရေးအကြီးဆုံးပဲ တေတတ်ရေ၊ တစ်ခုမှာ မင်းကို သိခွင့်ပေးနိုင်ပေမယ့် အခြားကိစ္စတစ်ခုမှာ သိခွင့် မပေးနိုင်တာမျိုးလဲ ရှိသေးတယ်၊ စစ်တိုက်တယ်ဆိုတာ အစဉ်သဖြင့် စစ်မြေပြင်မှာ ပေါ်ပေါ်ထင်ထင်ကြီး တိုက်ခိုက်ရတာမျိုး မဟုတ်ဘူး၊ လျှို့ဝှက်ပြီး တပ်ရွှေ့ရတယ်၊ လျှို့ဝှက်ပြီး လက်နက်သယ်ရတယ်၊ လျှို့ဝှက်ပြီး ရန်သူ့သတင်း ထောက်လှမ်းရတယ်၊ သူလျှိုဒလန်အ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တွေကိုလဲ လျှို့ဝှက်ပြီး လုပ်ရတာလဲ ရှိသေးတယ်၊ အဲဒီလိုဟာမျိုး တွေမှာ လိုအပ်တဲ့လူကိုပဲ အသိပေးပြီး ကျန်တဲ့သူကို အသိမပေးဘဲ ထားရတယ်၊ အဲဒါကို သဘောပေါက်ရမယ်၊ လျှို့ဝှက်တဲ့လုပ်ငန်းလေး တစ်ခုအတွက် ငါတို့ တပ်မတော်မှာ ရှိတဲ့ စစ်သည်ရဲမက်တွေ အားလုံးကို အသိပေးဖို့ မလိုဘူးကွ၊ အဲဒီကိစ္စမှာ ရဲမက်ငါးဦးကို အသုံးပြုမယ်ဆိုရင် အဲဒီငါးဦးကိုပဲ အသိပေးထားရတယ်၊ တစ်ခါ အဲဒီငါးဦးကို တောင်မှ အချင်းချင်းတောင် သိခွင့်မပေးရတာမျိုးလဲ ရှိသေးတယ်၊ ဖြတ်၊ တောက်၊ စေ၊ လွတ်နည်းပေါ့ကွာ၊ အဲဒီနည်းကို မသုံးရင် စစ်သတင်းတွေဟာ လက်ဖွာဖြစ်သွားမယ်၊ စစ်သတင်းတစ်ခု လက်ဖွာသွားရင် အန္တရာယ်ဟာ သိပ်ကြီးမားတယ်၊ ဒါကြောင့် မင်းတို့ရဲ့ ရောင်းရင်း ဒဂုံသား ငနက်ကျော်ကို မင်းတို့နဲ့ ခွဲပြီး ဘယ်လို တာဝန်မျိုး ပေးထားတယ်ဆိုတာ ငါ့အနေနဲ့ မပြောနိုင်ဘူး၊ အရေးကြီးတဲ့ စစ်ရေးမက်ရေး လုပ်ငန်းတွေကို လုပ်ကိုင်တဲ့အခါမှာ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စတွေ မသိချင်ပါနဲ့ကွာ၊ မိမိတပ်ရဲ့ လှုပ်ရှားမှုတွေနဲ့ ပတ်သက်လို့ မျက်စိတွေ ပိတ်ထားပါ၊ အထူးသဖြင့် ပါးစပ်တွေ ပိတ်ထားပါ" ဟု သွေးသောက် မောင်ဂျင်းက သူ၏ လက်အောက်ငယ်သားတစ်ဦး ဖြစ်သော ငတတ်အား ဆုံးမလိုက်လေ၏။

ထိုအချိန်မှာပင် ၎င်းတို့ ဝင်ရောက် ခိုအောင်းနေသော ချောင်းလက်တက်ကလေး၏ အခြားတစ်ဖက်မှ ရေသံကို ကြားလိုက်ရသဖြင့် သွေးသောက် မောင်ဂျင်းသည် ခါးပုံစအတွင်းမှ ဝှက်၍ယူလာသော သေနတ်ကို ဆွဲထုတ်၍ ချိန်ရွယ်လိုက်လေ၏။ အသံကြားလိုက်ရသောနေရာနှင့် ၎င်းတို့ လှေရှိသောနေရာ၏ အကြားတွင် ခရာဆူးချုံကြီးနှစ်ချုံ ရှိလေ၏။ ထားဝယ်သားသည် လှေကို ထိုး၍ ဆစ်ပင်ကြီးနှင့် ကွယ်လိုက်လေ၏။ ငတတ်မှာမူ သစ်ကိုင်းကိုကို ခို၍ သစ်ပင်ခွဆုံသို့ လှမ်း၍တက်လိုက်ပြီးလျှင် ခါးကြား သေနတ်ကို

www.burmeseclassic.com



ထုတ်၍ နေရာယူလိုက်လေ၏။ ထို့နောက် များမကြာမီအချိန်၌မှာ ပင် စောစောက အသံကြားရသောနေရာဆီမှ "မိကျောင်း"ဟု အသံ ပေးလိုက်လေ၏။

ထိုအခါ သွေးသောက် မောင်ဂျင်းက. . .

"ဘာမိကျောင်းလဲ" ဟု လှမ်း၍မေးလိုက်လေ၏။

"နတ်မိကျောင်း" ဟု တစ်ဖက်မှ ပြန်၍ပြောလိုက်လေ၏။

ထိုအခါ သွေးသောက် မောင်ဂျင်းက. . .

"မိကျောင်းဆိုရင် မုဆိုးလာမယ်" ဟု ပြောရာ တစ်ဖက် မှ. . .

"ဘာမုဆိုးလဲ" ဟု ပြန်၍မေးလေ၏။

ထိုအခါ သွေးသောက် မောင်ဂျင်းက. . .

"ရေမုဆိုး" ဟု ပြန်၍ဖြေလိုက်လျှင် ခရာချုံကြီးတစ်ခု နောက်မှ လှေကလေးတစ်စင်းသည် မောင်ဂျင်းတို့အနီးသို့ စွေ့ခနဲ ရောက်လာလေ၏။ လှေပေါ်၌ကား ဒူးလေးကို အဆင်သင့် ချိန်ရွယ် ထားသော တရင်အမျိုးသားနှစ်ဦး၊ ငှက်ကြီးတောင်ဓားကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားသော မြန်မာတစ်ဦးနှင့် ဓားမြှောင်ကို ပါးစပ်မှ ကိုက်ကာ လှေပဲ့မှ လှော်၍ပေးလာသော မွန်အမျိုးသား လူငယ်တစ်ဦး ပါရှိလေ၏။

ငှက်ကြီးတောင်ဓား ကိုင်ထားသော မြန်မာက မောင်ဂျင်း အား. . .

"သွေးသောက်ကြီး" ဟု လှမ်း၍ နှုတ်ဆက်လိုက်လေ၏။

သွေးသောက် မောင်ဂျင်းကလည်း ပြန်၍နှုတ်ဆက်ပြီး နောက်. . .

"လုပ်စမ်းပါဦး၊ သတင်း. . . သတင်း" ဟု မေးလိုက်လေ ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ငှက်ကြီးတောင်မားနှင့် လူက. . .

"မသက်ာစရာ ကောင်းတာတော့ တံငါသည် တစ်ယောက်ပဲဗျ၊ တင်ကျီးနှစ်ကောင်နဲ့ ငါးဖမ်းနေတဲ့ တံငါသည်ပဲ၊ မျက်နှာဖြူသင်္ဘောနဲ့ အဆက်အသွယ် ရှိတယ်၊ မျက်နှာဖြူတွေကို သူ့ငါးတွေသွားပြီးပို့တယ်၊ မျက်နှာဖြူတွေကလဲ ငွေစနဲ့ အဝတ်အထည်တွေပေးတယ်၊ ဒီမနက်အစောကြီးမှာတောင် အဲဒီ တံငါသည်ကို တွေ့သေးတယ်၊ ဟောဒီ ဖားလူကျော်ကြီးက ဒူးလေးနဲ့ ပစ်သတ်မယ် တကဲကဲ လုပ်နေလို့ ကျုပ်က ဆွဲထားရတယ်၊ သွေးသောက်ကြီးက မှာထားတယ် မဟုတ်လား၊ အမိန့်တစ်စုံတစ်ရာ မရမချင်း ဘယ်သူ့ကိုမှ သတ်ဖြတ်လား၊ ပစ်လားခတ်လား မလုပ်ရဘူး ဆိုတာလေ" ဟု ငှက်ကြီးတောင်မားနှင့် လူက လှမ်း၍ပြောရာ သွေးသောက်ကြီး မောင်ဂျင်းက. . .

"ဟုတ်တာပေါ့ ကိုရင်ရွှေကြီးရယ်" ဟု ပြန်၍ပြောလိုက်လေ၏။

"မျက်နှာဖြူတွေဆီမှာက အဝေးကြည့်တဲ့ စိန်မျက်လုံး ပါတယ်၊ ဒါကြောင့် သူတို့ သင်္ဘောနားလဲ သိပ်ပြီးမကပ်နိုင်ဘူး၊ အဝေးကနေပဲ သူတို့ အရိပ်အခြေကို စောင့်ကြည့်နေရတာ၊ သွေးသောက်ကြီး ဘာခိုင်းချင်လို့လဲ၊ အတင်းဝင်ပြီး တရမန်းကြမ်း တိုက်ဆိုရင် ကျုပ်တို့က အဆင်သင့်ပဲ၊ ရွာမှာ ရှိတဲ့ လှေတွေ သမ္ဗာန်တွေကိုလဲ အရေးကြုံရင် သုံးရအောင် အဆင်သင့် လုပ်ထားတယ်" ဟု ရွှေကြီးက ပြောလိုက်ရာ သွေးသောက် မောင်ဂျင်းက. . .

"မလိုသေးဘူး၊ ဒီနေ့ တစ်နေ့လုံးတော့ ကျုပ်တို့ ဒီချောင်းလက်တက်ထဲမှာပဲ နေရလိမ့်မယ်၊ သန်းခေါင်ကျော်ရင်တော့ လုပ်ငန်း စဖြစ်ပါလိမ့်မယ်၊ အဲဒီအခါမှာ ကျုပ်တို့လှေက မီးတုတ်နဲ့ အချက်ပြမယ်၊ ကိုရင်ရွှေကြီးတို့က အဲဒီမီးရောင်ကို မြင်ရင် ကိုရင်တို့



www.burmeseclassic.com

www.burmeseclassic.com



လူစု ဝှက်ထားတဲ့ လှေတပ်၊ သမ္ဗာန်တပ်တွေနဲ့ သင်္ဘောကို ဝိုင်းပေတော့၊ လှေတိုင်း လှေတိုင်းမှာ မီးတုတ်ပါရမယ်၊ ကျုပ်တို့ဆီက မီးရောင်မြင်တာနဲ့ ကိုရင်ရွှေကြီးတို့လှေက မီးတုတ်ထွန်းရမယ်၊ ကိုရင်ရွှေကြီးကလဲ ကျန်တဲ့လှေတွေကို အဲဒီအတိုင်း ညွှန်ကြားထားပေါ့၊ ညနေ နေဝင်ရင် ကျုပ်တို့ နေရာရွှေ့မယ်၊ မျက်နှာဖြူသင်္ဘောနဲ့ နီးနိုင်သမျှ နီးအောင်ကပ်မယ်၊ ကဲ. . . ခင်ဗျားတို့လဲ သွားပြီး စီစဉ်ကြပေတော့" ဟု သွေးသောက် မောင်ဂျင်းက ပြောလိုက်ရာ ဓားမြှောင်ကို ပါးစပ်ဖြင့် ကိုက်၍ လှေပဲ့မှ တက်ကို ကိုင်ထားသော မွန်အမျိုးသားလူငယ်က လှေကို စွေ့ကနဲ နောက်ဆုတ်သွားရန် ပြုလုပ်လေ၏။ ထိုအခါ ဒူးလေးကြီးကို ကိုင်မြှောက်ထားရသော ကရင်အမျိုးသားကြီး ဖားလူကျော်က. . .

"ဝေး. . . ငါက အခု သတ်ရမယ် အောက်မေ့နေတာ၊ သန်းခေါင်ကျော်မှဆိုတော့ ငါ တဲကို ခဏပြန်ပြီး ဖလံတောင်ဝှေးနဲ့ ငါးပိဖုတ်နဲ့ ထမင်းတစ်နပ် ကောင်းကောင်းကြီး စားဖို့ အချိန်ရသေးတာပေါ့လကွယ်" ဟု အားရပါးရကြီး ပြောလိုက်ရာ သွေးသောက် မောင်ဂျင်းက ကွန်ခြေရရ ပြုံးလိုက်လေ၏။ ထို့နောက် ငရွှေကြီးတို့၏ လှေကလေးသည် ချောင်းလက်တက်အတိုင်း ချုံကြိုချုံကြားမှ ပျောက်ကွယ်သွားလေတော့၏။

ထိုအခါ ငတတ်က. . .

"သွေးသောက်ကြီး သူတို့က ဘယ်သူတွေလဲဗျ၊ ဘယ်တုန်းက ဒီချောင်းလက်တက်ထဲ ရောက်နေကြတာတုန်း" ဟု စပ်စုလိုက်လေ၏။

"အဲဒါ စောစောက ငါပြောတဲ့ ဖြတ်တောက်နည်းကို သုံးထားတဲ့ ငါတို့လူတွေပေါ့ကွာ၊ ဒါပေမယ့် သူတို့ဟာ တပ်မတော်က မဟုတ်ကြဘူး၊ ငါတို့ တပ်မတော် ဆိုတာလည်း အခုလို ဘုရားသတ္တိနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံပြီး တိုင်းပြည်ကို ကာကွယ်ချင်တဲ့ ရပ်သူရွာသားတွေ မပါရင် ဘာမှ လုပ်လို့မရဘူး၊ ဒီချောင်းထဲမှာ မျက်နှာဖြူတပ်သားတွေ လာပုန်းနေတယ်ဆိုတာလည်း သူတို့ပဲ သတင်းပေးတာပဲ၊ ဒီလူတွေဟာ တစ်ခါတစ်ရံမှာ တပ်ထဲက လူတွေထက်တောင် တိုက်ပွဲမှာ သုံးလို့ရတာ ရှိတယ်၊ သူတို့လည်း လိုအပ်ရင် အသက်ကို စွန့်ကြရတယ်၊ သူတို့ကမှ ပိုပြီး လေးစားဖို့တောင် ကောင်းသေးတယ်၊ ငါတို့တွေမှာ ကြိုးစားရင် ကြိုးစားသလောက် အရာထင်တယ်၊ ရာထူးဌာနန္တရလည်း ကြီးမြင့်နိုင်တယ်၊ သင်းတို့ခမျာမှာတော့ ဒီလိုမဟုတ်ဘူး၊ ဘာရာထူးမှလည်း တက်စရာ မရှိဘူး၊ အသက်ကို စွန့်သွားကြရတဲ့ တိုင်အောင်လည်း ဘယ်သူကမှ မှတ်တမ်းမတင်ကြဘူး၊ ရာဇဝင်သမိုင်းဆိုတာ ဒီလို မှတ်တမ်းမတင် ကမ္ပည်းထိုးခြင်း မခံရတဲ့ ရွက်ပုန်းသီး သူရဲကောင်း အာဇာနည်တွေရဲ့ အသက်တွေ သွေးတွေနဲ့ တည်ဆောက်ထားတာ ဖြစ်တယ်" ဟု သွေးသောက်မောင်ဂျင်းက ပြောလိုက်လေ၏။

ထားဝယ်သားကြီးနှင့် ငတတ်တို့သည် ၎င်းတို့သွေးသောက်ကြီး ပြောသည်ကို စိတ်ဝင်စားစွာ နားထောင်နေကြလေ၏။ ထို့နောက် ၎င်းတို့ သုံးဦးသည် အနီးရှိ သစ်ပင်များပေါ်သို့ တက်ကာ အိပ်စက်နေကြလေ၏။

နေဝင်သွားသည့်အခါ၌မူ သစ်ပင်ပေါ်မှ ဆင်း၍ လှေပေါ်သို့ တက်ကြလေ၏။ ချောင်းရေများဖြင့် မျက်နှာသစ်ကြလေ၏။ ထို့နောက် ချောင်းလက်တက်အတွင်းမှ ထွက်ကာ ချောင်းမကြီးနံဘေးတွင် ပေါက်ရောက်နေသော ဓနိပင်များကို အကာအကွယ်ယူ၍ မျက်နှာဖြူ စစ်သင်္ဘောများနှင့် နီးနိုင်သမျှ နီးရာဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားကြလေတော့၏။

ထိုညမှာ လမိုက်သောည ဖြစ်သဖြင့် လောကဓာတ် တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး မည်းမှောင်နေလေ၏။ သို့ရာတွင် မျက်စိရှင်၍ မျက်စိစူးသော သွေးသောက်မောင်ဂျင်းတို့လို စစ်သည်တော်တို့အဖို့မှာမူ ကောင်းကင်မှ မှုန်တိမှုန်ဝါး ကြယ်ရောင်ကလေးများနှင့်ပင် ရန်သူ၏ အခြေအနေကို ကောင်းစွာ ကြည့်ရှု အကဲခတ်နိုင်လေ၏။

လှေကလေးသည် ဓနိပင်များ၏ မှောင်ရိပ်ကို အကာအကွယ်ယူ၍ ရွှေ့ကပ်သွားရာ တစ်နေရာသို့ အရောက်တွင် တေတ်က. . .

"သွေးသောက်ကြီး. . . ဟိုမှာ သစ်ရွက်တွေ သစ်ကိုင်းတွေ အုပ်ထားတာ မျက်နှာဖြူသင်္ဘောတွေ မဟုတ်လား" ဟု လေသံဖြင့် မေးလိုက်လေ၏။

"အေး. . . ဟုတ်တယ်၊ ချောင်းလက်တက်တစ်ခုကို ဖင်ထိုးပြီး ဆိုက်ကပ်ထားကြတယ်၊ ဒီဘက်ကဟာက မိုးနတ်ဆိုတဲ့သင်္ဘောကွ၊ ဟိုဘက်ကဟာ ချန်ပီယံဆိုတဲ့သင်္ဘော" ဟု သွေးသောက်ကြီး မောင်ဂျင်းက ခပ်တိုးတိုး ဖြေလိုက်လေ၏။

"မှောင်ကြီးထဲမှာ သွေးသောက်ကြီး ဘယ်လိုလုပ် ခွဲခြားပြီး သိနိုင်သလဲ" ဟု တေတ်က ပြန်၍မေးလိုက်လေ၏။

"မိုးနတ်က တန်ချိန်(၁၂၀)ပဲ ရှိတဲ့ အသေးစားကွ၊ ချန်ပီယံက တန်ချိန်(၄၁၀)တောင် ရှိတဲ့ အကြီးစားကြီး" ဟု သွေးသောက်မောင်ဂျင်းက ပြန်၍ပြောလိုက်လေ၏။

"သွေးသောက်ကြီးက အဲဒီလို အတိအကျ ဘယ်လိုလုပ်ပြီး သိနေတာတုန်း" ဟု တေတ်က မေးပြန်လေ၏။

"ငါတို့မှာ သူလျှိုအထောက်တော် တပ်ဖွဲ့ကလေးတစ်ဖွဲ့ ရှိတယ်လေကွာ၊ အဲဒီက ငါတို့ရဲ့ လက်ရုံးသူလျှို ဒလန်တွေက ငါတို့ဆီကို သတင်း ပြန်ပြန်ပို့တာပေါ့ကွာ၊ နေရာတိုင်းမှာ သတင်းသူလျှို တပ်ဖွဲ့ဝင်တွေ ရှိပါတယ်၊ တချို့လဲ လှေသမား လှည်းသမား အဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



တချို့လဲ ကုန်သည်ပွဲစားအဖြစ်၊ တချို့လဲ ရသေ့သူတော်စင် ဟန်ပန်မျိုးနဲ့ နေထိုင်ပြီး တိုင်းပြည်ရဲ့ အရေးကြီးတဲ့တာဝန်ကို ဆောင်ရွက်ပေးနေကြတာပေါ့ကွာ၊ သင်းတို့တွေလဲ သနားစရာ သိပ်ကောင်းတယ်၊ နှစ်စဉ်ကျင်းပတဲ့ ဆုနှင်းသဘင်ကို သူတို့ တက်ခွင့်မရှိဘူး၊ သင်းတို့ထဲက ထူးချွန်တဲ့လူတွေကို ဆုတံဆိပ်တွေ ဘွဲ့တွေ ပေးစရာရှိရင်လဲ တစ်ယောက်ချင်း ခေါ်ပြီး လျှို့ဝှက် ပေးလိုက်တယ်" ဟု သွေးသောက် မောင်ဂျင်းက ပြောလိုက်လေ၏။

ထိုအခါ ထားဝယ်သားကြီးက. . .

"သွေးသောက်ကြီး ကျုပ်တို့ ဒီနေရာမှာနေပြီး ဘယ်အချိန်မှာ ဘယ်လို တက်ပြီး တိုက်ရမှာတုန်း" ဟု မေးလိုက်လေ၏။

"တိုက်ဖို့ ငါက အချက်ပေးမယ်၊ တိုက်ဆိုတာနဲ့ ထားဝယ်သားကြီးက လှေကို ချန်ပီယံ သင်္ဘောဆီ အရောက် အမြန်ဆုံးလှော်ရမယ်၊ ရောက်တာနဲ့ တစ်ပြိုင်နက် တေတ်နဲ့ငါက သင်္ဘောပေါ်ကို တက်မယ်၊ အဲဒါပဲ မင်းတို့ မှတ်ထားနှင့်ဦး" ဟု သွေးသောက် မောင်ဂျင်းက ပြောဆိုသဖြင့် တေတ်နှင့် ထားဝယ်သားကြီးတို့သည် ထပ်မံမေးမြန်းခြင်း မပြုဝံ့တော့ဘဲ ဓနိတောကြီးအတွင်းမှ နေ၍ မျက်နှာဖြူ သင်္ဘောကြီးနှစ်စင်းအား ကသိုဏ်းရှုနေကြလေတော့၏။

. . . ❀❀❀ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရေသရဲ

သွေးသောက်ကြီး မောင်ဂျင်းတို့သည် ခနောင်တိုချောင်း အတွင်း ဓနိပင်များ ကြားမှနေ၍ မျက်နှာဖြူသင်္ဘော၏ အရိပ်အခြည်ကို ချောင်းမြောင်းနေကြလေ၏။

၎င်းတို့ မရောက်မီ နှစ်ရက်ခန့်က လူတစ်ယောက်သည် ဗေဒါဖုတ်တစ်ဖုတ်ကို ခေါင်းပေါ်တွင် တင်၍ ရေစုန်မျောကာ မျက်နှာဖြူ သင်္ဘောများ ရှိရာသို့ ချဉ်းကပ်လေ၏။ သင်္ဘောကုန်းပတ်ပေါ်တွင် ကင်းစောင့်လျက် ရှိသော မျက်နှာဖြူတစ်ယောက်က ထိုဗေဒါဖုတ်ကို မသင်္ကာသဖြင့် သေနတ်ဖြင့် ပစ်မည်လုပ်ရာ ၎င်းတို့၏ ဘိုဆင်က. . .

"မပစ်နဲ့. . . မပစ်နဲ့၊ သေနတ်သံ ကြားသွားရင် ငါတို့သင်္ဘောတွေ ပုန်းနေတာကို ရိပ်မိသွားမယ်၊ ဒီတော့ ဟိုသင်္ဘောက ကောင်တွေကို အချက်ပေးလိုက်၊ အသက်မသေ နှစ်စင်းနဲ့ ဒီအမှိုက်ကို ဝိုင်းမယ်" ဟု ပြောသဖြင့် ကင်းသမားလည်း



www.burmeseclassic.com

www.burmeseclassic.com



မပစ်တော့ဘဲ တခြားသော သင်္ဘောကို အကြောင်းကြားလိုက်ရာ အခြားသော သင်္ဘောမှ မျက်နှာဖြူ သင်္ဘောသား ခြောက်ယောက်သည် ဗေဒါဖုတ်ကို ဖမ်းဆီးရန် ကြိုးစားလေ၏။ ထို့နောက် ဗေဒါဖုတ်ကို သင်္ကာမကင်း ဖြစ်သော သင်္ဘောမှလည်း အသက်ကယ်လှေ တစ်စီး ချ၍ မျက်နှာဖြူ သင်္ဘောသား ခြောက်ယောက်သည် ဗေဒါဖုတ်ကို ချောင်းပြန်၏။

ဗေဒါဖုတ်ကလေးသည် ချောင်းလယ်မှ တရွေ့ရွေ့နှင့် မျက်နှာဖြူ သင်္ဘောများ ရှိရာသို့ ချဉ်းကပ်လေ၏။ ထိုအခါ အသက်ကယ် လှေများပေါ်မှ မျက်နှာဖြူ သင်္ဘောသားများသည် ရေထဲသို့ ဆင်းကာ ဗေဒါဖုတ်ကို ဖမ်းကြလေတော့၏။

ဗေဒါဖုတ်သည် မျက်နှာဖြူသင်္ဘောသား တစ်ဒါဇင်ကို ရှောင်ကွင်း၍ ရေစုန်ကို မျော၏။ ရိုးရိုးမျောနေရာမှ ကန့်လန့်ဖြတ်၍ ခပ်ရွေ့ရွေ့ မျော၏။ မျက်နှာဖြူများသည် ထိုဗေဒါဖုတ်ကို လက်ချင်း ဆက်၍ ဝိုင်းကြီးပတ်ပတ် လုပ်ကာ ဖမ်းကြလေတော့၏။

သို့ရာတွင် ဗေဒါဖုတ်မှာ ဗေဒါမျှသာ ဖြစ်၏။ ၎င်းတို့ မျှော်လင့်ထားသကဲ့သို့ ဗေဒါဖုတ်အောက်၌ လူမပါကြောင်းကို တွေ့ရလျှင် မျက်နှာဖြူ သင်္ဘောသားများသည် တဝါးဝါး တဟားဟား ရယ်မောကြလေ၏။ ပြီးလျှင် ဗေဒါဖုတ်ကို မြှောက်၍ ဆော့ကြ၏။

ထိုအချိန်၌မှာပင် မျက်နှာဖြူ သင်္ဘောသားတစ်ယောက် သည်. . .

"အိုး. . . ငရဲ" ဟု အော်ဟစ်ကာ ရေထဲတွင် နစ်မြုပ် သွားလေ၏။ ကျန်မျက်နှာဖြူများက အံ့သြ၍ ငေးမောနေစဉ်၌ပင် ရေနစ်သွားသော မျက်နှာဖြူသည် ပြန်၍ပေါ်လာပြီးလျှင် မွန်းအဖြင့် 'ဝူးဝါးဝူးဝါး' ဖြစ်နေ၏။ ထိုအချိန်မှာပင် အခြားသော မျက်နှာဖြူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် 'ဒမ်'ဟု အော်ဟစ်ကာ ရေ၌ မြုပ်သွားပြန်သဖြင့် တခြားတစ်ယောက်က ဆွဲထားလိုက်ရပြန်၏။ သို့ရာတွင် ထိုမျက်နှာဖြူမှာ သတိမေ့သွားပြီ ဖြစ်သဖြင့် လှေပေါ်သို့ ဆွဲ၍တင်ထားရလေ၏။ ထိုသို့ လှေပေါ်သို့ တင်နေစဉ်၌ပင် မျက်နှာဖြူ တစ်ယောက်သည် 'ဝက်တွေ'ဟု အော်ကာ ယက်ကန်ယက်ကန် ဖြစ်နေပြန်၏။

မျက်နှာဖြူများသည် ရေအောက်တွင် ၎င်းတို့ရန်သူ ရှိနေကြောင်း ရိပ်စားမိကြပြီဖြစ်၏။ သို့ရာတွင် ထိုရန်သူမှာ ကိုယ်ပျောက်ရန်သူ ဖြစ်၍နေသောကြောင့် ၎င်းတို့သည် တုန်လှုပ်ကြရကုန်၏။ ထို့ကြောင့် မျက်နှာဖြူ သင်္ဘောသား တစ်ယောက်က 'ဂို့စ်တစ္ဆေ'ဟု အော်၍ ထိုသူကိုလည်း ရေအောက် ရန်သူက ရေထဲမှပင် ခါးဆစ်ကို လက်သီးဖြင့် ထိုးသွားသဖြင့် ဆန့်ငင်ဆန့်ငင် ဖြစ်၍နေပြန်လေ၏။

ထို့နောက် သင်္ဘောသားတစ်ယောက်အား ရေအောက်ရန်သူက ကပ်ပယ်အိတ်နေရာကို ခြေဖြင့် ကန်၍သွားသဖြင့် ထိုသင်္ဘောသားကလည်း 'ဒီဗယ်သရဲ'ဟု အလန့်တကြား အော်ဟစ်ကာ မျက်ဖြူဆိုက်သွားလေတော့၏။ ထို့ကြောင့် ဘိုဆင်က သင်္ဘောပေါ်မှ သင်္ဘောသားများအားလုံးကို ရေထဲသို့ ဆင်းရန် အမိန့်ပေးလိုက်ရာ သင်္ဘောနှစ်စင်းပေါ်မှ ပွဲကြည့်သကဲ့သို့ ကြည့်နေကြသော သင်္ဘောသားများသည် ရေထဲသို့ တဝုန်းဝုန်း ခုန်၍ချကြသည်ဖြစ်ရာ ရေထဲတွင် လူများသည် ပြည့်ကျပ်လျက် တဝုန်းဝုန်း တဖြုန်းဖြုန်း ဖြစ်၍နေလေတော့၏။

ထိုအချိန်၌မှာပင် မျက်နှာဖြူ သင်္ဘောသားများ၏ အလယ်တွင် လူတစ်ယောက်သည် ဘွားခနဲ ပေါ်လာလေ၏။ ထို့ကြောင့် မျက်နှာဖြူ သင်္ဘောသားများက. . .

"ဟိုမှာ တွေ့ပြီ၊ မြန်မာတစ္ဆေ" ဟု အော်ဟစ်ကာ ဝိုင်း၍ ဖမ်းကြလေ၏။ ထိုသူက ပြန်လည်ခုခံ၏။ မျက်နှာဖြူများက ဖမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက လက်သီးဖြင့် ထိုး၏။ မျက်နှာဖြူက ပိတ်၏။ ထိုသူက ရေငုပ်၏။ မျက်နှာဖြူများက လိုက်၍ငုပ်၏။ ထိုသူက ဖော်၏။ ထို့နောက် လက်ဝါးစောင်းဖြင့် ခုတ်၏။ မျက်နှာဖြူများက ဝိုင်း၍ညှပ်၏။ ထိုသူက တွက်၍ ထွက်၏။ မျက်နှာဖြူ သင်္ဘောသားတို့သည် ကွမ်းတစ်ယာညက်ခန့် ကြိုးစား၍ ဖမ်းသော်လည်း ဖမ်း၍ မမိနိုင်ဘဲ ရှိလေ၏။ ထို့ကြောင့် ဘိုဆင်လုပ်သူက နောက်တစ်ကြိမ် ထိုသူရေပေါ်သို့ ပေါ်လျှင်ပေါ်ချင်း. . .

"ဟေ့. . . မလှုပ်နဲ့၊ ပစ်လိုက်မယ်" ဟု ဆိုကာ သေနတ်ဖြင့် ချိန်လိုက်လေ၏။ ထိုသူလည်း ဟိုကြည့်သည်ကြည့် ကြည့်လိုက်ရာ ၎င်းအား သေနတ်ဖြင့် ချိန်ထားသူမှာ တစ်ဦးတည်း တစ်ယောက်တည်း မဟုတ်ဘဲ သင်္ဘောကုန်းပတ်ပေါ်မှလည်း သေနတ်များဖြင့် ချိန်ရွယ်ထားကြောင်း တွေ့ရသောကြောင့် အမိခံလိုက်ရပေတော့၏။

ထိုသူအား မျက်နှာဖြူများက 'ရေသရဲ'ဟု ဆိုကာ ကြိုးဖြင့် တုပ်ကြလေ၏။ ထိုရေသရဲကား ဒဂုံသား ငနက်ကျော်ပင် ဖြစ်ပေ၏။

ထို့နောက် မျက်နှာဖြူ သင်္ဘောသားတို့သည် ငနက်ကျော်အား မိုးနတ်သင်္ဘောပေါ်သို့ တင်သွားကြလေ၏။ ထို့နောက် သင်္ဘောဝမ်းအတွင်းသို့ ချကာ ဝက်ခြံကဲ့သို့သော အခန်းကလေးအတွင်းသို့ ကန်ကျောက် ဆဲဆို၍ သွင်းကာ တံခါးကို 'ဂျိမ်း'ခနဲ ပိတ်၍ သော့ခတ်လိုက်လေတော့၏။

ထို့နောက် ဒဏ်ရာရသွားသော မျက်နှာဖြူသင်္ဘောသားများအား ဒဏ်ရာမရသူများက ဆေးထည့်ပေးကြရ၏။ သတိမေ့နေသူများအားလည်း သတိရအောင် ပြုလုပ်ပေးကြရလေ၏။

ထိုသို့ ပြုလုပ်ပေးနေစဉ် အတွင်း၌ ဒဏ်ရာပြင်းထန်စွာ ရထားသော မျက်နှာဖြူသင်္ဘောသား ဝဝတုတ်တုတ်ကြီးက. . .

"မြန်မာကောင်တွေရဲ့ တိုင်းပြည်ကို သိမ်းဖို့ဆိုတာ သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူးနော်၊ အခုကြည့်စမ်း. . . ရေသရဲ တစ်ကောင်တည်းနဲ့ကို ပဲ ငါတို့ဟာ ဒုက္ခဖြစ်ကုန်ကြပြီ၊ ဒီလိုကောင်မျိုးတွေ အများကြီး ရှိဦးမှာ၊ မြန်မာလူမျိုးဟာ မင်းတို့ ထင်ထားသလို ဝက်လို လေးလေး ကန်ကန် သတ္တဝါမျိုး မဟုတ်ဘူး၊ ပျံလွှားလို သွက်လက်ပြီး ခြသေ့်လို ရဲရင့်တဲ့ သတ္တဝါမျိုး ဖြစ်တယ်" ဟု ပြောလိုက်ရာ ကျန်သော မျက်နှာဖြူများက. . .

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါ" ဟု ဝိုင်း၍ အော်ဟစ် ကြလေ၏။ ထိုအခါ လူဝကြီးက. . .

"ငါ့ပါးစပ်ကို ပိတ်ထားဖို့က အရေးမကြီးပါဘူး၊ တော်တော် ကြာ ငါတို့ဖမ်းထားတဲ့ ပျံလွှားက မင်းတို့ရဲ့ ပါးစပ်တွေကို ပိတ်သွား လိမ့်မယ်၊ ဆင်းပြီး ကြည့်ကြဦး" ဟု ပြောလိုက်လေတော့၏။

ထို့နောက် မီးနတ်သင်္ဘောမှ ဘိုဆင်ကြီးသည် သင်္ဘောဝမ်း အတွင်းသို့ ဆင်းကာ ငနက်ကျော်အား ဖမ်းဆီးထားရာ အချုပ်ခန်း တံခါးသော့ကို ဖွင့်၍ ငနက်ကျော်ကို စတင် ရိုက်နှက်လေတော့၏။

"မင်း ဘယ်သူလဲ" ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ် စကား ဖြင့် မေးမြန်း၍ ရိုက်နှက်၏။

ငနက်ကျော်က 'ရေကြက်ဖမ်းတာပါ' ဟု မြန်မာလို ပြန်၍ ပြော၏။ ဘိုဆင်ကြီးက ရိုက်၏။

ငနက်ကျော်က 'ရေကြက်. . . ရေကြက်' ဟုသာ အော် ဟစ်လေ၏။ ထိုအခါ ဘိုဆင်ကြီးက. . .

"ဝှပ်. . . ရေကြက်" ဟု မေးလေ၏။ ငနက်ကျော်က. . .

"ဒိုက်ဖုတ်တွေပေါ်မှာ နားတဲ့ ရေကြက်ပါ" ဟု မြန်မာလို ပြော၏။

ဘိုဆင်ကြီးက မြန်မာစကား မတတ်သောကြောင့် ငနက် ကျော် ပြောသည်ကို နားမလည်။ ရိုက်မြဲ ဆက်၍ရိုက်၏။ ငနက်



www.burmeseclassic.com

www.burmeseclassic.com



ကျော်က 'ရေကြက်'ဟူသော စကားတစ်လုံးတည်းကိုသာ ဖြေ၍နေ၏။ ထိုအခါ ဘိုဆင်ကြီးသည် ဒေါပွလာပြီးလျှင် ငနက်ကျော်၏မျက်နှာကို ခြေဖြင့် ကန်လိုက်ရာ ငနက်ကျော်၏ ပါးစပ်မှ သွေးများစီးကျလာလေတော့၏။ ဘိုဆင်ကြီးသည် ရိုက်ရလွန်းသဖြင့် မောပန်းကာ အပေါ်သို့ ပြန်၍တက်သွားလေ၏။ ထို့ကြောင့် အခြားသောမျက်နှာဖြူ သင်္ဘောသားနှစ်ဦးသည် ငနက်ကျော်ထံသို့ ရောက်လာပြီးလျှင် ရိုက်နှက်ကြပြန်၏။ စစ်ဆေးကြပြန်၏။ ငနက်ကျော်က 'ရေကြက်' ဟူသော စကားကိုသာ ပြောလေ၏။

ထိုမျက်နှာဖြူ သင်္ဘောသားနှစ်ဦးသည် ကြိုးတုပ်၍ လှဲထားသော ငနက်ကျော်၏ ကိုယ်ပေါ်သို့ တစ်ယောက်တစ်လှည့်တက်၍ ခုန်ကြလေ၏။ ငနက်ကျော်မှာ နာကျင်လွန်းသဖြင့် သတိလစ်သွားလေတော့၏။ ငနက်ကျော် သတိပြန်၍ ရလာလျှင် ဘိုဆင်ကြီး အမောပြေသည်နှင့် ကြုံကြိုက်သဖြင့် ငနက်ကျော်အားနှိပ်စက်ပြန်လေ၏။ နှိပ်စက်ပုံမှာ ဤသို့ဖြစ်၏။

ငနက်ကျော်၏ ကိုယ်ကို သားလှီးဓားဖြင့် ငါးမွှန်းသကဲ့သို့မွှန်း၏။ ငနက်ကျော်၏ တစ်ကိုယ်လုံး သွေးများ ခြင်းခြင်းနီနေလေ၏။ ထိုအခါ အခြားသော မျက်နှာဖြူတစ်ဦးက ဆားများ ယူလာပြီးလျှင် ငနက်ကျော်၏ တစ်ကိုယ်လုံးကို ဆားများဖြင့် ပွတ်ပြန်၏။ ငနက်ကျော်မှာ သတိလစ် မေ့မြောသွားပြန်၏။ သတိရသောအခါ၌မူ အတော်အတန် ညဉ့်နက်နေပြီဖြစ်၏။ ဘိုဆင်ကြီးသည် ငနက်ကျော်အား သင်္ဘောဝမ်း အချုပ်ခန်း အတွင်းမှ ထုတ်ကာ သင်္ဘောနှစ်စင်း ဆိုက်ကပ်ထားရာ ကြားရှိ ရေထဲသို့ ကြိုးဖြင့် တုပ်၍ချ၏။ ရေမွန်းသည့်အခါတွင် ပြန်၍ဆွဲတင်၏။ ထိုအခါ၌ ငနက်ကျော်သည် 'ရေကြက်'ဟုသာ ပြောပြန်၏။ ဘိုဆင်ကြီးသည် ငနက်ကျော်အား ရေထဲသို့ ကန်ချပြန်၏။ ထို့နောက် ပြန်၍ ဆွဲတင်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌လည်း ငနက်ကျော်က 'ရေကြက်'ဟူသာ ပြောပြန်လေ၏။ ထိုအခါ မျက်နှာဖြူ သင်္ဘောသား ဝဝကြီးက ဘိုဆင်ကြီးအား ၎င်းတို့၏ ဘာသာစကားဖြင့်. . .

"ဒီမှာ ဘိုဆင်၊ ရေကြက်ဆိုတာ ဒီကောင့်နာမည် ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ်ရင် သူတို့ကိုးကွယ်နေတဲ့ နတ်ရဲ့ နာမည် ဖြစ်ချင်ဖြစ်လိမ့်မယ်" ဟု ဝင်၍ပြောလေ၏။

သို့ရာတွင် ဘိုဆင်ကြီးကမူ လူဝကြီး၏ စကားကို နားမထောင်ဘဲ ငနက်ကျော်အား ရေ၌ နှစ်ချည်ဖော်ချည် လုပ်ပြန်လေ၏။ ငနက်ကျော်သည် အဖော်ခံရသော အခါတိုင်း၌ 'ရေကြက်'ဟူသာ ပြောမြဲတိုင်း ပြောလေ၏။

နံနက် မိုးလင်းသောအခါ၌ ငနက်ကျော်သည် လုံးဝ သတိလစ် မေ့မြောသွားသဖြင့် သင်္ဘောဝမ်းအတွင်းရှိ အချုပ်ခန်း အတွင်း၌ ပြန်လည်၍ သွတ်သွင်းခြင်း ခံရပြန်လေ၏။ ထိုအခါ၌ မျက်နှာဖြူ လူဝ သင်္ဘောသားကြီးသည် ငနက်ကျော်၏ ရင်ဝကို လက်ဖြင့် လာ၍ စမ်းသပ်ပြီးလျှင်. . . .

"ရေကြက်တော့ သေပြီ" ဟု ပြောလိုက်ရာ ဘိုဆင်ကြီးက. . .

"ဟော့. . . လူဝ၊ မင်းပါးစပ်ကို ပိတ်ထားစမ်း" ဟု ပြောလိုက်လေ၏။

ထို့နောက် ဘိုဆင်ကြီးရော လူဝကြီးပါ အပေါ်သို့ တက်သွားကြလေ၏။

ထိုအချိန်၌မှာပင် ၎င်းတို့အား နေ့စဉ် ငါးလာ၍ ရောင်းလေ့ ရှိသော ခမောက် အဝိုင်းကြီး ဆောင်းထားသည့် တင်ကျီးငှက် တို့၏ အရှင်သခင် တံငါသည်ကြီး၏ လှေကလေးသည် သင်္ဘောများနှင့် မလှမ်းမကမ်းနေရာဆီသို့ ရောက်လာရာ အစောင့်ကင်းသမား



www.burmeseclassic.com

www.burmeseclassic.com



က ဘိုဆင်ကြီးအား. . .

"ဟဲလို. . .ဘိုဆင်၊ ကင်း ဖစ်ရှား အစ် ကင်းမင်း" ဟု လှမ်း၍ ပြောလိုက်ရာ ဘိုဆင်ကြီးသည် ကုန်းပတ်ဆီသို့ လာပြီးလျှင် ပဝါဖြူကို ယမ်း၍ အချက်ပြလိုက်ရာ ခမောက်အဝိုင်းကြီးနှင့် တံငါသည်ကြီးသည် သူ၏လှေကို သင်္ဘောဆီသို့ လှော်ခတ်လိုက်လေ၏။

သင်္ဘောအနီးသို့ ရောက်လျှင် တံငါသည်ကြီးသည် သူ၏ ငါးပလိုင်းအား ဝါးလုံးထိပ်ဖျား၌ ချိတ်ကာ ဘိုဆင်ကြီးထံသို့ ထိုး၍ ပေးလိုက်လေ၏။ ဘိုဆင်ကြီးလည်း ပလိုင်းကို ယူ၍ ငါးများကို သင်္ဘောအတွင်းသို့ သွန်ချကာ ပလိုင်းကို ဝါးလုံးထိပ်ဖျား၌ ချိတ်ပေးလိုက်လေ၏။ တံငါသည်ကြီးသည် ပလိုင်းကို ပြန်၍ယူပြီးလျှင် လှေဝမ်းအတွင်းမှ ကြိုးဖြင့် ချည်ထားသော ငှက်အရှင် ငါးကောင်ကို ဝါးလုံးထိပ်၌ ချိတ်၍ ဘိုဆင်ကြီးအား ပေးပြန်လေ၏။

ဘိုဆင်ကြီးသည် ငှက်များကို ဖြုတ်ယူရင်း. . .

"ဘတ်ဒ်စ်" ဟု ရေရွတ်လိုက်လေရာ တံငါသည်ကြီးက. . .

"ရေကြက်. . .ရေကြက်" ဟု ပြန်၍ ပြောလေ၏။ ဘိုဆင်ကြီးသည် မျက်လုံးပြူး၍သွား၏။ ထို့နောက် ငှက်များကို လက်ညှိုး ထိုး၍. . .

"ဝှပ်. . .ဝှပ်" ဟု ဆိုပြန်ရာ တံငါသည်ကြီးက. . .

"ရေကြက်. . .ရေကြက်" ဟု ပြန်၍ပြောပြီးလျှင် လက်ဟန်ခြေဟန်ဖြင့် ခေါင်းပေါ်တွင် ဒိုက်ဖတ်များ၊ ဗေဒါဖုတ်များကို တင်၍ ရေတွင် မျောကာ နေရကြောင်း၊ ထိုအခါ ရေကြက်များသည် ဒိုက်ဖုတ်ပေါ်သို့ လာ၍နားကြောင်း၊ ထိုသို့ နားလျှင် ဒိုက်ဖုတ်အောက်မှ ရေမျော၍ လိုက်လာသူက ရေကြက်၏ ခြေထောက်ကို ဆွဲ၍ ဖမ်းရကြောင်းတို့ကို ဘိုဆင်ကြီး နားလည်သည်အထိ လက်ဟန်ခြေဟန်ဖြင့် ရှင်းပြလိုက်ရာ ဘိုဆင်ကြီးသည် ကောင်းစွာ သ



www.burmeseclassic.com

www.burmeseclassic.com


ဘောပေါက်သွားလေတော့၏။

ထိုအခါ အနီးတွင် ရပ်နေသော မျက်နှာဖြူလူဝ သဘော်သားကြီးက. . .

"ဟိုကောင် အော်နေတဲ့ ရေကြက် ရေကြက်ဆိုတာက သူ့နာမည်လဲ မဟုတ်ဘူး၊ သူတို့ကိုးကွယ်တဲ့ နာမည်လဲ မဟုတ်ဘူး ဒိငှက်ရဲ့ နာမည်ကိုး၊ ဒီကောင်ဟာ ရေကြက် ဖမ်းစားတဲ့ကောင်နဲ့ တူတယ်၊ အို. . . သနားစရာကောင်းတဲ့ ကောင်ကိုး၊ ကောင်းကင်ဘုံက ကယ်မပါစေ၊ မစ္စတာရေကြက်ရေ. . . ငါတို့ဘိုဆင်ကြီး နားလည်သွားပြီဟေ့" ဟု ရေရွတ်လိုက်ရာ ဘိုဆင်ကြီးက. . .

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါ" ဟု ပြန်၍ အော်လိုက်လေ၏။ ထို့နောက် ဘိုဆင်ကြီးသည် တံငါသည်ကြီးထံမှ ငါးပလိုင်းကို တောင်းယူပြီးလျှင် ရွှေတိုရွှေစ အနည်းငယ်နှင့် ဘိန်းအနည်းငယ်ကို ထည့်ကာ ပေးလိုက်လေ၏။ တံငါသည်ကြီးသည် ပလိုင်းတွင် ပါလာသော ဘိန်းထုပ်ကို အားရဝမ်းသာ ယူ၍ သူ၏ ခါးကြားတွင် ချိတ်ထားသော သားရေအိတ်ကလေး အတွင်းသို့ တယုတယ ထည့်လိုက်လေ၏။ ထို့နောက် ရွှေစအချို့ကိုမူ ပလိုင်းတွင် ပြန်၍ထည့်ကာ ဝါးလုံးဖြင့် ကော်၍ ဘိုဆင်ကြီးအား ပြန်၍ပေးပြီးလျှင် ရွှေကို မလိုချင်ကြောင်း၊ ဘိန်းကိုသာ ထပ်၍ လိုချင်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ထပ်၍ ပြောလေ၏။

ထိုအခါ လူဝ သဘော်သားကြီးက. . .

"ဒီမှာ ဘိုဆင်၊ ခင်ဗျားပေးတဲ့ ရွှေနဲ့ ခင်ဗျားဆီက ဘိန်းကို ထပ်ပြီးဝယ်နေတယ်၊ ရောင်းလိုက်ဦးလေဗျာ" ဟု ပြောလိုက်ရာ ဘိုဆင်ကြီးက. . .

"ဟေ့. . . ဟေ့ကောင် အရူး၊ ပါးစပ်ပိတ်ထားစမ်း" ဟု ငေါက်လိုက်ပြီးလျှင် ရွှေစအနည်းငယ်ကို ယူ၍ ဘိန်းအချို့ကို ပလိုင်း


www.burmeseclassic.com

www.burmeseclassic.com



တွင် ထည့်ပေးလိုက်လေ၏။

တံငါသည်ကြီးလည်း အားရဝမ်းသာဖြင့် ဘိန်းများ သိမ်းဆည်းကာ ထွက်သွားလေတော့၏။ ထိုအခါ၌ ဘိုဆင်ကြီးသည် သူ၏သင်္ဘောသားများအား ငါးများကို ချက်ပြုတ်ရန်နှင့် ရေကြက်များကို ညလယ်စာအတွက် အဆင်သင့်ပြုလုပ်ရန် စေခိုင်းပြီးလျှင် ရေကြက်ငှါးကောင်အနက် တစ်ကောင်ကို ယူကာ သင်္ဘောဝမ်းအတွင်းသို့ ဆင်းသွားလေတော့၏။ ထို့နောက် အချုပ်ခန်း တံခါးကို ဖွင့်ကာ ငနက်ကျော်အနီးသို့ သွားလေ၏။ ငနက်ကျော်မှာ ကောင်းစွာ သတိရနေပြီ ဖြစ်သော်လည်း ပြင်းထန်သော ဒဏ်ရာဒဏ်ချက်များကြောင့် အဖျားတက်နေလေတော့၏။ ထိုအခါ ဘိုဆင်ကြီးက ငနက်ကျော်အား ခြေဖြင့် ကန်၍ ရေကြက်ကို ပြလိုက်ရာ ငနက်ကျော်သည် အားရဝမ်းသာ. . .

"ရေကြက်. . . ရေကြက်" ဟု အော်ပြီးလျှင် သတိလစ်သွားလေတော့၏။ ထိုအခါ လူဝ သင်္ဘောသားကြီး ရောက်လာပြီးလျှင်. . .

"ဟုတ်ပါတယ် ဘိုဆင်ရဲ့၊ ဒီကောင်ဟာ ရေကြက်ဖမ်းတဲ့ကောင်ပါ" ဟု ဆိုကာ ငနက်ကျော်၏ နဖူးကို လက်ဖြင့် စမ်းကြည့်ရာ မီးခဲတမျှ တချစ်ချစ်တောက် ပူနေကြောင်း သိရလျှင်. . .

"ဒီကောင် အဖျားဝင်နေပြီ၊ သတ်ချင်တဲ့အခါကျတော့လဲ သတ်ပစ်တာပေါ့၊ ဒါပေမယ့် နေမကောင်းဘူးဆိုတာ သိရင်တော့ ဆေးတိုက်ရမယ်" ဟု ပြောလိုက်ရာ ဘိုဆင်ကြီးက. . .

"မင်းပါးစပ်ကို ပိတ်ထားစမ်း ဖက်တီး" ဟု အော်လိုက်လေ၏။

"ငါ့ပါးစပ်ကို မပိတ်နိုင်ဘူး ဘိုဆင်၊ ငါဟာ ဒီသင်္ဘောအလကား လိုက်လာတာ မဟုတ်ဘူး၊ မင်းအပါအဝင် သင်္ဘောသား



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ဆေးကုဖို့ လိုက်လာတာ၊ ဒီသင်္ဘောမှာ ပါတဲ့ သင်္ဘောသားတွေအားလုံးရဲ့ ကျန်းမာရေးဟာ ငါ့အပေါ်မှာ တာဝန်ရှိတယ်၊ ပြီးတော့ ငါဟာ ဆရာဝန်တစ်ယောက် ဖြစ်တယ်ဆိုတာ မေ့မထားပါနဲ့ဦး၊ ဆရာဝန်ဆိုတာ ရောဂါဖြစ်နေတဲ့လူရယ်၊ ကျန်းမာတဲ့ လူရယ် နှစ်မျိုးကိုပဲ နားလည်တယ်၊ ရောဂါဖြစ်နေတဲ့လူကို တွေ့ရင် ဆေးကုရမယ်၊ အဲဒါကို ဆေးကုသခွင့် မပေးဘူးဆိုရင် ကိုယ့်တိုင်း ကိုယ့်ပြည်ရောက်တဲ့အခါ မင်းကို တရားစွဲရမှာပဲ၊ သင်္ဘောဆရာဝန်က တရားစွဲလို့ ပြုတ်သွားတဲ့ ကပ္ပတိန်တွေအကြောင်း ကြားဖူးတယ် မဟုတ်လား" ဟု ပြောလိုက်ရာ ဘိုဆင်ကြီးသည် တရှုံးရှုံးတရှားရှား ဖြစ်ကာ အချုပ်ခန်းအတွင်းမှ ထွက်သွားလေ၏။

ထိုအခါ၌ လူဝကြီးသည် ဆေးထည့်ထားသော သားရေသေတ္တာကို ယူလာပြီးလျှင် ငနက်ကျော်အား ကြိုးများ ဖြေပေးကာ ဆေးတိုက်လေ၏။ ဒဏ်ရာများကို ဆေးထည့်ပေးလေ၏။ ထို့နောက် စောင်ကြမ်းဖျင်တစ်ထည်ကို ယူ၍ ငနက်ကျော်အား ခြုံပေးကာ အိပ်စေလေ၏။ ငနက်ကျော်က ကြင်နာတတ်သော ဆေးဆရာ လူဝကြီးအား သေချာစွာ ကြည့်ပြီးလျှင်. . .

"ရေကြက်" ဟု ပြောလိုက်ရာ လူဝကြီးက တခစ်ခစ် ရယ်မော၍. . .

"မစ္စတာရေကြက်၊ မင်းတော့ သေတော့မယ်" ဟု ပြန်၍ ပြောကာ အချုပ်ခန်းတံခါးကို ပိတ်၍ သွားလေတော့၏။

ဤသို့နှင့်ပင် နောက်တစ်နေ့ ညနေပိုင်းသို့ ရောက်ရှိခဲ့လေတော့၏။ ထိုညကား သွေးသောက် မောင်ဂျင်းတို့လူစု ခနောင်တိုချောင်းအဆွင်း၌ လှေကလေး တစ်စင်းနှင့် ကုလားဖြူ သင်္ဘောများကို လာ၍ ချောင်းမြောင်းနေသောညပင် ဖြစ်လေတော့၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းသို့ရောက်လျှင် သင်္ဘောနှစ်စင်းလုံးမှ သင်္ဘောသားများသည် အစားအသောက်များ စားကြ၏။ သစ်သားစည်များ၌ ထည့်ထားသော အရက်များကို ငှဲ့၍ သောက်ကြ၏။

ထိုသို့ ပြုလုပ်နေစဉ်အတွင်း ၎င်းတို့၏ အကြီးအကဲ ဘိုဆင်အား. . .

"ဘိုဆင်ကြီး. . . မနက်က ရေကြက်တွေ မစားရသေးဘူးလား" ဟု မေးလိုက်လေ၏။

"ရေကြက်က ငါးကောင်တည်းပါကွာ၊ သင်္ဘောနှစ်စင်းကို ဘယ်လိုလုပ်ပြီး ကျွေးမတုန်းကွ၊ ဒါပေမယ့် ဆယ့်နှစ်နာရီ ထိုးတဲ့အထိ မအိပ်တဲ့လူတွေကတော့ အဲဒီရေကြက်ကို စားခွင့်ရှိတယ်ပေါ့ကွာ၊ ဟောဟိုမီးဖိုပေါ်မှာ ငါကိုယ်တိုင် ကင်ထားပါတယ်ကွာ" ဟု ဘိုဆင်က ပြန်၍ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် စားမြဲတိုင်း စား၍ အရက်များကို သောက်မြဲတိုင်း သောက်ကြကုန်၏။ အတော်အတန် ညဉ့်နက်သော အခါ၌ သင်္ဘောနှစ်စင်းလုံးမှ သင်္ဘောသားများသည် အရက်များ အလွန်အကျွံ မူးကုန်သည် ဖြစ်သဖြင့် တချို့လည်း ကြမ်းပြင်ပေါ်၌ ပင် အိပ်ပျော်၏။ အချို့မှာမူ ထမင်းစားပွဲ၌ပင် သတိလစ် အိပ်စက်သွားကြကုန်၏။

ကင်းသမားများနှင့် ဘိုဆင်သာလျှင် ကျန်၏။

ထိုအခါ ဘိုဆင်က သူ၏ကင်းသမားတစ်ဦးအား. . .

"ဟေ့ကောင်. . . ဟိုဘက်သင်္ဘောက ကင်းသမားတွေကို ရေကြက်နှစ်ကောင် ပေးလိုက်၊ မင်းတို့က ကျန်တဲ့သုံးကောင်ကို စား၊ ငါ့အတွက်လဲ ချန်ထားဦး၊ ငါ အခု သင်္ဘောဝမ်းဗိုက်ထဲမှာ ဖမ်းထားတဲ့ ဟိုရေကြက်ကို သွားပြီး ကြည့်လိုက်ဦးမယ်" ဟု ဆိုကာ ဘိုဆင်သည် သင်္ဘောဝမ်းဗိုက်အတွင်းသို့ ဆင်း၍ ငနက်ကျော်အား



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ထားရာ အချုပ်ခန်းဆီသို့ လာပြီးလျှင် အင်္ဂလိပ်ဘာသာစကားဖြင့်. . .

"ဟေ့. . . ရေကြက်၊ ငါ အရက်တွေ အများကြီး သောက်ခဲ့တယ်၊ စားစရာ အမျိုးမျိုးနဲ့ အရက်တွေကို မြည်းခဲ့တယ်၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ တစ်ခုခု လိုနေသလိုပဲ၊ အဲဒါက ဘာလဲဆိုတော့ အမြည်းတစ်ခု လိုနေတယ်၊ အဲဒီ အမြည်းက ရေကြက်ကွ၊ ပြီးရင် ငါ ရေကြက်နဲ့ အရက်မြည်းပြီး အိပ်မယ်၊ အဲဒီရေကြက်နဲ့ မမြည်းခင်မှာ မင်းကို မြည်းရမှာပဲ၊ မင်းကို အပျင်းပြေ နှိပ်စက်ရမှာပဲ၊ မြန်မာတစ်ယောက်ကို ရက်ရက်စက်စက် နှိပ်စက်ပြီးမှ အိပ်ရတာ ပိုပြီးကောင်းလိမ့်မယ် ထင်တယ်" ဟု ပြောလိုက်ရာ ငနက်ကျော်က တုံးလုံးလှဲနေရာက. . .

"ရေကြက်" ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ဘိုဆင်က. . .

"မင်းကတော့ ဘာမှ မသိရှာဘူး၊ ငါက အခု မင်းကို နှိပ်စက်မယ်လို့ ပြောနေတာ" ဟု အင်္ဂလိပ် ဘာသာဖြင့်ပင် ပြောဆို၍ အချုပ်ခန်းတံခါးသော့ ဖွင့်ကာ အတွင်းသို့ ဝင်လေ၏။ အတွင်းသို့ ရောက်လျှင် ပက်လက်လှန်၍ အိပ်နေသော ငနက်ကျော်၏ မျက်နှာအား ဆောင့်၍ နင်းချလိုက်လေ၏။

ထိုအခါ ငနက်ကျော်သည် ထိုခြေထောက်ကို ဖမ်း၍ ကိုင်လိုက်ပြီးလျှင် ခြေမျက်စိဘေးရှိ အကြောကလေးတစ်ချောင်းကို 'ဆတ်ခနဲ' ညှစ်လိုက်၏။

ထို့နောက် ခြေကျင်းဝတ် အဆက်ကို 'ဖြောက်'ခနဲ ချိုးလိုက်၏ ဘိုဆင်လည်း ပျော့ခွေ၍ ငနက်ကျော်အနီး၌ လဲကျသွားလေ၏။

ငနက်ကျော်သည် အိပ်လျက်အနေအထားမှ လင်းမထသေးဘဲ ဘိုဆင်၏ ပခုံးညှပ်ရိုးနှစ်ခုကို လက်ဖြင့် ဖမ်းကိုင်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။

လွန်စွာ အချိုးကျသော အင်္ဂလိပ်စကား လေယူလေသိမ်းဖြင့်. . .

"ဟော့. . . မျက်နှာဖြူ၊ ရေကြက်အကြောင်း မင်း အခု သိရတော့မယ်၊ အဲဒီထက်ပိုပြီး သိရမှာကတော့ ငါတို့ မြန်မာလူမျိုးတွေရဲ့ သူရသတ္တိနဲ့ တစ်ဦးချင်း တစ်ယောက်ချင်းမှာ ရှိတဲ့ တိုက်ပွဲဝင်အရည်အချင်းတွေပဲ၊ မကြာခင်မှာ မင်းသေလိမ့်မယ်၊ ငါက မင်းကို သက်သက်ညှာညှာ စဉ်းစားရင်၊ သက်သက်ညှာညှာဆိုတာက မင်းအတွက် သက်ညှာမှုကို ပြောတာမဟုတ်ဘူး၊ သံကင်းတမန်ကင်း လုပ်ငန်းတွေမှာ အနှောင့်အယှက် မဖြစ်အောင်လို့ သက်ညှာရမှာကို ပြောတာ၊ အဲဒီလို သက်ညှာရရင်တောင်မှ မင်းအဖို့တော့ မလွယ်ဘူး၊ မင်းဟာ ဒုက္ခိတ အဖြစ်နဲ့ နေသွားရလိမ့်မယ်၊ မင်းရဲ့ ခြေတွေ လက်တွေဟာ အကောင်းပကတိ ပြန်ပြီးဖြစ်လာဖို့ ငါကလွဲပြီး ကောင်းကင်ဘုံပဲ ရှိတော့တယ်" ဟု ပြောလိုက်ရာ ဘိုဆင်သည် လွန်စွာအံ့သြ၍ သွားလေတော့၏။

"မင်း ငါတို့စကားကို ကောင်းကောင်း တတ်တာကိုး" ဟု ပြန်၍ မေးလိုက်လေ၏။

"မင်းထက်တောင် တတ်သေးတယ်၊ အဲဒီတော့. . ." ဟု ပြောဆိုကာ ညှပ်ရိုးနှစ်ခုအကြားသို့ ငနက်ကျော်သည် လက်မဖြင့် တအားနှိပ်သွင်းလိုက်ပြန်၏။

ထိုသို့ နှိပ်သွင်းလိုက်သောကြောင့် ဘိုဆင်သည် လူသေကောင်ကဲ့သို့ ဖြစ်သွားလေ၏။ ငနက်ကျော်သည် နေရာမှထ၍ အချုပ်ခန်းအတွင်းမှ ထွက်သွားပြီးလျှင် အရက်စည်တစ်လုံးကို ဖွင့်ကာ ခွက်ကြီးတစ်ခွက်အတွင်းသို့ အရက်များကို ငှဲ့ထည့်ပြီး ဘိုဆင်အနီးသို့ ပြန်၍လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အရက်ခွက်ကို လက်နှစ်ဖက်ဖြင့် မြှောက်ကာ အရသာခံ၍ သောက်လေ၏။

ပြီးလျှင် အရက်ကျန်များကို ဘိုဆင်၏ မျက်နှာကို ဖျန်းခနဲ ပက်လိုက်လေ၏။ အရက်နှင့်သာ ပက်သည်မဟုတ်။ တံတွေးဖြင့်လည်း ထွီခနဲ ထွေးလိုက်လေ၏။

ထို့နောက် ငနက်ကျော်က. . .

"ဒုတိယ လုပ်ရမယ့် အလုပ်ကတော့ မင်းတစ်ကိုယ်လုံးကို သားလှီးဓားနဲ့ မွန်းဖို့ပဲ၊ ပြီးရင် ဆားနဲ့ ပွတ်မယ်" ဟု ပြောလိုက်ရာ ဘိုဆင်သည် မျက်ရည်များ ကျလာလေတော့၏။

"ကဲ. . . ဒီတော့ အဲဒီလို မလုပ်စေချင်ရင် မင်းတို့ရဲ့ ကပ္ပတိန်ကြီး မစ္စတာ ရှက်ပတ် ရှိတဲ့အခန်းက ဘယ်မှာတုန်း၊ အဲဒီအခန်းကို ဖွင့်တဲ့သော့က ဘယ်မှာတုန်း" ဟု ပြောဆိုကာ ငနက်ကျော်သည် ဘိုဆင်၏ ခါးမှ သော့တွဲကို ဖြုတ်ယူ၍ သော့များကို တစ်ချောင်းချင်း ထောင်ပြရာ လေးခုမြောက် ထောင်ပြသော သော့၌ ဘိုဆင်က. . .

"အဲဒါပါပဲ၊ ကပ္ပတိန်အခန်း မရောက်ခင်မှာ သံတံခါးတစ်ခု ရှိတယ်၊ ကပ္ပတိန် အိပ်တဲ့အခန်းမှာတော့ တံခါးမပိတ်ပါဘူး" ဟု ပြောလိုက်ရာ ငနက်ကျော်သည် ဘိုဆင်၏ခါးမှ သေနတ်ကို ထုတ်ယူ၍ ကျည်ဆန်ခါးပတ်ကိုပါ ခါး၌ ပတ်လိုက်ပြီး ဘိုဆင်၏ မျက်နှာကို ခနောင့်ဖြင့် တအားနင်းချလိုက်ရာ ဘိုဆင်သည် အော်မျှ မအော်နိုင်တော့ဘဲ သတိလစ်သွားလေတော့၏။

ငနက်ကျော်သည် အချုပ်ခန်းတံခါးကို ပြန်၍ပိတ်ပြီးလျှင် အပေါ်ထပ်ကို တက်ခဲ့လေ၏။ အပေါ်ထပ်သို့ ရောက်လျှင် ကပ္ပတိန်ရှက်ပတ်၏ အခန်းအနီးရှိ သံတံခါးကို သော့ဖွင့်၍ အတွင်းသို့ ဝင်ကာ ကပ္ပတိန်ရှက်ပတ်၏ အခန်းကို ဝင်၍ ကပ္ပတိန်ရှက်ပတ်၏



www.burmeseclassic.com

www.burmeseclassic.com



နားထင်ကို သေနတ်ဖြင့် ထောက်ကာ. . .

"ကပ္ပတိန်ရှက်ပတ်၊ သင့်ကို ကျွန်ုပ်တို့ မြန်မာ့တပ်မတော်က ဖမ်းဆီးလိုက်ပြီ" ဟု ပြောလိုက်ရာ ရှက်ပတ်ကလည်း လန့်၍ နိုးလာပြီးလျှင်. . .

"အလို အိပ်မက်ဆိုးပါကလား" ဟု ရေရွတ်လိုက်လေ၏။

ထိုအခါ ငနက်ကျော်က. . .

"အိပ်မက်မက်နေတာ မဟုတ်ဘူး၊ တကယ် ဖြစ်နေတာ၊ ဟောဒီမှာကြည့်" ဟု ဆိုကာ ရှက်ပတ်၏ ပါးကို ခပ်ဆတ်ဆတ်ကလေး ရိုက်ပြလေ၏။

ထို့နောက် ရှက်ပတ်၏ အင်္ကျီစကို 'ဗျင်း'ခနဲ ဖြဲချလိုက်ပြီးလျှင် အနီးတွင် ချိတ်ထားသော ဓားရှည်ကြီးထိပ်၌ ထိုအဝတ်ကို ပတ်လိုက်လေ၏။ ပြီးလျှင် အခန်းအပြင့်ဘက်တွင် ရှိသော ဆီပုံးတစ်ပုံးကို ခြေထောက်ဖြင့် ကန်၍ဖွင့်ကာ ဓားထိပ်တွင် ပတ်ထားသော အဝတ်အား ဆီ၌ နှစ်လိုက်လေ၏။

ရှက်ပတ်လည်း ခုတင်ပေါ်တွင် ငူငူကြီး ထိုင်ကာ. . .

"ဘာတွေ လုပ်နေတာတုန်း လူကလေး" ဟု စိတ်ပျက်သောလေသံဖြင့် ပြန်၍မေးလိုက်လေ၏။

ထိုအခါ ငနက်ကျော်က. . .

"လူကလေး မဟုတ်ဘူး ရှက်ပတ်၊ မင်းတို့ကို သတ်မယ့်သေမင်း" ဟု ပြောဆိုကာ အနီးရှိ မီးခြစ်ကို ယူ၍ ဓားထိပ်မှ ဆီဝနေသော အဝတ်အား မီးတို့လိုက်လေ၏။ ထိုအခါ ရှက်ပတ်၏ အခန်းတစ်ခုလုံးသည် လင်းထိန်၍ သွားလေတော့၏။ ရှက်ပတ်လည်း လန့်ဖျပ်၍ သွားလေတော့၏။

"ကဲ. . . ရှက်ပတ် ထပေတော့၊ မထရင်တော့ ပစ်ခတ်မှာမယ်" ဟု ပြောလိုက်ရာ ရှက်ပတ်လည်း မထချင် ထချင်နှင့် ထရလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ငနက်ကျော်လည်း ဓားရှည်ဖြင့် အရေးပေါ် ပြုလုပ်ခဲ့သော မီးတုတ်ကို လက်တစ်ဖက်၊ သေနတ်ကို လက်တစ်ဖက်ဖြင့် ကိုင်ထားရက်ပတ်ဆိုသော သင်္ဘောကပ္ပတိန်အား ဆင်ရိုင်းကို ကျုံးသွင်းသကဲ့သို့ သင်္ဘောဦးဆီသို့ အရောက် ခေါ်လာခဲ့လေတော့၏။

သင်္ဘောဦးမှ ငနက်ကျော်၏ မီးတုတ်ကို မြင်လျှင် ခနိုပင်ရိပ်အောက်တွင် ပုန်းနေသော သွေးသောက် မောင်ဂျင်းတို့ လှေမှလည်း မီးတုတ်တစ်တုတ် လင်းလာလေ၏။

ထို့နောက် သွေးသောက်မောင်ဂျင်း၏ ကျားဟိန်းသံနှင့်တူသော 'စ'ဆိုသည့် အသံသည်လည်း တစ်ခဲနက် ထွက်ပေါ်လာလေ၏။

၎င်း၏ လှေသည်လည်း ချန်ပီယံ သင်္ဘောဆီသို့ 'ဇွေ့'ခနဲရောက်လာလေ၏။

ထို့နောက် သင်္ဘောပေါ်သို့ တက်ကြလေ၏။ ၎င်းတို့ သင်္ဘောပေါ်သို့ ရောက်သောအခါ၌မူ သင်္ဘောပေါ်တွင် ခမောက်အဝိုင်းကြီးနှင့် တံငါသည်ကြီးသည် မီးတုတ်ကြီး တစ်လက်ကို ကိုင်ကာ အလုပ်ရှုပ်နေသည်ကို တွေ့ရ၏။

ထိုအခါ သွေးသောက်မောင်ဂျင်းက. . .

"ပေါက်ဖော်ကြီး" ဟု လှမ်း၍အော်ခေါ်လိုက်လေ၏။ ထိုခမောက်အဝိုင်းကြီးနှင့် လူကြီးကလည်း. . .

"သွေးသောက်ကြီး၊ ဟောဒီမှာ ကပ္ပတိန်လူစီ" ဟု ပြောဆိုကာ မီးတုတ်ကြီးကို ဝှေ့ယမ်းပြလိုက်ရာ မောင်ဂျင်းလည်း သင်္ဘောဦးဆီသို့ ပြေးလာပြီးလျှင် ကပ္ပတိန်လူစီအား အလံတိုင်၌ ကြိုးဖြင့်တုပ်၍ ဖမ်းထားလိုက်လေတော့သည်။

ထို့နောက် သွေးသောက်ကြီး မောင်ဂျင်းသည် သင်္ဘောဦးမှနေ၍ မီးတုတ်ကို ဝှေ့ယမ်းပြရာ ခနောင်တိုချောင်းတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မီးတုတ်များ ဟိုမှသည်မှ လင်း၍ လာလေတော့၏။

ခနောင်တို ချောင်းအတွင်း၌ကား မောင်ဂျင်း၏ လူများသည် သမ္ဗာန်များ လှေများဖြင့် အဆင်သင့် စောင့်နေကြပြီ မဟုတ်ပါလား။

ထို့နောက် လှေများ သမ္ဗာန်များသည် သင်္ဘောနှစ်စင်းအား လာ၍ ဝိုင်းရာ မူး၍ အိပ်ပျော်နေသော သင်္ဘောသားများသည် အိပ်ရာမှ နိုးကြပြီးလျှင် ခုခံပစ်ခတ်ရန် သေနတ်များ ထ၍ဆွဲကြသော်လည်း နေက်ကျော်က ကပ္ပတိန်ရှက်ပတ်၏ နားထင်အား သေနတ်ဖြင့် တေ့၍. . .

"မစ္စတာရှက်ပတ်၊ ခင်ဗျားလူတွေကို လက်နက်ချပြီး ငြိမ်ငြိမ်ကလေး နေဖို့ အမိန့်ပေးလိုက်ပါ" ဟု ပြောလိုက်သောကြောင့် ရှက်ပတ်က သူ၏လူများအား အော်ဟစ်၍ အမိန့်ပေးလိုက်လေတော့၏။ ချန်ပီယံ သင်္ဘောမှ သင်္ဘောသားများသည် သေနတ်ဖြင့် ခုခံမည် လုပ်ကြသေး၏။

သို့ရာတွင် သွေးသောက်ကြီး မောင်ဂျင်းက ကပ္ပတိန် လူဝီ၏ နားထင်ကို သေနတ်ဖြင့် ထောက်၍. . .

"မစ္စတာလူဝီ၊ ခင်ဗျားလူတွေကို လက်နက်ချပြီး ငြိမ်ငြိမ်ကလေး ထိုင်နေဖို့ အမိန့်ပေးလိုက်ပါ၊ ဒါမှမဟုတ်ရင် ခင်ဗျားဟာ ခရစ်တော်ထံမှာ အိပ်ပျော်ရပါလိမ့်မယ်" ဟု အင်္ဂလိပ် စကားဖြင့် ပြောလိုက်သောကြောင့် ကပ္ပတိန်လူဝီလည်း သူ၏လူများကို ငြိမ်ငြိမ်ကလေး ထိုင်နေရန် အမိန့်ပေးလိုက်၏။

ထို့နောက် ခမောက်အဝိုင်းကြီးနှင့် တံငါသည်ကြီးသည် နေက်ကျော် ရှိရာ သင်္ဘောဆီသို့ ကူး၍သွားပြီးလျှင် သင်္ဘောကို မောင်းနှင်နိုင်ရန် စီစဉ်လေတော့၏။

သွေးသောက်ကြီး မောင်ဂျင်းအနီးရှိ ကရင်အမျိုးသားကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးသည် ထိုခမောက်အဝိုင်းကြီးနှင့် လူကြီးအား ဒူးလေးနှင့် ပစ်ရန် ချိန်ရွယ်နေလေ၏။

ထိုအခါ သွေးသောက် မောင်ဂျင်းက ဒူးလေးကို ဆွဲယူလိုက်ကာ. . .

"မလုပ်နဲ့ ဖထီးရ၊ အဲဒါ ကျုပ်တို့လူ" ဟု ပြောလိုက်လေ၏။

"ဒီကောင်ကြီးက မျက်နှာဖြူ သူလျှို မဟုတ်ဘူးလား" ဟု ကရင်အမျိုးသားကြီးက ပြန်၍မေးလိုက်လေ၏။

"ဘယ်ကလာ ဟုတ်ရမှာတုန်း၊ ကျုပ်တို့ သူလျှိုဗျ၊ ဒီတိုက်ပွဲမှာ သူ့ရဲ့အကူအညီတွေ အများကြီး ပါတယ်" ဟု မောင်ဂျင်းက ရှင်းပြလိုက်သောအခါတွင်မှ မောင်ဂျင်းအနီးတွင် ရှိသော တေတ်က

"မနေ့က မြစ်ထဲမှာ တွေ့ခဲ့တဲ့ တင်ကျီးငှက်သမားကြီးပဲ" ဟု ဝင်၍ပြောလိုက်လေ၏။

"အေး. . . ဟုတ်တယ်" ဟု မောင်ဂျင်းက ပြန်၍ ဖြေလိုက်လေ၏။

"ဒါဖြင့်ရင် အဲဒီလူကြီးနဲ့ သွေးသောက်ကြီးဟာ အဲဒီတုန်းက သိနေကြတာပေါ့" ဟု တေတ်က မေးလိုက်လေ၏။

"သိတာကြာပါပြီကွာ၊ ဒါတွေ မေးမနေပါနဲ့၊ မင်းကို ငါပြောထားတဲ့ ဖြတ်တောက်နည်းဆိုတာ ဒါပေါ့ကွာ" ဟု ပြောလိုက်လေ၏။

မိုးနတ်သဘော်၊ အလံတိုင်၌ ကပ္ပတိန် ရှုက်ပတ်ကို လက်ပြန်ကြိုး တုပ်၍ထား၏။

ထို့နောက် နေက်ကျော်က သဘော်ကို မောင်းနှင်ရန် အမိန့်ပေးလိုက်ရာ မျက်နှာဖြူ သဘော်သားများသည် မောင်းနှင်ပေးရလေတော့၏။ သဘော်သည် စတင်ထွက်လေ၏။

ထိုအခါ ခမောက် အဝိုင်းကြီးနှင့် လူကြီးသည် နေက်ကျော်အနီးသို့ ကပ်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် နေကကျော်၊ ငါ ဘိုဆင်ကြီးနဲ့ သွားပြီး တွေ့လိုက်ဦးမယ်" ဟု ပြောလိုက်ရာ နေကကျော်က. . .

"ဒီမှာ ဦးတောက်လု၊ သေအောင်တော့ မလုပ်နဲ့နော်" ဟု ပြောလိုက်ရာ ခမောက်အဝိုင်းကြီး ဆောင်းထားသော လူကြီးက. . .

"ရက်စ် မိုင်ဘွိုင်း" ဟု ဆိုကာ သင်္ဘောဝမ်းအတွင်းသို့ ဆင်းသွားပြီးလျှင် အချုပ်ခန်းတံခါးကို ဖွင့်၍ အတွင်းသို့ ဝင်ကာ တုံးလုံးလဲနေသော ဘိုဆင်အား သားလိုးခါးနှင့် မွှန်း၍ ဆားသိပ် ရင်း လိုက်ပါလာခဲ့လေတော့၏။

များမကြာမီ၌ မိုးနတ်နှင့် ချန်ပီယံ သင်္ဘောနှစ်စင်းတို့သည် ခနောင်တိုချောင်းမှ ထွက်၍ ရန်ကုန်မြစ်အတွင်း ဝင်လာလေ၏။

ထိုသင်္ဘောနှစ်စင်း၏ ဘေးမှ လည်းကောင်း၊ နောက်မှ လည်းကောင်း မီးတုတ်များ ပါသော လှေသမ္ဗာန်များသည် တသီတ တန်းကြီး လိုက်ပါခဲ့ကြလေသည်။

ရန်ကုန်ဆိပ်ကမ်း၌ကား မြို့တော်ဝန် ဦးအုပ်နှင့် ရေဝန် မင်းကြီးတို့သည် မြန်မာ့တပ်မတော်သားများနှင့်အတူ မြစ်လယ် ဆီသို့ မျှော်၍ ကြည့်နေကြလေ၏။

ထိုသို့ ကြည့်ရှုနေကြစဉ် မြို့ဝန်မင်း ဦးအုပ်၏ အိမ်တော် ဝင်းအစောင့် ရဲမက်တစ်ဦးက. . .

"ဟိုမှာ. . . ဟိုမှာ. . . သင်္ဘောဦးမှာ နေကကျော် နေက ကျော်၊ မျက်နှာဖြူကြီးကိုလဲ ကြိုးနဲ့ တုပ်လို့ပါလား၊ အလို. . . ဟို ဘက်သင်္ဘောမှာလဲ ကျုပ်တို့ သွေးသောက်ကြီးက သေနတ်ကြီးနဲ့ ပါလား၊ သူ့ရှေ့မှာလဲ မျက်နှာဖြူတစ်ယောက်ကို လက်ပြန်ကြိုး တုပ်ပြီး ဒူးထောက်ထိုင်ခိုင်းထားပါလား" ဟု အားရဝမ်းသာ ပြော လိုက်ရာ မြို့ဝန်ကြီး ဦးအုပ်သည် သင်္ဘောဦးများဆီသို့ အာရုံစိုက်၍ ကြည့်လိုက်ရာ ဒဂိုသား နေကကျော်နှင့် သွေးသောက် မောင်မြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



တို့ တွေ့ရ၏။

လက်ပြန်ကြိုးတုပ်၍ ဖမ်းဆီးခဲ့သော မျက်နှာဖြူ တရားခံ နှစ်ဦးကိုလည်း တွေ့ရ၏။

ထို့ကြောင့် နှုတ်ခမ်းမွေးကို လက်ဖြင့် သပ်ကာ ကျေနပ်စွာ ပြုံးလိုက်ပြီးလျှင်. . .

"ငါ့သားတွေကတော့ အားကိုးလောက်ပါပေ့၊ စွမ်းလဲ စွမ်းကြပါပေ့ကွယ်ရို့" ဟု ရေရွတ်လိုက်လေတော့၏။

ဆိပ်ကမ်းမှ တပ်မတော်သားများသာမက မြို့သူမြို့သားများပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။

အိုးစည်ဗုံမောင်းများဖြင့် တီးမှုတ်ကြိုဆိုကြ၏။

မြစ်အတွင်း၌ကား မီးတုတ်ပါသော သမ္ဗာန်များကြောင့် လင်းထိန်၍ နေ၏။ စည်ကား၍ နေ၏။

ထို့ကြောင့် ထိုညက ရန်ကုန်မြစ်သည် အခါတိုင်းထက် လှနေသည်ဟူ၍ ဆိုချင်က ဆိုနိုင်လေသည်။

. . . ပြီးပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မျက်နှာဖုံးနှင့် လူတစ်ယောက် ရောက်လာခြင်း

နေက်ကျော်တို့သည် မျက်နှာဖြူ တရားခံများအား မြို့ဝန်မင်းထံ အပ်နှံလိုက်ကြလေတော့၏။

တပ်မတော်သားများသည် နေက်ကျော်တို့အား ဝိုင်းဝန်းပွေ့ချီကာ ဂုဏ်ပြုကြလေ၏။

ထိုသို့ ပွေ့ချီ၍ ဂုဏ်ပြုခံရသောသူများထဲတွင် ပေါက်ဖော်ကြီး ဦးတောက်လုလည်း တစ်ယောက်အပါအဝင် ဖြစ်၏။

တပ်မတော်သားများသည် ၎င်းတို့အား ပွေ့ချီကာ ဟိုမှသည်မှ လှည့်လည်ကြကုန်၏။

ထိုအခါ ပေါက်ဖော်ကြီးက. . .

"နေက်ကျော်ရေ. . . ရှင်လောင်း လှည့်သလိုပါပဲလားဟေ့" ဟု အော်ပြောလိုက်လေ၏။

မြို့ဝန်မင်းနှင့် ရေဝန်မင်းတို့သည် တရားခံများအား ကြေး



www.burmeseclassic.com

www.burmeseclassic.com



တိုက်(ခေါ်)အချုပ်ခန်းသို့ ခေတ္တသွင်းကာ ဖမ်းဆီးချုပ်နှောင်ထား လိုက်လေတော့၏။

ထို့နောက် ပေါက်ဖော်ကြီး ဦးတောက်လုသည် ငနက်ကျော် နှင့် သွေးသောက်ကြီးတို့အား နှုတ်ဆက်ကာ ၎င်း၏ စိုက်ခင်းဆီသို့ ပြန်သွားလေတော့၏။

ငနက်ကျော်မှာမူ သွေးသောက်ကြီးနှင့်အတူ မြို့ဝန်မင်း၏ အိမ်သို့ လိုက်ခဲ့လေ၏။ အိမ်သို့ ရောက်သောအခါ၌ မျက်နှာဖြူများ ကို ဖမ်းဆီးရာ၌ ပါဝင်ခဲ့သော လူတိုင်းအား စွန့်စားခဲ့ပုံ အသေးစိတ် ကို သွေးသောက်ကြီးက မေးမြန်း၍ ရေးသားမှတ်တမ်းတင်လေ၏။

ငနက်ကျော်အလှည့်သို့ ရောက်သောအခါ၌လည်း မေးမြန်း ကာ အသေးစိတ် မှတ်တမ်းတင်လေ၏။ ထို့နောက် သွေးသောက်ကြီး က. . .

"ငနက်ကျော်ရေ. . . အားလုံးအတွက်တော့ မှတ်တမ်းတင် ပြီးပြီကွ၊ မင်းဆရာ ပေါက်ဖော်ကြီး အကြောင်းပဲ လိုတော့တယ်၊ မင်းနဲ့ငါ သူ့ဆီ လိုက်သွားပြီး သူ့ရဲ့ စွန့်စားပုံ အသေးစိတ်ကိုလဲ ရေးယူထားရမှာပေါ့ကွာ" ဟု ပြောလိုက်ရာ ငနက်ကျော်က. . .

"ဘာဖြစ်လို့ ဒါတွေ ရေးနေရတာတုန်း သွေးသောက်ကြီးရဲ့" ဟု မေးလေတော့၏။

"နေပြည်တော်က စစ်ဌာနချုပ်ကို အစီရင်ခံရမယ်ကွ၊ အဲဒီ တော့ အသက်ကို ပမာနမထားဘဲ စွန့်စားခဲ့တဲ့ အကျိုးကျေးဇူးတော့ ခံစားရမှာပေါ့ကွာ၊ သူရသတ္တိနဲ့ ပတ်သက်တဲ့ ဘွဲ့တံဆိပ်တွေလဲ မင်း တရားကြီးက ချီးမြှင့်ချင် ချီးမြှင့်လိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ နောင် တစ်ချိန်ချိန်မှာ မင်းတရားကြီးဟာ တိုင်းကျိုးပြည်ကျိုးဆောင်အဖြစ် အသိအမှတ်ပြုရင် ပြုတော်မူလိမ့်မယ်ကွ၊ ဘာပဲဖြစ်ဖြစ် ငါ့အနေနဲ့ တော့ ဒီကိစ္စမှာ အရပ်သားထဲကဆိုလို့ ပေါက်ဖော်ကြီးတစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်တိုက်ပွဲမှာ ပါတယ် မဟုတ်လားကွ၊ မင်းကို မျက်နှာဖြူတွေ လက်ထဲက ကယ်ထုတ်နိုင်တာလည်း သူပဲ မဟုတ်လား၊ မျက်နှာဖြူ တွေကို အခုလို ဖမ်းဆီးနိုင်တဲ့ကိစ္စမှာလည်း သူဟာ သော့ချက်တစ်ခု ဖြစ်တယ်ကွ၊ အရေးကြီးဆုံးဟာ သူ့နေရာပဲ၊ သူလုပ်တာ မပိရိရင် မျက်နှာဖြူတွေကို ငါတို့ ဖမ်းနိုင်မှာ မဟုတ်ဘူး၊ မင်းလည်း မျက်နှာဖြူ တွေ လက်ထဲမှာ အသက်သေရလိမ့်မယ်၊ ဒီတော့ သူတို့လည်း ငါတို့ တပ်မတော်သားတွေနဲ့အတူ သူရသတ္တိနှင့် သက်ဆိုင်တဲ့ ဘွဲ့တံဆိပ် ရစေချင်တယ်ကွာ" ဟု သွေးသောက်ကြီး မောင်ဂျင်းက ပြောလိုက် လေရာ ငနက်ကျော်က. . .

"ကောင်းသားပဲ သွေးသောက်ကြီး၊ ဒီလို ရမယ်ဆိုရင်တော့ ဝမ်းသာစရာပေါ့၊ ကျုပ်လည်း ဒီည သူ့တဲမှာ သွားအိပ်မှာပဲ၊ သွေး သောက်ကြီး လိုက်ခဲ့ပေါ့" ဟု ပြန်၍ပြောလေ၏။

ညနေပိုင်းသို့ ရောက်သောအခါ၌ သွေးသောက်ကြီး မောင် ဂျင်းသည် တာဝန်မကျသော စစ်သည်တော်များကို ပြင်ပသို့ လည် ပတ်ရန်အတွက် ခွင့်ပေးလေ၏။

ကင်းတာဝန်ကျသော စစ်သည်တော်များအတွက်မူကား တာဝန်ကျ ကင်းမှူး၊ ကင်းစောင့်များ ခန့်အပ်ကာ အလှည့်ကျ တင်းဇယားကို ရေးဆွဲ၍ စကားဝှက်များကို လျှို့ဝှက် ပြောလေ၏။

ထို့နောက် သွေးသောက်ကြီးသည် ငနက်ကျော်နှင့်အတူ ပေါက်ဖော်ကြီး ဦးတောက်လု နေထိုင်ရာ တာမွေရွာအနီးရှိ စိုက်ခင်း ဆီသို့ လိုက်ပါခဲ့လေတော့၏။

၎င်းတို့နှစ်ဦးသည် စိုက်ခင်းနှင့် မလှမ်းမကမ်းနေရာဆီသို့ ရောက်သောအခါ၌ စိုက်ခင်းကို လှမ်းမျှော်ကြည့်ရှုလိုက်ရာ ခမောက် အဝိုင်းကြီးကို ဆောင်းလျက် နှုတ်သီးပါသော သစ်သားရိုးကြီး နှစ်လုံးကို ထမ်းပိုးနှင့် ထမ်းကာ ကြက်သွန်ခင်းကို ရေလောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သော ဦးတောက်လုအား တွေ့မြင်ကြရလေတော့၏။

ထိုအခါ သွေးသောက်ကြီးက ငနက်ကျော်အား. . .

"ဟိုမှာ မင်းဆရာကြီး အပင်တွေကို ရေလောင်းနေလေရဲ့" ဟု လှမ်း၍ပြောလိုက်လေ၏။

"ဒီအဘိုးကြီးက သိပ်ကို အလုပ်လုပ်တယ် သွေးသောက်ကြီးရဲ့၊ အခု သူလုပ်နေတာတွေကလည်း သူတစ်ယောက်တည်း စားဖို့မဟုတ်ဘူး၊ သူ့လို အလုပ်မလုပ်နိုင်တဲ့ လူပျင်းတွေ ဒုက္ခရောက်တဲ့အခါ ကျွေးဖို့ဆိုပဲ" ဟု ငနက်ကျော်က ပြန်၍ပြောလိုက်လေ၏။

"ဒီပေါက်ဖော်ကြီးက လူထူးလူဆန်းကြီးပဲကွ၊ ဘာပဲဖြစ်ဖြစ် သူနဲ့ မိတ်ဆွေဖြစ်ရတာတော့ ကောင်းတယ်ဟေ့၊ နောင်ကိုလည်း သူ့ကို အသုံးချစရာတွေ အများကြီးပဲကွ၊ အထူးသဖြင့် သူလျှိုလုပ်ငန်းတွေမှာ အသုံးပြုရလိမ့်မယ်" ဟု သွေးသောက်ကြီးက ပြောလိုက်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ဦးတောက်လုအနီးသို့ ရောက်ရှိသွားကြလေတော့၏။

ထိုအခါ ဦးတောက်လုက. . .

"သွေးသောက်ကြီးလည်း ပါလာသကိုး၊ ငနက်ကျော်ရေ. . . ငါ့ရဲ့တဲကလေးအတွင်းကို ခေါ်သွားပါကွာ၊ အဲဒီအထဲမှာ နတ်သုဒ္ဓါလို အရသာရှိတဲ့ ဝက်သားပေါက်စီတစ်ပေါင်းလည်း ရှိပါရဲ့၊ သွေးသောက်ကြီးကို ကျွေးမွေးဧည့်ခံထားပါကွာ" ဟု ပြောရင်း ပေါက်ဖော်ကြီး ဦးတောက်လုသည် အပင်များကို ရေလောင်းမြဲ လောင်း၍ နေလေတော့၏။

ထို့ကြောင့် ငနက်ကျော်က သွေးသောက်ကြီးအား ဦးတောက်လု၏ တဲကလေးအတွင်းသို့ ခေါ်သွားပြီးလျှင် ဝါးပိုးဝါးပြင့် ပြုလုပ်ထားသော ဝက်သားပေါက်စီ ပေါင်းအိုးကို ဖွင့်ကာ ကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

သွေးသောက်ကြီးလည်း ပေါက်စီတစ်လုံးကို ယူ၍စားနေလေတော့၏။

များမကြာမီ၌ ဦးတောက်လုသည် တဲအတွင်းသို့ ဝင်၍လာပြီးလျှင် ချွေးများကို သုတ်လေ၏။

ထိုသို့ ချွေးသုတ်ရင်း . . .

"ဘယ်လိုလဲ သွေးသောက်ကြီး၊ ဝက်သားပေါက်စီ စားလို့ကောင်းရဲ့လား" ဟု မေးလိုက်လေ၏။

"ကောင်းပါတယ် ပေါက်ဖော်ကြီးရယ်၊ အခု ကျုပ်လာတာက ပေါက်ဖော်ကြီးရဲ့ စွန့်စားဆောင်ရွက်ပုံတွေကို မှတ်တမ်းတင်ချင်လို့ပါ"

"သွေးသောက်ကြီးရယ်၊ ဒီအတွက်တော့ မှတ်တမ်းမှတ်ရာတွေ ရေးမနေပါနဲ့၊ အခုလို ပါဝင်စွန့်စားခွင့် ရတဲ့အတွက် ကျုပ်ကတောင် ကျေးဇူးတင်မိပါသေးရဲ့၊ ကျုပ်အနေနဲ့ ဘာကိုမှ အလိုမရှိပါဘူး၊ အဲဒါတွေ လိုချင်လို့ တိုက်ပွဲမှာ ပါခဲ့တာလည်း မဟုတ်ပါဘူး တိုင်းပြည်အတွက် လိုအပ်တဲ့အချိန်မှာ လိုအပ်သလို ပါဝင်ဆင်နွှဲခြင်းဟာ လူတိုင်းမှာ ရှိရမယ့် အရည်အချင်းပါ" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

ထို့နောက် ဦးတောက်လုသည် ငနက်ကျော်နှင့် သွေးသောက်ကြီး စားရန်အတွက် ဒယ်အိုးကြီးတစ်လုံးကို အသုံးပြုကာ တရှဲရှဲနှင့် ကြော်လှော်နေတော့၏။

အလုံးစုံ ကြော်လှော် ချက်ပြုတ်ပြီးသောအခါ၌ ၎င်းတို့သုံးဦးသည် စားသောက်ကြလေတော့၏။

၎င်းတို့ ထမင်းစားပြီးသည့်အခါ၌မူ နေဝင်သွားပြီ ဖြစ်သဖြင့် လောကဓါတ်တစ်ခုလုံး မှောင်အတိ ကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ငနက်ကျော်က မုန့်အိမ်ကလေးကို မီးထွန်းလိုက်လေ၏။ ထို့နောက် ၎င်းတို့သုံးဦးသည် ကြွေကရားကလေး တစ်အိုးပြီးတစ်အိုး ကုန်သည်အထိ ရေနွေးကြမ်းကို သောက်ရင်း စကားပြောနေကြလေ၏။

ထိုအချိန်၌မှာပင် မီးတုတ်များနှင့် ဝါးရင်းတုတ်များ ကိုင်ဆောင်ထားသော လူငါးယောက်သည် တဲအတွင်းသို့ ဝင်လာပြီးလျှင် ၎င်းတို့အနက်မှ ခေါင်းဆောင်လုပ်သူက ဦးတောက်လု၏ မျက်နှာကိုလည်းကောင်း၊ သွေးသောက်ကြီး၏ မျက်နှာကို လည်းကောင်း၊ ငနက်ကျော်၏ မျက်နှာကို လည်းကောင်း တစ်လှည့်စီ စေ့စေ့ကြည့်ပြီးနောက် ပြန်၍ထွက်သွားကြလေတော့၏။

၎င်းတို့သုံးဦးသားသည် ကြွေရေနွေးကရားကြီးတစ်လုံးကို အလယ်၌ ချကာ စကားလက်ဆုံ ကျနေလေတော့၏။

သို့နှင့်ပင် ညဥ့်နက်ပိုင်း ရောက်ရှိခဲ့လေတော့၏။ ထိုအချိန်၌ပင် ခပ်ဝေးဝေးမှ ကဆုန်စိုင်း၍ စီးလာသော မြင်းခွာသံကို ကြားကြရလေ၏။ မြင်းခွာသံသည် တဖြည်းဖြည်း နီး၍လာလေ၏။

နောက်ဆုံးတွင် တဲအရှေ့သို့ ရောက်လာပြီးလျှင် မြင်းပေါ်မှ လူတစ်ယောက်သည် လွှားခနဲ ဆင်းလိုက်ပြီးနောက် တဲအတွင်းသို့ ဝင်လာလေ၏။

ဦးတောက်လု၏လက်သည် အနီးရှိ သူ၏ ရင်းတိုက်တုတ်ကြီးပေါ်သို့ ရောက်သွားလေ၏။ သွေးသောက်ကြီး၏ လက်သည်လည်း ခါးတွင် ချိတ်ထားသော ဓားရိုးပေါ်သို့ ရောက်သွားလေ၏။

ငနက်ကျော်မှာမူ ထိုဝင်လာသူအား ကျွမ်းပစ်၍ တိုက်ခိုက်ရန်အတွက် သူ၏ လက်ဝါးနှစ်ဖက်ကို ကြမ်းပြင်ပေါ်၌ မြဲမြံစွာ ထောက်ထားလိုက်ပြီ ဖြစ်၏။ ၎င်းတို့သုံးဦး၏ မျက်လုံးများသည် သံလိုက်တုံးဖြင့် အဆွဲခံရသော သံများကဲ့သို့ ထိုသူ၏ထံသို့ တန်း



www.burmeseclassic.com

www.burmeseclassic.com



တန်းမတ်မတ်ကြီး ရောက်ရှိနေကြလေ၏။

ထိုသူသည် မျက်နှာ၌ မျက်နှာဖုံးကြီးတစ်ခုကို စွပ်ထားလေ၏။ မျက်လုံးနေရာလောက်တွင်သာ အပေါက်ကလေးနှစ်ပေါက် ဖောက်၍ထားလေ၏။

ထို့ကြောင့် မည်သူမည်ဝါ ဖြစ်ကြောင်းကို နေက်ကျော်တို့လူစုသည် မသိနိုင်ကြပေ။ ထိုသို့ မသိရှိသည့်အတွက်လည်း အရေးဆိုလျှင် တိုက်ခိုက်နိုင်ရန်အတွက် အသင့်ဖြစ်နေကြခြင်း ဖြစ်၏။

ထိုအချိန်မှာပင် မျက်နှာဖုံးနှင့်လူသည် ၎င်းတို့နှင့် မလှမ်းမကမ်းနေရာသို့ ခြေလှမ်းကျဲကျဲကြီးဖြင့် လျှောက်လာပြီး သွေးသောက်ကြီးအား မျက်နှာမူလျက်. . .

"ကြောင်နက်" ဟု ပြောလိုက်ရာ ဓားရိုးပေါ်သို့ ရောက်နေသော သွေးသောက်ကြီး၏လက်သည် အောက်သို့ ချလိုက်လေတော့၏။ ကျွမ်းပစ်တိုက်ခိုက်ရန် လက်ထောက်ထားသော နေက်ကျော်သည်လည်း လက်ကို ပြန်၍ရုပ်လိုက်လေ၏။

ဦးတောက်လုမှာမူ ရင်းတိုက်သားတုတ်ကို ဆုပ်ကိုင်မြဲဆုပ်ကိုင်ထားပြီးလျှင်. . .

"မျက်နှာဖုံး ချွတ်လိုက်ပါ" ဟု ထိုသူအား ပြောလိုက်လေတော့၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးနှင့် ဝင်လာသူသည် မျက်နှာဖုံးကို ဖွင့်လိုက်ပြီဖြစ်၏။ ထို့နောက် သွေးသောက် မောင်ဂျင်းဘက်သို့ လှည့်ကာ. . .

"ကျုပ်ရဲ့မျက်နှာကို ဖွင့်ပြီးပြလိုက်တာဟာ ခင်ဗျားတို့အပေါ်မှာ ကောက်ကျစ်စဉ်းလဲခြင်း မလုပ်ဘူးလို့ ပြောလိုက်တာပါပဲ" ဟု ထိုသူက ပြောလိုက်လေ၏။

ထိုအခါ သွေးသောက်မောင်ဂျင်းက. . .

"ဒီမှာ ရှောင်းရင်း၊ ခင်ဗျား ဘယ်သူတုန်း" ဟု မေးလိုက်လေ၏။

ထိုအခါ ထိုသူက. . .

"ဩော်. . . သွေးသောက်ကြီး သွေးသောက်ကြီး၊ မြို့တော်ရဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို တာဝန်ယူထားရတဲ့ လူတစ်ယောက်အဖြစ်နဲ့ လေးစားပါတယ်၊ ခင်ဗျားရဲ့ အဖွဲ့ဝင်တွေကို အရေးအကြောင်းမှာ အသုံးပြုဖို့ ပေးထားတဲ့ စကားဝှက်ကို ကျုပ်က ရအောင်ကြိုးစားထားရတယ်၊ ဒါပေမယ့် ကျုပ်ဟာ ခင်ဗျားရဲ့လူ မဟုတ်ဘူး၊ အခု လာတဲ့ကိစ္စဟာ သွေးသောက်ကြီးတို့နဲ့ စစ်ခင်းဖို့ လာတဲ့ကိစ္စလည်း မဟုတ်ဘူး၊ ကျုပ်ဟာ ပွဲစားတစ်ယောက်အဖြစ်နဲ့ လာတာပဲ" ဟု ပြောလေ၏။

ထိုအခါ သွေးသောက်မောင်ဂျင်းက. . .

"ကျုပ်ဟာ စစ်သည်တော်တစ်ဦးဖြစ်တယ်၊ ကုန်သည်တစ်ယောက် မဟုတ်ဘူး၊ ဒါကြောင့် ပွဲစားနဲ့ တွေ့ဖို့ အလုပ်မရှိဘူး၊ ဆိုစမ်းပါဦး၊ ဘာပွဲစားလဲ၊ ဟွဲခ ဘယ်လောက်ရလို့ လာတာလဲ" ဟု မေးလိုက်လေ၏။

"ကျုပ်က သို့ပန်းပွဲစားလေ၊ သွေးသောက်ကြီးတို့ ဖမ်းထားတဲ့ သင်္ဘောနှစ်စင်းလုံးက သင်္ဘောသားတွေ မပါဘဲ ကပ္ပတိန်ရှက်ပတ်တစ်ယောက်တည်း လွှတ်ပေးဖို့အတွက် ဟောဟိုခံတောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့အပြည့် ရွှေကို ပေးမယ်၊ ရွှေကလည်း အင်္ဂလန်မှာ သုံးတဲ့ ရွှေဒင်္ဂါး၊ ပုရပိုက်ခေါက်ထဲမှာ နှစ်ရွှေလောက်ပဲ ငနီထောက်ထားတဲ့ ရွှေမျိုး၊ ကပ္ပတိန် လူဝီအတွက်ဆိုရင် နောက်ထပ် ခံတောင်းတစ်တောင်းစာ ရမယ်၊ ကျုပ်အဖို့ကတော့ အဲလောက် လာပြောခကိုပဲ ရွှေဒင်္ဂါး အပြားတစ်ရာ ရပါတယ်" ဟု ထိုသူက ပြောလိုက်ရာ သွေးသောက် မောင်ဂျင်းက. . .

"ဒီသုံ့ပန်းတွေကို ငါတို့ ဘယ်လို ကြိုးစားပြီး ဖမ်းခဲ့ရတယ်ဆိုတာကို မင်းတို့ မသိလို့ ဒီလိုစကားမျိုး လာပြောတာ၊ ဒီသုံ့ပန်းတွေဟာ ငါတို့ အရှင်သခင်နဲ့ အရှင်သခင်က ထုတ်ပြန်ထားတဲ့ အမိန့်အာဏာကို ချိုးဖောက်သူတွေ ဖြစ်တယ်၊ မင်းပေးတဲ့ရွှေဟာ မနည်းပါဘူး၊ ဒီသုံ့ပန်းတွေကို ဒင်္ဂါးငွေတပ်ရင်တောင် မင်း အခုပေးတဲ့ ရွှေရဲ့ ဆယ်ပုံတစ်ပုံတောင် ရမှာမဟုတ်ဘူး၊ ဒါပေမယ့် သူတို့ကို ဒီရွှေထက် အဆတစ်ရာများတဲ့ ရွှေပုံကြီးနဲ့ လာပြီးလဲရင်တောင် ငါတို့ မလဲနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသုံ့ပန်းတွေဟာ ငါတို့ရဲ့ ဂုဏ်သိက္ခာ ဖြစ်တယ်၊ တစ်ခုတော့ မင်းကို ငါ မေးပါရစေ၊ ငါ့ရဲ့ လျှို့ဝှက်တပ်သားတွေကို ပေးထားတဲ့ စကားဝှက်ကို ရအောင် စုံစမ်းနိုင်တဲ့ မင်းရဲ့အစွမ်းအစကို အသိအမှတ် ပြုရမှာပဲ၊ မင်းဟာ မြန်မာတစ်ယောက် ဖြစ်ပါလျက်နဲ့ ဘယ်လိုကြောင့် မျက်နှာဖြူရဲ့ ကြားပွဲစား ဖြစ်နေရတာတုန်း" ဟု မေးလိုက်ရာ ထိုသူက. . .

"ငါဟာ မျက်နှာဖြူရဲ့လူတော့ မဟုတ်ဘူး၊ ပြီးတော့ ငါဟာ မင်းတို့လို တိုင်းပြည်ကို ချစ်တဲ့လူလည်း မဟုတ်ဘူး၊ ငါ့ကိုယ်ငါလည်း ချစ်တဲ့လူ မဟုတ်ဘူး၊ ပြီးတော့ ငါ့ရဲ့စွန့်စားခြင်းကိုပဲ ချစ်တယ်၊ ပြီးတော့ ငါ့ရဲ့စွန့်စားခြင်းကို အခမဲ့ ဘယ်တော့မှ မလုပ်ဘူး၊ အခကြေးငွေရမှ အလုပ်လုပ်တယ်၊ ငါဟာ ကြေးစား စွန့်စားတဲ့သူတစ်ယောက်ပဲ၊ မင်းရဲ့ တိုင်းပြည်ကို ချစ်တဲ့စိတ်ဓါတ်ကိုလည်း အသိအ



www.burmeseclassic.com

www.burmeseclassic.com



မှတ် ပြုပါတယ်၊ ဒါပေမယ့် အထင်တော့ မကြီးပါဘူး၊ လူဟာ တစ်ခုမဟုတ်တစ်ခုကို ချစ်နေရမှာပဲ မဟုတ်လား၊ မင်းတို့က တိုင်းပြည်ကို ချစ်တယ်၊ မင်းတို့ မြို့ဝန်ကြီးက အလုပ်တာဝန်ကို ချစ်တယ်၊ ဟောဟို ပေါက်ဖော်ကြီး ဦးတောက်လုက မိတ်ဆွေကို ချစ်တယ်၊ မင်းဘေးက နေက်ကျော်က တိုက်ခိုက်ခြင်းကို ချစ်တယ်၊ ငါကလည်း အခကြေးငွေနဲ့ စွန့်စားခြင်းကို ချစ်တယ်၊ အဲဒါ ဘာဆန်းလို့တုန်း၊ မင်းကို ငါ ပြောရဦးမယ်၊ မျက်နှာဖြူကုန်သည်တွေက ဒီကိစ္စအတွက် ပွဲစားလုပ်ဖို့ ငါ့ကို လွှတ်လိုက်တာပဲ၊ အပေးအယူ တည့်သည်ဖြစ်စေ မတည့်သည်ဖြစ်စေ ငါဟာ ရွှေဒင်္ဂါး အပြားတစ်ရာ ရမယ်၊ အပေးအယူ မတည့်ရင် မင်းရဲ့အသက်ကို လုပ်ကြံပေးဖို့လည်း ငါ့ကို အလုပ်အပ်ထားကြသေးတယ်၊ မင်းကို သတ်ပေးရင် ရွှေဒင်္ဂါး နောက်ထပ် အပြားနှစ်ရာ ရမယ်" ဟု ဆိုကာ ထိုသူသည် ခါးကြားထွင် ဝှက်၍ယူလာသော သေနတ်ကို ကျင်လည်စွာ ထုတ်လိုက်လေ၏။ နဂိုကပင် တုတ်ရှည်ကြီးကို မလွှတ်ဘဲ ကိုင်ထားသော ဦးတောက်လုက လှုပ်ရှားမည် ပြုလိုက်ရာ ထိုသူက. . .

"ပေါက်ဖော်ကြီး တုတ်ကြီးကို ချလိုက်ပါ၊ နောက်တစ်နေ့ ဝက်သားပေါက်စီ မစားနိုင်ဘဲ နေဦးမယ်" ဟု ပြောလိုက်သဖြင့် ဦးတောက်လုလည်း တုတ်ကြီးကို လွှတ်လိုက်ရလေ၏။

ထိုအခါ ဦးတောက်လုသည် ဆေးပြင်းလိပ်ကြီးတစ်လိပ်ကို ထုတ်ကာ မီးဆုံ၌ မီးကို ထိုး၍ယူပြီးလျှင် အေးချမ်းစွာ ဆေးပြင်းလိပ် သောက်ရင်း ထိုသူအား ပြုံးဖြဲဖြဲနှင့် ကြည့်လိုက်ပြီးနောက်. . .

"ဟေ့. . . လက်ခစား လူသတ်သမား၊ မင်းကို ငါကလည်း မေးရဦးမယ်၊ မောင်ဂျမ်းကို သတ်ရင် ရွှေဒင်္ဂါးနှစ်ရာ ရမယ်ဟုတ်လား၊ ငါ့ကို သတ်ရင်ရော ဘယ်လောက်ရမှာတုန်း၊ မင်းအတွက် အကျိုးရှိမယ်ဆိုရင် ငါ့ကိုလည်း ချန်မထားနဲ့လေကွာ" ဟု ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ထိုသူက. . .

"ခင်ဗျားအတွက် တစ်ပြားမှ မရဘူးဗျ၊ အဲဒီအတွက် ခင်ဗျားကို မသတ်ဘဲ ထားရမှာပဲ" ဟု ပြန်၍ပြောလေ၏။

"အေးလေ၊ ဒီလိုဆိုလည်း ငါ့ကို မသတ်နဲ့ပေါ့ကွာ၊ သတ်လို့ လည်း မင်း ဘာတစ်ခုမှ ရမှာမှ မဟုတ်ဘဲ၊ အဲဒီတော့ မောင်ဂျင်းကို ပဲ သတ်ပြီး သွားပေါ့ကွာ" ဟု ဦးတောက်လုက ပြောလိုက်ရာ ထို သူက. . .

"ဘယ်လိုလဲ သွေးသောက်ကြီး၊ အစီအစဉ် ပြောင်းမယ် ဆိုရင်လည်း ပြောင်းနိုင်သေးတာပဲ" ဟု ဆိုကာ နောက်သို့ အနည်း ငယ်ဆုတ်၍ လက်ကို ဆန့်တန်းပြီးလျှင် မောင်ဂျင်း၏ရင်ဝဆီသို့ သေနတ်ဖြင့် ချိန်လိုက်လေ၏။

"ဒီမှာ မင်း ငါ့ကို နောက်ထပ် ဘာမှ ပြောဖို့မလိုတော့ဘူး၊ ငါ့အနေနဲ့ ဘာမှ ပြောင်းလဲဖို့ မရှိဘူး၊ သေမှာကြောက်လို့ စကား ပြောင်းပြီးပြောရတဲ့ ယောကျ်ားပျက်ထဲမှာ ငါ မပါဘူးကွ" ဟု သွေးသောက်မောင်ဂျင်းက ပြောလိုက်ရာ ထိုသူက. . .

"မင်းကို ငါ သိပ်ပြီးလေးစားတာပဲ၊ မင်းဟာ သိပ်ပြီး အရည်အချင်းရှိတယ်၊ ဒီလိုလူမျိုးကို သတ်ရတာ သိပ်ပြီး အရသာ ရှိတယ်ကွ၊ ဘာမဟုတ် ညာမဟုတ် ကောင်စားမျိုးတွေကို ငါ မလုပ် ချင်ဘူး၊ ကဲ. . . ဘုရားသာ တထားပေတော့"

"တစ်. . ."

"နှစ်. . ."

"သုံး. . ."

"ဝုန်း. . . ဒိုင်း"

ထိုသူသည် မောင်ဂျင်းအား အပြီးအပိုင် သေနတ်နှင့် ပစ်သတ်ရန်အတွက် "တစ် နှစ် သုံး" ဟူ၍ အမှတ်စဉ် ခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ သုံးသို့ အရောက်၌ အမိုးနားတွင် ဦးတောက်လု ချိတ်ဆွဲထားသည့် ဦးတောက်လု၏ တရုတ်ဘာသာဖြင့် "လု" ဟူ၍ ရေးထွင်းထားသော ကျွန်းသားပျဉ်ချပ်ထူထူကြီးသည် ထိုသူ၏ ဦးခေါင်းတည့်တည့်သို့ ဝုန်းခနဲ ပြုတ်၍ကျလာလေ၏။

ထိုကျွန်းသားချပ်ကြီးသည် ထိုသူ၏ဦးခေါင်းကို ပြင်းထန်စွာ ထိခိုက်လိုက်သည်ဖြစ်ရာ ထိုသူသည် လည်၍ကျသွားလေ၏။ ထိုသူ၏လက်မှ သေနတ်သည်လည်း 'ဒိုင်း'ခနဲ မြည်၍ ကျည်ဆန်တစ်တောင့် ထွက်သွား၏။ သို့ရာတွင် ထိုကျည်ဆန်သည် မောင်ဂျင်းကို ထိမှန်ခြင်း မရှိဘဲ ခပ်လှမ်းလှမ်းတွင် တည်ထားသော ပေါက်စီအိုးကြီးအောက်မှ ရေဇလုံကြီးကို သွားရောက်ထိမှန်သည်ဖြစ်ရာ ဇလုံအတွင်းမှ ရေနွေးများ ဒလဟော ထွက်ကျလေတော့၏။

ထိုအခါ ဦးတောက်လုသည်. . .

"ဒုက္ခပဲဟော့၊ ပေါက်စီတွေ ပျက်ကုန်တော့မှာပဲ" ဟု ဆိုကာ ပြေးသွားပြီးလျှင် အပေါက်ကို အဝတ်စုတ်ဖြင့် ဆို့လေ၏။

မောင်ဂျင်းနှင့် ငနက်ကျော်တို့သည် ထိုသူအား ကြည့်ရှုစစ်ဆေးကြည့်ကြရာ ထိုသူ၏ရင်ဘတ်၌ ကြောင်ရုပ်များ ထိုးထားသည်ကို တွေ့ရလေ၏။ ထိုသူမှာမူကား သေဆုံးသွားပြီဖြစ်၏။

ဦးတောက်လုသည် ပေါက်စီများကို စစ်ဆေးရင်း. . .

"ကြည့်မနေကြပါနဲ့ ကိုယ့်လူတို့ရာ၊ လက်လေးလုံးလောက်ထူတဲ့ ကျွန်းပြားကြီး ခေါင်းပေါ်ကို စောက်နဲ့ကျတာ ရှင်ဖို့လမ်းမရှိတော့ပါဘူး၊ သူချစ်တဲ့ ငရဲပြည်ကို သွားရှာပါပြီကွာ၊ အဲဒီကိစ္စနောက်မှ လုပ်ကြပါ၊ ပေါက်စီလေး တစ်လုံးစီ ယူစားလိုက်ကြပါဦးစို့လား" ဟု ပြောလိုက်လေ၏။

ထိုအခါ ငနက်ကျော်က. . .

"ခင်ဗျားရဲ့ ကျွန်းသားပျဉ်ချပ်ကြီးက အချိန်မီပေ‌ပေ ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျပေလို့ပေါ့ဗျာ၊ နို့မဟုတ်ရင် ကျုပ်တို့သွေးသောက်ကြီး သေပြီဗျ" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

"လူအ. . . အလိုလို ပြုတ်ကျတာ မဟုတ်ဘူးကွ၊ အဲဒီဖျဉ်ချပ်ကို ဆွဲတင်ထားတဲ့ကြိုးက ဒီတိုင်မှာ ချည်ထားတာ၊ ငါက လူမမြင်အောင် လက်နောက်ပြန်ထားပြီး ဆေးပြင်းလိပ်မီးနဲ့ တို့ပြီး ဖြတ်ချလိုက်တာ၊ ဟဲ. . . ဟဲ. . . စက်ယန္တရားအတတ်တစ်မျိုးပေါ့ကွာ" ဟု ပြောလိုက်လျှင် သွေးသောက်မောင်ဂျင်းက. . .

"ခင်ဗျား စီမံထားပုံလေး နေရာကျပေါ့လေ ဦးတောက်လုရယ်၊ ဒါပေမယ့် ပေါက်စီစားလို့တော့ မဖြစ်သေးဘူးဗျို့၊ ဒီကိစ္စကို ခင်ဗျားကျေးရွာက တာဝန်ရှိတဲ့လူတွေကို တိုင်တန်းဦးမှ ဖြစ်မယ်" ဟု ပြောလိုက်ရာ. . .

"စားပြီးမှ တိုင်ပါ သွေးသောက်ကြီးရာ၊ ဒီမှာ ရေနွေးတွေတော ထွက်ကျကုန်ပြီဗျ၊ ပေါက်စီကို မြန်မြန်စားစမ်းပါ၊ တော်တော်ကြာ ပေါက်စီတွေ ပျက်ကုန်တော့မယ်" ဟု ပြောလိုက်လေတော့သတည်း။

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ၁

# နေက်ကျော်နှင့် သုံ့ပန်းများ

နေက်ကျော်တို့သည် အိမ်တော်ဝင်းသို့ နောက်တစ်နေ့နံနက်တွင် ပြန်လည် ရောက်ရှိခဲ့ကြလေ၏။ ၎င်းတို့ ရောက်ရှိပြီးများမကြာမီ၌ပင် ရေဝန်မင်းကြီးထံမှ မြို့ဝန်ထံသို့ စာချွန်တစ်စောင် ပေးပို့လိုက်လေ၏။ ထိုစာချွန်မှာ ရေဝန်မင်းကြီး၏ လက်အောက်တွင် ရှိသော ဆိပ်ကမ်းအချုပ်ခန်းတွင် ဖမ်းဆီးချုပ်နှောင်ထားသော နိုင်ငံခြားသား တရားခံများကို စောင့်ကြပ်ရန်အတွက် အစောင့်အနေများ လိုအပ်သောကြောင့် မြို့ဝန်မင်း၏ အိမ်တော်အစောင့်များအနက်မှ သင့်လျော်သော စစ်သည်တော်များကို ၎င်းတို့အား အုပ်ချုပ်သော သွေးသောက်နှင့်တကွ ပို့လွှတ်ပေးရန် ဖြစ်၏။

ထို့ကြောင့် မြို့ဝန်လည်း သွေးသောက်မောင်ဂျင်းအား ခေါ်ယူပြီးလျှင် ရေဝန်အချုပ်သို့ သွားရောက်၍စောင့်ကြပ်ရန်အတွက် သင့်လျော်သော စစ်သည်တော်ငါးဦးကို ခေါ်ယူသွားရန် အမိန့်ပေးလိုက်လေ၏။ ထိုအခါ သွေးသောက်မောင်ဂျင်းသည်လည်း အိမ်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်းစောင့် စစ်သည်တော်ငါးဦးကို ခေါ်ယူပြီး ရေဝန်အချုပ်သို့ သွားရောက်ကာ အစောင့်အနေ ချထား၍ စောင့်ကြပ်ရလေတော့၏။

သွေးသောက်မောင်ဂျင်း ခေါ်ယူသွားသော စစ်သည်တော် ငါးဦးထဲတွင် ငနက်ကျော်လည်း ပါသွား၏။ မောင်ဂျင်းသည် ကင်းမှူးတာဝန်ကို ထမ်းဆောင်ရသူ ဖြစ်သဖြင့် 'ကင်း'ဇယားကို ရေးကာ ကင်းစောင့်ရမည့် မိမိငယ်သားများအား 'ကင်း'၏ သဘောတရားများကို အပြည့်အစုံ ပြောပြ၍ စတင် စောင့်ကြပ်ခိုင်းလေတော့၏။

ငနက်ကျော် စောင့်ကြပ်ရသောအလှည့်သို့ ရောက်သော အခါ၌ နေဝင်မီးထွန်းချိန်ပင် ရောက်ရှိနေပြီဖြစ်၏။ ငနက်ကျော် သည် အချုပ်ခန်းနှင့် မလှမ်းမကမ်းနေရာတွင် ရပ်ကာ မိမိတာဝန် ကို ကျေပွန်စွာ ထမ်းဆောင်နေလေ၏။ အချုပ်ခန်းမှာ သုံးခန်းဖြစ် ၏။ ထိုသုံးခန်းမှာလည်း အခန်းကျယ်ကြီးတစ်ခန်းနှင့် အခန်းကျဉ်း လေးက နှစ်ခန်းဖြစ်လေ၏။ အခန်းကျယ်ကြီးထဲတွင် မျက်နှာဖြူ သင်္ဘောသား အမြောက်အမြားကို ထားလေ၏။ အခန်းကျဉ်းလေး နှစ်ခန်း၌မူ တစ်ခန်းတွင် ကပ္ပတိန် 'ရှက်ပတ်'ကို ထား၍ အခြား တစ်ခန်း၌မူ ကပ္ပတိန် 'လူဝီ'ကို ထားလေ၏။

ထိုအချိန်မှာပင် အချုပ်ခန်းနှင့် မလှမ်းမကမ်းရှိ ကင်းမှူး၏ ရုံးခန်းနေရာရှေ့၌ ရထားလုံးတစ်စီး ဆိုက်လာလေ၏။ ထို့နောက် ရထားလုံးပေါ်မှ အထက်တန်းကျသော အဝတ်အစားများကို ဝတ် ဆင်ထားသည့် လူတစ်ဦး ဆင်းလာပြီးလျှင် ကင်းမှူး၏ ရုံးခန်းဆီသို့ သွားလေ၏။ သို့ရာတွင် ကင်းမှူးဖြစ်သော သွေးသောက်မောင်ဂျင်း မှာ ကင်းသမားများ၏ ရိက္ခာအတွက် စီမံရန် အပြင်သို့ သွားနေ၍ ဖြင့် လက်ထောက်ကင်းမှူးသာလျှင် ရှိလေ၏။ လက်ထောက်ကင်း မှူးသည် ရထားလုံးတွင် တပ်ဆင်ထားသော အလံကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ရထားလုံးပေါ်မှ ဆင်းလာသူသည် ရေဝန်မင်းကြီးရုံးမှ အရာရှိတစ်ဦး ဖြစ်ကြောင်း နားလည်သဘောပေါက်သွားသည် ဖြစ်ရာ ထိုင်ရာမှထ၍ ထိုအရာရှိအား စစ်သားတို့၏ ထုံးစံအတိုင်း အရိုအသေ ပြုလိုက်လေ၏။

ထိုအရာရှိသည်လည်း လက်ထောက်ကင်းမှူးအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးလျှင် . . .

"ငါဟာ ရေဝန်ဘက်က အကြီးအကဲတစ်ဦး ဖြစ်တယ်၊ ရေဝန်မင်းရဲ့လူလည်း ဖြစ်တယ်၊ တရားခံ ရှက်ပတ်တို့ လူဝီတို့ကို ကြည့်ချင်တယ်၊ မောင်မင်းက ကင်းမှူးလား" ဟု မေးလိုက်လေ၏။

ထိုအခါ လက်ထောက်ကင်းမှူးက . . .

"လက်ထောက်ကင်းမှူး ဖြစ်ပါတယ်၊ ကြည့်လိုက ကြည့်နိုင်ပါတယ်" ဟု ပြောလိုက်ရာ ၎င်းအရာရှိလည်း အချုပ်ခန်းသို့ သွားလေ၏။ လူဝီကို ချုပ်ထားသောအခန်းသို့ တန်းတန်းမတ်မတ် သွားပြီး အချုပ်ခန်းတွင် တပ်ဆင်ထားသော မျဉ်းတန်းများအကြားမှ အချုပ်ခန်းအတွင်းရှိ တရားခံ ကပ္ပတိန်လူဝီကို လှမ်းကြည့်ပြီးလျှင် . . .

"ကပ္ပတိန် လူဝီ" ဟု လှမ်း၍ခေါ်လိုက်လေ၏။

ထိုအခါ အချုပ်ခန်းနံရံကို မှီ၍ စိတ်ပျက်လက်ပျက် ထိုင်နေသော ကပ္ပတိန်လူဝီလည်း အသံလာရာဆီသို့ လှမ်း၍ကြည့်လိုက်ရာ ခေါင်းပေါင်းစ တလူလူနှင့် မြန်မာအရာရှိကို တွေ့လျှင် . . .

"ဟုတ်တယ်၊ ကျွန်ုပ်ဟာ ကပ္ပတိန်လူဝီပဲ" ဟု အမိပ္ပါယ်ရသော အင်္ဂလိပ်စကားဖြင့် ပြန်၍ပြောရာ ခေါင်းပေါင်းစ တလူလူနှင့် အရာရှိက အောက်ပါ အမိပ္ပါယ်ရသော အင်္ဂလိပ်စကားကို ပြောနေလေတော့၏။

"ဟော့ . . . မျောက်သတ္တဝါ၊ အခု မင်းတို့ ဘာတတ်နိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



တုန်း၊ ငါတို့လက်ထဲ ရောက်နေပြီ၊ မင်းတို့ကို ငွေဒင်္ဂါးလောက်နဲ့ မကျေနပ်နိုင်ဘူး၊ ကောင်းကောင်းကြီး နှိပ်စက်ရလိမ့်မယ်၊ နက်ဖြန် မနက်မှာ မင်းတို့အားလုံးကို နေပူလှန်းမယ်၊ ပြီးရင် ကြိမ်လုံးစာ ကျွေးမယ်၊ ပြီးတော့ မင်းတို့ တစ်ကိုယ်လုံးကို ဆားနဲ့ ပွတ်မယ်"

အထက်ပါစကားကို ကပ္ပတိန်လူဝီ ကြားရလျှင် မျက်နှာကြီး နီမြန်းလာပြီးလျှင် ဆက်လက် နားမထောင်တော့ဘဲ တစ်ဖက်သို့ မျက်နှာလွှဲလိုက်လေတော့သည်။

ထိုအခါ ခေါင်းပေါင်းစ တလူလူနှင့် မြန်မာအရာရှိက မျဉ်းတန်းကို လက်ဖြင့် 'တဗုန်းဗုန်း' ထုကာ. . .

"လူဝီ. . . လူဝီ" ဟု အော်၍ခေါ်လေ၏။ သို့ရာတွင် ကပ္ပတိန်လူဝီက လှည့်၍မျှပင် မကြည့်တော့ပေ။ ထိုအခါ မြန်မာအရာရှိက အင်္ဂလိပ်ဘာသာဖြင့် အောက်ပါစကားကို ပြောပြန်လေ၏။

"မနက်ဖြန် မင်းတို့ကို နေခြောက်လှန်းတဲ့အခါမှာ မင်းတို့ဟာ အင်မတန် ပူလောင်ပြီး ရေငတ်ကြလိမ့်မယ်၊ အဲဒီတော့ မင်းတို့က ငါတို့ဆီမှာ ရေတောင်းကြလိမ့်မယ်၊ ငါတို့ဟာ မင်းတို့ကို ရေမပေးဘူး၊ ခွက်ထဲကို ရှူးရှူးတွေ ပေါက်ထည့်ပြီး ပေးမယ်"

ထိုအရာရှိ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် မလှမ်းမကမ်းတွင် စောင့်နေသော ငနက်ကျော်သည် အနီးသို့ ရောက်လာပြီးလျှင်. . .

"ဒီမှာ အရာရှိမင်း၊ သုံ့ပန်းတွေကို ဒီလိုဆက်ဆံခွင့် မရှိဘူး၊ ဒီနေရာက ခွာလိုက်ပါ" ဟု လေးနက်တည်ကြည်သော စစ်သည်တော်တို့၏အသံဖြင့် ပြောလိုက်ရာ အရာရှိလည်း မျက်ခုံးတစ်ဖက်ကို တွန့်၍ ငနက်ကျော်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးလျှင် ၎င်း၏ကိုယ်ကို အချုပ်ခန်းမှ အနည်းငယ် ခွာလိုက်လေ၏။

"ဒီကောင်တွေဟာ ငါတို့ရန်သူတွေ ဖြစ်တယ်ဆိုတာ မောင်



www.burmeseclassic.com

www.burmeseclassic.com



မင်း မသိဘူးလား" ဟုလည်း ပြန်မေးလိုက်လေ၏။

"ရန်သူဖြစ်တယ်ဆိုတာလည်း သိတယ်၊ အခုအခါမှာ သုံ့ပန်းဖြစ်သွားပြီ ဆိုတာလည်း သိတယ်၊ အစောင့်စစ်သည်တော်တာ သုံ့ပန်းကို စောင့်ကြပ်တဲ့နေရာမှာ သုံ့ပန်း လွတ်မသွားရုံသက်သက် စောင့်ရတာမျိုး မဟုတ်ဘူး၊ အဲဒီသုံ့ပန်းကို တာဝန်မဲ့ လာပြီးစော်ကားခြင်း၊ နှိပ်စက်ခြင်း မပြုနိုင်အောင်လည်း ကာကွယ်ပေးရသေးတယ်" ဟု ငနက်ကျော်က ပြန်၍ပြောလိုက်လေ၏။

ထိုအခါ အရာရှိက. . .

"ငါဟာ ရေဝန်အရာရှိတစ်ယောက် ဖြစ်တဲ့အပြင် ရေဝန်မင်းကြီးရဲ့ လူယုံတစ်ယောက်လည်း ဖြစ်တယ်ဆိုတာ မောင်မင်း မသိဘူး မှတ်တယ်" ဟု ပြောလိုက်လေ၏။

"ရေဝန်မင်းကြီးရဲ့ လူယုံမပြောနဲ့၊ ကျုပ် အစောင့်ကျနေတဲ့ အခါမျိုးမှာ ရေဝန်မင်းကြီးကိုယ်တိုင် လာပြီး ဒီလိုရိုင်းစိုင်းတဲ့ အပြုအမူမျိုးနဲ့ သုံ့ပန်းကို ဆက်ဆံရင်တောင် ကျုပ် ခွင့်မပြုနိုင်ဘူး၊ အဲဒီတော့ အရာရှိမင်း ဒီက အမြန်ဆုံး ထွက်သွားပါ" ဟု ငနက်ကျော်က လေသံမာမာဖြင့် ပြောလိုက်လေ၏။ ထိုအခါ အရာရှိက. . .

"မင်း မြန်မာစစ်သားမှ ဟုတ်ရဲ့လား" ဟု မေးလိုက်လေသည်။

"ကျုပ်ဟာ မြန်မာစစ်သားစစ်စစ်ပဲ၊ မြန်မာစစ်သားဟာ မြန်မာလူမျိုး မိဘတွေက ပေါက်ဖွားလာပြီး မြန်မာ့မြေကို ကာကွယ်ဖို့အတွက် အသက်ကို စွန့်ထားတဲ့သူတွေ ဖြစ်တယ်၊ မြန်မာစစ်သားဟာ ရန်သူကို ဂုဏ်သိက္ခာမဲ့အောင်မလုပ်ဘူး၊ ရန်သူရဲ့ဂုဏ်သိက္ခာကို မိမိရဲ့ဂုဏ်သိက္ခာနဲ့ ထပ်တူ စောင့်ရှောက်ထိန်းသိမ်းပေးရင်း ရန်သူရဲ့လည်မျိုကို ဓားဦးနဲ့ ဖောက်ပစ်လေ့ ရှိတယ်၊ ရန်သူရဲ့ရင်ကို ခွဲပစ်လေ့ရှိတယ်၊ ရန်သူရဲ့ဦးခေါင်းနဲ့ ကိုယ်ကို တခြားစီ လုပ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတယ်၊ ကျုပ်တို့ စစ်သားဖြစ်နေတာဟာ ဖမ်းမိထားတဲ့ သံ့ပန်းတွေကို စော်ကားဖို့ မဟုတ်ဘူးဆိုတာ စစ်သားတိုင်း သိတယ်၊ စစ်တိုက်နေတာဟာ ရန်သူကို ဂုဏ်သိက္ခာ ကျစေချင်တဲ့ ရည်ရွယ်ချက်နဲ့ တိုက်နေတာ မဟုတ်ဘူး၊ နိုင်ငံကို ကာကွယ်နေတယ်ဆိုတာ စစ်သားတိုင်း သိတယ်၊ ဒီမှာ အရာရှိမင်း၊ ခင်ဗျား စီးလာတဲ့ရထားပေါ်ကို အမြန်ဆုံး ပြန်ပြီးတက်သွားပါ၊ ကျုပ် ပြောတဲ့အတိုင်း မလုပ်ဘူးဆိုရင် မြန်မာစစ်သည်တစ်ဦးရဲ့ ဂုဏ်သိက္ခာအတွက် ခင်ဗျားခေါင်းကို ဖြတ်ရပါလိမ့်မယ်" ဟု ဆိုကာ နေက်ကျော်၏ ညာလက်သည် လွယ်ထားသော ဓားရိုးပေါ်သို့ ရောက်ရှိသွားသည် ဖြစ်ရာ အရာရှိလည်း ထိုနေရာမှ ခပ်သုတ်သုတ် ခွာလေတော့၏။

ထိုသို့ ခွာရင်း. . .

"မောင်မင်း ငါ့အကြောင်း ကောင်းကောင်းသိမယ်၊ ရေဝန်မင်းကြီးကို တိုင်မယ်" ဟုလည်း ပြောလိုက်လေ၏။

"ခင်ဗျား လုပ်ချင်တာကို လုပ်နိုင်ပါတယ်၊ လောလောဆယ် ခင်ဗျား ဒီနေရာမှာ မရှိဖို့ပဲ အရေးကြီးတယ်၊ ရေဝန်မင်းကြီးကို ခင်ဗျား တိုင်ရင်လည်း ကိစ္စမရှိပါဘူး၊ ရေဝန်မင်းကြီးကလည်း သံ့ပန်းတွေကို တာဝန်မဲ့ စော်ကားခွင့် မပေးရကောင်းလားဆိုပြီး ကျုပ်ကို အပြစ်တင်မှာ မဟုတ်ဘူး" ဟု နေက်ကျော်က ပြန်၍ပြောလိုက်လေ၏။

ထိုအချိန်မှာပင် သွေးသောက်မောင်ဂျင်း ပြန်လည်ရောက်ရှိလာသည်ဖြစ်ရာ အရာရှိသည် မောင်ဂျင်းအား ကင်းတာဝန်ခံ၊ ကင်းမှူးတစ်ဦး ဖြစ်ကြောင်း အကဲခတ်မိသွားသည်ဖြစ်ရာ မောင်ဂျင်းအား မျက်နှာချိုသွေးပြီးလျှင်. . .

"မောင်မင်းက ရေဝန်အချုပ်ရဲ့ ကင်းမှူး ကင်းခေါင်းလား" ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မောင်ဂျင်းကလည်း. . .

"ဟုတ်ပါတယ်၊ ကျုပ်ဟာ ဒီကင်းရဲ့ ကင်းမှူးပဲ၊ ဘာကိစ္စတုန်း" ဟု ပြန်၍မေးလိုက်လေ၏။

"ငါဟာ ရေဝန်မင်းကြီးရုံးက အရာရှိတစ်ယောက် ဖြစ်တယ်" ဟု အရာရှိက ပြန်၍ပြောလျှင် မောင်ဂျင်းက. . .

"ခင်ဗျားကို ကျုပ်မေးနေတာ ဘာကိစ္စတုန်းလို့ မေးနေတာ၊ ခင်ဗျား အရာရှိ ဖြစ်တာမဖြစ်တာ အရေးမကြီးဘူး၊ ကျုပ်မေးတာကိုသာ ဖြေပါ" ဟု ပြန်၍ပြောလိုက်လေ၏။

"ငါ တရားခံတွေကို ကြည့်ချင်လို့ လာတာ၊ ဟောဟိုမှာ ရပ်နေတဲ့ မောင်မင်းရဲ့ စစ်သားက ငါ့ကို မောင်းထုတ်ပစ်နေတယ်" ဟု အရာရှိက နေက်ကျော်အား ညွှန်ပြ၍ သွေးသောက်မောင်ဂျင်းအား တိုင်ကြားလိုက်လေတော့၏။

"ကောင်းပြီ၊ ဒီအချုပ်ခန်းက သုံ့ပန်းတွေကို လာပြီးကြည့်ဖို့ ရေဝန်မင်းကြီးရဲ့စာချွန် ပါသလား" ဟု သွေးသောက်မောင်ဂျင်းက မေးလိုက်လေ၏။

"ငါဟာ အရာရှိတစ်ယောက် ဖြစ်တယ်" ဟု အရာရှိက မခိုးမခန့် မျက်နှာဖြင့် ပြန်၍ဖြေလိုက်ရာ သွေးသောက်မောင်ဂျင်းက. . .

"ခင်ဗျား မြန်မာစကား နားမလည်ဘူးလား၊ ခင်ဗျားကို ကျုပ် မေးတာက ရေဝန်မင်းကြီးဆီက စာချွန် ပါသလားလို့ မေးတာ၊ ခင်ဗျား အရာရှိ ဖြစ်တာမဖြစ်တာကို မေးနေတာ မဟုတ်ဘူး" ဟု ပြန်၍ပြောလိုက်လျှင် ထိုအရာရှိက. . .

"ငါလို ရေဝန်ဘက်က အရာရှိတစ်ဦးအဖို့ ရေဝန်အခန်းက သုံ့ပန်းကို လာပြီးကြည့်ဖို့ အမိန့်စာချွန် လိုသေးသလား" ဟု ပြန်၍ မေးကာ သွေးသောက်မောင်ဂျင်း၏ မျက်နှာကို မခိုးမခန့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်လေ၏။

"ဒီလိုဆိုရင် ရေဝန်မင်းကြီးစာချွန် မပါဘူးဆိုပါတော့" ဟု သွေးသောက်မောင်ဂျင်းက ပြန်၍မေးလိုက်ရာ အရာရှိက. . .

"ဒါပေါ့ မောင်မင်း၊ ကျုပ်လို အရာရှိအဖို့ ဒီအချုပ်ခန်းကို လာဖို့ စာချွန်လိုသေးသလား" ဟု မြန်၍မေးလိုက်ပြန်လေ၏။

ထိုအခါ သွေးသောက်မောင်ဂျင်းက. . .

"ခင်ဗျားတို့ဟာ ခင်ဗျားတို့ လာချင်သလိုလာ၊ ဝင်ချင်သလို ဝင် လုပ်နေမယ်ဆိုရင် ကျုပ်တို့ ဒီမှာ လာပြီးစောင့်နေတာ အပိုပေါ့၊ ဒီမှာ အရာရှိမင်း၊ ခင်ဗျားနာမည် ဦးမောင်မောင်ကွန့် မဟုတ်လား" ဟု မေးလိုက်ရာ အရာရှိက. . .

"မောင်မင်း အသိသားပဲကို၊ ကျုပ်ဟာ ရေဝန်မင်းရဲ့ လူယုံတော်တစ်ဦးလည်း ဖြစ်တယ်" ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် သွေးသောက်မောင်ဂျင်းသည် ထိုအရာရှိ၏ လည်ကုပ်ကို လက်တစ်ဖက်ဖြင့် ဆတ်ခနဲ ဖမ်း၍ဆွဲပြီးလျှင် မျက်နှာကို လက်ဝါးဖြင့် ဖြောင်းခနဲ ရိုက်လိုက်လေတော့၏။ အရာရှိလည်း ချာလပတ် လည်ကာ မြေကြီးပေါ်တွင် ပက်လက်လန်၍ လဲလေတော့၏။ ထိုသို့ အလဲ၌ အရာရှိ မောင်မောင်ကွန့်သည် ခါးပုံစအတွင်းသို့ လက်ကို နှိုက်လိုက်ရာ သွေးသောက်မောင်ဂျင်းက ထိုလက်ကို ဖြောင်းခနဲ ခြေဖြင့် ကန်ထုတ်လိုက်လေ၏။ ထိုသို့ ကန်လိုက်ရာ အရာရှိ၏လက်တွင်းမှ တစ်စုံတစ်ခုသောအရာသည် လွင့်စဉ်၍သွားလေတော့၏။ ထိုလွင့်စဉ်သွားသောအရာကိုလည်း ပြေးလာသော ငနက်ကျော်က လေထဲတွင် ဖမ်းယူလိုက်လေ၏။ ငနက်ကျော်သည် ထိုအရာကို ဖမ်းယူပြီးနောက် သွေးသောက် မောင်ဂျင်းထံသို့ ချက်ချင်းပင် ပြန်၍ပစ်ပေးလိုက်ရာ သွေးသောက်မောင်ဂျင်းက ဆတ်ခနဲ ဖမ်းယူပြီးလျှင် အရာရှိ မောင်မောင်ကွန့်၏ရင်ဝသို့ ထိုအရာဖြင့် ချိန်ရွယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုအရာကား မျက်နှာဖြူစစ်ဗိုလ်များ ကိုင်ဆောင်လေ့ရှိသော ပြောင်းတိုသေနတ်ကလေးတစ်လက် ဖြစ်လေတော့၏။

"ငြိမ်ငြိမ်နေ. . . သေသွားမယ်" ဟု သွေးသောက်မောင်ဂျင်းက ပြောလိုက်လေ၏။

အရာရှိလည်း မလှုပ်ရဲတော့ဘဲ ငြိမ်၍နေရလေ၏။ ထိုအခါ သွေးသောက်မောင်ဂျင်းက လက်ထောက်ကင်းမှူးကို ခေါ်ပြီးလျှင်. . .

"သူ့ကို လက်ပြန်ကြိုးတုပ်ပြီး အိမ်တော်ဝင်း အချုပ်ခန်းကို ပို့လိုက်၊ သူ့ရဲ့ရထားကိုလည်း အိမ်တော်ဝင်းထဲမှာ သိမ်းထားလိုက်၊ ရထားမောင်းသမားကိုတော့ အချုပ်ထဲ မထည့်နဲ့၊ တပ်မှာပဲ ခေါ်ထားလိုက်" ဟု ပြောလိုက်ရာ လက်ထောက်ကင်းမှူးလည်း သူ၏စစ်သားနှစ်ယောက်နှင့်အတူ အရာရှိ မောင်မောင်ကွန်းအား လက်ပြန်ကြိုး တုပ်ကြလေတော့၏။ ထို့နောက် ၎င်းစီးလာသော ရထားနှင့်ပင် အိမ်တော်ဝင်းအချုပ်သို့ ခေါ်ဆောင်သွားလေတော့၏။

ထိုအချိန်မှာပင် နာရီမောင်းခေါက်သံ ကြားရပြီးလျှင် စစ်သည်တော်တစ်ဦးသည် ငနက်ကျော်နှင့် ကင်းဝတ်ကို လဲကြလေ၏။ ငနက်ကျော်လည်း ကင်းဝတ်လဲပြီးသည်နှင့် သွေးသောက်မောင်ဂျင်းထံသို့ သွားရောက်ကာ. . .

"ရေဝန်အချုပ် ကင်းဝတ်ကျေပွန်စွာ စောင့်ပြီး၊ ကင်းသစ်ထင်ကို လွှဲအပ်၊ အချုပ်သို့ပန်းများ အပျောက်အဆုံးမရှိ" ဟု စစ်သည်တော်တို့၏ ထုံးစံအတိုင်း ခြေစုံရပ်၍ သတင်းပို့လိုက်လေ၏။

"ကောင်းပြီ ငနက်ကျော်၊ အနားမယူနဲ့ဦးကွာ၊ နောက်ထင်ခယ့် ကင်းဝတ်အတွက် ဒီမှာ လူမရှိဘူးကွဲ၊ ဟိုအရာရှိကို အချုပ်ထိုက်ပို့နေကြရတယ်၊ ပြီးတော့လည်း သူတို့ဟာ အဲ့အရာရှိကို



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးကြရဦးမှာဆိုတော့ ကြာလိမ့်မယ် ထင်တယ်" ဟု သွေးသောက်မောင်ဂျင်းက ပြောလိုက်လေ၏။

"အမှုစစ်ဖို့ဆိုရင် ကျုပ် လိုက်ပြီးစစ်ပေးပါတယ်" ဟု ငနက်ကျော်က ပြောလိုက်လေ၏။

"ငါလည်း ဒီအတိုင်း စဉ်းစားမိပါသေးတယ်၊ ဒါပေမယ့် မင်းနဲ့သူနဲ့က စကားများထားကြတာဆိုတော့ မင်းအနေနဲ့ သူ့ကို စစ်ဆေးဖို့ မသင့်တော်ပေဘူး၊ မင်းက ဘယ်လိုပဲ မျှမျှတတ စစ်ဆေးစစ်ဆေး သူကတော့ မင်းဟာ အာဃာတထားပြီး နှိပ်စက်နေတယ်လို့ ထင်မှာ အမှန်ပဲ၊ အဲဒါကြောင့် မင်းကို မခိုင်းတာပဲ" ဟု သွေးသောက်မောင်ဂျင်းက ပြောလိုက်လေ၏။

"ဒါနဲ့ နေပါဦး သွေးသောက်ကြီးရဲ့၊ သူ့ရဲ့ ရထားမောင်းသမားကိုကော ဖမ်းထားဖို့ မလိုဘူးလား" ဟု ငနက်ကျော်က မေးလိုက်လေ၏။

"ဒါတွေ မင်း မသိသေးဘူးကိုး၊ မင်းကို ပြောပြထားရဦးမယ်၊ သူ့ရဲ့ ရထားမောင်းသမားသာ မဟုတ်ဘူး၊ ရန်ကုန်မှာ ရှိတဲ့ မြန်မာအရာရှိကြီးတွေအားလုံးရဲ့ ရထားမောင်းသမားတွေ၊ အင်္ဂလိပ်ကုန်သည်ကြီးတွေစီးတဲ့ ရထားမောင်းသမားတွေအားလုံးဟာ ငါတို့လူတွေချည်းပဲကွ၊ သူတို့အိမ်က စားတော်ကဲအချို့လည်း ငါတို့ရဲ့ လျှို့ဝှက်အဖွဲ့တွေ ဖြစ်တယ်၊ သူတို့ဆီက သတင်းပေးချက်အရ အခု ငါတို့ ဖမ်းလိုက်တဲ့ အရာရှိ မောင်မောင်ကွန့်ဟာ မျက်နှာဖြူတွေနဲ့ လျှို့ဝှက်အဆက်အသွယ် ရှိတယ်ဆိုတာ သိရတာကွ" ဟု သွေးသောက်မောင်ဂျင်းက ပြောလိုက်လေ၏။

"ဩော်. . . ဒီလိုလား၊ ဒီအရာရှိဟာ မျက်နှာဖြူတွေနဲ့ အဆက်အသွယ် ရှိနေတယ်ဆိုတာကို သွေးသောက်ကြီး သိနေတာ ကြာပြီလား" ဟု ငနက်ကျော်က မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီကွ၊ လက်ဆုပ်လက်ကိုင် မမိသေးလို့ စောင့်နေတာ၊ ဒီကနေ့တော့ မိပြီ မှတ်တာပဲ၊ ဒီမျက်နှာဖြူသံ့ပန်းတွေဆီကို လာစရာ အကြောင်းမရှိဘူး၊ ပြီးတော့ သေနတ်လည်း ဝှက်ပြီးယူလာခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် မျက်နှာဖြူသံ့ပန်းတွေ လွတ်မြောက် ထွက်ပြေးဖို့ တစ်ခုခု အစီအစဉ် လာပြီးလုပ်တာပဲ" ဟု သွေးသောက်မောင်ဂျင်းက ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် အခါးရည်နှင့် ထန်းလျက်ဖြူဆုပ်ကို စားရင်း ဆက်လက်၍ စကားပြောနေကြလေတော့၏။ အချိန်အတော်ကြာသောအခါ၌ နာရီမောင်းထိုးသံ ကြားသဖြင့် နေက်ကျော်သည် ထေင်ထံမှ ကင်းဝတ်ကို လဲယူ၍ ကင်းစောင့်ရပြန်လေ၏။ ထိုအချိန်၌ အချုပ်ခန်း ပတ်ပတ်လည်တွင် ထွန်းညှိထားသော ကညင်ဆီမီးတိုင်များ ငြိမ်း၍သွားသဖြင့် နေက်ကျော်သည် မီးတိုင်အသစ်များကို ထပ်မံ ထွန်းညှိရလေ၏။

ထိုသို့ ထွန်းညှိရင်း အချုပ်ခန်းကျယ်ကြီး၏ရှေ့သို့ ရောက်ရှိသွားလေတော့၏။

ထိုအခါ အချုပ်ခန်းအတွင်းမှ မျက်နှာဖြူ သဘော်သားသံ့ပန်းများက နေက်ကျော်အား အော်ဟစ်၍ နောက်ပြောင်ကြလေတော့၏။ နေက်ကျော်က မကြားချင်ဟန်ပြု၍ မီးတိုင်များကို ထွန်းညှိမြဲ ထွန်းညှိနေလေ၏။

အချုပ်ခန်းအတွင်းမှ မျက်နှာဖြူသံ့ပန်းများက အင်္ဂလိပ်ဘာသာဖြင့်. . .

"ဟေ့ကောင်၊ တစ်ညလုံး မင်းအလှည့်ချည်းပဲလား၊ မင်းတို့မှာ ကင်းစောင့်ဖို့ လူမရှိတော့ဘူးလားကွ" ဟု လှမ်း၍ပြော၏။ နေက်ကျော်က မကြားချင်ဟန်ဆောင်၍ နေလေ၏။

"ဟေ့ကောင် ကြေးနီစစ်သား၊ ငါတို့ကို လွတ်ကွ၊ ငါတို့ကို



www.burmeseclassic.com

www.burmeseclassic.com



မလွတ်ရင် ငါတို့ရဲ့ စစ်ဗိုလ်ချုပ် လော့ဒ်ဒါလဟိုဇီဆိုတာ ရောက်လာပြီး မင်းတို့ရဲ့ ရေဝန်မင်းကြီးနဲ့ မြို့ဝန်ကို ခြေထောက်နဲ့ ပိတ်ကန်လိမ့်မယ်" ဟု တစ်ယောက်သော မျက်နှာဖြူသံ့ပန်းက ပြောလိုက်ရာ ကျန်သော သံ့ပန်းများက ဝါးခနဲ ဝိုင်း၍ရယ်ကြလေ၏။

ထိုအခါ သံ့ပန်းတစ်ယောက်က. . .

"ငါတို့စကားကို ကြေးနီရောင်စစ်သားက နားမှ မလည်ဘဲကွ" ဟု ပြောလိုက်၏။

ထိုအခါ သံ့ပန်းတစ်ယောက်က. . .

"နားလည်ပါတယ်ကွာ၊ ငါတို့ကို စောင့်ဖို့ ထားတဲ့ ကြေးနီရောင်တွေအားလုံး ငါတို့စကားတွေကို နားလည်ကြတယ်ကွ၊ အဲဒီလို နားလည်တဲ့ကောင်တွေချည်းပဲ ရွေးပြီးထားတာ၊ ဒါ့ကြောင့် အစောင့်အရေအတွက်ဟာ နည်းနေတာပေါ့ကွာ" ဟု ပြောလေ၏။

"ဒီလိုဆိုရင် တို့စကား နားလည်သလား မလည်ဘူးလား သိရအောင် ဆဲကြည့်ကွာ" ဟု သံ့ပန်းတစ်ယောက်က အကြံပေးလိုက်ရာ ခပ်စွာစွာ မျက်နှာဖြူတစ်ဦးက ငနက်ကျော်အား မကြားဝံ့မနာသာ ဆဲဆိုလေတော့၏။

ငနက်ကျော်သည် မီးတိုင်များကို ထွန်းညှိရင်း အချုပ်ခန်းနှင့် ပို၍နီးကပ်လာလေ၏။ ထိုအခါ မျက်နှာဖြူသံ့ပန်းက ဆက်လက်၍ ဆဲဆိုနေလေ၏။ ငနက်ကျော်သည် မီးတိုင်ကို ထွန်းပြီးနောက် အချုပ်ခန်းဆီသို့ လျှောက်၍လာကာ မိမိအား အကြောင်းမဲ့ ဆဲရေးနေသော ခပ်စွာစွာ မျက်နှာဖြူအား လွန်စွာအချိုးကျသော အင်္ဂလိပ်စကားဖြင့်. . .

"မင်း ဘာဖြစ်လို့ ငါ့ကို စော်ကားနေတာလဲ၊ မင်းတို့မှာ အပြစ်ရှိလို့ ငါတို့ရဲ့ လူကြီးတွေက ဖမ်းဆီးထားတယ်၊ ငါတို့ကလည်း တာဝန်ရှိလို့ လာပြီးစောင့်ကြပ်နေရတယ်၊ စောင့်ကြပ်နေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းတို့ ထွက်ပြီးမပြေးနိုင်ရုံ စောင့်ကြပ်ပေးနေတာ မဟုတ်ဘူး မြန်မာလူမျိုးထဲက အင်္ဂလိပ်လူမျိုးကို မုန်းတဲ့လူတွေက မင်းတို့ကို လာပြီး မနှိပ်စက်အောင်လည်း ကာကွယ်ပေးထားရတယ်၊ အဲဒီတော့ မင်းတို့ဟာ တိုင်းကြီးပြည်ကြီးသား တစ်ယောက်ဆိုရင် ကောင်းကောင်း နေကြပါ၊ မင်းကိုယ်မင်း ထိန်းသိမ်းထားပါ" ဟု ပြောလိုက်ရာ အတွင်းမှ သုံ့ပန်းများက ငဝါခနဲ ရယ်မောပြီးလျှင် ခပ်စွာစွာ မျက်နှာဖြူသုံ့ပန်းအား. . .

"ဟေ့. . . ဒေါ်နယ်၊ ကြေးနီစစ်သားက မင်းထက်တောင် အင်္ဂလိပ်စကား တတ်သေးတယ်" ဟု ပြောလိုက်ရာ ခပ်စွာစွာ မျက်နှာဖြူသုံ့ပန်းသည် နေက်ကျော်၏မျက်နှာကို တံတွေးဖြင့် ထွီခနဲ လှမ်း၍ထွေးလိုက်၏။ ထိုအခါ နေက်ကျော်သည် ဒေါသ ထောင်းခနဲ ထွက်ကာ ခါးတွင် ချိတ်ထားသော သော့ကို ဖြုတ်၍ အချုပ်ခန်း သော့ခလောက်အား ဖွင့်လေတော့၏။ ထိုအခါ စောစောက ကင်းလှည့် သွားသော ငထင်သည် အနီးသို့ ပြေးလာပြီးလျှင်. . .

"နေက်ကျော် ဘာဖြစ်တာလဲဟေ့" ဟု မေးလိုက်လေ၏၊ နေက်ကျော်က သော့ဖွင့်ရင်း အဖြစ်အပျက်ကို အတိုချုံး၍ ပြောလိုက်လေ၏။ ထိုအခါ ငထင်က. . .

"ဓားတော့ ထားခဲ့ကွာ၊ မင်း အထဲကို ဝင်ပြီး ဒီကောင့်ကို ဆုံးမစမ်း၊ ငါ အပြင်က သော့ခတ်ပြီး ပိတ်ထားပေးမယ်" ဟု ဆိုကာ ငထင်သည် နေက်ကျော် လွယ်၍ထားသောဓားကို ဖြုတ်ယူ၍ သော့ကို ဖွင့်ပေးပြီးလျှင် နေက်ကျော်အား မျက်နှာဖြူသုံ့ပန်းများ ရှိရာ အချုပ်ခန်းအတွင်းသို့ သွင်း၍ အပြင်မှ မင်းတုပ်ချက်ပါ သော့ခလောက်ကြီးကို ခတ်မြဲ ခတ်ထားလိုက်လေတော့၏။

မျက်နှာဖြူသုံ့ပန်းများသည် နေက်ကျော် အချုပ်ခန်းအတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့လျှင် လွန်စွာ ပျော်မြူးကြလေ၏၊



www.burmeseclassic.com

www.burmeseclassic.com



နေက်ကျော်သည် အချုပ်ခန်းအတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အချုပ်ခန်းတံခါးကို ကျောပေး၍ ရပ်လိုက်လေ၏။ အပြင်မှ ထေင်၏ တံခါးမင်းတုပ်ထိုးသံ၊ သော့ခတ်သံတို့ကို ကြားရလေ၏။

ထိုအခါ နေက်ကျော်က ထေင်အား. . .

"သော့ခတ်ပြီးပြီလား" ဟု မေးလိုက်လေ၏။

ထေင်က. . .

"အေး. . . ပြီးပြီ" ဟု ပြန်၍ဖြေလိုက်လေ၏။

ထိုအချိန်၌မှာပင် စောစောက နေက်ကျော်အား တံတွေးဖြင့် လှမ်း၍ထွေးသော မျက်နှာဖြူက ရှေ့သို့ တက်၍လာပြီးလျှင် သူ၏လက်ညှိုးကလေးကို ကွေးချည်ဆန့်ချည် ပြုလုပ်ကာ နေက်ကျော်အား ခေါ်ရင်း. . .

"ကြေးနီရောင် လူကလေး. . . သေချင်လို့ ဒီအထဲကို ဝင်လာတာကိုး" ဟု ပြောလိုက်လေ၏။ ထိုအခါ မျက်နှာဖြူသုံ့ပန်းများက ဝါးခနဲ ရယ်မောကြပြန်၏။

နေက်ကျော်သည် ဣန္ဒြေရရ တစ်လှမ်းချင်း လှမ်းကာ မျက်နှာဖြူဆီသို့ လျှောက်သွားလေ၏။

ထိုအခါ မျက်နှာဖြူများက. . .

"ဟေ့. . . ဒေါ်နယ်၊ ကြေးနီရောင်စစ်သားက သတ္တိမခေဘူးကွ၊ သူ့ရဲ့ အောက်မေးရိုးကို တစ်ခါတည်း ချိုးပစ်လိုက်နော်" ဟု ဝိုင်း၍ပြောကြလေ၏။ ဒေါ်နယ်လည်း နေက်ကျော်၏မျက်နှာကို ဖြောင့်လက်သီးဖြင့် ဗြိုးခနဲ ထိုးလိုက်လေ၏။

နေက်ကျော်သည် မျက်နှာကို တိမ်းရုံကလေး တိမ်းလိုက်ပြီးလျှင် မျက်နှာဖြူ ဒေါ်နယ်၏လက်ကို ဆွဲ၍ပစ်လိုက်ရာ ဒေါ်နယ်သည် အရှိန်ဖြင့် လွင့်၍ အချုပ်ခန်းထောင့်သို့ ရောက်၍သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မျက်နှာဖြူများက. . .

"ဝူး ဝူး ဝါး. . . ဝူး ဝူး ဝါး".

ဟူ၍ အသံသေး အသံကြောင်များဖြင့် ဝိုင်းဝန်း အော်ဟစ်ကြလေတော့၏။ မျက်နှာဖြူ ဒေါ်နယ်လည်း အချုပ်ခန်းထောင့်မှ ထ၍လာပြီးလျှင် ငနက်ကျော်၏လည်ကုပ်ကို ဖမ်း၍ဆွဲ၏။ ငနက်ကျော်က ရှောင်တိမ်းခြင်း မပြုဘဲ အဖမ်းခံ၏။ ထို့နောက် ဒေါ်နယ်၏နံကြားဆီသို့ အနုလက်သီးဆုပ်ဖြင့် လည်းကောင်း၊ လက်ဖနောင့်ဖြင့် လည်းကောင်း ခပ်ဆတ်ဆတ်ကလေး ထိုးလိုက်ရာ ငနက်ကျော်၏လည်ကုပ်ကို မိမိရရ ဆုပ်ကိုင်ထားသော ဒေါ်နယ်၏လက်များသည် ဆုပ်နိုင်သော အင်အားမရှိတော့ဘဲ ပျော့ခွေ၍ သွားလေတော့၏။ ထိုအခါ၌ ငနက်ကျော်သည် ဒေါ်နယ်၏လက်များကို ဖယ်ချလိုက်လေ၏။ ဒေါ်နယ်၏လက်များသည် လူသေကောင်၏ လက်များပမာ လှုပ်ရှားခြင်း မရှိဘဲ ငြိမ်နေလေ၏။ ဒေါ်နယ်မှာလည်း မှင်တက်မိသူအလား ကြောင်တောင်တောင်ကြီး ဖြစ်၍နေလေ၏။ ထိုအခါကျမှပင် ငနက်ကျော်သည် ဒေါ်နယ်၏ပါးကို လက်ဝါးဖြင့် ဖြန်းခနဲ တစ်ချက် ရိုက်လိုက်လေ၏။

ဒေါ်နယ်သည် တစ်စုံတစ်ရာ လှုပ်ရှားခြင်းမရှိဘဲ ငြိမ်၍ခံနေလေ၏။ ထို့နောက် ငနက်ကျော်သည် ဒေါ်နယ်၏မျက်နှာကို တံတွေးဖြင့် 'ထွီခနဲ' ထွေးလိုက်လေ၏။ တံတွေးများသည် မျက်နှာပေါ်မှ အောက်သို့ စီးကျသွားလေ၏။

မျက်နှာဖြူ သုံ့ပန်းများသည် ဒေါ်နယ်အား အော်ဟစ်၍ ခေါ်ကြလေသည်။

ထို့နောက် ဒေါ်နယ်အား လာရောက်၍ ကိုင်လှုပ်ကာ. . .

"ဟေ့. . . အရှူး၊ ဘယ်လိုဖြစ်တာလဲ၊ ကြေးနီရောင်လူသားနဲ့ တိုက်ခိုက်နေရင်း ဘာဖြစ်လို့ အိပ်ပျော်သွားရတာလဲ" ဟု မေးကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ဒေါ်နယ်က မလှုပ်။ မျက်လုံးအကြောင်သား မျက်တောင်မခတ်ဘဲ အသေကောင့်သို့ ဖြစ်နေ၏။

ထိုအခါ မျက်နှာဖြူသုံ့ပန်းများသည် ငနက်ကျော်ကို ထူးဆန်းသော မျက်လုံးများဖြင့် ဝိုင်းဝန်းကြည့်ရှုကြပြီးလျှင်. . .

"ဝီးဇတ် မှော်ဆရာပဲ၊ မင်းဟာ မှော်အတတ်နဲ့ ဒေါ်နယ်ကို ပြုစားလိုက်ပြီ" ဟု ပြောကြလေ၏။

"ဟား. . . ဟား. . . ငါဟာ မင်းတို့ ထင်သလို ဝီးဇတ်(မှော်ဆရာ)တစ်ယောက် မဟုတ်ဘူးကွ၊ အဲဒါ မြန်မာလူမျိုးတွေရဲ့ ကိုယ်ခံပညာပဲ၊ မင်းတို့အထဲက ငါနဲ့ သတ်ဝံ့တဲ့လူ ထွက်ခဲ့ကြဦး" ဟု ဆိုကာ ငနက်ကျော်က လက်ပမ်းပေါက်ကို တဖြောင်းဖြောင်း ခတ်လိုက်လေ၏။ မျက်နှာဖြူ သုံ့ပန်းများသည် နောက်သို့ ဆုတ်၍ နံရံကို ကျောများဖြင့် ကပ်ထားလိုက်ကြလေ၏။ ၎င်းတို့သည် ငနက်ကျော်အား လွန်စွာ ကြောက်လန့်နေပြီ ဖြစ်၏။ ငနက်ကျော်က လက်ပမ်းပေါက် ခတ်လိုက်ပြန်၏။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ထိုသို့ လက်ပမ်းပေါက် ခတ်ပြီးနောက် အင်္ဂလိပ်ဘာသာဖြင့်. . .

"ဘယ်လိုလဲကွ၊ ထွက်ခဲ့ကြလေ၊ ငါနဲ့ သတ်ပုတ်ကြရအောင်" ဟု ငနက်ကျော်က ခေါ်ပြန်လေ၏။ မျက်နှာဖြူသုံ့ပန်းများက ကြောက်လန့်သော အမူအရာဖြင့် လက်ကို ကာ၍ပြကြလေ၏။

ထိုအချိန်မှာပင် သော့ခလောက်ဖွင့်သံ၊ မင်းတုပ်ဖြုတ်သံ တံခါးဖွင့်သံများကို ကြားရသဖြင့် ငနက်ကျော်သည် အချုပ်ခန်း တံခါးပေါက်သို့ ကြည့်လိုက်ရာ သွေးသောက်မောင်ဂျင်း ဝင်လာသည်ကို တွေ့ရလေ၏။ သွေးသောက်မောင်ဂျင်း၏နောက်မှ စစ်



www.burmeseclassic.com

www.burmeseclassic.com



သည်နှစ်ဦးမှာ တေတ်နှင့် ကြွက်နီတို့ ဖြစ်၏။

သွေးသောက်မောင်ဂျင်းသည် နေက်ကျော် ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာ၍ သူ၏မျက်လုံးများသည် အရောင်များထွက်နေ၏။ အရောင်များနှင့်အတူ အခိုးများလည်း ထွက်နေ၏။ ထိုအခိုးများမှာ ဒေါသခိုးများ ဖြစ်၏။

"နေက်ကျော်" ဟု သွေးသောက်မောင်ဂျင်းက ခေါ်လိုက်လေ၏။

နေက်ကျော်သည် ကိုယ်ကို တောင့်လိုက်ပြီးနောက်. . .

"ရှိ" ဟု ပြန်ထူးလိုက်လေ၏။

"မင်းကို အချုပ်ခန်းရဲ့ အပြင်ဘက်မှာ အစောင့်တာဝန်ချထားတာ၊ ဘာဖြစ်လို့ အချုပ်ခန်းထဲ ရောက်နေရတာလဲ" ဟု သွေးသောက်မောင်ဂျင်းက မေးလိုက်လေ၏။

"ကျုပ်ကို ဟောဒီ မျက်နှာဖြူက စော်ကားလို့" ဟု နေက်ကျော်က ပြောလိုက်လေ၏။

"တော်တော့. . . ဒီမျက်နှာဖြူကို ဘာလုပ်ထားသလဲ" ဟု သွေးသောက်မောင်ဂျင်းက မေးလိုက်လေ၏။

"နံရိုးနှစ်ဖက်မှာ ရှိတဲ့ အကြောလေးချောင်းကို ခေါက်လက်သီးနဲ့ နှစ်ချောင်း၊ လက်ဖနောင့်နဲ့ နှစ်ချောင်း ထုပြီး သွေးလည်ပတ်မှုကို ခဏရပ်ထားပါတယ်" ဟု နေက်ကျော်က ပြောလိုက်ရာ သွေးသောက် မောင်ဂျင်းက. . .

"ပြန်ပြီးဖြေပေးလိုက်" ဟု အမိန့်ပေးလေတော့၏။

ထိုအခါ နေက်ကျော်သည် ဒေါ်နယ်၏ရင်ကို လက်ဝဲဘက်ဖြင့်-သိုင်း၍ဖက်ကာ ကျန်သောလက်ဖြင့် ခပ်ဆတ်ဆတ် ကလေး ထုပေးလိုက်ရာ သတိလစ်၍ မှင်တက်မိနေသော ဒေါ်နယ်သည် ပြန်လည် လှုပ်ရှားလာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ကြောင်တိကြောင်တောင်ဖြင့် ငနက်ကျော်၏ မျက်နှာကို တစ်လှည့်၊ သွေးသောက်မောင်ဂျင်း၏မျက်နှာကို တစ်လှည့်ကြည့်ကာ အဖော်သုံ့ပန်းများ ရှိရာသို့ ပြေးသွားပြီးလျှင် နံရံကို ကျောဖြင့် ကပ်လိုက်လေ၏။ သူသည် လွန်စွာကြောက်လန့်နေပြီ ဖြစ်၏။

ထိုအချိန်၌ သွေးသောက်မောင်ဂျင်းသည် ငနက်ကျော် အား. . .

"မင်းမှာ အပြစ်ရှိတယ်၊ အချုပ်ခန်းထဲက သုံ့ပန်းကို ဘယ်လိုအကြောင်းနဲ့မှ အချုပ်ခန်းစောင့် ဝင်ပြီးရိုက်နှက်ခွင့် မရှိဘူး၊ ဒါဟာ ပေးထားတဲ့အမိန့်ကို ချိုးဖောက်တာပဲ၊ အမိန့်ကို ချိုးဖောက်တာဟာ စစ်သည်တော်ကျင့်ဝတ် ပျက်တာပဲ၊ မင်းကို အပြစ်ပေးရလိမ့်မယ်၊ မင်းမှာ အပြစ်ရှိသလား ငနက်ကျော်" ဟု မေးလိုက်လေ၏။

"မှန်ပါတယ် သွေးသောက်ကြီး၊ ကျုပ်မှာ အပြစ်ရှိပါတယ်" ဟု ငနက်ကျော်က သွက်လက်စွာ ဖြေလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီးက တေတ်နှင့် ကြွက်နီအား. .

"ကင်းမျှားရုံးရှေ့ အလံတိုင်အောက်မှာ ထိပ်တုံးခတ်ထားလိုက်၊ ရေသုံးရက် အစာခုနစ်ရက် ဖြတ်လိုက်၊ အချုပ်ခန်းသော့ကို ကူပြီးဖွင့်ပေးတဲ့ ငထင်ကိုလည်း သံအိတ်ထမ်းပြီး မွန်းတည့်ချိန်မှာ တစ်မောင်းတိတိ အပြေးခိုင်း၊ ခုနစ်ရက်ကြာမှ ဒဏ်ကြေစေ၊ ဒဏ်ချထားစဉ်အတွင်း ငထင်ကိုလည်း ကင်းဝတ်လွတ်စေ" ဟု အမိန့်ပေးလိုက်ရာ ကြွက်နီနှင့် တေတ်တို့သည် ငနက်ကျော်အား ခေါ်သွားပြီးလျှင် အလံတိုင်အောက်၌ ထိပ်တုံးခတ်ထားလိုက်ကြလေတော့၏။

သွေးသောက်မောင်ဂျင်းသည် မျက်နှာဖြူသုံ့ပန်းများဘက်သို့ လှည့်ကာ. . .


www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ စောစောက အိမ်တော်ဝင်းကို သွားနေပါတယ်၊ အဲဒီအချိန်အတွင်းမှာ ကျုပ်ရဲ့ငယ်သားတစ်ဦးနဲ့ အခုလို ဖြစ်ကြတာကို ကျုပ်အနေနဲ့ အလွန်ပဲ ဝမ်းနည်းပါတယ်၊ ဒီငယ်သားကိုလည်း မိတ်ဆွေတို့ မြင်နိုင်လောက်တဲ့နေရာမှာ အစာဖြတ်ရေဖြတ် ထိတ်တုံးခတ်ပြီး အပြစ်ပေးထားပါပြီ၊ ကျုပ်တို့ မြန်မာလူမျိုးဟာ ကမ္ဘာပေါ်မှာ စိတ်သဘောထား မြင့်မြတ်တဲ့ လူမျိုးတစ်မျိုး ဖြစ်ပါတယ်၊ ဖမ်းမိထားတဲ့ သံ့ပန်းကို ဘယ်လိုအကြောင်းနဲ့မှ အလွတ်မခံ့ နှိပ်စက်မှာ မဟုတ်ပါဘူး၊ အဲဒါကို ကာကွယ်ပေးဖို့ ကျုပ်မှာ အများဆုံးတာဝန်ရှိနေပါတယ်၊ ကျုပ်တို့ရဲ့ အရှင်သခင်က ဖြစ်စေ တာဝန်ရှိတဲ့ အကြီးအကဲတစ်ဦးဦးက ဖြစ်စေ လွတ်စေလို့ အမိန့်ပေးလိုက်ရင် ကျုပ်ကိုယ်တိုင်ပဲ သော့ဖွင့်ပြီး မိတ်ဆွေတို့ သွားလိုတဲ့ခရီးကို ပို့ဆောင်ပေးပါ့မယ်၊ အဲဒီလို မဟုတ်ဘဲ သတ်စေလို့ အမိန့်ပေးလိုက်ရင်လည်း ကျုပ်ကိုယ်တိုင်ပဲ မိတ်ဆွေတို့ရဲ့ဦးခေါင်းကို ဖြတ်ပစ်ရပါလိမ့်မယ်၊ အဲဒီတော့ တစ်စုံတစ်ရာ အမိန့်မရမချင်း မိတ်ဆွေတို့ဟာ ကျုပ်တာဝန်ကျတဲ့ အချုပ်ခန်းမှာ လာရောက်တည်းခိုနေတဲ့ ဧည့်ကောင်းစောင်ကောင်းတွေလို့ ကျုပ်အနေနဲ့ သဘောထားပါတယ်၊ အထက်က လွတ်စေလို့ အမိန့်လာရင် ကျုပ်အနေနဲ့ မိတ်ဆွေတို့ကို မိတ်ဆွေလိုပဲ ဆက်ပြီး ဆက်ဆံပါ့မယ်၊ သတ်စေဆိုတဲ့အမိန့်မျိုး လာရင်တော့ ရန်သူလို သဘောထား ဆက်ဆံရပါလိမ့်မယ်၊ ဒါကြောင့် အမိန့်တစ်စုံတစ်ရာ မလာမချင်း မိတ်ဆွေတို့အနေနဲ့ အချုပ်ခန်းထဲမှာ ကောင်းကောင်းမွန်မွန် နေကြပါ၊ အစောင့်တာဝန်ကျတဲ့ ကျုပ်ရဲ့စစ်သည်ရဲမက်တွေကို နောက်လားပြောင်လား စော်ကားတာ မလုပ်ကြဖို့ အထူးပဲ မေတ္တာရပ်ခံပါတယ်" ဟု ရှည်လျားစွာ ရှင်းပြ၍ အချုပ်ခန်းအတွင်းမှ ထွက်သွားလေတော့၏။

အချုပ်ခန်းနံရံကို မှီ၍ ကြောက်လန့်တကြား ဖြစ်နေကြတန်

www.burmeseclassic.com


သော မျက်နှာဖြူသုံ့ပန်းများသည်လည်း ပခုံးများကို တွန့်၍ 'အို. . . ငရဲ' ဟု ရေရွတ်လိုက်ကြလေတော့သတည်း။

◈ ◈ ◈

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး (၅)ရက်မြောက်သောနေ့၌ ငနက်ကျော်သည် နေပူ၏ဒဏ်ကို အပြင်းအထန် ခံစားရသည်ဖြစ်ရာ နုံးခွေ၍ ခေါင်းငိုက်စိုက် ကျနေလေ၏။ အချုပ်ခန်းအတွင်းမှ မျက်နှာဖြူသုံ့ပန်းများသည် ငနက်ကျော်အား အော်ဟစ်၍ နောက်ပြောင်နေကြလေ၏။

ကြွေက်နီသည် ငနက်ကျော်အား ရေလာ၍တိုက်ရင်း မျက်နှာကို ရေစက်များဖြင့် တောက်ပေးကာ. . .

"တောင့်ထားပါ ငနက်ကျော်၊ နောက်ထပ် နှစ်ရက်ပဲ ကျန်ပါတော့တယ်" ဟု အားပေးလေ၏။

ထိုအချိန်၌မှာပင် ငနက်ကျော်နှင့်အတူ အပြစ်ဒဏ်ခံရသော ငထင်သည် သံအိတ်ကြီးနှစ်အိတ်ကို ကျော၌ပိုးလျက် အလံတိုင်အနီး မြေကွက်လပ်တွင် ပတ်၍ပြေးနေရလေ၏။ မည်သို့မည်ပုံ ပြေးရမည်ကို ငတတ်က အမိန့်ပေးနေလေ၏။ ငတတ်က ပြေးဆိုလျှင် ပြေးရ၏။ လှည့်ဆိုလျှင် ပြန်၍လှည့်ရ၏။ ငထင်သည် ခင်ပန်းနွမ်းနယ်ကာ ဒူးများပင် ခွေညွတ်၍လာလေ၏။ ငထင်၏အဖြစ်ကို


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ မျက်နှာဖြူသုံ့ပန်းများက အော်ဟစ်၍ လှောင်ပြောင်ကြ ပြန်၏။ ငထင်သည် ပြေးလာရာ နေကျော်အနီးသို့ ရောက် လျှင်. . .

"နေကျော်ကြီး တောင့်ထားကွ" ဟု အော်ဟစ်သော် လည်း နေကျော်မှာ (၅)ရက်တိုင်တိုင် အစာပြတ်နေပြီဖြစ်သဖြင့် နုံးခွေကာ ခေါင်းမထောင်နိုင်ဘဲ ရှိလေတော့၏။ ထိုအခါ ငထင်က နေကျော်အနီး၌ ခုန်ဆွခုန်ဆွ လုပ်ရင်း. . .

"တစ်၊ နှစ်၊ သုံး" ဟု ကျယ်လောင်စွာ အမှတ်စဉ် မှတ်ပေး လိုက်ရာ ခေါင်းငိုက်စိုက် ကျလျက်ရှိသော နေကျော်က. . .

"မြန်မာစစ်သား" ဟု ပြန်၍အော်ဟစ်လေ၏။

ထိုအခါ ငထင်က. . .

"မြန်မာစစ်သား၊ မြန်မာစစ်သား" ဟု အော်ဟစ်ပြ၏။

"သတ္တိရှိတဲ့ စစ်သား" ဟု နေကျော်က ပြန်၍အော်ပြန် လေ၏။

"သတ္တိရှိတဲ့စစ်သား ဘယ်မှာလဲ ဘယ်မှာလဲ" ဟု ငထင်က အော်ပြန်လေ၏။

"ဒီမှာပဲ ဒီမှာပဲ" ဟု အော်ဟစ်ကာ နေကျော်သည် ခေါင်းထောင်၍ လာလေ၏။ ထို့နောက် နေကျော်က ရင်ခေါင်းသံ ကြီးဖြင့်. . .

"တစ်၊ နှစ်၊ သုံး" ဟု ကျယ်လောင်စွာ ပြန်၍တိုင်ပေး၏။ ငထင်က. . .

"မြန်မာစစ်သား၊ မြန်မာစစ်သား" ဟု ပြန်အော်၏။

ထိုအခါ နေကျော်ကလည်း. . .

"မြန်မာစစ်သား၊ မြန်မာစစ်သား" ဟု အော်ပြ၏။

ငထင်က တစ်ဖန်. . .



www.burmeseclassic.com

www.burmeseclassic.com



"သတ္တိရှိတဲ့ စစ်သား" ဟု အော်၏။

ဤသို့လျှင် တစ်ဦးနှင့်တစ်ဦး အပြန်ပြန်အလှန်လှန် တိုင်၍ အားတင်းလက်ာကို ရွတ်ဆိုလိုက်ရာ နှစ်ဦးစလုံးသည် အင်အားများ ပြန်လည်ရရှိကာ ထူထူထောင်ထောင် ဖြစ်လာကြကုန်၏။ သို့ရာတွင် တစ်မောင်းပြည့်သွားသောအခါ၌ ငထင်သည် တစ်နေ့တာအတွက် နားခွင့်ရလေတော့၏။ ငနက်ကျော်မှာမူ နေပူထဲ၌ ဆက်လက်၍ နေလှန်းခံနေရလေ၏။

ဤသို့နှင့်ပင် ပူပြင်းလှသော နေလုံးကြီးသည် တဖြည်းဖြည်း ဝင်၍သွားသည်ဖြစ်ရာ ငနက်ကျော်အဖို့ တစ်နေ့တာအတွက် ပူပြင်းမှုဒဏ်မှ လွတ်ငြိမ်းခွင့်ရလေတော့၏။ သို့ရာတွင် အအေးဒဏ်နှင့် ဆာလောင်မွတ်သိပ်သောဒဏ်ကို ဆက်လက်၍ ခံရပေဦးမည်ဖြစ်၏။

မှောင်ရီပျိုးသည့်အခါ၌ ကြွက်နီသည် ငနက်ကျော်ထံသို့ လာရောက်၍ ရေတိုက်၏။

ထိုသို့ ရေတိုက်ရင်း. . .

"ဟော့ကောင် ငနက်ကျော်၊ ငါ့ခါးပုံထဲမှာ ခေါပျဉ်တစ်ခု ပါတယ်ကွ၊ မင်းပါးစပ်ထဲကို ငါ ထည့်လိုက်မယ်၊ ဝါးမနေနဲ့၊ မြန်မြန်သာ မျိုချပေတော့၊ သွေးသောက်ကြီး မြင်သွားရင် ငါပါ ဒဏ်ကျခံနေရဦးမယ်" ဟု ဆိုကာ ခါးပုံစအတွင်းမှ မီးဖုတ်၍ ရေစိမ်ထားသော ခေါပျဉ်ခေါက်ကို နှိုက်ယူကာ ငနက်ကျော်၏ ပါးစပ်အတွင်းသို့ ထည့်လိုက်လေ၏။ သို့ရာတွင် ကြွက်နီ၏လက်ကို ဝါးခမောက်ကြီး တစ်ခု၏စောင်းသည် တည့်တည့်မတ်မတ် လာရောက်၍ ထိသည် ဖြစ်ရာ 'ဒေါက်'ခနဲ မြည်သွားပြီးလျှင် ငနက်ကျော်၏ ပါးစပ်အတွင်း သို့ ခွံ့လိုက်သော ခေါပျဉ်သည်လည်း ပါးစပ်အတွင်းသို့ မရောက်ဘဲ လွင့်စဉ်၍ ကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နေကျော်ရော ကြွက်နီပါ ခမောက်ကြီး လာရာဆီသို့ ပြိုင်တူ လှမ်း၍ကြည့်လိုက်ရာ. . .

"သတ္တိရှိတဲ့ မြန်မာစစ်သားဆိုကွ၊ ဘာဖြစ်လို့ မုန့်ခိုးစားနေရတာတုန်း၊ အပြောနဲ့အလုပ် ညီအောင် လုပ်စမ်းပါ နေကျော်ရယ်" ဟု လှမ်းပြောလိုက်သော ဦးတောက်လုကို တွေ့ရလေတော့၏။

ဦးတောက်လုသည် ၎င်းတို့အနီးသို့ လျှောက်လာပြီးလျှင် အဝေးမှ လှမ်း၍ပစ်လိုက်သော ခမောက်ကြီးကို ကောက်ယူရင်း မြေကြီးပေါ်တွင် ကျနေသော ခေါင်းပျဉ်ကို ခြေထောက်ဖြင့် နင်းချေလိုက်လေ၏။

ထို့နောက် ကြွက်နီဘက်သို့ လှည့်ကာ. . .

"မင်း နေကျော်ကို ချစ်သလား၊ ချစ်ရင် ဒီလို လုပ်ရဘူးကွ၊ ဒါဟာ စိတ်ဓါတ်ကို ဖျက်ဆီးတာ၊ အရည်အချင်းတွေ ဆုံးပါးအောင် လုပ်တာ၊ ငါဟာ ခံနိုင်ရည် ရှိတဲ့လူ၊ သတ္တိရှိတဲ့လူလို့ ပြတ်ပြတ်သားသား ကိုယ့်ကိုယ်ကို မထင်ဝံ့ မထင်ရဲအောင် လုပ်ပစ်တာ၊ မင်းတို့ သွေးသောက်ကြီးမောင်ဂျင်းနဲ့ ငါနဲ့ တွေ့ခဲ့ပြီးပြီ၊ မင်းကို ရေသုံးရက်နဲ့ အစာခုနစ်ရက် ဖြတ်ထားတယ်၊ အခု ရေသောက်ခွင့်ရပြီ၊ အစာကတော့ နောက်နှစ်ရက်ကြာမှ စားခွင့်ရမယ်၊ ဘာဖြစ်လို့ ခိုးစားရမှာတုန်း၊ ဘာဖြစ်လို့ မခံနိုင်ရမှာတုန်း၊ ဘာဖြစ်လို့ အသေမခံဝံ့မှာတုန်း၊ ဒီမှာ နေကျော်၊ မင်း ငါ့ကို ခင်မင်တယ်၊ လေးစားတယ်ဆိုရင် ငါ့စကားကို နားထောင်ပါ၊ ဒါကို နားမထောင်ဘူးဆိုရင် မင်းကို ငါ့ရဲ့ မိတ်ဆွေကောင်းစာရင်းက ဖယ်ပစ်ရလိမ့်မယ်" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

"ပြောပါ ဦးတောက်လု၊ လိုက်နာဖို့ အဆင်သင့်ပါပဲ" ဟု နေကျော်က ပြန်ပြောလိုက်လေ၏။

"သူရသတ္တိနဲ့ ပြည့်စုံတဲ့ ငါ့မိတ်ဆွေက မုန့်ခိုးစားတာကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ငါ့မိတ်ဆွေကလေးကို ထပ်ပြီး အပြစ်ပေးရဦးမယ်၊ နောက်နှစ်ရက်ကြာရင် သွေးသောက် ပေးထားတဲ့ အပြစ်ဒဏ်ဟာ ပြီးသွားပြီ၊ ငါ့အနေနဲ့ မုန့်ခိုးစားတဲ့အတွက် နောက်ထပ်နှစ်ရက် ထပ်တိုးပြီး အစာငတ်ခံရမယ်လို့ ငါ တောင်းဆိုတယ်၊ ဘယ်လိုလဲ" ဟု ဦးတောက်လုက ပြောလိုက်ရာ ငနက်ကျော်က အံကို ကြိတ်၍. . .

"စိတ်ချပါ ဦးတောက်လု၊ ကျုပ် ခံယူပါ့မယ်" ဟု ပြောလိုက်လေ၏။

ကြွက်နီလည်း ဦးတောက်လုအား မရင်းနှီးသော်လည်း တွေ့ဖူးမြင်ဖူးသည်ဖြစ်ရာ. . .

"ကျုပ်ဟာ ယောကျ်ားကောင်းလို့ ကိုယ့်ကိုယ်ကို ထင်ရင် ကိုယ့်အပြစ်ကို ဆေးကြောပေါ့ကွာ၊ မင်းမှာလည်း အပြစ်ရှိတာပဲ၊ မင်းဟာ အထက်လူကြီး ဖြစ်တဲ့ သွေးသောက်ကြီး ပေးထားတဲ့အမိန့်ကို ချိုးဖောက်လိုက်တာပဲ၊ အဲဒီတော့ မင်းအနေနဲ့လည်း ငနက်ကျော်နဲ့အတူ လေးရက်လောက်တော့ အစာငတ်ခံပေါ့၊ ဒါပေမယ့် သွေးသောက်ကြီးရဲ့ အမိန့်မရဘဲ မင်းအနေနဲ့ အပြစ်ခံခွင့် မရှိဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ မင်း အစာငတ်ခံတာကို သွေးသောက်ကြီးက သိမှာမဟုတ်ဘူး၊ ဒီတော့ ခိုင်းစရာရှိတာ ခိုင်းလိမ့်မယ်၊ အဲဒီအခါမှာ မင်းကလည်း အစာဖြတ်ထားရင် အားပြတ်ပြီး လဲသွားနိုင်တယ်၊ ဒါကြောင့် အထက်လူကြီး ခွင့်ပြုချက်မရဘဲ စစ်သည်တော်တစ်ဦးဟာ ကိုယ့်ကိုယ်ကိုလည်း အပြစ်ပေးခွင့် မရှိဘူးကွ၊ မင်းတို့နှစ်ယောက် ကျူးလွန်တဲ့ပြစ်မှုကို တခြားလူ မြင်တာမှ မဟုတ်ဘဲ၊ ငါကပဲ မြင်တာ၊ အဲဒီတော့ မိတ်ဆွေတစ်ယောက်အနေနဲ့ မင်းကို အပြစ်ဒဏ်ပေးပါ ဆိုရင်တော့ မင်းကို သနားသောအားဖြင့် ငါ့အနေနဲ့ ကြားက ဝင်ပြီး အပြစ်ပေးရမှာပေါ့ကွာ" ဟု ဦးတောက်လုက ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ ကြွက်နီက. . .

"ကျုပ်မှာ အပြစ်ရှိတယ်လို့ သိတဲ့အချိန်မှာ ဒီအတိုင်း မနေချင်ဘူးဗျာ၊ ဒီအပြစ်ကို ပျောက်ချင်တယ်၊ ဆေးကြောပစ်ချင်တယ်၊ အဲဒီလိုမှ မလုပ်ရရင် ကျုပ်စိတ်ထဲမှာ မသိုးမသန့်ကြီး ဖြစ်နေမယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .

"မှန်တာပေါ့ကွာ၊ ဒါပေမယ့် မင်းရဲ့အပြစ်ကို ငါ့ဆီမှာ ဝန်ခံထားပြီဆိုတော့ တစ်နေ့နေ့တစ်ချိန်ချိန် အခါအခွင့်သင့်တဲ့အခါမှာ အပြစ်ပေးမယ်၊ အဲဒီတော့ မင်းရဲ့အပြစ်ကို ငါ့ဆီမှာ အပ်ထားပြီး မင်းမှာ အပြစ်မရှိတော့ဘူး" ဟု ပြောလိုက်ရာ ကြွက်နီက ရွှင်လန်းဝမ်းမြောက်စွာဖြင့်. . .

"ကောင်းပါပြီ ပေါက်ဖော်ကြီး" ဟု ပြောဆိုကာ ထွက်သွားလေတော့၏။

ထိုအခါ၌ နေလုံးကြီးသည် လုံးဝပျောက်ကွယ်သွားပြီ ဖြစ်သဖြင့် ကင်းသမားတစ်ဦးက လာရောက်၍ ကညင်ဆီမီးတိုင်တစ်တိုင် စိုက်ထူပေးလေတော့၏။

ဦးတောက်လုသည် နေကံကျော်၏ရှေ့ မြေကြီးပေါ်၌ ထိုင်ချလိုက်လေတော့၏။

"ခါတိုင်း လာနေကျရက်မှာ မင်း မလာလို့ ငါက အိမ်တော်ဝင်းမှာ သွားပြီးစုံစမ်းတာကွ၊ အဲဒီမှာ သွေးသောက်ကြီးနဲ့ တွေ့ခဲ့လို့ မင်းရဲ့အဖြစ်ကို သိခဲ့ရတယ်၊ နေစမ်းပါဦးကွ၊ ဒေါ်နယ်ဆိုတဲ့ကောင်ကို မင်း ဘယ့်နှယ့် လုပ်လိုက်တာတုန်း" ဟု မေးလိုက်လေ၏။

"အနကြောလေးချောင်းကို ခေါက်လက်သီးရယ်၊ လက်ဖနောင့်ရယ် သုံးပြီး ရိုက်ပိတ်လိုက်တာဗျ" ဟု နေကံကျော်က ပြန်၍ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရိုက် . . . ရိုက်စမ်းပါဦးကွာ၊ ချိန်သားကိုက်လှချည်လား" ဟု ဦးတောက်လုက မေးလိုက်လေ၏။

"ဦးပဥ္စင်း ဦးကေသရ ပေးထားတဲ့ လေ့ကျင့်မှုတွေလေဗျာ" ဟု ငနက်ကျော်က ပြန်၍ပြောလိုက်လေ၏။

"အတွင်းက အကြောင်းတွေကို အခုလို ချိန်သားကိုက် တိုက်ခိုက်နိုင်အောင် မင်းတို့ ဦးပဥ္စင်း ဦးကေသရက ဘယ်လိုများ လေ့ကျင့်ပေးခဲ့တာတုန်းကွ" ဟု ဦးတောက်လုက မေးပြန်လေ၏။

"ကျုပ်တို့ လေ့ကျင့်ခဲ့ရတာကို မေးတာလား" ဟု ငနက်ကျော်က ပြန်၍မေးလိုက်၏။

"အေး . . . ဟုတ်တာပေါ့၊ လေ့ကျင့်ပုံ လေ့ကျင့်နည်းလေး ပြောစမ်းပါဦးကွာ" ဟု ဦးတောက်လုက မေးလေ၏။

"ဒီလိုဗျ၊ အမြင့်လေးတောင်၊ လုံးပတ် ထွာဆိုင်လောက်ရှိတဲ့ ကျွန်းကတိုးတိုင်ကြီးကို မြေကြီးမှာ စိုက်ထားရမယ်၊ ပြီးတော့ အပ်ချည်ကြိုးကို အပင်ငါးဆယ်လောက် ကျစ်ထားရမယ်၊ လေးဆယ့်ကိုးပင် ကျစ်ထားတာရယ်၊ နောက်ဆုံး တစ်ပင်တည်း ရောက်တဲ့အထိ ပတ်ထားတာဗျ၊ ပြီးတော့မှ အဲဒီအပေါ်က နွားသားရေကြိုး တစ်ချပ်ကို အုပ်ပြီးပတ်ထားလိုက်တယ်၊ အဲဒီတော့ အောက်မှာ ချည်ထားတဲ့ အပ်ချည်ကြိုးတွေကို မမြင်ရတော့ဘူး၊ အဲဒီအခါမှာ ကျုပ်တို့ဆရာ ဦးပဥ္စင်း ဦးကေသရက ငါးဆယ်လို့ အော်လိုက်ရင် နွားသားရေပေါ်ကနေ အောက်က အပင်ငါးဆယ် ကျစ်ထားတဲ့ အပ်ချည်ကြိုးကို ပြတ်သွားအောင် လက်ဝါးစောင်းနဲ့ဖြစ်စေ၊ အနုလက်သီးလို့ ခေါ်တဲ့ လက်သီးနဲ့ဖြစ်စေ၊ လက်ဖနောင့်နဲ့ဖြစ်စေ၊ တိခနဲ ပြတ်သွားအောင် ရိုက်ရထိုးရတယ်ဗျ၊ အထဲမှာ ပြတ်သွားသလား မပြတ်သွားဘူး ဆိုတာကို ဦးပဥ္စင်းက သိတယ်၊ မပြတ်ဘူးဆိုရင် မီးဖိုပေါ်မှာ တင်ထားတဲ့ သဲဒယ်အိုးမှာ လက်ကို တဖျောင်းတိတိ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သဲကို ထိုးလိုက်၊ ခေါက်လိုက် လုပ်ရတယ်ဗျ၊ လက်ချောင်းတွေအား ပူကျက်နေတာပဲ ဆိုပါတော့ဗျာ၊ အဲဒီလို ထိုးပြီးရင် ထနောင်းခေါက်တွေ၊ ဆင်ငိုမြက်တွေနဲ့ စိမ်ထားတဲ့ ဒဏ်ကြေဆေး စဉ့်အိုးကြီးထဲမှာ လက်ကို သွားပြီးနှစ်ထားရပြန်တယ်၊ အဲဒီမှာ တပည့်လုပ်သူတ ပြုတ်တယ်လို့ ထင်ပြီး ဦးပဉ္စင်းနဲ့ ပြင်းရင် ဦးပဉ္စင်းက အပေါ်က ပတ်ထားတဲ့ နွားသားရေကို ခွာပြတယ်ဗျ၊ အဲဒီမှာ တကယ် မပြုတ်ခဲ့ရင် ပြင်းတဲ့အတွက်ဆိုပြီး သူများ သဲပူမှာ တစ်မောင်းထိုးရရင် သူက နှစ်မောင်းထိုးရတယ်ဗျ" ဟု ငနက်ကျော်က ရှင်းပြလိုက်ရာ ဦးတောက်လုက. . .

"မင်းတို့ ဦးပဉ္စင်းဟာ အတော့်ကို ကျေးဇူးကြီးတာပဲ၊ ဒါနဲ့ မင်းကိုတော့ အားနာတယ်ကွာ၊ ငါလည်း ဆာလာပြီ၊ အဲဒီတော့ ငါမှာ ပါလာတဲ့ ပေါက်စီကို စားရမှာပဲ" ဟု ဆိုကာ ဦးတောက်လုသည် ၎င်း၏လွယ်အိတ်ကြီးအတွင်းမှ ဝက်သားပေါက်စီတစ်လုံးကို ထုတ်ယူ၍ မြိန်ယှက်စွာ စားသောက်လေတော့၏။ ပေါက်စီ၏ ဥာပနာပိုင်းသို့ ရောက်လျှင် ရေနွေးငွေ့ဖြင့် နူးနပ်နေသော ဝက်သားတုံးများ၏ရနံ့သည် ငနက်ကျော်၏ နှာခေါင်းဝသို့ တိုးဝင်သွားလေ၏။ ငနက်ကျော်သည် တံတွေးကို တစ်ချက်မျိုချလိုက်လေ၏။

"ယောကျာ်းတစ်ယောက်အဖို့ ခံနိုင်ရည်ရှိခြင်းလောက် ကောင်းတဲ့ ကိုယ်ခံအဆောင် မရှိဘူးကွ၊ အငတ်ခံနိုင်ရမယ်၊ အိပ်ပျက်ခံနိုင်ရမယ်၊ အမောခံနိုင်ရမယ်၊ ပင်ပန်းဆင်းရဲခံနိုင်ရမယ်၊ ပြီးတော့ ချမ်းသာသုခကိုလည်း ခံနိုင်ရမယ်ကွ၊ မင်းဟာ ကိုယ်ခံပညာဖြစ်တဲ့ သိုင်းပညာကို ကောင်းကောင်းတတ်တယ်၊ ကောင်းကောင်းလည်း လေ့ကျင့်ထားတယ်၊ မင်းမှာ မရှိတာ၊ မင်းအနေနဲ့ မလေ့ကျင့်ရသေးတာ 'အငှားအား'ပဲကွ၊ အဲဒီအား မရှိရင် ခံနိုင်ရည်မှာ မခံနိုင်ဘူး၊ လူဟာ လူလောက်ပဲ ခံနိုင်မှာပေါ့ကွ၊ လူဟာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်လောက် ဘယ်ခံနိုင်ပါ့မလဲ၊ ရေထဲမှာဆိုရင်လည်း မိကျောင်းလောက် ဘယ်ခံနိုင်ပါ့မတုန်း၊ ဒါပေမယ့် ငါပြောတဲ့ အငှားအားကို လေ့ကျင့်ထားရင် ကုန်းပေါ်မှာနေနေ ရေထဲမှာနေနေ နေလို့ရတယ်၊ ရာဇဝင်မှာ ပါတဲ့ သူရဲကောင်းတွေ မိကျောင်းနဲ့ ရေထဲမှာ ဆင်းပြီး သတ်တာတွေ၊ ဆင်အမြီးကို ဆွဲပြီး ဖင်ထိုင်ခိုင်းတာတွေ၊ လက်တစ်ဖက်လောက်ရှိတဲ့ ကညင်ပင်ကြီးကို ဟိုဘက်ဒီဘက် ထုတ်ချင်းပေါက်အောင် လှံနဲ့ ထိုးပစ်ခဲ့တာတွေဟာ ပါရမီနဲ့ ဆိုင်သလို လေ့ကျင့်မှုတွေနဲ့လည်း ဆိုင်တယ်ကွ၊ သူတို့ ဘာတွေ လေ့ကျင့်ထားသလဲဆိုတော့ 'အငှားအား' တွေ လေ့ကျင့်ထားကြတယ်၊ 'အငှားအား' ဘယ်က ငှားယူတာလဲဆိုတော့ သဘာဝတရားထဲက ငှားယူတာပေါ့ကွာ၊ အဲဒီ အငှားအား လေ့ကျင့်တဲ့နည်းတွေ အများကြီး ရှိတယ်ကွ၊ အဲဒီအထဲက အလွယ်ဆုံးနဲ့ အမြန်ဆုံး လေ့ကျင့်နိုင်တဲ့နည်းကို မင်းကို ပေးခဲ့မယ်၊ လေ့ကျင့်ပေတော့" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

"တရုတ်နည်းလား ဦးတောက်လု" ဟု ငနက်ကျော်က မေးလိုက်လေ၏။

"ဘယ်က တရုတ်နည်းရမှာတုန်း၊ မြန်မာနည်းအစစ်ပါကွာ၊ အနော်ရထာမင်းစော စီးလာတဲ့ ဖောင်တော်ကို မင်းဘူးနားရောက်တော့ ရေထဲက မိကျောင်းက ကျောကုန်းနဲ့ ခံထားလို့ မထွက်နိုင်ဘူးလေ၊ အဲဒီမှာ ဖောင်တော်မှာ ပါလာတဲ့ စစ်သားလေးတစ်ယောက်က ဆင်းပြီး ရေထဲမှာ မိကျောင်းနဲ့ တိုက်ခိုက်တယ်၊ ရေထဲက မိကျောင်းက လူကို အရှုံးပေးသွားရတယ်၊ အဲဒီစစ်သားလေးကို အနော်ရထာမင်းစောကိုယ်တိုင်က 'အနန္တသူရိယ' ဆိုတဲ့ဘွဲ့ကို အပ်နှင်းလိုက်ရတယ်၊ ရေထဲက မိကျောင်းကို ကုန်းပေါ်က လူသားက ရေထဲ ဆင်းပြီး အနိုင်တိုက်နိုင်တာဟာ ကိုယ်ပိုင်အား ဘယ်ဟုတ်မတုန်းကွ၊ အငှားအားဆိုတာ သေချာပါတယ်ကွာ၊ သူရဲကောင်း

www.burmeseclassic.com



ပေါက်လှုပ်ဟာ နောက်က ရန်သူတွေ လိုက်လာတဲ့အခါမှာ ကညင်ပင်ကို မြင်းစီးရင်း လှံ့ရင်းနဲ့ ပစ်ထိုးသွားတာ၊ လူတစ်ဖက်လောက်ရှိတဲ့ ကညင်ပင်ကြီး ဟိုဘက်ဒီဘက် ထုတ်ချင်းပေါက်သွားတယ်တဲ့၊ ဒါဟာ အင်္ဂါအားကွ၊ ပြီးတော့ မြို့ထဲဝင်ပြီး ရမ်းကားနေတဲ့ ဆင်ကြီးကို ပန်းပဲဆရာ မောင်တင့်တယ်က အမြီးကဆွဲပြီး ဖင်ထိုင်ခိုင်းတယ်ဆိုပဲ၊ ကိုယ်ပိုင်အားနဲ့သာ အလုပ်လုပ်မယ်ဆိုရင် မောင်တင့်တယ်ရဲ့ ကိုယ်လုံးဟာ ဆင်လောက် ကြီးမှ ဖြစ်လိမ့်မယ်၊ အဲဒီတော့ အင်္ဂါအားကို အသုံးပြုသွားတယ်ဆိုတာ သေချာပါတယ်ကွာ၊ အဲဒါကို တချို့က ကိုယ်ပိုင်အားလို့ ထင်ကြတယ်၊ တချို့ကလည်း အတွင်းထဲက ထွက်လာတဲ့အားလို့ ထင်ကြတယ်၊ မဟုတ်ပါဘူးကွာ၊ သဘာဝတရားကြီးဆီက ငှားယူထားတဲ့အားပါ၊ လေ့ကျင့်နည်းတွေကတော့ အများကြီးပဲ၊ တစ်နည်းပြောခဲ့မယ်" ဟု ဦးတောက်လုက ပြောရင်း လက်ကျန်ပေါက်စီကလေးကို ပါးစပ်တွင်းသို့ ထိုးသွင်းလိုက်လေတော့၏။

...မှတ်စု...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရေတံသီး သုံးတောင့်နှင့် နေကျော်

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ဖမ်းဆီးထားသော မျက်နှာဖြူတရားခံများကို ဒဏ်ငွေရိုက်၍ လွှတ်လိုက်ရလေ၏။ ထိုဒဏ်ငွေရိုက်ခြင်းကို အကြောင်းပြု၍ အင်္ဂလိပ်အစိုးရသည် အကြီးအကျယ် မကျေမနပ်ဖြစ်ကာ ရန်စကျူးကျော်ခြင်းများ ပြုလုပ်လာသည်မှအစ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကြီး စတင်ဖြစ်ပွားလေတော့သတည်း။

သွေးသောက်မောင်ဂျင်း၊ နေကျော်နှင့် အိမ်တော်ဝင်းစောင့် စစ်သည်ရဲမက်တို့လည်း စစ်မြေပြင်သို့ ထွက်ကြရလေတော့၏။ စစ်ထွက်မည့်နေ့က နေကျော်သည် မန်ကျည်းစေ့ရောင် မြင်းကြီးကို စီးလျက် ၎င်း၏မိတ်ဆွေဖြစ်သူ ဦးတောက်လု၏အိမ်သို့ သွားရောက်ခဲ့လေ၏။ ၎င်း၏အကြံအစည်မှာ ဦးတောက်လုအား နှုတ်ဆက်ရန် ဖြစ်လေ၏။ နေကျော်သည် သူ၏မြင်းကြီးအား

www.burmeseclassic.com



ဦးတောက်လု၏ စိုက်ခင်းများကို ဖြတ်၍နင်းစေပြီး ဦးတောက်လု၏ အိမ်တံခါးဝဆီသို့ ကသောကမျော စီးနင်းခဲ့လေ၏။

ဦးတောက်လု၏ အိမ်တံခါးသည် ပိတ်၍ထား၏။ ထိုပိတ်ထားသော တံခါးပေါ်၌မူ တရုတ်စာလုံးအနီကြီးတစ်လုံး ရေးထားသည်ကို တွေ့ရလေ၏။ နေကျော်သည် သက်ပြင်းတစ်ချက်ချလိုက်၏။ ပိတ်ထားသော တံခါးကြီးနှင့် တရုတ်စာလုံးကြီးကို ကြည့်၍ စိတ်ပျက်သွားလေ၏။ ထို့နောက် . . .

"ခက်တော့တာပဲ၊ ဦးတောက်လုကြီးကလည်း ဘယ်များသွားနေပါလိမ့်၊ သူ့ကို နှုတ်ဆက်ချင်လို့ လာခဲ့တာ၊ သူနဲ့ မတွေ့ရတော့ပါလား၊ အခု မတွေ့ရခြင်းဟာ အစဉ်ထာဝရ မတွေ့ရခြင်းလည်း ဖြစ်နိုင်တယ်၊ ငါ အခုသွားမယ့်လမ်းဟာ သေလမ်းဖြစ်တယ်၊ ရှင်ဖို့နဲ့ သေဖို့ဆိုရင် သေဖို့က များတယ်၊ ဒါကြောင့် ငါ အင်မတန်ချစ်ခင်တဲ့ ဦးတောက်လုကြီးကို လာနှုတ်ဆက်တာ၊ ဒီလူကြီးကလည်း တရုတ်စာလုံးကြီး ရေးပြီး အိမ်ကို တံခါးပိတ်ပြီး ဘယ်ကိုများ သွားမှာပါလိမ့်၊ သူ့ကို ငါ နှုတ်ဆက်ဖို့၊ နောက်ဆုံးစကား ပြောဖို့ အခွင့်အရေး ငါ့မှာ မရှိတော့ပါလား၊ ဘာပဲဖြစ်ဖြစ် ဒီလူကြီးဟာ ငါ့ရဲ့ဆရာကြီးပဲ၊ သူဟာ ငါ မသိတာတွေ အများကြီး ပြောပြခဲ့တယ်၊ ခုနေအခါမျိုးမှာ သူ့ဆီက စကားလေး တစ်ခွန်းနှစ်ခွန်းလောက်ကြားရရင် ငါ့အတွက် အတော်တန်ဖိုးရှိမယ်၊ ခက်တော့တာပဲ၊ အို . . . ဘာပဲဖြစ်ဖြစ်လေ၊ ငါ့အပေါ်မှာလည်း စေတနာကောင်းထားတယ်၊ ငါ့ကိုလည်း ကျွေးမွေးခဲ့တယ်၊ ငါ မသိတာတွေလည်း ပြောပြခဲ့တဲ့အတွက် ဦးတောက်လုဟာ ငါ့ရဲ့ဆရာကြီးပါပဲ၊ အဲဒီတော့ ငါ့ဆရာကြီးနဲ့ မတွေ့ရပေမယ့် ငါ့ဆရာကြီး နေတဲ့ တဲကလေးကိုပဲ ရည်မှန်းပြီး ကန်တော့သွားပါမယ်လေ" ဟု ဆိုကာ နေကျော်သည် မြင်းပေါ်မှ ဆင်း၍ မြေကြီးပေါ်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကာ ဦး



www.burmeseclassic.com

www.burmeseclassic.com



တောက်လု၏ အိမ်တံခါးအား ပျပ်ဝပ်ညွတ်ကျိုးကာ ဦးချ ကန်တော့လိုက်လေ၏။

ထိုသို့ ကန်တော့နေစဉ်အတွင်း ဦးတောက်လု၏ 'တခစ်ခစ်' ရယ်သံကလေးသည်လည်း ခပ်လှမ်းလှမ်းမှ ပေါ်ထွက်လာလေတော့၏။ ငနက်ကျော်သည် အသံလာရာဆီသို့ လှမ်းမျှော်ကြည့်ရှုလိုက်လေ၏။ သို့မဟုတ် အသံလာရာအရပ်ကို ရှာဖွေလိုက်လေ၏။ သို့ရာတွင် ဦးတောက်လုကိုတော့ မတွေ့ရပေ။

ထိုအခါ ငနက်ကျော်က. . .

"ဦးတောက်လု အိမ်ထဲမှာလား၊ ထွက်ခဲ့ပါဗျို၊ သိပ်အရေးကြီးတယ်" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

"လာပါပြီကွာ လာပါပြီ၊ ခဏလေး စောင့်စမ်းပါဦး" ဟု ပြောဆိုကာ ဦးတောက်လုသည် အိမ်နောက်ဖေးဘက်မှ ပတ်ကာ မြင်းဖြူကြီးတစ်ကောင်ကို စီး၍ ထွက်လာလေတော့၏။ ဦးတောက်လုသည် ဖျင်ကြမ်းအကျီပွပွကြီးနှင့် ဖျင်ကြမ်းဘောင်းဘီပွပွကြီးကို ဝတ်ဆင်ထား၏။ ပတ္တူဖိနပ်ကို စီးထား၏။ ခြေထောက်ကို ပတ္တူစများဖြင့် ခြေမျက်စိမှ ဒူးဆစ်တိုင်အောင် ပတ်ထား၏။ ခမောက်ကြီးတစ်လုံးကို မေးသိုင်းကြိုးနှင့်တကွ ဆောင်းထား၏။ ကျောတွင် အိတ်ကြီးတစ်လုံးကို ပိုးထား၏။ ခါးတွင် ဓားရှည်ကြီးတစ်လက်ကို ချိတ်ထား၏။ ထိုဓားရှည်ကြီး၏ ဓားရှက်များမှာလည်း လက်ငါးလုံးခန့် ရှိသည့်တိုင်အောင် ကြီးမားလှပေ၏။

ငနက်ကျော်သည် ဦးတောက်လုကို မြင်လျှင် အံ့အားသင့်သွားလေ၏။ အထူးသဖြင့် ဦးတောက်လု ဝတ်ဆင်ထားသော အဝတ်အစားများနှင့် ဦးတောက်လု စီးထားသောမြင်းကို ကြည့်၍ အံ့အားသင့်သွား၏။

"ဘယ်လိုလဲ ဦးတောက်လု" ဟု ငနက်ကျော်က မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"စစ်မြေပြင်ကို ထွက်မလို့လေကွာ" ဟု ဦးတောက်လုက ပြန်၍ပြောလိုက်ရာ. . .

"ခင်ဗျား လုပ်ထားလိုက်ပုံကလည်း တရုတ်စစ်သူကြီး ဂါမဏိ ကျနေတာပဲ" ဟု ငနက်ကျော်က ပြောလိုက်ရာ ဦးတောက်လုက. . .

"တရုတ်ဂါမဏိတော့ သမိန်ဗရမ်းလက်ချက်နဲ့ သေသွားရ ရှာတယ်ကွ၊ ငါက တရုတ်ဂါမဏိ မဟုတ်ဘူး၊ တရုတ်ကပြား ဂါမဏိ ကွ၊ မျက်နှာဖြူ တော်တော်များများရဲ့ လည်ပင်းကိုတော့ ငါ့ဓားကြီး က ကောင်းကောင်း အလုပ်လုပ်ပါလိမ့်မယ် ထင်ပါရဲ့ မောင်ရာ" ဟု ပြောလိုက်လေ၏။

"ကျုပ်လည်း စစ်မြေပြင် သွားမလို့ ခင်ဗျားကို လာပြီးနှုတ် ဆက်တာ၊ မတွေ့တဲ့အတွက်" ဟု ပြောလိုက်သည့် တစ်ခဏ၌ ဦးတောက်လုက. . .

"ငါနေတဲ့တဲကို ထိုင်ပြီးကန်တော့လိုက်တယ် ဆိုပါတော့ကွာ၊ မင်းဟာ သိပ်ကို မြန်မာပီသတဲ့ မြန်မာကလေးတစ်ယောက်ပဲ၊ ငါ လည်းပဲ ဒီရက်အတွင်းမှာ ငါ့ဆီကို မင်း ရောက်လာလိမ့်မယ်လို့ မျှော်လင့်နေတာ" ဟု ပြောလိုက်လေ၏။

"ဘယ်လိုကြောင့် မျှော်လင့်ရတာတုန်း ဦးတောက်လုရဲ့" ဟု ငနက်ကျော်က မေးလိုက်လေ၏။

ထိုအခါ ဦးတောက်လုသည် ဖက်ဖြင့် ထုပ်ထားသော အထုပ်ကြီးတစ်ထုပ်ကို ငနက်ကျော်ထံသို့ ပစ်၍ပေးလိုက်လေ၏။ ငနက်ကျော်လည်း မြင်းပေါ်သို့ ခုန်တက်ရင်း ဦးတောက်လု လှမ်း၍ ပစ်ပေးလိုက်သော အထုပ်ကြီးအား ကျင်လည်စွာ ဖမ်းယူလိုက် လေ၏။ ထို့နောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြီးတုန်း" ဟု နေကျော်က မေးလိုက်လေ၏။

"မင်းအတွက် ငါလုပ်ထားတဲ့ ဝက်သားပေါက်စီတွေကွ၊ လနဲ့ချီပြီး ထားလို့ရတယ်၊ မသိုးအောင် စီမံထားတယ်၊ ပေါက်စီက ကွမ်းသီးလုံးလောက်ကလေးတွေ ရှိတယ်၊ ရေနွေးနဲ့ ပေါင်းလိုက်ရင် လက်သီးဆုပ်လောက် ဖြစ်သွားမယ်၊ အဲဒီလို ပေါက်စီအလုံးပေါင်း ကိုးဆယ်ကျော် ပါတယ်၊ သုံးလစာပေါ့ကွာ" ဟု ဦးတောက်လုက ပြောပြလိုက်လေ၏။ ထိုအခါ နေကျော်သည် ၎င်း၏မြင်းဘေးတွင် ချိတ်ဆွဲထားသော အထုပ်တစ်ထုပ်ကို ယူ၍ ဦးတောက်လုအား ပစ်၍ပေးလိုက်ရာ ဦးတောက်လုက. . .

"ထမင်းခြောက်နဲ့ ကြံသကာ ရောပြီးထောင်းထားတာတွေ မဟုတ်လား" ဟု ပြန်၍မေးလိုက်လေ၏။ ထိုအခါ နေကျော်က ခေါင်းညိတ်ပြလိုက်လေ၏။

"မင်းဟာတွေသာ စားရရင် စစ်တိုက်လို့ မသေဘဲ ချွဲထပြီး သေလိမ့်မယ်" ဟု ပြောဆိုကာ တခစ်ခစ် ရယ်လေ၏။ ထို့နောက် သူ၏မြင်းကို လှမ်းရုံကလေး လှမ်းစေ၍ စိုက်ခင်းကို ဖြတ်ကြလေ၏။

"နေစမ်းပါဦးဗျ၊ ကျုပ် ရောက်လာလိမ့်မယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲ" ဟု နေကျော်က မေးလိုက်လေ၏။ ဦးတောက်လုသည် ဆေးတံကို ထုတ်၍ဖွာရင်း. . .

"ဂျင်နရယ် ဆာဟင်နရီသောမတ်(စ်)ဂေါ်ဒွင် ဆိုတဲ့ အင်္ဂလိပ်ကြည်းကြောင်း ဗိုလ်ချုပ်ကြီးရယ်၊ 'အဲဒမယ်ဒယ်ချားလ်အော်စတင်' ဆိုတဲ့ ရေကြောင်းဗိုလ်ချုပ်ကြီးရယ် နှစ်ဦးဟာ စစ်သားတင် သင်္ဘော(၁၅)စင်း၊ အမြောက်ပါတဲ့ စစ်သင်္ဘောသက်သက်က (၁၅) စင်း၊ စစ်သည်ခြောက်ထောင်၊ အမြောက် သုံးဆယ့်ငါးလက်၊ ပြီးတော့ ၁၈-ရီကျိုးမင့်၊ ၈၀-ရီကျိုးမင့်၊ ၄၀-ရီကျိုးမင့်၊ ၅-ရီကျိုးမင့်၊ ၉-



www.burmeseclassic.com

www.burmeseclassic.com



ရီဂျီးမင့် ဘက်လားခြေလျင်ဗရီဂိတ် တပ်ကြီးတစ်တပ်၊ မဒရပ်ခြေလျင် ဗရီဂိတ် တပ်ကြီးတစ်တပ်၊ မျက်နှာဖြူချည်းသက်သက် ပါတဲ့ အမြောက် တပ်ခွဲသုံးခွဲ၊ မျက်နှာဖြူနဲ့ ကုလားနက်တွေ ရောထားတဲ့ မဒရပ် အမြောက်တပ်ခွဲ၊ 'ဆာဖာမိုင်းနား' တပ်ခွဲနှစ်ခွဲဟာ စစ်ကြောင်းကြီးတွေ ဖြန့်ပြီး ငါတို့ မြန်မာနိုင်ငံဘက်ကို လာနေကြပြီလေကွာ၊ ဒီစစ်သတင်းကို အိမ်တော်ဝင်းမှာနေတဲ့ မင်းတို့လည်း ရကြမှာပေါ့၊ အဲဒီအခါမှာ မင်းတို့လည်း အထက်အရာရှိ စစ်အကြီးအမှူးတွေရဲ့ အမိန့်အရ ဒီစစ်ကြီးကို ခံဖို့ စစ်မြေပြင်ကို ဒီရက်အတွင်းမှာပဲ ထွက်ကြရမှာပေါ့" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

"ဟုတ်လိုက်တာ ဦးတောက်လုရယ်၊ အဲဒါကြောင့် စစ်မြေပြင်ကို ထွက်သွားမလို့ပဲ၊ ခင်ဗျားကို လာပြီးနှုတ်ဆက်တာ၊ ဘယ်နေရာကို သွားမယ်၊ ဘယ်သူတွေနဲ့ တွေ့မယ်ဆိုတာကတော့ စစ်ရေးထိပ်တန်းလျှို့ဝှက်ကိစ္စမို့လို့ ကျုပ် မပြောပြတော့ပါဘူး" ဟု ငနက်ကျော်က ပြောလိုက်ရာ ဦးတောက်လုက. . .

"မင်း တောင်ငူကို သွားရမယ်၊ တောင်ငူမရောက်ခင် ယာတဲတစ်တဲကို ဝင်ရမယ်၊ အဲဒီယာတဲမှာ မင်းရဲ့သွေးသောက်ကြီး မောင်ဂျင်း စောင့်နေလိမ့်မယ်၊ အဲဒီကနေပြီးတော့ အထက်ဘက်က လာတဲ့ စစ်ကြောင်းနဲ့ မင်းဟာ မုတ္တမကို လိုက်ပြီး စစ်ခံရမယ်" ဟု ပြောလိုက်ရာ. . .

"ခင်ဗျား ဒါတွေ ဘယ်လိုလုပ်ပြီး သိတာလဲ ဦးတောက်လု" ဟု ငနက်ကျော်က မျက်နှာထားတင်းတင်းဖြင့် မေးလိုက်လေ၏။

"မောင်ဂျင်း စောင့်နေတဲ့ ယာတဲက ယာသမားကြီးက ဦးရွှေမောင်တဲ့၊ မျက်နှာမှာ ဓားခုတ်ရာကြီးနဲ့ အလွန်ယောကျ်ားပီသတဲ့ လူကြီးပေါ့ကွာ၊ ပထမစစ်ပွဲတုန်းက ပါဝင်ခဲ့တဲ့ သွေးသောက်ကြီး တစ်ယောက်ပေါ့ကွာ" ဟု ဦးတောက်လုက ထပ်၍ပြောလိုက်ရာ

www.burmeseclassic.com



နေကံကျော်သည် မျက်နှာကြီး နီမြန်းလျက်. . .

"ဒါတွေဟာ ကျုပ်တို့ စစ်သည်တော်တိုင်းတောင် သိခွင့်မရဘူး၊ အရေးကြီးတဲ့ လျှို့ဝှက်ချက်တွေပဲ၊ ဒါတွေကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိနေရတာတုန်း" ဟု ဆိုကာ နေကံကျော်သည် ဓားရိုးပေါ်သို့ လက်ကို တင်လိုက်လေ၏။ ထိုအခါ ဦးတောက်လုက သံဘူးကလေးတစ်ဘူးကို အိတ်မှ နှိုက်၍ နေကံကျော်ထံသို့ ပစ်၍ပေးလိုက်လေ၏။ နေကံကျော်သည်လည်း ထိုသံဘူးကို ဖွင့်၍ အတွင်းမှအရာကို ဆွဲထုတ်လိုက်ရာ ပါးလွှာသော ပိုးဖြူစလေးတစ်စ ထွက်လာလေ၏။ ထိုပိုးဖြူစပေါ်တွင် ဘုရင်၏အမှတ်တံဆိပ်ကို ရိုက်နှိပ်ထားသည်ဖြစ်ရာ နေကံကျော်သည် ဦးခေါင်းကို ညွှတ်၍ အရိုအသေ ပေးလိုက်လေ၏။ ထို့နောက် ထိုပိုးဖြူစတွင် ပါသောစာများကို ဖတ်ကြည့်ရာ ဦးတောက်လုသည် နေပြည်တော်မှ စေလွှတ်ထားသော မြန်မာ့တပ်မတော်၏ လျှို့ဝှက်စစ်သူလျှိုကြီးတစ်ဦး ဖြစ်ကြောင်း သိရလေတော့၏။

ထိုစာတွင် မြန်မာဘက်မှ စစ်ခံမည့် အခြေအနေအရပ်ရပ်တို့ပါ အသေးစိတ် လျာထားဖော်ပြချက်များ ပါရှိလေ၏။ ထိုစာ၏အောက်နားတွင် ဗိုလ်မင်းကိုယ်တိုင် အိမ်တော်ဝင်းစောင့် သွေးသောက်မောင်ဂျင်းတို့နှင့်အတူ တောင်ငူ ငရွှေမောင်း ယာတဲသို့ လိုက်ပါစေလိုကြောင်း ပါလေ၏။

နေကံကျော်သည် ထိုစာကို ဖတ်ပြီးနောက်. . .

"ဗိုလ်မင်းဆိုတာ ဘယ်သူ့ကို ရည်ညွှန်းတာလဲ" ဟု မေးလိုက်လေ၏။

"ငါ့ကို ရည်ညွှန်းတာကွ၊ ငါဟာ မြန်မာ့တပ်မတော်က ဗိုလ်မှူးကြီးတစ်ယောက်ပဲ၊ စစ်သတင်းတွေ ထောက်လှမ်းဖို့ တာဝန်နဲ့ ဒီမှာ လာနေရတာ ကြာပြီ၊ ပြီးတော့ ငါ မင်းကို ပြောလိုက်ချင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ငါဟာ တရုတ်လူမျိုး မဟုတ်ဘူး၊ ငါဟာ ရှမ်းအမျိုးသားတစ်ယောက် ဖြစ်တယ်၊ ဒါပေမယ့် တရုတ်အမျိုးသားယောင်ဆောင်ပြီး နေနိုင်အောင် နှစ်ပေါင်းများစွာ ငါ လေ့ကျင့်ထားရတယ်၊ အဲဒါလည်း တိုင်းပြည်တာဝန်အရ လေ့ကျင့်ထားတာ၊ သူလျှိုဒလန်တွေ တတ်အပ်တဲ့ အတတ်ပညာတစ်ခုပေါ့ကွာ၊ ငါဟာ ငယ်ငယ်ကလေးတည်းက တပ်ထဲ ရောက်နေတာ၊ ငါ့မှာ အခြားအရည်အချင်းတွေ ဘာမှမရှိပါဘူး၊ ငါ့ကို အထက်က ပေးအပ်တဲ့ အမိန့်နဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်တာ တစ်ခုပါပဲ၊ အဲဒီလို ထမ်းဆောင်နိုင်အောင်လည်း ငါဟာ သစ္စာကို ဆိုထားတယ်ကွ၊ ငါဟာ တပ်ထဲကို ရောက်လာပြီး စောင့်စည်းထားတဲ့ တခြားအချက်အလက်တွေ ရှိသေးတယ်၊ ကြုံရင် ပြောပြရတာပေါ့၊ အဲဒါတွေအားလုံးဟာ ငါ့ရဲ့အရည်အချင်းတွေ ဖြစ်လာတယ်" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

"နေပါဦးဗျ၊ ခင်ဗျားနာမည်က တပ်မှာကော ဒီနာမည်ပဲလား" ဟု ငနက်ကျော်က မေးလိုက်ရာ ဦးတောက်လုက တခစ်ခစ် ရယ်ရင်း. . .

"ရွှေပြည့်လက်ရုံး ဗိုလ်မှူးမဟာမင်းလှ ဆိုတဲ့ဘွဲ့ကိုတော့ ရတာပေါ့ကွာ၊ လုပ်ရတဲ့အလုပ်က သူလျှိုဒလန်အလုပ် ဆိုတော့လည်း နာမည်တော့ အမျိုးမျိုးပေါ့" ဟု ပြောလိုက်၏။ ထို့နောက် ၎င်းတို့သည် မြင်းကိုယ်စီဖြင့် ခရီးဆက်ကြလေတော့၏။ မှောင်မိုက်သောအခါ၌ ပဲခူးသို့ ရောက်လေ၏။ ထို့နောက် ပဲခူးကို ဖြတ်၍ ခရီးဆက်ကြလေ၏။ ထိုအချိန်၌ ကောင်းကင်တွင် လမင်းကြီးမှာ ပေါ်ထွက်စ ဖြစ်သော်လည်း ပြာမှိုင်းသော မိုးကောင်းကင်၌မူ ကြယ်တာရာအပေါင်းတို့သည် တဖျပ်ဖျပ် ထွန်းလင်းတောက်ပနေပြီ ဖြစ်သည်။ ငနက်ကျော်သည် ရေဘူးကို ဖြုတ်လိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်. . . ရေတွေချည်း သောက်မနေနဲ့၊ ရှေ့ကျရင် ထမင်းစားရမယ်" ဟု သတိပေးလိုက်လေတော့၏။

"ဟုတ်ရဲ့လား ဗိုလ်မင်းရယ်၊ ကျုပ်ဖြင့် တယ်မထင်ပါဘူး" ဟု ငနက်ကျော်က ပြောလိုက်ရာ. . .

"ဒီကနေ ကွင်းတစ်ခုကို လွန်ရင် ထမင်းဆိုင်လေးတစ်ဆိုင် ရှိတယ်ကွ၊ ညအိပ်တည်းလို့လည်း ရတယ်၊ အထက်အောက် ခရီးသည်တွေ ဝင်ပြီး ဒီလိုပဲ တည်းကြတယ်ကွ၊ အဲဒီမှာက လူစာသာ မဟုတ်ဘူး၊ မြင်းစာလည်း ကောင်းကောင်းရတယ်" ဟု ဦးတောက်လုက ပြောလိုက်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မြင်းများကို ကဆုန်စိုင်း၍ စီးကြလေတော့၏။

အတော်အတန် ညဉ့်နက်သောအခါ၌ ကွင်းပြင်ကြီးတစ်ခုသို့ ရောက်ကြ၏။ ကွင်းပြင်ကို ဖြတ်ကျော်လိုက်သည့်အခါ၌မူ မီးတိုင်များ ထိန်ထိန်ညီးနေသော တဲကြီးတစ်လုံးကို တွေ့ရ၏။

ထိုအခါ ငနက်ကျော်က. . .

"ဦးတောက်လု၊ အဲဒါ ခင်ဗျားပြောတဲ့ ထမင်းဆိုင် မဟုတ်လား" ဟု မေးလိုက်ရာ ဦးတောက်လုက. . .

"အေး. . . ဟုတ်တယ်၊ အရမ်းမဝင်နဲ့ဦးကွ၊ အထဲမှာက မျက်နှာဖြူသူလျှိုတွေ ရှိချင်ရှိနေဦးမှာ" ဟု သတိပေးလိုက်ရာ ငနက်ကျော်က. . .

"အင်းလေ. . . အဲဒါတွေ ရှိတယ်မရှိဘူး ကျုပ် အကဲမခတ်တတ်ပေါင်ဗျာ၊ ဒါကတော့ ရွှေပြည့်လက်ရုံး မဟာမင်းလှဗိုလ်မှူးကြီးရဲ့ တာဝန်ပေါ့ဗျာ" ဟု ခနိုးခနဲ့ ပြောလိုက်ရာ ဦးတောက်လုက. . .

"မင်းစိတ်ထဲမှာ ငါ့ကို မကျေမနပ် ဖြစ်နေတယ်ကွ၊ အဲဒါက ဘာလဲဆိုတော့ မင်းနဲ့ ဒီလောက် ပေါင်းနေပြီး ငါ့ရဲ့ မူလဇာတိရင်းကို သိခွင့်မရတဲ့အတွက်ပေါ့ကွာ၊ ဒါကိုတော့ မကျေမနပ် မဖြစ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့လူရာ၊ ငါ့အလုပ်က အထက်လူကြီးက ဖွင့်ပြောတော့လို့ ခွင့်မပြု မချင်း နှုတ်လုံရတယ်ကွ” ဟု ပြောလိုက်လေ၏။ ထို့နောက် ဦး တောက်လုသည် ရှေ့မှနေ၍ ဆိုင်အနီးသို့ ကပ်ကာ ဆိုင်အား လှေ့ လာကြည့်ရှုပြီးနောက်. . .

“ငနက်ကျော်ရေ. . .လာဟေ့” ဟု ဆိုကာ ဆိုင်ရှေ့သို့ သွားရောက်၍ မြင်းများကို ရပ်လေ၏။ ငနက်ကျော်သည် မြင်းပေါ် မှ လွှားခနဲ ဆင်းလေ၏။

ဦးတောက်လုလည်း ဆင်းလေ၏။ ထို့နောက် ဦးတောက်လု က သူ၏မြင်းရော ငနက်ကျော်၏မြင်းပါ ဆိုင်နောက်ဖက်သို့ ဆွဲ သွားလေ၏။

“မင်း ဆိုင်ထဲ ဝင်ပြီး မှာနှင့်ကွာ၊ ဖောင်းထဲမှာ မြင်းတွေ သွားထားလိုက်ဦးမယ်” ဟု ဦးတောက်လုက ပြော၍သွားလေ၏။ ငနက်ကျော်သည် ဆိုင်အတွင်းသို့ ဝင်သွား၏။ ထို့နောက် နေရာ လွတ်တွင် ဝင်၍ထိုင်ကာ ထမင်းဟင်းများ မှာလေ၏။ ထိုအချိန်မှာ ပင် ဦးတောက်လုလည်း ရောက်လာ၏။ ထမင်းဆိုင်မှ မိန်းကလေး သည် ထမင်းဟင်းများကို လာရောက်၍ ချပေးလေ၏။ နောက်ဆုံး တွင် ပန်းကန်ပြားကလေးထဲ၌ ဆားအနည်းငယ်နှင့် ငရုတ်သီး တောင့်လေး သုံးတောင့် လာ၍ချပေးလေ၏။

ထိုအခါ ဦးတောက်လုက. . .

“အတော်ပဲ ကလေးမရယ်၊ ကျုပ်ကလည်း ငရုတ်သီးတောင့် လေး လျှာပူအောင် ဝါးချင်နေတာ” ဟု ပြောကာ ငရုတ်သီးတောင့် ကို ဆားဖြင့် တို့၍ ‘တဂျွတ်ဂျွတ်’နှင့် ဝါးလေ၏။

“သိပ်စပ်တယ်ရှင့်” ဟု မိန်းကလေးက ပြောကာ ထသွား လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မြိန်ရှက်စွာ စားသောက်ကြ လေတော့၏။ ဆိုင်အတွင်းရှိ အခြားသူများမှာလည်း ထမင်းစားသူ



www.burmeseclassic.com

www.burmeseclassic.com



စား၊ အရက်သောက်သူသောက်၊ ရယ်မောသူရယ်မော၊ လက်ခုပ်တီးသူတီးနှင့် စည်စည်ကားကား ရှိလှပေတော့၏။

"ဟေ့ကောင် . . ငနက်ကျော်၊ ဗိုက်ကြီး တအားတင်းအောင် မစားနဲ့ကွ" ဟု ပြောလိုက်ရာ ငနက်ကျော်က. . .

"ဒီမှာ မအိပ်ဘူးလား" ဟု မေးလိုက်လေ၏။

"မအိပ်ဘူးလေကွာ၊ ရတတ်သလောက် ခရီးဆက်ကြတာပေါ့" ဟု ဦးတောက်လုက ပြောလိုက်လေ၏။ ထမင်းစားပြီးသောအခါ၌ ဦးတောက်လုသည် နေရာမှထ၍. . .

"ဟေ့ကောင် ငနက်ကျော်၊ ထမင်းဖိုး သွားပေးရအောင်" ဟု ဆိုကာ ဆိုင်နောက်ဖက်သို့ ဝင်သွားလေ၏။

ထိုအခါ ငနက်ကျော်က. . .

"ထမင်းဖိုး ပေးတာ ဟိုမိန်းကလေးကို ပေးလိုက်ရင် ပြီးရော မဟုတ်လား၊ ဆိုင်နောက်ဖေးဘက် သွားစရာ လိုသေးလား" ဟု ပြောလေ၏။

"မင်းကလည်း အတော် စကားများတဲ့ကောင်ပဲ" ဟု ဦးတောက်လုက ငေါက်လိုက်ပြီး ရှေ့မှ သွားမြဲသွားလေ၏။ ဆိုင်နောက်ဖက်ရှိ မြင်းဇောင်းရှည်ကြီးနှင့် ဆိုင်ကြားတွင် ရှိသောမြေကွက်လပ်၌ သီးသန့်ထိုးထားသော တဲတစ်လုံးကို တွေ့ရလေ၏။ တဲဆိုသော်လည်း အတော်ခိုင်ခံ့၏။ တံခါးများဖြင့် လုံလုံခြုံခြုံ ရှိလှ၏။ ဦးတောက်လုသည် ထိုတဲနှင့် မလှမ်းမကမ်း တစ်နေရာတွင် မှောင်ရိပ်ခို၍ ရပ်နေ၏။ ထိုအချိန်မှာပင် ထမင်းဆိုင်မှ မိန်းကလေးသည် မုန့်ပဲသရေစာများ ထည့်ထားသည့် ဗန်းကြီးတစ်ဗန်းကို ယူလာပြီးလျှင် ထိုတဲကြီး၏ တံခါးကြီးကို 'တဒေါက်ဒေါက်' ခေါက်လိုက်လေ၏။ အတွင်းမှ. . .

"ဘယ်သူတုန်း" ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကလည်း အသံစာစာလေးနှင့်. . .

"ကျွန်မပါ၊ ရှင်တို့ မှာထားတဲ့ အချိုမုန့်တွေ ရပြီလေ" ဟု ပြန်၍ဖြေလိုက်လျှင် အတွင်းမှ တံခါးမင်းတုပ် ဖြုတ်သံကြားရပြီးနောက် တံခါးဖွင့်သံ ကြားရလေ၏။ ငနက်ကျော်သည် ဦးတောက်လုနောက်မှ မှောင်ရိပ်ခိုရင်း ထိုတံခါးအတွင်းအက်ကို ကြည့်လိုက်ရာ တံခါးဖွင့်ပေးသောလူအပြင် အခြားလူနှစ်ယောက်ကိုပါ တွေ့ရလေ၏။ ထိုနှစ်ယောက်အနက် တစ်ယောက်သောသူမှာ မီးရောင်တွင် ရွှေဒင်္ဂါးပြားများကို ရေတွက်နေသည်ကို တွေ့ရလေ၏။ တံခါးထ၍ ဖွင့်သူသည် မိန်းကလေးထံမှ မုန့်ဗန်းကို လှမ်း၍ယူလိုက်လေ၏။

မိန်းကလေးလည်း ထိုသူအား နှုတ်ဆက်ကာ ဆိုင်မကြီးအတွင်းသို့ ပြန်၍ဝင်သွားလေ၏။ တံခါးဖွင့်ပေးသောလူသည် မုန့်ဗန်းကြီးကို လက်နှစ်ဖက်ဖြင့် ကိုင်ထားဆဲ ဖြစ်လေ၏။ ထိုအခါ ဦးတောက်လုသည် မှောင်ရိပ်ခိုနေရာမှ ထိုတဲအတွင်းသို့ ခုန်၍ဝင်လိုက်ရာ မုန့်ဗန်းနှင့်လူအား ဒူးဖြင့် တိုက်ပြီးသားဖြစ်ကာ ထိုသူလည်း ဝုန်းခနဲ လဲကျသွားလေတော့၏။

ဦးတောက်လု၏နောက်တွင် ငနက်ကျော်လည်း တစ်ပါတည်း ခုန်၍ဝင်၏။ တဲအတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း ငနက်ကျော်သည် တဲတံခါး၏ မင်းတုပ်ကို ထိုး၍ တံခါးကို ပိတ်လိုက်လေ၏။ အတွင်းမှ လူနှစ်ယောက်လည်း ဓားများကို ထုတ်၍ တရမန်းကြမ်း တိုက်ခိုက်လေတော့၏။ စောစောက ဦးတောက်လု၏ဒူးဖြင့် တိုက်မိ၍ လဲသွားသောလူသည် ဓားမြှောင်နှစ်လက်ကို ကိုင်ကာ ဦးတောက်လုနှင့် ငနက်ကျော်တို့အား တရစပ်ထိုးလေတော့၏။ အတွင်းမှ လူနှစ်ဦးသည် ဦးတောက်လုအား ဓားရှည်ဖြင့် လှိမ့်၍ခုတ်၏။ ဦးတောက်လုသည် သူ၏ဓားခွက်ပြားကြီးဖြင့် ကျွမ်းကျင်စွာ တိမ်းရှောင်ရင်း ပြန်လည်တိုက်ခိုက်၏။ ဓား



www.burmeseclassic.com

www.burmeseclassic.com



မြှောင်သမားသည် ငနက်ကျော်အား တဲ၏ထောင့်၌ ပိတ်ကာ ဓားမြှောင်ဖြင့် အဆက်မပြတ် ထိုးနေ၏။

ငနက်ကျော်လည်း သူ၏ ဗန်တိုပညာကို အားကိုးအားထား ပြု၍ ရှောင်တိမ်း တိုက်ခိုက်နေရ၏။ ထို့နောက် ရန်သူ၏အရှိက်ကို တည့်တည့်မတ်မတ် လက်သီးဖြင့် မိအောင် ထိုးလိုက်ရာ ရန်သူသည် အင့်ခနဲ မြည်၍ ငြိမ်သွား၏။ ထိုအခါ ငနက်ကျော်သည် ရန်သူ၏ ဓားမြှောင်ကိုင်ထားသောလက်ကို ဆွဲလိမ်၍ ရန်သူ၏ဝမ်းဗိုက်ဆီသို့ ဓားမြှောင်ဦးကို ထိုးသွင်းပေးလိုက်လေတော့၏။ ရန်သူလည်း ခွေလဲ၍ အသက်ထွက်သွားလေတော့၏။ ထိုအခါ၌ ငနက်ကျော်သည် ဓားရှည်ကို ဆွဲထုတ်လိုက်လေ၏။

ထိုအခါ ဦးတောက်လုက ငနက်ကျော်အား. . .

"နီပေါင်းမား(နေကောင်းရဲ့လား)" ဟု တရုတ်ဘာသာဖြင့် နောက်တီးနောက်တောက် မေးလိုက်လေ၏။

ငနက်ကျော်ကလည်း. . .

"အာရောဂျ ပရမံ လာဘံ" ဟု ပြန်၍ဖြေလိုက်ပြီးနောက် ဦးတောက်လုအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်နေသော ဓားသမားနှစ်ဦးကို ဝင်၍တိုက်ခိုက်လေတော့၏။ အချိန်အနည်းငယ်အတွင်း၌ပင် ဓားသမားနှစ်ဦးသည် ဦးတောက်လုနှင့် ငနက်ကျော်တို့၏ လက်ချက်ဖြင့် ဇက်ပြတ်၍ အသက်ထွက်ရလေတော့၏။

ထိုအခါ ဦးတောက်လုက. . .

"ကဲ. . . သွားကြစို့" ဟု ဆိုကာ တဲအပြင်သို့ ထွက်လေ၏။ ထို့နောက် မြင်းဇောင်းသို့ သွားကာ မိမိတို့၏ မြင်းနှစ်ကောင်ကို ဆွဲထုတ်လိုက်လေ၏။ ငနက်ကျော်သည် သူ၏မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေ၏။ ဦးတောက်လုလည်း ငနက်ကျော်နည်းတူ ခုန်တက်လိုက်လေ၏။ ထို့နောက် တဲ၏မှောင်ရိပ်မှ နေ၍. . .



www.burmeseclassic.com

www.burmeseclassic.com



"သွားကြပေဦးတော့ ဦးတောက်လုနဲ့ မောင်ကြီး နေကျော်ရေ" ဟု မိန်းကလေးက နှုတ်ဆက်လိုက်ရာ နေကျော်သည် အံ့အားသင့်လွန်း၍ 'ဗျာ' ဟုသာ ရေရွတ်နိုင်လေတော့၏။

ဦးတောက်လုမှာမူ 'တခစ်ခစ်' ရယ်မောရင်း နေကျော်၏ နောက်မှနေ၍ မြင်းကို ကဆုန်စိုင်း၍ လိုက်လာလေတော့၏။ အတော်အတန် ဝေးသောနေရာသို့ ရောက်သောအခါ၌ နေကျော်သည် မြင်းဇက်ကြိုးကို သတ်လိုက်လေတော့၏။ ဦးတောက်လုလည်း နေကျော်နည်းတူ မြင်းအရှိန်ကို လျှော့လိုက်လေတော့၏။

ထိုအခါ ဦးတောက်လုက. . .

"မင်းနဲ့ သတ်တဲ့ ဓားမြောင်သမားကလည်း တယ်ဓားမြောင်ထိုး ကောင်းပါ့ကွာ၊ မင်းလည်း အခန်းထောင့်မှာ ပိတ်နေပြီ၊ ငါ မင်းအတွက် အတော်ပဲ စိုးရိမ်မိတယ်" ဟု ပြောလိုက်ရာ နေကျော်က. . .

"ကျုပ်ရဲ့ဓားကို ထုတ်ချိန် မရတော့ဘူး၊ သူက ဓားမြောင်နဲ့ တရစပ် ထိုးနေတာ၊ ရှောင်ဖို့နေရာကလည်း သိပ်ကို ကျဉ်းနေတာ၊ အဲဒါနဲ့ ကျုပ်လည်း ဦးကေသရရဲ့ မြန်မာ့လက်သိုင်းပညာကို အသုံးပြုရတော့တာပဲ" ဟု ပြန်၍ဖြေလိုက်ရာ ဦးတောက်လုက. . .

"မင်းတို့ မြန်မာ့လက်သိုင်းကလည်း တရုတ်ပြည် 'ကံဝု'နယ်မှာ ရှေးအခါက ခေတ်စားခဲ့တဲ့ တရုတ် 'ဆင်ဂီ'ပညာနဲ့ အတော်တူနေပါလား" ဟု ဦးတောက်လုက ပြောလိုက်၏။

"ဟုတ်လားဗျ၊ ဘယ်ပုံ တူတာလဲ ပြောစမ်းပါဦး" ဟု နေကျော်က မေးလိုက်လေ၏။

"လက်ကို အောက်ကနေပြီး ပင့်ခွဲလိုက်တာတွေ၊ ခြေကို ဆောင့်ပြီး တက်လိုက်တာတွေ၊ လက်တစ်ဖက်နဲ့ ပယ်ပြီး တံတောင်နှစ်ဖက်နဲ့ ထောင်းချလိုက်တာတွေဟာ အတော့်ကို တူတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးတောက်လုက ပြောလိုက်ရာ. . .

"တရုတ်ပြည်ထဲမှာ အဲဒီ 'ဆင်ဂီ'လက်သိုင်းကို ခုထိ သုံးနေတုန်းပဲလား" ဟု ငနက်ကျော်က ပြန်၍မေးလိုက်၏။

"သုံးပြီလား မောင်ရယ်၊ ဆင်ဂီ (၁၆)ကွက်ကနေ မြွေသိုင်းတွေ၊ မျောက်သိုင်းတွေ၊ သိမ်းငှက်သိုင်းတွေ ဆိုပြီး ဆယ့်နှစ်မျိုး ထပ်ပြီးပွားတယ်ကွ၊ အဲဒီတော့ အမျိုးပေါင်း (၁၉၂) ဖြစ်သွားတာပေါ့ကွာ၊ အေး. . . တစ်ခုတော့ ရှိတယ်၊ မင်းတို့ရဲ့ပညာမှာတော့ ပါမပါ မသိဘူးကွ၊ ဆင်ဂီပညာမှာတော့ တိုက်ခိုက်နေစဉ်အတွင်းမှာ လျှာကို အာခေါင်မှာ လိပ်ထားရတယ်၊ ပြီးတော့ တိုက်ခိုက်နေတဲ့ လက်တွေဟာ တိုက်ခိုက်နေစဉ်အတွင်း တစ်စုံတစ်ခုသော ဓာတ်သဘောက အပေါ်ကို ဆွဲတင်နေတယ်လို့ အာရုံပြုထားရတယ်ကွ၊ ဒီထက် အရေးကြီးတာကတော့ မိမိရဲ့ မြီးညောင်ရိုးကို ကိုယ်ခန္ဓာအတွင်းကို ရှုံ့သွင်းထားလိုက်ပြီလို့လည်း အာရုံပြုထားရသေးတယ်၊ အခု ငါပြောတဲ့အချက်တွေ စတင်တိုက်ခိုက်တဲ့အချိန်မှာပဲ 'ပရိက်' ပြုထားပြီး ဖြစ်ရတယ်ကွ" ဟု ဦးတောက်လုက ရှင်းပြလိုက်ရာ ငနက်ကျော်က. . .

"အခု ခင်ဗျား ပြောတာတွေဟာ အပိုအလုပ်တွေလို့ မပြောဝံ့ပါဘူးဗျာ၊ ဒီလို မပြောဝံ့တာဟာလည်း ကျုပ်ကိုယ်တိုင်ကလည်း တိုက်ခိုက်ရေးပညာတွေ တတ်ထားတာကိုး၊ ဘာကြောင့် လုပ်ခိုင်းတယ်ဆိုတာ အပြည့်အစုံ မဟုတ်တောင် သဘောပေါက် ရိပ်စားမိပါတယ်ဗျာ" ဟု ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် မြင်းပေါ်မှ ဆင်းကာ အပေါ့အပါး သွားကြလေတော့၏။

ထိုအချိန်၌ ငနက်ကျော်က. . .

"ဦးတောက်လု၊ အချိန်ဆွဲမနေနဲ့ဗျ၊ ဟိုကောင်တွေက သုံး

www.burmeseclassic.com



ယောက်တည်း ကချင်မှကမှာ၊ ကျုပ်တို့နောက်က လိုက်လာချင် လိုက်လာကြလိမ့်မယ်" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

"မလိုက်နိုင်ပါဘူး ငနက်ကျော်ရယ်၊ ဇောင်းထဲမှာ ရှိတဲ့ မြင်းတွေအားလုံးကို အနားယူခွင့် ပေးခဲ့ပြီးပါပြီ" ဟု ပြောလိုက် လေ၏။

ထိုအခါ ငနက်ကျော်က. . .

"ဇောင်းထဲက မြင်းတွေအားလုံး ခင်ဗျား သတ်ခဲ့တယ် ဟုတ်လား၊ ဘယ်တုန်းက သတ်ခဲ့တာလဲ" ဟု မေးလိုက်လေ၏။

"ဒီမြင်းနှစ်ကောင်ကို ဇောင်းထဲ သွားပို့ကတည်းက ဇောင်း ထဲမှာ ရှိသမျှ မြင်းအားလုံးကို သတ်ခဲ့တယ်ကွ၊ အသံမကြားပါလား လို့ မင်း မမေးနဲ့၊ မြင်းသတ်နည်းကောင်းကောင်း ငါ့မှာ ရှိတယ်၊ မြင်းရဲ့အသက်ဟာ နဖူးမှာ ရှိတယ်ကွ" ဟု ဦးတောက်လုက ပြော ရင်း မြင်းပေါ်သို့ ပြန်၍တက်လေ၏။

"ဒါနဲ့ နေပါဦး ဦးတောက်လုရယ်၊ ဟိုကောင်တွေဟာ ကျုပ် တို့ရဲ့ ရန်သူတွေပါနော်" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

"သေချာတာပေါ့ ငါ့လူရယ်" ဟု ပြန်၍ဖြေလိုက်လေ၏။

ထိုအခါ ငနက်ကျော်က. . .

"ဒီကောင်တွေ အဲဒီထဲမှာရှိကြောင်း ခင်ဗျား ဘယ်လိုလုပ် သိတာတုန်း" ဟု မေးလိုက်လေ၏။

"ထမင်းဆိုင်က ကောင်မလေး လာပြီးပြောတယ်လေကွာ" ဟု ဦးတောက်လုက ပြန်၍ဖြေလေ၏။

"လာပြောတယ် ဟုတ်လား၊ ကျုပ်လည်း မကြားရပါလား" ဟု ငနက်ကျော်က မေးလိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .

"ငရုတ်သီးလေး သုံးတောင့် ချလာတာဟာ ဒီကောင်သုံး



www.burmeseclassic.com

www.burmeseclassic.com



ကောင် ရှိတယ်ဆိုတာ လာပြီးပြောတာပေါ့ကွာ၊ ရေတ်သီးအညာလေးတွေ ရှိတဲ့ဘက်မှာ ဒီကောင်သုံးယောက် ရှိနေမယ်ဆိုတာလည်း တစ်ပါတည်း ပြောပြီးသွားပေါ့ကွာ” ဟု ဦးတောက်လုက ရှင်းပြလိုက်လေ၏။

“ဒီမိန်းကလေးက ကျုပ်တို့လူပေါ့” ဟု နေက်ကျော်က မေးလိုက်လေ၏။

“မြန်မာ့တပ်မတော်က စစ်သူလျှိုတစ်ဦးပေါ့ကွာ” ဟု ဦးတောက်လုက ပြောလိုက်ရာ နေက်ကျော်က. . .

“ဒါနဲ့ နေပါဦးဗျာ၊ ဒီမိန်းကလေးက ကျုပ်နာမည်တောင် သိနေပါလား” ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

“ကြိုတင် သတင်းရထားပြီလေကွာ၊ ပြီးတော့လည်း ဒီမိန်းကလေးက မင်းကို ကောင်းကောင်းသိပါတယ်၊ ကုန်ကုန်ပြောရရင် မင်းကို အကြောင်းပြုပြီး သူ့အသက်ကို တိုင်းပြည်အတွက် ပုံအပ်ထားတာပဲ” ဟု ဦးတောက်လုက ပြောလျှင် နေက်ကျော်က. . .

“ဗျာ. . . ကျုပ် သူ့ကို မသိရပါလား” ဟု ပြန်၍ပြောလိုက်လေ၏။

“မင်းကလည်း မိန်းမမြင်ရင် မျက်လွှာကြီး ချပြီး ခေါင်းကို ငုံ့ထားတာကိုးကွ၊ ဒီမိန်းကလေးကို မင်း ဘာဖြစ်လို့ မသိရမှာတုန်း၊ စမ်းနားဆိပ်မှာ မျက်နှာဖြူနှစ်ယောက်နဲ့ မျက်နှာဖြူ အလိုတော်ရိ တစ်ယောက်က ပမာမခန့်လုပ်လို့ ဒီမိန်းကလေးက မျက်နှာဖြူ အလိုတော်ရိကို ပါးဆွဲရိုက်လိုက်တယ်လေကွာ၊ အဲဒီအခါမှာ အဲဒီ အလိုတော်ရိက ဒီမိန်းကလေးကို ဆွဲလားလွဲလားလုပ်လို့ မင်းပဲ ဝင်ပြီး တော့ ကူညီခဲ့သေးတယ် မဟုတ်လား” ဟု ဦးတောက်လုက ပြောပြလိုက်သောအခါ နေက်ကျော်သည် တစ်ခါက အဖြစ်အပျက်ကို ပြန်လည် အမှတ်ရသွားကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . သိပြီ. . . သိပြီ၊ ကမ်းနားဆိပ်မှာ ရေလာခပ်တဲ့ မိန်းကလေး မဟုတ်လား" ဟု ပြန်၍ပြောလိုက်ရာ ဦးတောက်လု က. . .

"အဲဒီကတည်းက ဒီမိန်းကလေးရဲ့သတ္တိကို သဘောကျလို့ ကလေးမရဲ့ မျိုးချစ်တဲ့စိတ်ကို လေးစားလို့ ငါကိုယ်တိုင် သူ့အိမ်ကို သွားပြီး စစ်သူလျှိုလုပ်ဖို့ စီစဉ်ခဲ့တာပေါ့ကွာ" ဟု ပြောလိုက်လေ၏။

"ဩော်. . .ခင်ဗျားက တယ်လည်း ပိရိပါလားဗျာ" ဟု နေက်ကျော်က ပြောလိုက်ရာ ဦးတောက်လုက. . .

"ငါတို့အလုပ်က ပိရိရတယ်ကွ၊ မပိရိရင် သေတော့တာပဲ" ဟု ပြောလိုက်လေ၏။

"အင်းပေါ့ဗျာ၊ အခုလည်း ကြည့်စမ်းပါဦး၊ တွေ့ရမြင်ရသူ အပေါင်းဟာ ခင်ဗျားကို မြန်မာ့တပ်မတော်က ဗိုလ်မှူးကြီးတစ် ယောက်လို့ ဘယ်သူကမှ ထင်မှာမဟုတ်ဘူး၊ တရုတ်ခရီးသည်ကြီး တစ်ယောက်လို့ ထင်ကြမှာပဲ၊ တကယ်လို့ ခင်ဗျားရဲ့ခါးမှာ ချိတ်ထား တဲ့ ဓားရှက်ပြားကြီး မပါရင်ပေါ့ဗျာ၊ ခင်ဗျားဓားကလည်း ကြီးလိုက် တဲ့ ဓားရှက်ကြီး၊ ဘယ်လိုဖြစ်တာတုန်း" ဟု နေက်ကျော်က မေးလိုက် လေ၏။

"ဒီဓားမျိုးက 'တန်'မင်းဆက် လက်ထက်မှာ ဓားရေးကျွမ်း တဲ့ တရုတ်စစ်သူကြီးတိုင်း ကိုင်ခဲ့တဲ့ဓားမျိုးကွ၊ အခြေခံ ဓားရေး မကျွမ်းကျင်ဘဲနဲ့ ဒီဓားမျိုးကို ကိုင်လို့မရဘူး၊ အခြေခံဓားရေး ကျွမ်း ကျင်ပြီးမှ ဒီဓားမျိုးရဲ့ ခုတ်နည်းဖြတ်နည်းကို လေ့ကျင့်ရတယ်၊ အေး. . . တစ်ခုတော့ ရှိတယ်၊ ဒီဓားမျိုး ငါတို့ မြန်မာတပ်မှာလည်း သုံးပါတယ်ကွာ" ဟု ဦးတောက်လုက ရှင်းပြလေ၏။

"ကျုပ်ဖြင့် မတွေ့ဖူးပေါင်ဗျာ၊ ဘယ်နေရာမှာ သုံးတာတုန်း" ဟု နေက်ကျော်က မေးလိုက်ရာ ဦးတောက်လုက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းခုတ်ဓားဆိုတာ ဒီဓားမျိုးပေါ့ကွ၊ ရေတပ်မှာ အသုံးပြုတယ်၊ ရွက်တိုင်ကြီးတွေ ဘာကြီးတွေကို ခုတ်ပိုင်းချဖို့ကွ၊ ကိုင်းခုတ်ဓားကို အသုံးပြုရတယ်ကွ၊ အဲဒီ ကိုင်းခုတ်ဓားခုတ်နည်းပုံစံတွေဟာ တရုတ်ဓားရွက်ကြီး ခုတ်နည်းပုံစံနဲ့ အတော့်ကို တူတယ်ကွ" ဟု ရှင်းပြလိုက်လေ၏။

ထိုအခါ နေကဲကျော်က...

"ခင်ဗျားကတော့ စပ်စပ်စုစု သိပါပေ့ဗျာ" ဟု ပြောလိုက်လေတော့၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မြင်းများကို ကဆုန်စိုင်း၍ ခရီးဆက်ကြလေတော့၏။

ဦးတောက်လုနှင့် နေကဲကျော်တို့သည် တောင်ငူမြို့ မရောက်မီ ယာတဲတစ်တဲသို့ ရောက်သွားလေ၏။ ထိုယာတဲမှာ ငရွှေမောင်းဆိုသူ၏ ယာတဲဖြစ်၏။ ဦးတောက်လုနှင့် နေကဲကျော်တို့သည် ယာတဲအပြင်မှာ မြင်းများကို ချည်ပြီးနောက် ယာတဲအတွင်းသို့ ဝင်လိုက်ကြလေ၏။ အတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း ဦးတောက်လုသည် အံ့အားသင့်သွား၏။ ထို့နောက် ခါးကို ညွတ်၍ တစ်စုံတစ်ယောက်ကို အရိုအသေ ပေးလိုက်၏။ နေကဲကျော်လည်း ဦးတောက်လုနှင့်အတူ ရောယောင်၍ အရိုအသေ ပေးလိုက်လေ၏။ ၎င်းတို့ အရိုအသေ ပေးလိုက်သောသူသည် အသက်လေးဆယ်ကျော်ခန့် ရှိပြီဖြစ်၏။ ၎င်း၏အသားအရောင်သည် မုန့်ကျွဲသည်း၏ အရောင်ကဲ့သို့ ညို၏။ ၎င်း၏မျက်နှာသည် တင်းတင်းရင်းရင်း ရှိလှ၏။ အထူးသဖြင့် ၎င်း၏ နှုတ်ခမ်းမွေးများသည် မြင်ရသူကို ခန့်ညားစေ၏။

ထိုသူသည် ယာတဲအတွင်း ဝါးကွပ်ပျစ်ပေါ်၌ ခြေထောက်တစ်ဖက်ကို ချ၍ ခြေထောက်တစ်ဖက်ကို တင်ကာ ထိုင်နေ၏။

သူ၏အနီး၌မူ မှိုင်းခံစက္ကူတွင် အဝတ်စဖြင့် ကပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော အလိပ်ကြီးတစ်လိပ်လည်း ရှိ၏။ ထိုသူသည် အခြားသောသူနှစ်ယောက်အား တစ်စုံတစ်ခု မှာကြားနေ၏။ ငနက်ကျော်တို့၏ အရိုအသေပေးမှုကို ခေါင်းကို ဆတ်၍ အသိအမှတ် ပြုရုံလေး ပြုလိုက်လေ၏။

ငနက်ကျော်သည် ဦးတောက်လု၏အနီးသို့ ကပ်ကာ. . .

"ဒီလူကြီးက ဘယ်သူတုန်းဗျ" ဟု ခပ်တိုးတိုး မေးလိုက်လေ၏။

"နေပြည်တော်က 'လက်ယာဝင်းမှူး သတိုးမင်းကြီး မဟာမင်းလှ ရာဇသူ' ဆိုတာ သူပေါ့ကွ၊ မုတ္တမ ခံစစ်ကို ဦးစီးဦးဆောင် ပြုဖို့ ဒီကို ရောက်နေတာ" ဟု ဦးတောက်လုက ငနက်ကျော်အား ရှင်းပြလိုက်လေ၏။

"ဒီလောက် ရာထူးကြီးတဲ့လူကြီးတွေလည်း ကျုပ်တို့လိုပဲ စစ်မြေပြင်ကို ဆင်းရသလားဗျာ" ဟု ငနက်ကျော်က မေးလိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .

"အဲဒီ ရာထူးကြီးတွေဟာ စစ်မြေပြင်က ရခဲ့တာပဲ မဟုတ်လား၊ သူတို့လည်း တစ်ခါက မင်းတို့လို သာမန် စစ်သားကလေးတွေပေါ့" ဟု ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ကွပ်ပျစ်ပေါ်မှ လူကြီးက. . .

"ဘယ်လိုလဲ စိုက်ခင်းပိုင်ရှင် ပေါက်ဖော်ကြီးရဲ့" ဟု မေးလိုက်လေ၏။

"စိုက်ခင်းလုပ်ရတာ ညောင်းညာလွန်းလို့ ခြေလက်ဆန့်ကြည့်မလားလို့ ဆိုပြီး ခရီးထွက်လာခဲ့ခြင်း ဖြစ်ပါတယ်" ဟု ဦးတောက်လုက ပြောလိုက်ရာ လက်ယာဝင်းမှူးကြီးက ပြုံးသည် ဆိုရုံကလေး ပြုံးလိုက်ပြီးနောက် အနီးရှိ စက္ကူလိပ်ကြီးကိုဖြန့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ငနက်ကျော်လည်း စက္ကူလိပ်ကြီးအား လှမ်း၍ကြည့်လိုက်ရာ အနီရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ အညိုရောင်၊ အပြာရောင်၊ အနက်ရောင်တို့ဖြင့် ရေးခြယ်ထားသော မြေပုံကြီးတစ်ချပ်ဖြစ်ကြောင်း တွေ့ရလေတော့၏။

လက်ယာဝင်းမှူးကြီးသည် အံပြာဖြင့် ရေးခြယ်ထားသော မြစ်တစ်ခု၏နံဘေးသို့ ထောက်ကာ. . .

"ဟောဒီ တောင်ငူကနေ ရွှေကျင် စစ်တောင်းတစ်လျှောက် မုတ္တမထိ အရောက် စစ်ချီမယ်၊ ပြီးတော့ ဟောဒီဘက်ကနေ ပန်းပြီး ရိက္ခာစစ်ကြောင်းတစ်ခု ချီမယ်၊ ဗိုလ်မင်းတို့ရဲ့တာဝန်က လာလမ်းအတိုင်း ပြန်သွားပြီး ပဲခူးကနေ စစ်တောင်း၊ စစ်တောင်းကနေ မုတ္တမအထိ သွားရမယ်၊ အဲဒီကနေ ရွှေကျင်စစ်တောင်း စစ်ကြောင်းတစ်လျှောက် လမ်းအခြေအနေရော၊ ရိက္ခာစစ်ကြောင်း လမ်းအခြေအနေရော စစ်သတင်းတွေ ထောက်လှမ်းပြီး အချိန်မီ စစ်ကြောင်းကို သတင်းပြန်ပို့ဖို့ပါပဲ၊ ကျုပ် အခုပြောတာနဲ့ ပတ်သက်လို့ ရှေ့ပြည့်လက်ရုံး ဗိုလ်မင်းက ဘာများ ပြောချင်ပါသတုန်း" ဟု သံပြတ်ဖြင့် ပြန်၍မေးလိုက်၏။

"မေးစရာ အထူးမရှိပါဘူး၊ ဟိုဒေသမှာရှိတဲ့ လက်ရုံးတွေနဲ့ အဆက်အသွယ် ပြုရမလား၊ အဲဒီလို အဆက်အသွယ် မပြုဘဲ သပ်သပ် အလုပ်လုပ်ရမလား" ဟု ဦးတောက်လုက ပြန်၍မေးရာ လက်ယာဝင်းမှူးကြီးက. . .

"ဪ. . . ပြောရမှာပေါ့၊ အလုပ်လုပ်တာတော့ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိပါတယ်၊ ဒါပေမယ့် အဲဒီခရီးလမ်းတစ်လျှောက်မှာ ဆက်သွယ်ရမယ့် ပြည့်လက်ရုံး သူလျှိုဒလန်တွေနဲ့ အဆက်အသွယ်လုပ်ဖို့လည်း အတိအကျ အစီအစဉ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်” ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

“အမိန့်ရှိပါ” ဟု ပြန်၍ပြောလိုက်လေ၏။

“ဒီကနေ လာလမ်းအတိုင်း ပြန်လှည့်ပြီး မယ်သုံရဲ့ထမင်းဆိုင်အထိ သွားမယ်၊ အဲဒီကနေ စစ်တောင်းဘက်ကို သွားမယ်၊ တစ်ခုပြောချင်တာကတော့ ဗိုလ်မင်းတို့ သွားရမယ့်ခရီးဟာ ဝေးလံတယ်၊ ပြီးတော့ ကြမ်းလည်း အလွန်ကြမ်းတမ်းတယ်၊ တစ်ဖက်ရန်သူကလည်း လမ်းတစ်လျှောက် သူလျှိုဒလန်တွေ လွှတ်ထားမှာ အမှန်ဖြစ်တယ်၊ ယာခင်းစိုက်တဲ့ တရုတ်အဘိုးကြီး ဦးတောက်လုဆိုတာဟာ နေပြည်တော်က စေလွှတ်ထားတဲ့ စစ်သူလျှို ဗိုလ်မှူးကြီးတစ်ယောက် ဖြစ်ကြောင်း သိသွားတာနဲ့ မရှုမလှ သေကျေပျက်စီးနိုင်တယ်၊ ဒါကြောင့် နောက်ထပ် အဖော်တစ်ယောက်တော့ လိုလိမ့်မယ်လို့ ထင်လို့ ထည့်ပေးလိုက်မယ်၊ အဲဒီအဖော်ကတော့ စစ်သတိပဲ၊ သတိကလေးတစ်ချက် လွှတ်သွားတာနဲ့ ဗိုလ်မင်းတို့ဟာ သေကြရလိမ့်မယ်၊ ဗိုလ်မင်းလို ပုဂ္ဂိုလ်မျိုးအတွက်ပဲဖြစ်ဖြစ်၊ ဗိုလ်မင်းနဲ့ အတူပါလာတဲ့ မြန်မာ့သားကောင်း စစ်သည်တစ်ဦးအဖို့ပဲဖြစ်ဖြစ် (ငနက်ကျော်၏မျက်နှာကို လှမ်း၍ကြည့်ရင်း ပြော၏) သေတာဟာ ဘာများဆန်းလဲလို့ ထင်ချင်ထင်လိမ့်မယ်၊ တကယ်ကတော့ ဘာမှမဆန်းပါဘူး၊ တကယ့်ကို မဆန်းတဲ့ကိစ္စပါပဲ၊ ရှင်ခြင်းဆိုတဲ့အရာရဲ့ အခြားသော မျက်နှာစာတစ်ခုပဲ မဟုတ်လား၊ ဒါကြောင့် ရှင်ခြင်းမှာ ရှိတဲ့ အရာတွေအားလုံး ချိုမြိန်မှုတွေအားလုံး သေခြင်းရဲ့ မျက်နှာစာတစ်ဖက်မှာ ရှိမှာသေချာပါတယ်”

“ဒါပေမယ့် ကျုပ်အနေနဲ့ ဗိုလ်မင်းတို့ကို မသေစေချင်သေးဘူး၊ အဲဒီလို မသေစေချင်တာဟာလည်း ကျုပ်အတွက်လည်း မဟုတ်ဘူး၊ ဗိုလ်မင်းတို့အတွက်လည်း မဟုတ်ဘူး၊ မြန်မာနိုင်ငံတော်အတွက် ဖြစ်တယ်၊ မြန်မာလူမျိုးအတွက် ဖြစ်တယ်၊ သူလျှိုတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသည်းပွတ်မှာ စွဲထင်ထားရမယ့်အရာဟာ အသေခံနိုင်ဝံ့ခြင်းဆိုတဲ့ အရာမဟုတ်ဘူး၊ မသေအောင် လှုံ့လပြုနိုင်ခြင်းပဲ ဖြစ်တယ်၊ အသက်မရှိတဲ့ မိမိဘက်က သူလျှိုတစ်ယောက်ဟာ အသက်ရှင်နေတဲ့ ရန်သူစစ်သားလောက်တောင် မိမိတပ်အတွက် အသုံးမဝင်တော့ဘူး၊ ရန်သူစစ်သားကို ကြည့်ပြီး ရန်သူတပ်ရဲ့ အခြေအနေကို မိမိတပ်က ခန့်မှန်းပြီး ယူနိုင်တယ်၊ အသက်မရှိတဲ့ မိမိရဲ့သူလျှိုကတော့ မိမိတပ်ကို ဘယ်လို စစ်သတင်းမျိုးမှ ပြန်ပြီးပို့နိုင်မှာ မဟုတ်တော့ဘူး၊ ဒါကြောင့် တန်ဖိုးအလွန်မဲ့သွားလိမ့်မယ်၊ ကျုပ် အခုလို ပြောနေရတာဟာ ဗိုလ်မင်းကို မလိုအပ်ဘဲနဲ့ ဩဝါဒပေးနေတာမျိုး မဟုတ်ဘူး၊ ညီရင်းအစ်ကိုလို ချစ်လို့ မှာကြားနေတာ၊ ကျုပ်တို့ဟာ ဒီစစ်ပွဲမှာ တစ်ယောက်ကိုတစ်ယောက် ပြန်ပြီးတွေ့ချင်မှ တွေ့ကြမှာ၊ အဲဒါဟာ နောက်ဆုံး နှုတ်ဆက်စကား ဖြစ်ချင်တောင် ဖြစ်နေလိမ့်မယ်၊ ဒီစကားဟာ စစ်ထွက်မယ့်လူတွေကို သွေးကြောင်အောင် ပြောတဲ့စကား မဟုတ်ဘူး”

“ပြီးတော့ ဗိုလ်မင်းတို့ဟာ သွေးကြောင်မယ့် လူစားမျိုးတွေ မဟုတ်ဘူးဆိုတာ ကျုပ် သိပြီးသားပဲ၊ ကဲ. . . စစ်တောင်း ရောက်တဲ့အခါမှာ ညောင်ကြတ်ပင်ကြီးတစ်ပင် တွေ့ရလိမ့်မယ်၊ အဲဒါကြီးက လမ်းနံဘေးမှာပဲ ရှိတယ်၊ ဈေးနေ့အခါများမှာ လူစုပြီး မုန့်ပဲသရေစာစားသောက်တဲ့ ညောင်ပင်ကြီးပဲ၊ ဈေးနေ့ရောက်တာနဲ့ တစ်မြိုင်နက် အနယ်နယ်အရပ်ရပ်က လူတွေ ရောက်လာပြီး မုန့်ပဲသရေစာ စားသောက်ကြလိမ့်မယ်၊ တိုင်းရေးပြည်ရာ ပြောကြလိမ့်မယ်၊ ရောင်းရေးဝယ်တာ စကားဆိုကြလိမ့်မယ်၊ ရယ်စရာမောစရာတွေလည်း ပါကြလိမ့်မယ်၊ အဲဒီအထဲမှာ လူပုကလေးတစ်ယောက် ရောက်လာလိမ့်မယ် အတော့်ကို ပုတဲ့ လူပုကလေးပဲ၊ သူ့ခေါင်းဟာ သူ့အရပ်နဲ့စာလိုက်ရင် နည်းနည်းကလေး ကြီးတယ်၊ သူ့နာမည်က ငအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြွတ်လို့ ခေါ်တယ်၊ သူလည်း ဗိုလ်မင်းတို့နဲ့ လိုက်လိမ့်မယ်၊ တကယ်လို့ ဗိုလ်မင်းတို့ဟာ ကုန်သည်ခရီးသွားတွေအဖြစ် သရုပ်ဆောင်ရင် သူဟာ ဗိုလ်မင်းတို့ရဲ့ အစေအပါးအဖြစ် သရုပ်ဆောင်လိမ့်မယ်၊ တကယ်လို့ ဗိုလ်မင်းတို့ဟာ ရသေ့သူတော်စင်တွေအဖြစ် သရုပ်ဆောင်ရင် သူက ကျောင်းသားအဖြစ် လည်းကောင်း၊ ကပ္ပိယအဖြစ် လည်းကောင်း သရုပ်ဆောင်လိမ့်မယ်၊ သူ အားလုံး လုပ်တတ်တယ်၊ သူ အားလုံးကိုလည်း ကျွမ်းကျင်တယ်၊ ဒါပေမယ့် သူ အလုပ်ချင်ဆုံး အလုပ်၊ သူ အကျွမ်းကျင်ဆုံးအလုပ်ကတော့ လျှို့ဝှက်လူသတ်ခြင်း ဖြစ်တယ်၊ သူ့နာမည် မေ့သွားဦးမယ်၊ ငညောင်ကြွတ်လို့ ခေါ်တယ်၊ ပြီးတော့ စစ်တောင်းကို ကျော်သွားရင် တောင်ကတုံးတစ်ခုကို တွေ့ရလိမ့်မယ်၊ အဲဒီတောင်ကတုံးမှာ ဖိုးသောက်ဆိုတဲ့ မွန်လူမျိုးတစ်ယောက် ရှိတယ်၊ လက်ဝှေ့သတ် အလွန်ကျွမ်းတယ်၊ သူနဲ့ တွေ့ရင် သူက ဗိုလ်မင်းတို့ကို သီချင်းဆိုတတ်သလား မေးပြီး ဗိုလ်မင်းတို့က ဆိုတတ်တယ်လို့ ပြောရင် သူက အရင်ဆိုပြလိမ့်မယ်၊ အဲဒီအခါမှာ ဗိုလ်မင်းတို့က ငြိမ်ငြိမ်လေး နားထောင်ရုံပဲ၊ သီချင်းဆုံးတဲ့အခါမှာ သူက လက်ခုပ် ဘာဖြစ်လို့ မတီးကြတာလဲလို့ ဗိုလ်မင်းတို့ကို စိတ်ဆိုးမာန်ဆိုးနဲ့ မေးလိမ့်မယ်၊ အဲဒီအခါမှာ ဗိုလ်မင်းတို့က ငါတို့လက်တွေ မအားတော့ဘူးလို့ ပြောလိုက်ရုံပဲ၊ အဲဒီလို ပြောပြီးရင် သူ့ကို ဗိုလ်မင်းတို့နဲ့ အတူခေါ်သွားပြီး ခိုင်းချင်တာ ခိုင်းပေတော့၊ ဗိုလ်မင်းတို့ဟာ အရပ်ရပ်အနယ်နယ် လှည့်တဲ့ သဘင်သည်အဖြစ် သရုပ်ဆောင်ရင် သူက ဝါးလက်ခုပ် တီးလိမ့်မယ်၊ ဗိုလ်မင်းတို့ဟာ မျက်လှည့်ဆရာတွေအဖြစ် သရုပ်ဆောင်ရင် သူက တောက်တိုမည်ရ လုပ်ပေးတဲ့ မျက်လှည့်ဆရာ တပည့်အဖြစ် သရုပ်ဆောင်လိမ့်မယ်၊ ဖိုးသောက်ဟာ အားလုံး ကျွမ်းကျင်တယ်၊ ဒါပေမယ့် သူ အကျွမ်းကျင်ဆုံးနဲ့ အလုပ်ချင်ဆုံးအလုပ်ကတော့ လျှို့ဝှက်လူသတ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်တယ်၊ သူ့နာမည် မေ့သွားဦးမယ်၊ မှတ်ထားဦး၊ ဖိုးသောက်တဲ့" ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .

"အားလုံး ရှင်းပါပြီ၊ ထွက်ခွာခွင့်ပြုပါ" ဟု ဆိုကာ လက်ယာဝင်းမှူး သတိုးမင်းကြီး မဟာမင်းလှရာဇသူအား ခါးကို ညွတ်၍ အရိုအသေ ပြုပေးလိုက်လေ၏။

လက်ယာဝင်းမှူးကြီးက တလေးတစား ပြန်၍ အရိုအသေပေးရင်း ငနက်ကျော်အား စူးစိုက်စွာ ကြည့်၍. . .

"မြို့ဝန်မင်းကြီးရဲ့ အိမ်တော်ဝင်းက ငနက်ကျော်ဆိုတာ မှတ်တယ်" ဟု ပြောလိုက်ရာ ငနက်ကျော်က. . .

"မှန်ပါတယ်" ဟု ပြန်၍ဖြေလိုက်လေ၏။


"မောင်မင်းရဲ့သတင်းကတော့ နေပြည်တော်တိုင်အောင် မွှေးပါပေ့၊ လူရည်လူသွေးကလည်း ကောင်းပါဘိသနဲ့၊ မျက်နှာဖြူလူဝီနဲ့ ရှက်ပတ်တို့ကို ဖမ်းဆီးခဲ့ပုံများ အားရဖွယ်ကောင်းပ၊ စစ်သားဆိုတာ ဒီလိုမျိုးမှ ကျုပ်က ကြိုက်တာ၊ ကိုင်း. . . မောင်မင်းရဲ့ဆရာပေါက်ဖော်ကြီး ဦးတောက်လုနဲ့ လူစွမ်းပြဖို့ လိုက်သွားပေဦး" ဟု လက်ယာဝင်းမှူးကြီးက ချီးမွမ်းပြောလိုက်ရာ ငနက်ကျော်သည် လွန်စွာ ပီတိဖြစ်သွား၏။ လွန်စွာ ကျေနပ်သွား၏။ ထို့ကြောင့် ခါးကိုညွတ်၍ အရိုအသေ ပေးလိုက်လေ၏။ ပြီးလျှင် ၎င်းတို့နှစ်ဦးသည် ငရွှေမောင်း၏ ယာတဲ(သို့မဟုတ်)တောင်ငူ၊ ရွှေကျင်၊ မုတ္တမကြောင်းတို့၏ လျှို့ဝှက် စစ်ဌာနချုပ်မှ ထွက်ခဲ့ကြလေတော့သတည်း။

...ဇာတ်သိမ်း...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နေကပ်ကျော်နှင့် အချစ်

ဦးတောက်လုနှင့် နေကပ်ကျော်တို့သည် မြင်းကိုယ်စီနှင့် ခရီးထွက်ခဲ့ကြလေတော့၏။ သူတို့သည် မယ်သုံ၏ ညအိပ် ထမင်းဆိုင်တဲဆီသို့ တစ်ခေါက် ပြန်လည် ရောက်ရှိခဲ့ကြလေတော့၏။ မယ်သုံသည် သူတို့နှစ်ဦးအတွက် စားသောက်ဖွယ်ရာများ လာရောက်ချပေးလေတော့၏။

ထိုသို့ လာချပေးရင်း နေကပ်ကျော်အနီးသို့ ကပ်ကာ. . .

"ကျွန်မ စစ်တပ်ရဲ့ သူလျှိုလုပ်ငန်းမှာ ပါဝင်ရတာ မောင်ကြီးကြောင့်ပဲ၊ အဲဒါကို မောင်ကြီးနကပ်ကျော် သိစေချင်တယ်၊ မောင်ကြီးမှာ တကယ်လို့ ရည်ရွယ်ထားတဲ့သူ မရှိရင် ဒီစစ်ကြီး အောင်ပွဲရသွားရင် မယ်သုံ မောင်ကြီးနဲ့ ပေါင်းချင်တယ်၊ စစ်အတွင်းဆိုတော့ ဝေ့လည်ကြောင်ပတ်တွေ လုပ်နေလို့မဖြစ်ဘူး၊ တဲ့တိုးပဲ ပြောလိုက်ရတာပဲ" ဟု ပြောလိုက်ရာ နေကပ်ကျော်၏မျက်နှာသည် နီမြန်းသွားလေတော့၏။ ဟင်းခွက်ကို လှမ်းလုဆဲဆဲ လက်သည်လည်း ကတုန်



www.burmeseclassic.com

www.burmeseclassic.com



ကယင် ဖြစ်သွားလေ၏။ သူရသတ္တိနှင့် ပြည့်စုံလှသော ငနက်ကျော်သည် ဤကိစ္စ၌ တုန်လှုပ်ချောက်ချားသွားလေ၏။ ငနက်ကျော်၏အဖြစ်ကို ကြည့်ကာ ဦးတောက်လုက ပြုံးလိုက်ပြီးလျှင်. . .

"ရွှေအပ် ငရုတ်သီး သုံးတောင့်လောက် ဝါးလိုက်ရသလို ပူစပ်ပူလောင် ဖြစ်သွားပြီလားကွ၊ မောင်ကြီးမှာ ရည်ရွယ်ထားသူ မရှိပါဘူး၊ အောင်ပွဲနဲ့ ပြန်လာတဲ့အခါမှာ နှမက သပြေပန်းနဲ့ ကြိုလှည့်ပါ ဘာညာ ပြောလေကွာ"

ထိုအခါ ငနက်ကျော်သည် ဦးတောက်လုအား မော့၍ကြည့်ပြီးလျှင်. . .

"ကျုပ် စစ်ပဲ တိုက်ချင်တယ်ဗျာ၊ အိမ့်တွေဘာတွေ ဆောက်ပြီး မိန်းမတစ်ယောက်ကို လယ်ထွန်မကျွေးချင်သေးဘူး" ဟု ပြောလိုက်လေ၏။

"ဟော့ကောင်. . . အဲဒီကိစ္စက စစ်တိုက်တာထက်တောင် ခက်သေးတယ်ကွ၊ စစ်တိုက်ရတာက အဖော်အပေါင်းနဲ့ တိုက်ရတာ" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

"ကျုပ် အခုစီးနေတဲ့ မြင်းကြီးလောက် ဘယ်မိန်းမကိုမှ မေတ္တာမရှိဘူး၊ ကျုပ်ခါးမှာ လွယ်ထားတဲ့ ဓားကြီးလောက်လည်း ဘယ်မိန်းမပျိုကိုမှ ကျုပ် စိတ်မဝင်စားသေးဘူး၊ ကဲပါ ဗိုလ်မင်းရယ်၊ စစ်မြေပြင်ကို သွားခါနီးမှာ တိုက်ပွဲနဲ့ မပတ်သက်တဲ့စကားတွေ မပြောကြရင် ကောင်းလိမ့်မယ်ထင်တယ်" ဟု ငနက်ကျော်က ပြော၍ ငရုတ်သီးတောင့်တစ်တောင့်ကို ဝါးလိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .

"သေချာပြီ၊ မင်းဟာ မယ်သုံကို ကြိုက်နေပြီကွ၊ ဒါပေမယ့် မင်းစိတ်ထဲမှာ စစ်သားဟာ ချစ်သူမရှိရဘူးလို့ ထင်မှတ်မှားနေတယ်၊ ချစ်သူရှိရင် သူရသတ္တိတွေ နည်းသွားလိမ့်မယ်လို့ စိုးရိမ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



မင်း မသေမချင်း မှတ်ထား၊ အချစ်မရှိတဲ့လူဟာ ဘယ်အလုပ်မျိုးမှ ပီပီပြင်ပြင် မလုပ်တတ်ဘူးကွ၊ တိုင်းပြည်အတွက် အသက်စွန့်တယ်ဆိုတာလည်း တိုင်းပြည်ချစ်တဲ့စိတ်ပဲ မဟုတ်လား၊ လူမျိုးအတွက် အသက်ကို စွန့်တယ်ဆိုတာလည်း လူမျိုးကို ချစ်တဲ့စိတ်နဲ့ မဟုတ်လား၊ အဲဒီလူမျိုးထဲမှာ မယ်သုံလည်း ပါတယ်လေကွာ" ဟု ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် မယ်သုံသည် လွန်စွာ ပူလောင်လှသော ဟင်းချိုပန်းကန်ကြီးတစ်လုံးကို ယူလာရင်း ငနက်ကျော်ကို သိမ်းငှက်မ မျက်လုံးမျိုးဖြင့် စူးရဲစွာကြည့်ရင်း. . .

"ဘယ်လိုလဲ မောင်ကြီး၊ ကျွန်မ ပြောတာ စဉ်းစားပြီးပြီလား" ဟု မေးလေတော့၏။

ထိုအခါ ငနက်ကျော်သည် ဟင်းချိုကို သော[illegible]ရန်အတွက် လက်လှမ်းလိုက်လေ၏။ ဦးတောက်လုသည် မယ်သုံအား မော့ကြည့်ပြီးလျှင်. . .

"အခုပဲ သူက ငါ့ကို ပြောနေတယ်၊ အောင်ပွဲနဲ့ ပြန်လာတဲ့အခါ ပေါင်းကြရအောင်ဆိုတော့ စစ်များ ရှုံးပြီးပြန်လာရင် သူ့ကို မယ်သုံက မချစ်နိုင်တော့ဘူးလားလို့တဲ့၊ သူ့ရဲ့အချစ်ကတော့ စစ်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးတဲ့၊ တိုတိုပြောရရင်ကွယ်၊ ငနက်ကျော်က မင်းကို မကြာခဏ သတိရနေပါတယ်၊ ကုမ်းနားဆိပ်မှာ တွေ့ခဲ့ရတဲ့ မိန်းကလေး ဘယ်ရောက်သွားပြီလဲလို့ ငါ့ကို မကြာခဏ မေးဖူးတယ်၊ ငါကလည်း စစ်ရေးလျှို့ဝှက်ချက် ဖြစ်တာကြောင့် မပြောခဲ့ရဘူး၊ ဒီမှာ မယ်သုံ၊ ငနက်ကျော်အကြောင်း ငါ ကောင်းကောင်း သိတယ်၊ ဒီကောင်က မြင်းစီးကောင်းသလို ဓားခုတ်လည်း ကောင်းတယ်၊ အစားကောင်းသလို အချစ်လည်း အတော်ကြီးတဲ့အကောင်၊ မင်းကို သူက ချစ်ပါတယ်ဟယ်၊ ဒါနဲ့ ပြောရဦးမယ်၊ နင်ချက်တဲ့ဟင်းကို စားပြီးကတည်းက ပိုပြီးတောင် ချစ်သွားသေးတယ်ဆို" ဟု ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ မယ်သုံ့က. . .

"ကျွန်မ ထင်သားပဲ၊ မောင်ကြီးနက်ကျော်ဟာ ကျွန်မကို ချစ်မယ်ဆိုတာ နဂိုကတည်းက သိပါတယ်၊ ကဲ. . .ငရုတ်သီးနဲ့ ကြော်ထားတဲ့ ငါးကြော်လေးတစ်ခွက် ကျန်သေးတယ်၊ သွားယူလိုက်ပါဦးမယ်" ဟု ဆိုကာ မယ်သုံ့သည် ခပ်သုတ်သုတ် ထွက်သွားလေတော့၏။

ထိုအခါ နက်ကျော်က. . .

"ဦးတောက်လု. . . ဘာတွေ လျှောက်ပြောနေတာတုန်း" ဟု ပြောလိုက်လေ၏။

"ငါပြောတာ မှန်ကန်ကြောင်း ငါးကြော်တစ်ခွက်က သက်သေခံပါလိမ့်မယ်ကွာ၊ ဟား. . . ဟား. . .ဟား. . . ဟား" ဟု ပြောလိုက်လေ၏။

များမကြာမီ၌ပင် မယ်သုံ့သည် ငရုတ်သီးဖြင့် ကြော်ထားသော ငါးပန်းကန်မောက်မောက်ကြီးကို ယူ၍ လာချပေး၏။ နက်ကျော်သည် ဟင်းချိုပူကြီးကို ကပျာကယာ ခပ်၍သောက်နေပြန်၏။

"အပြန်လည်း ဒီလမ်းကပဲ ပြန်ခဲ့ကြမှာပဲ မဟုတ်လား" ဟု မယ်သုံ့က မေးလိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .

"အခု သွားတာကိုက ငါတို့ဟာ ရွှေကျင်ဘက်က သွားရင်လည်း ရပါတယ်၊ ဒီနက်ကျော်ဆိုတဲ့အကောင်က ဒီလမ်းက သွားပါရစေဆိုလို့ တကူးတကနဲ့ ဒီဘက်က လာခဲ့ရတာဟဲ့၊ အပြန်လည်း ဒီလမ်းကပဲ ပြန်မှာပေါ့ မယ်သုံ့ရယ်" ဟု ပြောလိုက်ရာ မယ်သုံ့က. . .

"ဦးတောက်လုကချည်းပဲ ပြောနေတယ်၊ ကာယကံရှင်က မပြောသေးပါလား" ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးတောက်လုက. . .

"သူ့ဖားက အရောင်လက်ပေမယ့် သူက စကားမသွက်ဘူး ဟဲ့၊ သူပြောချင်တာတွေတော့ ငါ့ကို ဖြည်းဖြည်းဆေးဆေး ပြောပြ ထားပြီးပြီ၊ အခု ငါပြောနေတာတွေဟာ သူ့ရင်ထဲက ပြောချင်တဲ့ စကားတွေကို သူ့ကိုယ်စား ပြောပြနေတာဟဲ့" ဟု ပြောလိုက်ရာ မယ်သုံက. . .

"ကျွန်မလည်း ဒီအတိုင်းပဲ ထင်သားပဲ၊ ဪ. . . ဒါနဲ့ မေ့နေလိုက်တာ၊ ဝက်သားနှပ်ကလေးတစ်ပွဲ ကျန်သေးတယ်" ဟု ပြောဆိုကာ ကိုယ်လုံးကလေးကို လှုပ်လီလှုပ်လဲ့ ဖြစ်စေလျက် ဆိုင်နောက်ဘက်သို့ ပြေးသွားလေတော့၏။

ထိုအခါ ငနက်ကျော်က. . .

"ဦးတောက်လု. . . နည်းနည်းလွန်သွားပြီ ထင်တယ်ဗျာ၊ ခင်ဗျားဟာ ကျုပ်ရဲ့မိတ်ဆွေ ဆိုပေမယ့် ကျုပ်ရဲ့အထက်အရာရှိ လည်း ဖြစ်ပါတယ်၊ အခုလို ကလေးကလားစကားတွေ မပြောသင့် ပါဘူး" ဟု ပြောလေ၏။

"ငါပြောတာ အမှန်တွေပဲကွ၊ မှန်ကန်ကြောင်းကို ဝက်သား နှပ်က သက်သေခံလိမ့်မယ်ကွ" ဟု ပြောလိုက်လေ၏။ များမကြာမီ၌ ပင် မယ်သုံသည် ဝက်သားနှပ် တစ်ပန်းကန်နှင့်အတူ ရောက်ရှိ လာပြီးလျှင်. . .

"မြိန်မြိန်ရှက်ရှက်ကြီး စားကြပါရှင်" ဟု ပြောလိုက်လေ တော့၏။ ဦးတောက်လုနှင့် ငနက်ကျော်တို့လည်း မြိန်ရှက်စွာ စားသောက်ကြလေတော့၏။

စားပြီးသောအခါ၌ ငနက်ကျော်က. . .

"ခရီးဆက်တော့မလား" ဟု မေးလိုက်လေတော့၏။ ထို အခါ ဦးတောက်လုက "မဆက်ဘူး၊ ဒီမှာ အိပ်မယ်၊ မနက်အရုဏ်



www.burmeseclassic.com

www.burmeseclassic.com



မတက်ခင် ခရီးထွက်မယ်၊ နေပူရင် လုံခြုံရာမှာ ဝင်ပြီးနားမယ်၊ ညကျမှ ခရီးဆက်မယ်" ဟု ပြောလိုက်လေ၏။

ထို့နောက် ဦးတောက်လုသည် မယ်သုံအား ၎င်းတို့ နားနေတည်းခိုကြမည်ဖြစ်ကြောင်း ပြောလိုက်ရာ မယ်သုံသည် ဆိုင်၏နောက်ဖေးဘက်ရှိ သီးသန့်အဆောင်ကလေး၌ အိပ်ရာများ ခင်းကျင်းပေးလေ၏။

ဦးတောက်လုနှင့် ငနက်ကျော်တို့လည်း မြင်းများကို ဇောင်းထဲ၌ သိမ်းပြီးနောက် အိပ်စက်ကြလေတော့၏။

နေဝင်သွားသောအခါ၌မူ ဆိုင်အနီးရှိ ရေကန်အတွင်းတွင် ရေဆင်း၍ကူးကြလေတော့၏။ ရေကူး၍ ပြီးသောအခါ၌ မယ်သုံက ၎င်းတို့ထံ လာရောက်၍. . .

"ဒီနေ့ညစာကို ကျွန်မ အထူးစီမံချက်ပြုတ်ထားပါတယ်၊ ငါးရံ့ခေါင်းဟင်းချိုရယ်၊ ငါးဖယ်သုပ်ရယ်၊ မှိုကို အုန်းနို့နဲ့ ချက်တာရယ်၊ ပြီးတော့ ငါးပိကောင်အစပ် ချက်တဲ့ဟင်းရယ်၊ ထမင်းစားဖို့အဆင်သင့် ဖြစ်ပါပြီ" ဟု ပြောဆိုပြီးလျှင် ဆိုင်ဘက်သို့ ပြန်သွားလေတော့၏။

ထိုအခါ ဦးတောက်လုက. . .

"မယ်သုံဟာ အတော် ပါးရည်နပ်ရည်ရှိတဲ့ မိန်းကလေးကွ၊ ယောကျ်ားတစ်ယောက်ရဲ့ အသည်းနှလုံးဆီ သွားတဲ့ ဖြတ်လမ်းအမျိုးမျိုး ရှိတဲ့အထဲမှာ မီးဖိုချောင်က သွားတဲ့လမ်းဟာ အနီးဆုံးပဲဆိုတာသူ ရိပ်မိပုံရတယ်ကွ၊ အခုကြည့်စမ်း. . . ငါးဖယ်သုပ်တို့၊ ငါးရံ့ခေါင်းဟင်းတို့ဟာ မီးဖိုချောင်ကိစ္စတွေပေါ့" ဟု ပြောလိုက်လေတော့၏။

ထို့နောက် ဦးတောက်လုနှင့် ငနက်ကျော်တို့သည် ညနေထမင်းကို မြိန်ရှက်စွာ စားသောက်ကြပြန်၏။

ထိုသို့စားရင်း ဦးတောက်လုက. . .



www.burmeseclassic.com

www.burmeseclassic.com



"အခုစစ်ပွဲမှာ မျက်နှာဖြူတွေဘက်က စစ်သူကြီးနှစ်ဦး သုံးလိမ့်မယ်ကွ၊ ကြည်းတပ်မှာ ဂေါ်ဒွင်၊ ရေတပ်က အော်စတင်၊ သူတို့နှစ်ယောက်စလုံး ဂျင်နရယ်ကြီးတွေကွ၊ သူတို့လက်အောက်က တပ်ဗိုလ်တပ်သား အများစုကတော့ အိန္ဒိယပြည်က ခေါ်လာတဲ့ စစ်တာရီတွေ ဖြစ်လိမ့်မယ်ကွ၊ မင်းနဲ့ငါနဲ့ကို နေပြည်တော်က ဗိုလ်မင်းက မုတ္တမဘက်ကို လွှတ်တာကတော့ ငါပြောတဲ့ စစ်ဗိုလ်ချုပ်ကြီး အော်စတင်ရဲ့ခြေလှမ်းကို သိဖို့ပဲ၊ ကြိုတင်ပြီး မင်းကို ငါ ပြောထားဦးမယ်၊ ငါတို့ဟာ သူလျှိုအလုပ်တင် လုပ်ရမှာ မဟုတ်ဘူး၊ အခါအခွင့် သင့်သလို ရန်သူရဲ့တပ်ကို ထိခိုက်စေမယ့် ဖျက်ဆီးရေးလုပ်ငန်းတွေ လုပ်ချင်လုပ်ရလိမ့်မယ်၊ ငါတို့ လုပ်သမျှကိုင်သမျှတွေအားလုံးကို နေပြည်တော်က လွှတ်လိုက်တဲ့ ရွှေကျင်စစ်ကြောင်းကို သတင်းပို့ ရမှာကွ၊ အဲဒီတော့ ပထမဆုံး ငါတို့ တွေ့ဖို့လိုတာက ငညောင်ကြွတ် ဆိုတဲ့ အကောင်ပဲ၊ ဒါတွေ အေးအေးဆေးဆေးကျတော့ ပြောဖို့ အချိန်ရပါသေးတယ်ကွာ၊ ငါးရဲ့ခေါင်းဟင်းချိုလေး သောက်လိုက်စမ်း ပါဦး" ဟု ပြောလိုက်လေသည်။

ဤသို့လျှင် ၎င်းတို့နှစ်ဦးသည် ထမင်းစားရင်း ၎င်းတို့ ပြုလုပ်ဆောင်ရွက်ရမည့် စစ်ကိစ္စရပ်များကို ပြောဆို တိုင်ပင်ခဲ့ကြ လေသည်။ ထို့နောက် ၎င်းတို့သည် ထမင်းစားပြီးသောအခါ၌ မယ်သုံ လာပို့ပေးသော ရေနွေးကြမ်းနှင့် ကရေကရာတို့ကို စားကြ ပြန်၏။ ထို့နောက်တွင်ကား ဆိုင်အပြင်ဘက်ရှိ အုန်းပင်ရိပ်သို့ သွားကာ နှစ်ယောက်သား ထိုင်၍ စကားပြောနေလေတော့၏။

ညဉ့်နက်၍ ဆိုင်သိမ်းပြီးသောအခါ၌ မယ်သုံသည် ၎င်းတို့ နှစ်ဦးနှင့်အတူ လာ၍ထိုင်လေ၏။ ၎င်းတို့နှစ်ဦးနှင့်အတူ နေ၍ စကားပြောလေ၏။

ထိုအခါ၌ ဦးတောက်လုက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ငနက်ကျော်၊ မင်းတို့နှစ်ယောက် စကားဆက်ပြော ကြကွာ၊ ငါတော့ ခါးနည်းနည်းညောင်းလို့ အညောင်းဆန့်လိုက် ဦးမယ်" ဟု ဆိုကာ ထ၍ထွက်သွားလေတော့၏။ ထိုအခါ မယ်သုံ သည် ငနက်ကျော်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီးလျှင်. . .

"ဒီလမ်းကပဲ ပြန်ခဲ့နော်၊ မယ်သုံ စောင့်နေမယ်" ဟု ပြော လိုက်ရာ ငနက်ကျော်က မယ်သုံ၏မျက်နှာကို စူးစူးဝါးဝါး လှည့်၍ ကြည့်လိုက်လေ၏။ လရောင်သည် အုန်းရွက်များအကြားမှ ယိုဖိတ် ၍ မယ်သုံ၏မျက်နှာကို ပြောက်တိပြောက်ကျား ထိုးနေလေ၏။

ငနက်ကျော်သည် စိန်းစိန်းကြည့်နေလေ၏။

ထိုအခါ မယ်သုံက. . .

"မောင်ကြီးငနက်ကျော်. . . မယ်သုံကို မချစ်ဘူးလား" ဟု မေးလိုက်လေ၏။

ငနက်ကျော်သည် မယ်သုံကို စိန်းစိန်းကြည့်နေရာမှ. . .

"မုတ္တမစစ်ကြောင်းမှာ အရေးသာခဲ့ရင် ဒလ စစ်ကြောင်း ကို သွားကူရဦးမယ်၊ ပြီးတော့ ဒဂုံကိုလည်း မကျအောင် ကာကွယ် ပေးရတဲ့တပ်တွေနဲ့အတူ သွားပြီးပေါင်းရမယ်၊ အဲဒီမှာ အရေးသာခဲ့ ရင် မြစ်ကြောင်းကနေ နေပြည်တော်ကို တက်တဲ့တပ်ကို ပိတ်ဆို့မယ့် ကျုပ်တို့တပ်တွေအတွက် စစ်သတင်းတွေ ယူပေးရဦးမယ်" ဟု ပြောလိုက်ရာ မယ်သုံက. . .

"မောင်ကြီး မယ်သုံကို မချစ်ဘူးလား" ဟု ဆက်၍မေး လိုက်လေ၏။

"မြစ်ကြောင်းမှာ ကျုပ်တို့ဘက်က အရေးမသာခဲ့ရင် ရန်သူ ရဲ့ စစ်သင်္ဘောတွေပေါ် တက်ပြီး ကျုပ်နဲ့ ဦးတောက်လုတို့ကိုယ်တိုင် လုပ်ကြံတိုက်ခိုက်ရဦးမယ်၊ နောက်ပြီး အနောက်ရိုးမကနေ ဖြတ် ဝင်လာမယ့် ကုလားဖြူတပ်တွေ ရှိရင်လည်း အဲဒီဘက်ကို ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



သွားရလိမ့်မယ် ထင်တယ်" ဟု နေကျော်က ပြောလိုက်လေ၏။

ထိုအခါ မယ်သုံက. . .

"မောင်ကြီး. . . မယ်သုံကို မချစ်ဘူးလား" ဟု ထပ်၍မေး လိုက်လေ၏။

ထိုမေးသံ၌မူ ငိုသံယဲ့ယဲ့ ပါနေလေ၏။

"ကျုပ် အခုပြောနေတာတွေဟာ မင်းကို ချစ်တဲ့အကြောင်း ပြောနေတာတွေပဲ၊ မင်း နားမလည်ဘူးလား၊ ကျုပ် တိုင်းပြည်ကို ချစ်တယ်၊ မင်း အဲဒီတိုင်းပြည်မှာ နေတာပဲ မဟုတ်လား၊ ကျုပ် လူမျိုးကို ချစ်တယ်၊ မင်း အဲဒီလူမျိုးထဲမှာ ပါတာပဲ မဟုတ်လား" ဟု နေကျော်က ပြောလိုက်ရာ မယ်သုံက. . .

"မောင်ကြီး. . . မယ်သုံတစ်ယောက်တည်းကို မချစ်ဘူး လား" ဟု မေးလိုက်လေ၏။

"မိန်းမတစ်ယောက်ကို ချစ်ဖို့ ကျုပ် အလုပ်မအားသေးဘူး၊ ကျုပ် အားတဲ့အထိ စောင့်နိုင်ရင်စောင့်ပါ" ဟု နေကျော်က ပြောလိုက်ရာ မယ်သုံက. . .

"ကျွန်မလည်း မအားသေးဘူး၊ ဒါပေမယ့် မောင်ကြီးနေကျော် တစ်ယောက်တည်းကို ကျွန်မ ချစ်တယ်" ဟု ပြောလိုက်၏။

"အင်းလေ. . . ဒီလိုဆိုလည်း ပြီးတာပဲပေါ့၊ မင်းက ခုက တည်းက ကျုပ်ကို ချစ်ထားလိုက်ပေါ့၊ ကျုပ်ကတော့ နိုင်ငံ့တာဝန်တွေ အားမှပဲ ချစ်နိုင်မယ်၊ မင်းချက်တဲ့ဟင်းတွေ သိပ်ပြီးကောင်းတယ်၊ ကျေနပ်ပြီလား၊ ကျုပ်ပြောနိုင်တာ အဲဒါ အကုန်ပဲ" ဟု နေကျော် က ပြောလိုက်လေ၏။

ထိုအခါ မယ်သုံက. . .

"မောင်ကြီးရင်ထဲမှာ ရှိတာတွေ ဘာဖြစ်လို့ အကုန်မပြော တာတုန်း" ဟု အပြစ်တင်သောလေသံဖြင့် ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားတစ်ယောက်ဟာ သူ့ရင်ထဲမှာ ရှိတာတွေကို ဘယ်မိန်းမကိုမှ အကုန်မပြောရဘူးလို့ ကျုပ်ဆရာဘုန်းကြီး ဦးကေသရက သင်ထားတယ်၊ အထူးသဖြင့် စစ်သားတစ်ယောက်ဟာ မပြောသင့်ဘူးလို့လည်း ဦးကေသရက မှာထားတယ်၊ ပြီးတော့ ကျုပ်တို့ စစ်သားမှာ ကျင့်ဝတ်တစ်ခု ရှိတယ်၊ မိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မနေရဘူးတဲ့၊ မင်း ကျေနပ်ပြီလား" ဟု ငနက်ကျော်က ပြောလိုက်လေ၏။

"ဒါဖြင့်ရင် မယ်သုံကို မချစ်ဘူးပေါ့" ဟု မယ်သုံက ပြောလိုက်ရာ ငနက်ကျော်က. . .

"ကျုပ်စကားထဲမှာ မင်းကို မချစ်ဘူးဆိုတာလည်း တစ်လုံးမှ မပါရပါလား" ဟု ပြန်ပြောလိုက်လေ၏။

"ဒါဖြင့်ရင် မယ်သုံကို ချစ်တယ်ပေါ့" ဟု မယ်သုံက မေးပြန်လေ၏။

"ကျုပ် မအားသေးဘူးလေ၊ မင်းချက်တဲ့ အုန်းနို့နဲ့ မှို့ဟာ သိပ်ပြီးစားလို့ကောင်းတယ်၊ ကျုပ်ပြောနိုင်တာ ဒါအကုန်ပဲ" ဟု ငနက်ကျော်က ပြောလိုက်ရာ မယ်သုံက. . .

"သြော်. . . သိပြီ. . . သိပြီ၊ မောင်ကြီးက ကျွန်မကို စစ်အတွင်းမှာ ထမင်းချက်တစ်ယောက်လောက်ပဲ သဘောထားတယ်ပေါ့" ဟု မေးလိုက်လေ၏။

ထိုအခါ ငနက်ကျော်က. . .

"အေး. . . အဲဒါ အမှန်ဆုံးပဲ" ဟု ပြောလိုက်ရာ မယ်သုံသည် ငနက်ကျော်ကို ဖက်၍ တရှုပ်ရှုပ် ငိုကြွေးလေတော့၏။

ထိုသို့ ငိုကြွေးရင်း. . .

"အဲဒီလို ယောကျ်ားပီသတာတွေ၊ အဲဒီလို ပြတ်သားတာတွေ၊ အဲဒီလို မျိုသိပ်နိုင်တာတွေရယ်ကြောင့် မယ်သုံက ချစ်ရတာပါ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ မောင်ကြီး အခု မအားသေးလို့ အဖြေမပေးသေးရင် ရပါတယ် လေ၊ တိုင်းပြည်တာဝန် ကျေပွန်ပြီးတဲ့အခါမှာတော့ မယ်သုံ့ကို ချစ် လိမ့်မယ်လို့ မယ်သုံ မျှော်လင့်နေပါတယ်" ဟု ပြောလိုက်ကာ နေကာ် ကျော်၏ပခုံးပေါ်၌ သူ၏ပါးကို တင်လျက် အချိန်ကြာမြင့်စွာ မှီနေ လေတော့၏။

မည်မျှကြာကြာ မှီထားသည်မသိ။ အရုဏ်ဦး ကြက်တွန်သံ ကို ကြားရလေတော့၏။

ထိုကြက်တွန်သံနှင့်အတူ ဦးတောက်လု၏. . .

"မြင်းတွေ ထုတ်တော့ဟေ့၊ ခရီးထွက်ကြရအောင်" ဟူ သော အသံကြီးကို ကြားလိုက်ရလေတော့၏။

ထို့နောက် ဦးတောက်လုနှင့် နေကာ်ကျော်တို့သည် မယ်သုံ အား နှုတ်ဆက်၍ ခရီးထွက်ခဲ့ကြလေသည်။ ထိုသို့ ခရီးထွက်လာကြ ပြီးလျှင် အတော်အတန် နေပူလာသောအခါ၌ တောထဲသို့ ဝင်၍ အိပ်စက်နားနေလေတော့၏။

နေဝင်သောအခါကျမှပင် ၎င်းတို့ ယူလာသော ရိက္ခာ ခြောက်များကို စားသုံးကာ ခရီးဆက်ခဲ့ကြလေတော့၏။ သို့နှင့်ပင် ၎င်းတို့နှစ်ဦးသည် ခရီးအတော်တွင်ခဲ့လေတော့၏။

စစ်တောင်းဘက်သို့ ရောက်သောအခါ၌ လမ်းဆုံလမ်းခွ၌ ညောင်ကြတ်ပင်ကြီးတစ်ပင်ကို တွေ့ရလေ၏။ ဈေးနေ့နှင့် ကြုံကြိုက် သောအခါ ဖြစ်သောကြောင့် ထိုညောင်ကြတ်ပင်ကြီးအောက်၌ မုန့်ပဲ သရေစာ ထိုင်စားနေကြသူများကို တွေ့ရလေ၏။

ထိုလူများသည် ကိုယ့်အဖွဲ့နှင့်ကိုယ် ဆိုသလို ရောင်းရေး ဝယ်တာ စကားများကို ပြောဆိုနေကြလေ၏။ တချို့ကလည်း တိုင်း ရေးပြည်ရာများကို ပြောဆိုနေကြလေ၏။

ဦးတောက်လုနှင့် နေကာ်ကျော်တို့လည်း မြင်းများကို ညောင်



www.burmeseclassic.com

www.burmeseclassic.com



ကြွတ်ပင်ကြီး၌ ချည်နှောင်ကာ ညှောင်ကြွတ်ပင်ကြီးအောက်ရှိ မုန့်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ မုန့်များ မှာယူစားသောက်ကြလေ၏။

၎င်းတို့ စားသောက်နေစဉ်၌ပင် အလွန်ပုသော လူပုကလေးတစ်ယောက် ရောက်ရှိလာပြီးလျှင် မုန့်မှာ၍စားလေ၏။ ထို့နောက် မုန့်သည်ထံမှ မြေရေနွေးကရားတစ်လုံးနှင့် ပန်းကန်ကိုလည်း ယူလိုက်လေ၏။

ထိုအချိန်မှာပင် လွန်စွာအရုပ်မြင့်၍ မြန်မာစကားကို ပီသအောင် မပြောနိုင်သော အသားမည်းမည်း လူတစ်ယောက်သည် ထိုလူပုကလေးအနီး၌ ထိုင်၍ မုန့်ကို မှာယူစားသောက်လေ၏။

မုန့်သည်က မုန့်လာ၍ချပေးသောအခါ၌ ထိုသူသည် လူပုကလေး၏ ရေနွေးကြမ်းပန်းကန်ကို ယူ၍ ရေနွေးကို ငှဲ၍ မော့မည်လုပ်လိုက်လေ၏။ ထိုအခါ လူပုကလေးက ထိုအသားမည်းမည်းအရပ်မြင့်မြင့်လူ၏ လက်တွင်းမှ ပန်းကန်ကို လက်ဖြင့် ပုတ်ချလိုက်လေ၏။

ထိုအခါ မည်းမည်းမြင့်မြင့်လူက. . .

"မင်း. . . ဘာလို့ ဒီလိုလုပ်တာလဲ လူကလေး" ဟု မေးလိုက်ရာ လူပုကလေးက. . .

"မင်းကကော ငါ့ကို ခွင့်မတောင်းဘဲ ငါယူထားတဲ့ ရေနွေးကို လုသောက်ရတာလဲ လူရှည်" ဟု ပြောလိုက်လေ၏။

ထိုအခါ ထိုသူက. . .

"ငါ့နာမည် လူရှည်မဟုတ်ဘူး၊ မာမွတ်လို့ ခေါ်တယ်၊ ဒီစစ်တောင်းမြစ်ရိုးတစ်လျှောက်မှာ ကိုကြီးမာမွတ်ဆိုရင် လူတိုင်းသိတယ်" ဟု လူရှည်က ပြောလိုက်လေ၏။

"အေး. . . အဲဒီညှောင်ကြွတ်ပင်ကြီးဆီကို လာတဲ့လူတိုင်း ငါ့ကို အကုန်သိကြတယ်၊ ငါ့နာမည် ငညှောင်ကြွတ်တဲ့ကွ" ဟု လူပု



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ပြောလိုက်လေ၏။ ထိုအခါ ဦးတောက်လုရော နေကော်ကျော်ပါ ငဲ့စောင်း၍ ကြည့်လိုက်လေ၏။ ထိုအခါ မာမွတ်ဆိုသူက. .

"မင်းကို ကုပ်ကနေ ကိုင်ပြီးပစ်လိုက်ရမလား" ဟု မေးလိုက်ရာ လူပုကလေးက. . .

"ဒါကတော့ မင်းသဘောပဲ၊ ငါကတော့ မင်းမျက်နှာကို ကန်ပြီပေါ့" ဟု ဆိုကာ ထိုင်လျက်ရှိသော မာမွတ်မျက်နှာကို လူပုကလေးသည် ခုန်၍ကန်လိုက်လေ၏။ ချက်ကောင်းကို ထိသောကြောင့် မာမွတ်သည် သွက်သွက်ခါ၍သွားလေ၏။

ထိုအခါ လူပုကလေး ငညောင်ကြွတ်သည် ရေနွေးအိုးကို ဆွဲယူ၍ မာမွတ်၏ခေါင်းကို တအား လွှဲရိုက်ချလိုက်လေတော့၏။ ထိုအခါ ရေနွေးအိုးကွဲ၍ မာမွတ်တစ်ကိုယ်လုံး ရေနွေးပူ လောင်လေတော့၏။ ခေါင်းမှလည်း သွေးများ ယိုစီးကျလာလေတော့၏။

ထိုအခါ မာမွတ်သည် ပြေးလေတော့၏။ ဦးတောက်လုသည် ငညောင်ကြွတ်အား အသာလက်တို့၍ ခေါ်လိုက်ရာ ငညောင်ကြွတ်သည် ဦးတောက်လုအနီးသို့ လာလေ၏။

ထိုအခါ ဦးတောက်လုက. . .

"ငါတို့ မင်းဆီကို လာကြတာ၊ ငါတို့ဟာ လက်ယာဝင်းမှူးကြီး လွှတ်လိုက်တဲ့ စစ်သတင်းထောက်လှမ်းရေး နှစ်ယောက်ပဲ၊ ငါက ဦးတောက်လုလို့ ခေါ်တယ်၊ ဟောဒီ ငါနဲ့ ပါလာတဲ့ကောင်က နေကော်ကျော်လို့ ခေါ်တယ်၊ ငါတို့ရဲ့တာဝန်ကတော့ မုတ္တမဘက်ကနေ တက်လာမယ့် ကုလားဖြူဗိုလ်ချုပ် အော်စတင်ရဲ့ ကမ်းတက် တပ်အခြေအနေသတင်းကို ထောက်လှမ်းဖို့ပဲ၊ မင်း ငါတို့နဲ့ လိုက်ခဲ့ရမယ်" ဟု ပြောလိုက်စဉ်မှာပင် ငညောင်ကြွတ်သည် သူ၏ခါးတွင် အသင့်ထိုးထားသော ဓားမြောင်ဖြင့် နေကော်ကျော်၏ရင်ဝကို တအားထိုးစိုက်ချလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နေကျော်လည်း ငညောင်ကြွတ်၏လက်ကို ဆတ်ခနဲ ဖမ်းကိုင်ကာ ငညောင်ကြွတ်အား အဝေးသို့ လွှင့်ပစ်လိုက်လေ၏။

ငညောင်ကြွတ်သည် အဝတ်ထုပ်ကလေးတစ်ထုပ် အပစ်ခံရသလို လေထဲတွင် လွင့်၍ အတော်ခပ်လှမ်းလှမ်းနေရာတွင် ဖုတ်ခနဲ သွား၍ကျလေ၏။

ထိုအခါ ငညောင်ကြွတ်သည် ထ၍လာပြီးလျှင်. . .

"ခင်ဗျားတို့ဟာ မြန်မာတပ်မတော်က စစ်ထောက်လှမ်းရေးဆိုတာ ကျုပ် ယုံပါတယ်ဗျာ၊ စိတ်မရှိပါနဲ့၊ ကျုပ်က ဟုတ်မဟုတ် လက်တွေ့ စမ်းကြည့်တာပါဗျာ" ဟု ပြောလိုက်လေတော့၏။ ထို့နောက် ငညောင်ကြွတ်သည် နေကျော်တို့နှင့်အတူ လိုက်ပါလာခဲ့လေတော့၏။ ၎င်းတို့သုံးဦးအဖွဲ့သည် စစ်တောင်းမြစ်ကို ကျော်ခဲ့လေ၏။ ထိုသို့ ကျော်ပြီးနောက် တောင်ကုန်းကလေးတစ်ခုသို့ ရောက်သောအခါ၌ တောင်ကုန်းကို တက်ကြလေ၏။ တောင်ကုန်းပေါ်သို့ ရောက်လျှင် ငှက်ပျောပင် အမြောက်အမြားကို တွေ့ရလေ၏။

နေကျော်တို့သည် ငှက်ပျောပင်များအကြားမှ ဖြတ်ကျော်၍ တောင်ကတုံးထိပ်သို့ တက်ကြလေ၏။ တောင်ကတုံးထိပ်သို့ ရောက်သောအခါ၌ အသားဖြူဖြူ လူတစ်ယောက်နှင့် တွေ့လေ၏။

ထိုလူက နေကျော်တို့အား အကဲခတ်ပြီးနောက်. . .

"ခင်ဗျားတို့ သီချင်းဆိုတတ်သလား" ဟု မွှန်သံဝဲဝဲဖြင့် မေးလိုက်လေ၏။

ထိုအခါ နေကျော်က. . .

"ဆိုတတ်တာပေါ့ဗျ" ဟု ပြောလျှင် ထိုသူသည် မွန်သီချင်းတစ်ပုဒ်ကို ဆိုပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုပြီးသောအခါ၌ ထိုသူက. . .

"ခင်ဗျားတို့ ဘာဖြစ်လို့ ကျုပ် သီချင်းဆိုတာကို လက်ခုပ်တီးမပေးကြတာတုန်း" ဟု မေးလိုက်သောအခါ ဦးတောက်လုက. . .

"ငါတို့လက်တွေ မအားဘူး" ဟု ပြန်၍ပြောလိုက်လျှင် ထိုသူက. . .

"ကျုပ် ခင်ဗျားတို့နဲ့အတူ လိုက်ရမယ့်လူပဲ၊ ခင်ဗျားတို့အကြောင်း စာရထားပြီးပြီ" ဟု ပြောဆိုလိုက်ရာ ဦးတောက်လုက. . .

"မင်းကို ခေါ်ဖို့လာတာပဲ ဖိုးသောက်ရဲ့၊ လက်ယာဝင်းမှူးကြီးကလည်း မင်းကို ဝင်ခေါ်ဖို့ ငါ့ကို စကားဖွက် ပေးလိုက်တယ်၊ အဆင်သင့်ဖြစ်ရင် ခရီးထွက်ကြစို့" ဟု ပြောလိုက်သည့်အခါ၌ ဖိုးသောက်သည် ဆတ်ခနဲ ခုန်လိုက်ပြီးလျှင် လေထဲတွင် ငှက်ပျောပင်နှစ်ပင်ကို ကန်လိုက်ရာ ငှက်ပျောပင်နှစ်ပင်သည် ထက်ပိုင်းပြတ်၍ သွားလေတော့၏။

ထို့နောက် ဖိုးသောက်က. . .

"အဆင်သင့်ပဲ၊ ကျုပ်အဖို့ အမြဲတမ်း အဆင်သင့်ပဲ" ဟု ပြောဆိုကာ နေကံကျော်တို့နှင့်အတူ လိုက်ခဲ့လေတော့သတည်း။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်းတို့လေးဦးသည် တောလမ်းများမှ ခရီးဆက်ခဲ့ကြလေတော့၏။ ထိုသို့ ခရီးဆက်ရင်းလည်း ရန်သူ၏သတင်းများကို ထောက်လှမ်းခဲ့ကြလေ၏။

ဤသို့ ထောက်လှမ်းခဲ့ရာ ရွှေကျင်ဘက်မှ လာသော စစ်ကြောင်းကို မျက်နှာဖြူကမ်းတက် တပ်စစ်ကြောင်းတစ်ခုက ဆီးကြိုတိုက်ခိုက်မည်ဖြစ်သော သတင်းကို အခိုင်အမာ ရရှိလေတော့၏။

ထိုအခါ ဦးတောက်လုက နေက်ကျော်တို့ သုံးဦးကို ခေါ်ပြီး မြေကြီးပေါ်တွင် တုတ်ဖြင့် ခြစ်၍ မြေပုံဆွဲပြရင်း. . .

"မျက်နှာဖြူစစ်ကြောင်းဟာ ဟောဒီလမ်းကနေ ဖြတ်တက်ပြီး ရွှေကျင်က လာတဲ့ ငါတို့တပ်ကို တိုက်လိမ့်မယ်၊ အဲဒီလို ဖြတ်တဲ့အခါမှာ ကုလားဖြူတွေဟာ ဟောဒီရွာကြီးကို ချေမှုန်းပစ်လိမ့်မယ်၊ အဲဒါ ဘယ်လိုလုပ်မလဲ" ဟု မေးလိုက်လေ၏။

BURMESE CLASSIC

ထိုအခါ နေက်ကျော်က. . .

"ဘယ်လိုလုပ်မလဲလို့ မမေးပါနဲ့၊ ဦးတောက်လုက ဘယ်လိုလုပ်စေချင်သလဲဆိုတာ ပြောပါ၊ ဖြစ်အောင် ကျုပ်တို့ လုပ်ပေးပါ့မယ်" ဟု ပြန်ပြောလိုက်ရာ ဦးတောက်လုက. . .

"ဟုတ်ပါပြီလေ၊ မင်းတို့ကလည်း အကြံဉာဏ် ပေးစမ်းပါဦး" ဟု ဆိုလေ၏။

ထိုအခါ နေက်ကျော်က. . .

"အခုနေ ရွှေကျင်စစ်ကြောင်းကို ပြန်ပြီးသတင်းပို့ဖို့ကလည်း အချိန်မမီတော့ဘူး၊ ကုလားဖြူတပ်တွေ ဖြတ်မယ့်ရွာကို သွားပြီး ရှေ့တန်တာ ရှေ့ထားပေးမယ်၊ ပြီးတော့ အဲဒီရွာသားတွေကို ကျုပ်တို့က ကွပ်ကဲပြီး ကုလားဖြူတပ်ကို ဆီးတိုက်ရမှာပဲ၊ အဲဒီလို လုပ်မပေးရင်လည်း မဖြစ်ဘူးလေ၊ ကုလားဖြူတွေက ဒီရွာကို ချမ်းသာပေးမှာမှ မဟုတ်ဘဲ၊ လိုချင်တာတွေ မရရင် ဒီရွာကို မီးတင်ရှို့မယ်မိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖျက်ဆီးမယ်၊ ယောကျ်ားတွေကို သတ်မယ်၊ အဲဒီတော့ ဒီအတိုင်း ငုတ်တုတ်ခံနေမယ့်အဆုံး တစ်ခုခု လုပ်တာဟာ ပိုပြီးမှန်တာပေါ့" ဟု ပြောလိုက်လျှင် ဦးတောက်လုက ငညောင်ကြွတ်အား. . .

"မင်းကော ဘယ်လို သဘောရသလဲ" ဟု မေးလိုက်လေသည်။

ငညောင်ကြွတ်က. . .

"နေက်ကျော် ပြောတာ ကောင်းတယ်" ဟု ပြောလေ၏။

ထိုအခါ ဖိုးသောက်ကလည်း. . .

"ကျုပ်ကလည်း စစ်တိုက်ချင်လို့ လိုက်လာတာပဲ၊ မြန်မြန်တိုက်တာ ကြိုက်တာပေါ့၊ ဘာလဲ. . . ပေါက်ဖော်ကြီးက ကြောက်နေလို့လား" ဟု မေးလိုက်ရာ. . .

"မကြောက်ပါဘူး ဖိုးသောက်ရယ်၊ တိုက်ဖို့ အားလုံးသဘောတူရင်လည်း တိုက်ရုံပဲပေါ့ကွ၊ ဒါပေမယ့် အဲဒီရွာကိုတော့ သဘောပေါက်အောင် ပြောရဦးမယ်ကွ၊ ကဲကွာ. . . အဲဒီရွာဘက်ကို ချီတက်ကြစို့" ဟု ဆိုကာ မြင်းကိုယ်စီဖြင့် လွန်စွာကြီးမားသောရွာကြီးဆီသို့ ချီတက်သွားကြလေတော့သတည်း။



www.burmeseclassic.com